www.burmeseclassic.com


## မေတ္တာရှင်

(ရွှေပြည်သာ)

လူငယ်များအတွက်

# ဂမ္ဘီရဝိပဿနာ

အတွဲ(၁+၂)




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**

၃၂၀၆၆၉၀၆၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၂၀၆၄၃၀၆၁၀

**ထုတ်ဝေခြင်း**

ပထမအကြိမ်၊ ၂၀၀၆–ခုနှစ်၊ ဒီဇင်ဘာလ။

**အုပ်ရေ**

၁၀၀၀၀၀ အုပ်

**မျက်နှာဖုံးဒီဇိုင်း**

ဦးစိုးတင့်

**အတွင်းဖလင်**

ပုံရိပ်ရှင်

**စာအုပ်ချုပ်**

ကိုတင်အေး

**အဖုံးပုံနှိပ်သူ**

ဦးဇော်မြင့်ဝင်း (ကာလာခုံပုံနှိပ်တိုက်)

၁၈၄၊ ၃၁–လမ်း၊ ပန်းဘဲတန်းမြို့နယ်။

**အတွင်းပုံနှိပ်သူ**


ဦးစွန်ကော်ယု (မာကျူရီပုံနှိပ်တိုက်) ရေကျော်၊ ပုဇွန်တောင်မြို့နယ်။

**ထုတ်ဝေသူ**

ဒေါ်သင်းသင်းမွန် 'သင်းစာပေ' ၁၀၊ ရတနာမြိုင်လမ်း၊

လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး** – ၁၅၀၀ ကျပ်

စာရေးသူဒေါ်အစ်မငယ်မခင်ပို

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အရှင်ဇဝန
## မေဓာရှင် (ရွှေပြည်သာ)

- ၁၃၂၆ ခုနှစ်၊ တပို့တွဲလဆန်း (၁၅)ရက်၊ အင်္ဂါနေ့၊ အမရပူရမြို့၊ နန်းတော်ရာရပ်ကွက်၌ ခမည်းတော် ဦးထိ၊ မယ်တော် ဒေါ်သိန်းရှင် တို့မှ ဖွားမြင်သည်။
- ၁၃၃၈ ခုနှစ်တွင် မူလဆီဘန်နီကျောင်းတိုက်၊ ပညာ့ဗိမာန်သာသနာပြုကျောင်းဆရာတော် ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဘဝသို့ ရောက်ရှိသည်။
- ၁၃၄၆ ခု၊ ကဆုန်လဆန်း (၁၅)ရက်နေ့တွင် မန္တလေးမြို့၊ တောင်ပြင်မိုးတားတိုက် ခဏ္ဍာသိမ်၌ မိုးတားတိုက်အုပ်ဆရာတော် ဦးမေလိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။
- ရဟန်းအမများမှာ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သီတာအေး (၉၀၂)ရပ်ကွက်မှ ဦးဝင်းမြင့်၊ ဒေါ်ထွေး ဦးဝင်းမြ၊ ဒေါ်ခင်မူတို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

- ၁၃၄၃ ခုမှစ၍ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ သာသနာ့ မူလိကာ ရာမကျောင်းသစ်ကျောင်း စာသင်တိုက်၊ မန္တလေး မြို့၊ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်တို့၌ “ငယ်၊ လတ်၊ ကြီး” အောင်မြင်၍ ဓမ္မာစရိယတန်းရောက်သည်ထိ ပရိယတ္တိ စာပေများကို သင်ယူခဲ့သည်။
- ဆရာနည်းရအောင် အချိန်ယူ၍ အားထုတ်ခဲ့သော ဝိပဿနာ နည်းများမှာ- မိုးကုတ်ဝိပဿနာ၊ ကသစ်ဝိုင်ဝိပဿနာ၊ ပနက္ကူဝိပဿနာ သင်တန်းတရားတို့ဖြစ်သည်။ ဝိပဿနာ ကျမ်းစာအုပ်များကိုလည်း လေ့လာဆည်းပူးလျက်ရှိသည်။
- ၁၉၉၉ ခုနှစ်တွင် “မျက်ရည်မကျခင် သိစေချင်” စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ ရွှေပြည်သာမြို့ မန္တလေးကျောင်း၊ မြိတ်မြို့ သစ်ညီနောင်ဓမ္မရိပ်သာကျောင်း၊ ကော့သောင်းမြို့ ဝေနေယျ သုခဓမ္မရိပ်သာ ကျောင်းတို့တွင် လှည့်လည်၍ တရား ဟောကြား ပြသလျက်ရှိသည်။

BURMESE CLASSIC .com

## မာတိကာ

| | | |
|---|---|---|
| အခန်း (၁) | တရားရခြင်းအကြောင်းများ | ၁ |
| အခန်း (၂) | တိဟိတ်ဒွိဟိတ်ခွဲခြားနည်း | ၁၂ |
| အခန်း (၃) | လောကီအဘိညာဉ်လောကုတ္တရာအဘိညာဉ် | ၂၃ |
| အခန်း (၄) | ပကတိသာဝကနဲ့ပါရမီ | ၃၆ |
| အခန်း (၅) | အဝိဇ္ဇာနယ်ပယ်နှင့်အသိ ၃မျိုး | ၅၂ |
| အခန်း (၆) | သာသနာနှင့်ကြုံတုန်းကြိုက်ပါ | ၇၀ |
| အခန်း (၇) | ပညာမပါသောသမာဓိကအပယ်မှားများဖြစ်စေပုံ | ၈၇ |
| အခန်း (၈) | ဝိပဿနာတရားကိုနာကြားအားထုတ် သင့်ခြင်းအကြောင်းများ | ၁၀၂ |
| အခန်း (၉) | ချီးမွမ်းမှုက အရိယူပဝါဒ | ၁၂၀ |
| အခန်း (၁၀) | ဗုဒ္ဓချီးမွမ်းတာဓမ္မပူဇာ | ၁၃၀ |
| အခန်း (၁၁) | အကြွေးသုံးမျိုး | ၁၅၇ |
| အခန်း (၁၂) | သံသရာကြွေးနှင့်ဘေးကြီးလေးပါး | ၁၇၂ |

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အခန်း (၁၃) | မိမိကိုယ်မိမိမကြည်ညိုရင် | ၁၉၂ |
| အခန်း (၁၄) | မင်္ဂလေးပါးတဏှာသတ်ပုံ | ၂၁၀ |
| အခန်း (၁၅) | ဝိပဿနာသုံးမျိုး သမာဓိသုံးမျိုး | ၂၂၇ |
| အခန်း (၁၆) | နေယျပုဂ္ဂိုလ်နှင့်သုဒ္ဓဝိပဿနာ | ၂၄၄ |
| အခန်း (၁၇) | ပရမတ်နှင့်ပညတ် ရှိတရားနှင့်မရှိတရား | ၂၅၉ |
| အခန်း (၁၈) | သစ္စာလေးပါးဝင်သောမြင်သိစိတ် | ၂၇၆ |
| အခန်း (၁၉) | စိတ်ချရသောသီလနှင့်စိတ်မချရသောသီလ | ၂၉၃ |
| အခန်း (၂၀) | သာသနာပသမ္မာဒိဋ္ဌိနှင့်သာသနာတွင်းသမ္မာဒိဋ္ဌိ | ၃၁၀ |
| အခန်း (၂၁) | ယောဂီအလုပ်၊ တရားအလုပ်၊ ဘုရားအလုပ် | ၃၂၆ |


## အခန်း (၁)

## တရားရခြင်းအကြောင်းများ

ကျွန်ုပ်ဖတ်ရန် ဝယ်ထားသော လောကီ၊ လောကုတ္တရာ စာအုပ်ပေါင်း ထောင့်သုံးရာခန့်ဖြင့် လူငယ်များအတွက် ကိုယ်ပိုင် စာကြည့်တိုက်လေးဖွင့်ပေးထားသည်မှာ ရှစ်နှစ်ခန့်ရှိပေပြီ။ စာပေ ဝါသနာရှင်လူငယ်အတော်များများလာရောက်ငှားရမ်းဖတ်ရှုကြသည်။

ထိုလူငယ်များထဲတွင် သန်းလင်းအောင်ကား စာဖတ်အား အကောင်းဆုံးဖြစ်ပါ၏။ တစ်ခါငှားလျှင် အုပ်ရေ နှစ်ဆယ်က အနည်းဆုံးဖြစ်သည်။ ထိုအုပ်နှစ်ဆယ်ခန့်ကို တစ်ပါတ်လောက်နှင့် အပြီးဖတ်သည်။ ထို့ကြောင့် ဆယ်တန်းမအောင်ခင်မှာပင် သန်းလင်းအောင်တစ်ယောက် ပါဠိများများမျက်မှန်ကြီးတပ်နေရ ပြီဖြစ်သည်။

မိမိစိတ်ထဲ မသိတာ မရှင်းလင်းတာကို မေးမြန်းသူများ သည် ယခုဘဝမှာလည်း ရှင်းရှင်းလင်းလင်းသိခွင့်ရသလို နောင် ဘဝမှာလည်း ဉာဏ်ပညာကြီးမားသူတစ်ယောက်ဖြစ်ရကြောင်း သြဝါဒကို နားထောင်ပြီးသောနေ့မှစ၍ လောကီ၊ လောကုတ္တရာ

www.burmeseclassic.com

www.burmeseclassic.com



ပုစ္ဆာမျိုးစုံကို ကျွန်ုပ်အား မကြာခဏ မေးမြန်းပါတော့သည်၊ (ဉပရိပဏ္ဏာသပါဠိတော်၊ ရှုဠကမ္မဝိဘင်္ဂသုတ်)

စာဖတ်များသော လူငယ်တစ်ယောက်ဖြစ်၍ သူ့မေးခွန်းများက အမျိုးစုံလင်လှသည်။ လူငယ်တိုင်း သိထားသင့်သည့်ချည်း ဖြစ်ပါ၏။ ထို့ိုမေးခွန်းများစွာထဲမှ ဂမ္ဘီရဝိပဿနာနှင့်ပတ်သက်သော မေးခွန်းနှင့်အဖြေများကို လူငယ်များအတွက် အဓိကထား၍ ဖော်ပြလိုက်ပါသည်။

တစ်ခုသောရက်၌ ကျွန်ုပ်သည် စာရိတ္တသတ္တိအမည်ရှိ စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာရေးသားလျှက်ရှိစဉ် ကျွန်ုပ် မမြင်ဘူးသော ညှိသည့်ရဟန်းတစ်ပါး အနားရောက်လာပြီး ရှိသေစွာ ဝပ်ချလျှက်ရှိသဖြင့် ရေးလက်စစာအုပ်ကို ခဏထား လျှက် ဘယ်တုန်းက တွေ့ဘူးသနည်းဟု စဉ်းစားလျှက်ရှိစဉ် ညှိသည့်ရဟန်းကဦးချပြီး၍ ကျွန်ုပ်ကိုမော့ကြည့်လိုက်သော အခါ တွင်မှ

**နုပ်** ဟာ သန်းလင်းအောင်ကြီးပါလား ဘယ်တုန်းက ရဟန်း ဝတ်လိုက်သလဲ။

**သန်း** သုံးလကျော်သွားပြီဘုရား။

**နုပ်** တော်တော်ကြာတာပါလား။ ပါရမီဖြစ်ရှံ ဝတ်တာတော့ မဟုတ်လောက်ဘူး။ ရည်ရွယ်ချက်ရှိမယ်ထင်တယ်။

**သန်း** အဲဒါ လျှောက်ချင်လို့ ဆရာတော့်ဆီလာခဲ့တာပဲ ဘုရား။

**နုပ်** ကဲ လျှောက်စရာရှိ လျှောက်ပါ။

**သန်း** တပည့်တော် လူငယ်ပေမယ့်လို့ ဘာသာရေးစာအုပ်



အတော်များများကို ဖတ်ထားတော့ ဝိပဿနာတရားကို စိတ်ဝင်စားတယ်ဘုရား။ ဒါကြောင့် ဒုလ္လဘရဟန်းဝတ်ပြီး သုံးလကျော်ကြာအောင် အားထုတ်ခဲ့ပါတယ်ဘုရား။ ရိပ်သာမှာ (၄၅)ရက်၊ တောထဲမှာ (၄၅)ရက်ပါ။ ဒါပေမယ့် ဘာမှထူးခြားတဲ့ အသိဉာဏ်ကို မရခဲ့ပါဘူးဘုရား။ အဲဒါ တပည့်တော်ဟာ ဒီဘဝနဲ့ မဂ်ဖိုလ်ရထိုက်တဲ့ပုဂ္ဂိုလ် ဟုတ်ပါ့မလားဆိုပြီး အားလျှော့မိတယ်ဘုရား။

**နုပ်** ကိုယ်တရားမရသေးတာကို မရပါဘူးလို့ ရိုးရိုးသားသား ဖွင့်ပြောရဲတာကိုက တရားရခြင်းရဲ့ အကြောင်းတစ်ခုပါပဲ တရားမရဘဲနဲ့ ရတယ်လို့ လိမ်ညာလှည့်ပတ်ပြောတတ် သူတွေကတော့ ဘယ်တော့မှ တရားမရပါဘူး။

**သန်း** ဆရာတော်ပြောလိုက်မှအားပြန်ရှိသွားသလိုပဲ။ အဲဒါ ဘုရားဟောတိုက်ရိုက်ရှိသလားဘုရား။ မယုံလို့ မဟုတ် ပါဘူးဘုရား။ ခိုင်ခိုင်လုံလုံနဲ့ဆိုတော့ ပိုပြီးဝမ်းသာရအောင် လို့ ပါဘုရား။

**နုပ်** ရှိတာပေါ့၊ မဇ္ဈိမ ပဏ္ဏာသပါဠိတော် ဗောဓိရာဇကုမာရ သုတ်မှာ ဟောထားတာ၊ တစ်ခါတော့ ဗောဓိမင်းသားက ဘုရားကို မေးတယ်။ မြတ်စွာဘုရားရဲ့ လမ်းညွှန်မှုကို အနီးကပ်ရကြတဲ့ ရဟန်းတော်များဟာ အချိန်ဘယ် လောက်ကြာမှ ရဟန္တာဖြစ်ကြပါသလဲတဲ့။

**သန်း** အတော်စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းပဲဘုရား တပည့်တော်နဲ့လည်း တိုက်ရိုက်သက်ဆိုင်နေတယ်။ ဒီတော့ ဗုဒ္ဓကဘယ်လို ပြန်ဖြေလိုက်သလဲဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓက မင်းသား သင့်ကိုပဲ ပြန်ပြီးမေးမယ်–သင် ဆင်စီးချွန်းကိုင်အတတ်ကို တတ်သလားဆိုတော့ တတ်ပါတယ်ဘုရားတဲ့၊ တစ်ခါမှာလူတစ်ယောက်က သင့်ဆီမှာ ဆင်စီးချွန်းကိုင် အတတ်ကိုသင်ယူဖို့ရောက်လာတယ်။ ဒါပေမယ့် အဲဒီလူဟာ သင့်ရဲ့ဆင်စီးချွန်းကိုင် အတတ်ပညာကိုမယုံကြည်ဘူး၊ ကျန်းမာရေးလည်း မကောင်းဘူး သင်တဲ့အခါမှာလည်း မသိသေးပဲနဲ့သိသယောင်၊ မတတ်သေးပဲနဲ့တတ်သယောင်လှည့်ဖျားကောက်ကျစ်တတ်တယ်။ ပျင်းလဲပျင်းရိတယ်၊ ဉာဏ်ပညာလည်းမရှိဘူးဆိုရင် ဆင်စီးချွန်းကိုင်ပညာကို တတ်မြောက်နိုင်ပါ့မလားလို့ မေးလိုက်တော့၊ ဗောဓိမင်းသားက – ဒီအင်္ဂါငါးချက်လုံး ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်မဆိုထားနဲ့ အင်္ဂါတစ်ချက်လောက်ရှိနေပြီဆိုရင်ပဲ ဒီလူဟာ ဆင်စီးချွန်းကိုင်အတတ်ကို မတတ်မြောက်နိုင်ပါဘုရားလို့ ဖြေလိုက်တယ်။

ဒီအခါမှာ ဗုဒ္ဓက. . . တစ်ယောက်သောသူကတော့ သင့်အတတ် ပညာကိုလည်းယုံကြည်တယ်၊ ကျန်းမာရေးလည်းကောင်းတယ်၊ လှည့်ဖျားကောက်ကျစ်ခြင်းလည်း မရှိဘူး၊ မပျင်းမရိ ကြိုးစားသူလည်းဖြစ်တယ်၊ ဉာဏ်ပညာလည်းရှိတယ်၊ ဒီလူရော ဆင်စီးချွန်းကိုင် အတတ်ပညာကို တတ်မြောက်နိုင်ပါ့မလားဆိုတော့ ဗောဓိမင်းသားက ယခုအင်္ဂါငါးချက်လုံးနဲ့ ပြည့်စုံသူမဆိုထားနဲ့ အင်္ဂါတစ်ချက်နဲ့ ပြည့်စုံရင်ပဲ ဆင်စီးချွန်းကိုင် အတတ်ပညာကို တတ်မြောက်နိုင်ပါတယ် ဘုရားတဲ့။



## တရားရခြင်း၏အကြောင်းများ

ထို့အတူဝိပဿနာတရားကိုအားထုတ်သောသူသည်–

၁။ ငါဘုရား၌ယုံကြည်သောသဒ္ဓါတရားရှိခြင်း

၂။ ကျန်းမာရေးလည်း ကောင်းမွန်ခြင်း

၃။ မစဉ်းလဲ၊ မလှည့်ဖျားဘဲ အဖြစ်မှန်ကို ဆရာအား တင်ပြတတ်ခြင်း

၄။ မပျင်းရိဘဲ ကြိုးစားအားထုတ်မှုရှိခြင်း

၅။ ဉာဏ်ပညာရှိခြင်း ဒီအင်္ဂါငါးချက်နဲ့ပြည့်စုံရင် မဂ်ဖိုလ်ကိုလျှင်မြန်စွာရနိုင်တယ်လို့ ဗုဒ္ဓက ညွှန်ပြတော်မူပါတယ်။ ဒီငါးချက်ထဲမှာ မိမိတရားရတာကို ရတဲ့အတိုင်း၊ မရတာကို မရတဲ့အတိုင်း မလှည့်ဖြားပဲ အမှန်အတိုင်း ရိုးသားစွာပြောပြခြင်းဟာ မဂ်ဖိုလ်ကို လျှင်မြန်စွာရခြင်းရဲ့ အကြောင်းတစ်ခုဖြစ်နေတာကို တွေ့ရပါလိမ့်မယ် ဒါ့ကြောင့် မင်းကို တရားရဦးမယ်လို့ ပြောခဲ့တာပါ။

သန်း တရားအားထုတ်တဲ့ ယောဂီတိုင်းသိသင့်တဲ့ အချက်တွေပါဘုရား၊ ခုလိုရှင်းပြတဲ့ ဆရာတော်ကိုလဲ ကျေးဇူးတင်လှပါတယ်ဘုရား။ နောက်တစ်ခုသိချင်တာကတော့ တိဟိတ်ပုဂ္ဂိုလ်မှသာ အခုဘဝမဂ်ဖိုလ်ရနိုင်တယ် ဆိုတဲ့ စကားပါပဲဘုရား၊ ပြီးတော့ ဒီတိဟိတ်ဆိုတာကိုလဲ တပည့်တော်တို့ အရပ်သားအများစုသိထားတာက ကောင်းတာလုပ်လဲ ခေါင်ကာ၊ မကောင်းတာလုပ်လဲခေါင်ကာ ဒီလို ထက်

www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်မြက်လုပ်နိုင်သူကိုသာ တိဟိတ်လို့ ယူဆထားကြတော့ တပည့်တော်တို့လို သူလိုကိုယ်လို သာမန်ပုဂ္ဂိုလ်တွေကျတော့ အခုဘဝမှာ မဂ်ဖိုလ်ရနိုင်ပါမလားလို့ သံသယဝင်မိပါတယ် ဘုရား။

**နုပ်** အေး အဲဒီမေးခွန်းကိုမေးတာ မင်းနဲ့ဆိုရင်နှစ်ယောက်တောင်ရှိသွားပြီ။

**သန်း** နောက်တစ်ယောက်ကဘယ်သူတုန်းဘုရား။

**နုပ်** ငါ့ရဲ့မိတ်ဆွေကျောင်းထိုင် ဘုန်းကြီးတစ်ပါးပဲ၊ သူလဲပထမကြီးတန်းအဆင့်ဆိုတော့ ပညာကတော့နည်းတယ်လို့ ပြောလို့မရပါဘူး၊ သူ့ကိုဝိပဿနာအားထုတ်ဖို့ပြောတဲ့အခါ သူက တိဟိတ်မှမဟုတ်ပဲနဲ့အားထုတ်လဲ အလကားနေမှာပေါ့လို့ပြန်ပြောဖူးလို့ တိဟိတ်အဓိပ္ပါယ်ကိုသေချာရှင်းပြရတယ် အခုတော့ အဓိပ္ပါယ်သိသွားလို့ အားထုတ်နေပါပြီ။

**သန်း** ဒါဆိုရင် တိဟိတ်ပြဿနာက ဒကာ၊ ဒကာမတွေမှာသာမကပဲ ဘုန်းကြီးတွေဆီမှာတောင်ရှိနေတယ်ဆိုတော့ တော်တော်ကြီးကျယ်တာပဲဘုရား ဒီပြဿနာကြီးခံနေလို့ ဝိပဿနာအားမထုတ်တဲ့သူတွေ အတော်များများ ရှိကြမယ်ဘုရား။ ဒါကြောင့် ဆရာတော်က ပြည့်ပြည့်စုံစုံရှင်းပြပေးပါဘုရား။

**နုပ်** ရှင်းရမယ်ဆိုရင် ပုထုဇဉ်လေးမျိုးက စရလိမ့်မယ်၊ အညံ့ဆုံး ပုထုဇဉ်ကနေစပြောရမယ်ဆိုရင်

၁။ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်



၂။ သုဂတိအဟိတ်ပုထုဇဉ်

၃။ ဒွိဟိတ်ပုထုဇဉ်

၄။ တိဟိတ်ပုထုဇဉ်တို့ပဲ

ဒုဂ္ဂတိက မကောင်းသောလားရာရှိတဲ့ဘုံလို့ အဓိပ္ပါယ်ရတယ်၊ အဟိတ်ကတော့ ဟိတ်မရှိဘူးပေါ့။ ပုထုကိလေသေဇနေ တိတိပုထုဇ္ဇနောဆိုတဲ့ ဝိဂြိုဟ်အရ များစွာသောကိလေသာတွေကို ဖြစ်စေတတ်လို့ ပုထုဇဉ်လို့ခေါ်တယ် ဒီပုထုဇဉ်ကတော့ အပါယ်လေးဘုံမှာပဲရှိပါတယ်။

ကောင်းကျိုးကိုဖြစ်စေတတ်တဲ့ ဟိတ်သုံးမျိုးရှိပါတယ် အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် တို့ပါပဲ။ အလောဘဟိတ်ဆိုတာ မလိုချင်တဲ့သဘော၊ စွန့်လွှတ်တဲ့သဘောပါ၊ လိုချင်စွဲလမ်းတဲ့လောဘကို သူကပယ်သတ်ပေးပါတယ်။ အဒေါသဟိတ်ဆိုတာ ငြိမ်းအေးတဲ့သဘောရှိပါတယ်။ သူ့ကို မေတ္တာလို့လည်း ခေါ်ပါသေးတယ်၊ ကြမ်းတမ်းတဲ့ဒေါသကို ပယ်သတ်ပေးတာသူပါ။

အမောဟဆိုတာက အမှန်ကိုသိသွားတာပါ။ ရုပ်နာမ်ခန္ဓာ အဖြစ်အပျက်ကို ဝိပဿနာ ရှုနိုင်တာဟာလည်းဒီအမောဟပါ။ ပညာလို့လည်းခေါ်ပါတယ်။ ဒီအမောဟဟိတ်လို့ခေါ်တဲ့ ပညာပါမှမဂ်ဖိုလ်ကိုရနိုင်တာပါ။ မောဟလို့ခေါ်တဲ့မသိမှု အဝိဇ္ဇာကို ပယ်သတ်ပေးနိုင်တာသူပါ။ အပါယ်ဘုံသား ဒုဂ္ဂတိအဟိတ်ပုထုဇဉ်တွေမှာ ကောင်းကျိုးပေးတဲ့ ဒီဟိတ်သုံးပါးတစ်ပါးမှမရှိလို့ အဟိတ်

www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်တာပါ။

ဒုတိယမြောက် သုဂတိအဟိတ် ပုထုဇဉ်ဆိုတာကတော့ လူဘုံတော့ရောက်လာပါရဲ့၊ ဒါပေမယ့် ကောင်းကျိုးပေးမယ့်၊ မဂ်ဖိုလ်ရစေမယ့်ဟိတ်သုံးပါး တစ်ပါးမှ ပါမလာဘူး။ မွေးကတည်းက ဆွံ့လာ၊ ပင်းလာ၊ အလာ၊ ကန်းလာတဲ့ ပုဂ္ဂိုလ်မျိုးတွေပေါ့။ တတိယမြောက် ပုထုဇဉ်က ဒွိဟိတ် ပုထုဇဉ်ပါ။ သူကကောင်းတဲ့ ဟိတ်နှစ်ပါးပါတဲ့ ပုထုဇဉ်လို့အဓိပ္ပါယ်ရတယ်။

ဒွိကနှစ်ပါး။ ဟိတ်က–ဟိတ်ပေါ့။ နှစ်ခုပေါင်းတော့ ဟိတ်နှစ်ပါးရှိသောပုထုဇဉ်လို့ဖြစ်တယ်၊ ဘယ်ဟိတ်နှစ်ပါးလဲဆိုတော့၊ အလောဘဟိတ်နဲ့၊ အဒေါသဟိတ်။ တိဟိတ်ပုတုဇဉ်ကတော့ ကောင်းတဲ့ ဟိတ်သုံးပါးလုံးပါတယ်၊ တိဟိတ်ဆိုတာဟိတ်သုံးပါးကို ပြောတာပါပဲ။ ဒီနှစ်ဦးဟာလောကီပေတံနဲ့ တိုင်းကြည့်ရင် အတူတူပဲ။ ခွဲခြားလို့မရဘူး။

ဥပမာ– ဒွိဟိတ်ပုထုဇဉ်နဲ့တိဟိတ်ပုထုဇဉ်တို့ဟာ ချောပုံလှပုံခြင်း၊အပြောကောင်းပုံခြင်း၊ စီးပွားရှာတာခြင်း၊ ဘီအေ၊ အမ်အေဘွဲ့ရတာခြင်း အားလုံးအတူတူပဲ ဖြစ်နိုင်တယ်။ ဒါတွေနဲ့ တိုင်းကြည့်လို့ကတော့ ဒွိဟိတ်၊ တိဟိတ်ကိုဘယ်လိုမှခွဲလို့မရဘူး–သမထ သို့မဟုတ် ဝိပဿနာတစ်ခုခုလုပ်ကြည့်မှပဲဒွိဟိတ်၊တိဟိတ်ကိုခွဲလို့ရတယ်။

အမောဟဟိတ်လို့ခေါ်တဲ့ ပညာမပါတဲ့ အတွက်



ကြောင့် ဒွိဟိတ်ပုထုဇဉ်ဟာ ဈာန်မဂ်ဖိုလ်ကို ဒီဘဝမှာဖြင့် ဘယ်လိုမှမရ နိုင်တော့ပါဘူး။ သို့သော် ဒွိဟိတ်ဖြစ်ပေမယ့် အားမလျှော့ပဲ ဝိပဿနာကို ပွားများနေမယ်ဆိုရင် နောက်ဘဝကျရင်တော့ မဂ်ဖိုလ်ကို ရနိုင်ပါတယ်။ ဒါ့ကြောင့် ဝိပဿနာ ဘာဝနာကို ဒွိဟိတ်ဖြစ်စေ၊ တိဟိတ်ဖြစ်စေပွားများသင့်တယ်ဆိုတာကိုခံယူထားပါ။

**သန်း** ဒါဆိုရင် ဒွိဟိတ်ပုဂ္ဂိုလ်ဟာ ဝိပဿနာပွားမယ်ဆိုရင် ဒီဘဝနဲ့ မဂ်ဖိုလ်မရနိုင်တောင် နောက်ဘဝမှာ မဂ်ဖိုလ် ရနိုင်တာ သေချာနေတာပေါ့ဘုရား။

**နုပ်** ဝိပဿနာကိုပွားများတာမပြောနဲ့ ရုပ်နာမ်ခန္ဓာအစရှိတဲ့ ဝိပဿနာတရားကို နာကြားဘူးရုံနဲ့ နောက်ဘဝမှာ မဂ်ဖိုလ်ရသွားတာတွေ အများကြီးရှိတယ်။ တစ်ခုလောက် သာဓက ထုတ်ပြမယ်။ မင်းရွှေတိဂုံ အနောက်မုခ်က မဟာဗုဒ္ဓဝင်ပြခန်းကိုကြည့်ဖူးတယ်မဟုတ်လား။

**သန်း** ကြည့်ဖူးပါတယ်ဘုရား။

**နုပ်** ဘယ်ဘက်ခြမ်းက အခန်းတစ်ခန်းမှာ ပုဏ္ဏားတစ်ယောက်က လမ်းကိုကျောပေးပြီး ထမင်းစားနေတယ် ဇနီးဖြစ်တဲ့ ပုဏ္ဏေးမက လမ်းကိုမျက်နှာမူထိုင်ပြီး ထမင်းဝိုင်းကို ယပ်ခတ်ပေးနေတယ်။ အိမ်ရှေ့လမ်းမပေါ်မှာတော့ ဗုဒ္ဓကဆွမ်းရပ်နေတဲ့ ပုံကလေးပေါ့။ထမင်းစားနေတဲ့ ပုဏ္ဏားအမည်က ပဥ္စဂ္ဂဒါယကတဲ့။

မြန်မာလိုတော့ အဦးငါးမျိုးလှူတဲ့သူလို့ အဓိပ္ပါယ်ရတယ်။ ဗုဒ္ဓဆွမ်းလာရပ်ရခြင်း အကြောင်းက

www.burmeseclassic.com

www.burmeseclassic.com



တော့ ပဉ္စဂ္ဂဒါယကပုဏ္ဏားက ဗုဒ္ဓကို မေးခွန်းတစ်ခု မေးလိုက်လို့ ဗုဒ္ဓကဖြေကြားလိုက်တာနဲ့ သောတာပန် တည်မှာကို သိလို့ပါပဲ၊ ခက်နေတာက ဗုဒ္ဓဆွမ်းရပ်နေတာကို ပုဏ္ဏားကမသိဘူး။ မြင်မှမမြင်ပဲကိုး။

ပုဏ္ဏေးမကတော့ လှမ်းမြင်နေရလို့ သိတယ်။ ဒါပေမယ့် သူ့ယောကျ်ားသိရင် ဆွမ်းထလောင်းတဲ့အတွက် ထမင်းစားပျက်လိမ့်မယ်ဆိုပြီး ဗုဒ္ဓကိုခေါင်းရမ်းပြလိုက်တယ်။ ဆွမ်းလောင်းစရာမရှိဘူး ကြွတော့ဆိုတဲ့ သဘောပေါ့၊ ဗုဒ္ဓကလဲ ပြန်ပြီးခေါင်းရမ်းပြတယ်။ သူ့ယောကျ်ားက ဆွမ်းလာမလောင်းမခြင်း မကြွဘူးဆိုတဲ့ သဘောပေါ့။

ဒီတော့ ထူးထူးခြားခြား ဗုဒ္ဓခေါင်းရမ်းပြတာကို မြင်လိုက်ရတဲ့ ပုဏ္ဏေးမဟာ ကြွန်မဆည်နိုင်ဘဲ အားရပါးရ ရယ်မိသွားတယ်။ ဒီအခါကျမှ ရယ်ခြင်းအကြောင်းကို မေးကြည့်ရင်းနဲ့ ဗုဒ္ဓကြွနေတာ သိသွားလို့ ပုဏ္ဏားဟာ စားဆဲထမင်းပန်းကန်ကိုကိုင်ပြီး ဗုဒ္ဓကို မေးလျှောက်တယ်။

သီးသန့်ချန်ထားတဲ့ ထမင်းလဲ မရှိတော့ပါ။ စားဆဲပန်းကန်ထဲက ကျန်နေတဲ့ထမင်းကို လောင်းလှူကောင်းပါသလားဘုရားလို့မေးတော့ ဗုဒ္ဓကလောင်းလှူကောင်းကြောင်း ဖြေကြားလို့ လောင်းလှူပါတယ်၊ လောင်းလှူပြီးတာနဲ့ မြတ်စွာဘုရား ရဟန်း–ရဟန်းနဲ့ ပြောဆိုနေကြပါတယ်။ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ရဟန်းလို့ ခေါ်ပါသလဲဘုရားလို့ မေးတယ်။



ဗုဒ္ဓက သံသာရေဘယံကြကွတီတိဘိက္ခု–ရုပ်နာမ်ခန္ဓာ–အာယတန တရားတို့ မရပ်မနား တရစပ်ဖြစ်ပျက်နေသော သံသရာကြီးကို ကြောက်စရာ ဘေးကြီးတစ်ခုလို့ရှုမြင်နေသူကို ရဟန်းလို့ခေါ်ကြောင်း ဖြေကြားလိုက်ပါတယ်၊ ဒီအဖြေစကားလေးအဆုံးမှာပဲ ပုဏ္ဏားဟာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာရှိတယ်လို့ အယူမှားတဲ့ ဒိဋ္ဌိကိလေသာနဲ့ ငါဆိုတာ အရင်တုန်းက ရှိခဲ့သလား၊ အခုလဲရှိဆဲလား၊ နောင်လဲရှိဦးမှာလားလို့ ယုံမှားသံသယရှိတဲ့ ဝိစိကိစ္ဆာကိလေသာနှစ်ပါးပြုတ်ပြီး သောတာပန် တည်သွားပါတယ်။ ဒီလောက် တရားစကားလေးနဲ့ ဘာ့ကြောင့် သောတာပန်တည်သွားရတာလဲဆိုရင် ဒီပုဏ္ဏားဟာ ဘဝတစ်ခုတုန်းက ရုပ်၊နာမ် ဆိုတဲ့တရားသံလေးကို နာကြားခဲ့ဘူးတယ်။ အဲဒီလောက် ဝိပဿနာ တရားသံလေးကို နာကြားခဲ့ဘူးတဲ့ ကုသိုလ်ကြောင့် အခုဘဝမှာ လွယ်ကူချမ်းသာစွာနဲ့ သောတာပန် တည်ရတာပါ။

သန်း ဓါတ်သံ၊ ပရမတ်သံလေးနာကြားရတဲ့ ကောင်းကျိုးကလည်း မနည်းပါလားဘုရား။ မိမိကိုယ်မိမိ တိဟိတ်လား၊ ဒွိဟိတ်လား ခွဲခြားတဲ့နည်းနှစ်ခုဆိုတာကိုလဲ အမိန့်ရှိပါဦးဘုရား။

နုပ် တရားဟောကြွစရာ ရှိသေးတယ်။ နောက်နေ့မှ ဆက်ကြဦးစို့ကွာ။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

# တိဟိတ်ဒွိဟိတ်ခွဲခြားနည်း

**သန်း** ဆရာတော်က အရေးကြီးတဲ့အခန်းကျမှ ဖြတ်သွားတော့ တပည့်တော်မှာဆတ်တငံ့ငံ့ကြီးဖြစ်သွားတာပေါ့ဘုရား

**နုပ်** ဘယ်နေရာ ရောက်သွားပြီလဲကွ

**သန်း** တိဟိတ်ဒွိဟိတ်ခွဲခြားတဲ့ နည်းနှစ်ပါးအကြောင်းကို ရောက်သွားပြီဘုရား။

**နုပ်** ပထမနည်းကိုတော့ သေက္ခတောင်ဆရာတော်ရဲ့ ပဏ္ဍိတဝေဒနီယကျမ်းထဲကရတယ် ဆရာတော်က လင်္ကာလေး တောင်စပ်ပြထားတယ်။

*တိဟိတ်ဒွိဟိတ်ဝိစိကိစ်၊ ချိတ်ရှိထားပါဘိ။*
*ကိုယ်တိုင်သိရန် ကိုယ်တိုင်ကြံ၊ သည်းခံကြိုးစားကြည့်၊*
*ပဋိဘာဂါ သမထာ၊ ထင်လာတိဟိတ်သိ၊*
*ဥဒယဗ္ဗ ယာ ဝိပဿနာ၊ ထင်လာတိဟိတ်သိ။*



တဲ့ အဲဒီပုဒ်ထဲက မိမိကိုယ်မိမိတိဟိတ်လား ဒွိဟိတ်လား ဆိုတာသိချင်ရင် သမထ၊ ဝိပဿနာ တစ်ခုခုကို လက်တွေ့လုပ်ကြည့်လိုက်ပါ။ သမထဘာဝနာပွားကြည့်လို့ ပဋိဘာဂနိမိတ်ကိုရရင် တိဟိတ်လို့သိပါ။ ဝိပဿနာဘာဝနာပွားကြည့်လို့ ဥဒယဗ္ဗယဉာဏ် ရရင်လဲ တိဟိတ်လို့သိပါတဲ့။

**သန်း** အဲဒီလောက်ပြောရုံနဲ့ တပည့်တော်တို့လို လူငယ်တွေက ဘယ်သိမှာတုန်းဘုရား၊ အကျယ်ချဲ့ပြောမှ သိနိုင်မှာပါဘုရား။

**နုပ်** အေး၊ ဒါဆိုရင်နားထောင် သမထကမ္မဋ္ဌာန်းကအပါး (၄၀) ရှိတယ်၊ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ အနုဿတိ (၁၀)ပါး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ အပ္ပမညာလေးပါး၊ အာဟာရေပဋိကူလသညာ တစ်ပါး၊ စတုဓါတုဝဝတ္ထာန်တစ်ပါး၊ အာရုပ္ပလေးပါးတို့ ပေါ့၊

အဲဒီလေးဆယ်ထဲကတစ်ပါးပါးကို ပွားများအားထုတ်ရင် ဈာန်အဘိညာဉ်တစ်ခုခုကိုရတယ်။

ဈာန်မရတဲ့ သမထကမ္မဋ္ဌာန်း ဆယ်ခုလောက်တော့ ရှိသေးတယ် သိဝ်ကျယ်နေမှာ စိုးလို့ထားခဲ့ပါတော့၊ ဒီနေရာမှာ ပဋိဘာဂနိမိတ် ထင်ပုံကိုပြောမှာဆိုတော့ သမထကမ္မဋ္ဌာန်းကျင့်စဉ်တစ်ခုကိုတော့ပြောမှ ဖြစ်မယ်။

**သန်း** ပိုကောင်းတာပေါ့ဘုရား၊ အမိန့်ရှိပါ ။

www.burmeseclassic.com

www.burmeseclassic.com



နုပ် ကသိုဏ်းကမ္မဋ္ဌာန်း ဆယ်ပါးထဲကပထဝီကသိုဏ်း တစ်ခုကို ဈာန်အဘိညာဉ်ရအောင် အားထုတ်မယ့် ယောဂီဟာ အရောင်အဆင်းလှတဲ့ မြေစေးတစ်ပိဿာလောက်ကို ရှာပြီး တစ်ထွာလောက် ဝိုင်းဝိုင်းအပြားတစ်ခု ဖြစ်အောင် လုပ်ပါ၊ ပြီးတာနဲ့ မြင်သာတဲ့နေရာမှာ ကပ်ထားပြီး မျက်လုံးနဲ့ စိုက်ကြည့်နေရမယ်။

စိတ်ထဲကလဲမြေဝိုင်း၊ မြေဝိုင်းလို့ဆိုနေရမယ် စိတ်ကမြေဝိုင်းမှတစ်ပါး ဘယ်ကိုမှ ရောက်မသွားစေရဘူး။ မြေဝိုင်းကို စိုက်ကြည့်ပြီး ပွားများနေတဲ့အချိန်ကို ပရိကမ္မနိမိတ်လို့ ခေါ်တယ်၊ ကြာကြာပွားများလို့ သမာဓိရလာတဲ့အခါ မျက်စိကိုမှိတ်ထား လိုက်လဲမြေဝိုင်းကြီးဟာပျောက်မသွားပဲမြင်နေရတယ်။

အဲဒီအဆင့်ကိုတော့ ဥဂ္ဂဟနိမိတ်လို့ခေါ်တယ် ဒီအဆင့်ထိကတော့ ဒွိဟိတ်ရော၊ တိဟိတ်ရော နှစ်ဦးလုံးရောက်နိုင်တယ်၊ စိတ်ထဲမှာထင်နေတဲ့မြေဝိုင်း ဥဂ္ဂဟနိမိတ်ကိုပဲ မြေဝိုင်း။ မြေဝိုင်းဆိုပြီး ဆက်လက်ပွားများမယ်ဆိုရင် ဥဂ္ဂနိမိတ်ရတုန်းက ထင်တဲ့မြေဝိုင်းနဲ့ တစ်ပုံစံထဲတူနေတဲ့ နိမိတ်ပုံတစ်ခု ထပ်ပေါ်လာပြန်တယ်။

ထပ်ပေါ်လာတဲ့မြေဝိုင်းဟာ ပရမတ်တရားက လွတ်ထွက်လာတဲ့ ပညတ်ပုံတစ်ခုပါပဲ၊ မူရင်းမြေဝိုင်းထက် ပိုလှတယ်၊ ပိုတောက်ပြောင်တယ်၊ ကြည့်လို့မဝနိုင်အောင် တင့်တယ်တယ်၊ အဲဒီနိမိတ်ပုံကို ပဋိဘာဂနိမိတ်လို့ ခေါ်တယ်၊ ပဋိဘာဂနိမိတ် အဆင့်ထိ ရောက်လာပြီ



ဆိုရင် အဲ့ဒီယောဂီရဲ့ သမာဓိအားဟာ မသေးတော့ပါဘူး၊ စာလိုကတော့ ဥပစာရသမာဓိလို့ခေါ်တယ်၊ မြန်မာလိုကတော့ ဈာန်နားကပ်နေတဲ့သမာဓိပေါ့။

သန်း ဆရာတော် ခင်းပြလိုက်တော့ တပည့်တော် မြင်တတ်သွားပါပြီ အဲဒီပဋိဘာဂနိမိတ်အဆင့်ကိုရောက်ရင် တိဟိတ်ပုဂ္ဂိုလ်လို့မှတ်နိုင်ပြီလို့ ဆိုတာမဟုတ်လားဘုရား။

နုပ် အေး၊ ဟုတ်တယ်။

သိန်း ဈာန်ရပုံထိ တစ်ဆက်တည်း နည်းနည်းလောက်ရှင်းပြပါဘုရား။

နုပ် ဈာန်ရဖို့ဆိုရင် အဲ့ဒီပဋိဘာဂနိမိတ်ကိုဘဲ ဥပစာရသမာဓိနှင့် ဆက်ပွားနေရမယ်၊ အချိန်ကျလာတာနဲ့ ပဌမဈာန်ကို ရတာပဲ၊ ဒီ ဈာန်ကို အပ္ပနာဈာန်လို့ ခေါ်သလို ဈာန်ရသခိုက်၊ ဈာန်ဝင်စားခိုက်မှာ ဖြစ်နေတဲ့သမာဓိကိုလည်း အပ္ပနာသမာဓိလို့ခေါ်တယ်။

သန်း အဲဒါဆိုရင် ကောင်းကင်ပျံနိုင်ပြီပေါ့ဘုရား။

နုပ် ဘယ်ပျံနိုင်ဦးမှာလဲ၊ အဘိညာဉ်ရမှ ကောင်းကင်ပျံနိုင်တာ။

သန်း ဒါဆိုရင် ဈာန်နဲ့၊ အဘိညာဉ်နဲ့ မတူဘူးပေါ့ဘုရား။

နုပ် မတူဘူး၊ ဥပမာ မြေကသိုဏ်းရှုနေတဲ့ ယောဂီတစ်ယောက်ဟာ မြေဝိုင်းပေါ်အာရုံကို ချက်ခြင်းတင်ပေးလိုက်နိုင်တယ် အဲဒါဝိတက်ပေါ့၊ အဲဒီမြေဝိုင်းကို လိုသလိုသုံးသပ်ဆင်ခြင်နိုင်တယ်၊ အဲဒါဝိစာရပေါ့။

မြေဝိုင်းအပေါ်အာရုံဝင်စားနေရတာကို နှစ်သက်နေတယ် အဲဒါပီတိပေါ့၊ အဲဒီလိုဝင်စားနေရတာ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



တယ် အဲဒါသုခပေါ့၊ မြေဝိုင်းပေါ်မှာပဲ စိတ်က စူးစိုက်နေတယ် အဲဒါဧကဂ္ဂတာပေါ့၊ သမာဓိလို့လဲခေါ်တယ်။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဒီအင်္ဂါ ငါးချက်နဲ့ ပြည့်စုံသွားပြီဆိုရင် ပဌမဈာန်ရသွားပြီလို့ ဆိုရတယ်၊ ဈာန်ဆိုတာ ကိလေသာကိုလောင်မြိုက်ခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ဒီဈာန်ကိုရသခိုက်၊ သို့မဟုတ် ဝင်စားနေသခိုက်မှာ ကိလေသာတွေဟာ တဒင်္ဂပဟာန်၊ ခေတ္တခဏအနေအားဖြင့်လည်း ကွယ်ပျောက်နေတယ်၊ ဝိက္ခမ္ဘနပဟာန်း ခပ်ကြာကြာအားဖြင့်လည်း ကွယ်ပျောက်နေတယ်။

ကောင်းကင်မှာပျံခြင်း၊ ကိုယ်ဖျောက်ခြင်း၊ သူတစ်ပါးစိတ်ကိုသိခြင်း ဆိုတဲ့ဟာတွေကို မပြုလုပ်နိုင်ပါဘူး၊ အဲဒါတွေက အဘိညာဉ်ရမှလုပ်နိုင်တာ။

သန်း အဘိညာဉ်ရအောင်ဘယ်လိုဆက်လုပ်ရသလဲဘုရား

နုပ် အဘိညာဉ်ရအောင်ဆိုရင် ပဉ္စမဈာန်ထိရအောင် အရင်အားထုတ်ရတယ်၊ ပဉ္စမဈာန်ကိုရပြီးတဲ့အခါကျတော့ မှဝသီဘော်နိုင်သွားအောင် ပထမဈာန်ကနေ ပဉ္စမဈာန်ထိရောက်အောင် အစဉ်အားဖြင့် ဆက်တိုက်ဝင်စားနိုင်အောင် လေ့ကျင့်ရတယ်။ အဲဒါ ပိုင်သွားပြီဆိုရင် ပဉ္စမဈာန်ကနေ ပဌမဈာန်ထိရောက်အောင် အပြန်အားဖြင့်ဝင်စားနိုင်အောင် ကြိုးစားအားထုတ်ရပြန်တယ်၊

အဲဒီနှစ်မျိုးလုံးပိုင်ပြီဆိုမှ အဘိညာဉ်အဆင့်ကိုရောက်တယ် ဉာဏ်အား၊ ခန္ဓာရုပ်အား နှစ်ခုလုံး အား



ကောင်းမှ အဘိညာဉ်ကို ရနိုင်တယ်၊ အခုလို ဆုတ်ကပ်ခေတ်ကြီးထဲမှာတော့ စားသောက်ရတဲ့ အာဟာရထဲမှာကိုက အဆီအနှစ် သိပ်မရှိတော့ လူတွေမှာ အားအင်တွေ သိပ်မကောင်းကြတော့ဘူး။

ညောင်လွန့်တောရ ဆရာတော်ကြီး အမိန့်ရှိဘူးတာကတော့

အဘိညာဉ်ကတော့ ယခုအခါ ပေါက်ရောက်ဖို့ တော်တော်ခဲယဉ်းတယ်။ ဘာ့ကြောင့်လဲဆိုရင် သတ္တဝါတွေ တရားမစောင့်ကြတော့ ဥတုမမှန်ဖောက်ပြန်တယ်၊ ဥတုဖောက်ပြန်တော့ ဥတုဇရုပ်တွေ၊ ဥတုကြောင့်ဖြစ်တဲ့ အသီးအနှံ အာဟာရတွေ ဖောက်ပြန်ညှံ့ဖျင်းလာတယ်။ စားသောက်မှီဝဲရတဲ့လူတွေမှာလဲ အာဟာရဇရုပ်တွေ ညှံ့ဖျင်း၊ ဥတုဇ အာဟာရဇရုပ်တွေညှံ့တော့ တွဲဘက်ကမ္မဇရုပ်တွေလဲ မခိုင်မာနိုင်တော့ဘူးပေါ့။ ထိုရုပ်တွေပေါ် မှီတွယ်နေရတဲ့စိတ်ဓါတ်၊ သမာဓိအားလည်း ကောင်းသင့်သလောက် မကောင်းပဲ ညှံ့ဖျင်းလာတယ်။

ရုပ်တွေစိတ်တွေညှံ့ဖျင်းပြီး အားမကောင်းခြင်းကြောင့် သန္တာန်အစဉ်ခေါ်တဲ့ အတ္တဘော ခန္ဓာကိုယ်ကြီး မခိုင်ဘဲ ဝိသုဒ္ဓိမဂ်မှာလာတဲ့အတိုင်း၊ ၁၄ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို မဆုံးမနိုင်ကြလို့ သမာပတ် ၈ ပါးကို ရနေကြပေတဲ့ အဘိညာဉ်မပေါ်ပေါက်နိုင်ပဲ ဖြစ်ကြရတယ်တဲ့။

ဒါက ပထမအကြိမ်ပြောဖူးတာပဲ၊ ညောင်လွန့်

www.burmeseclassic.com

www.burmeseclassic.com



တောရဆရာတော်ဘုရားကြီးဟာ ၁၂၂၉ ခုနှစ်မှာ မွေးဖွားတာဆိုတော့ ဒီစကားဟာ နှစ်ပေါင်းတစ်ရာကျော်ကြာခဲ့ပါပြီ။ ဒီစကားကိုမိန့်ဆိုတဲ့ အချိန်ကဆရာတော်ကြီးတို့ သီတင်းသုံးနေတဲ့ ရမည်းသင်းခရိုင်မှာ မိုးလေဝသတွေ ညံ့ပြီး အစာရေစာ ရှားပါးတဲ့အချိန်ပေါ့။

ဒုတိယအကြိမ် ပြောတဲ့စကားတော်ကတော့ အနာဂတ်သာသနာတော်အတွက် သိပ်အားတက်ဖို့ ကောင်းတယ်။

**သန်း** ဘယ်လိုများအမိန့်ရှိသွားပါသလဲဘုရား။

**နုပ်** ဆရာတော်အမိန့်ရှိတာက တို့များ အဘိဉာဉ် မရရင် နေပါရိုးလားလို့ အားခဲစိတ်တင်းပြီး ဝိသုဒ္ဓိမဂ်မှာ လာတဲ့အတိုင်း ၁၄ ပါးသောအခြင်းအရာတို့ဖြင့် ဈာန်ကစားကာစိတ်ကို ဆုံးမမယ်ဆိုပြီး အားထုတ်လိုက်တာ ပထမဈာန်ကနေ အဆုံးနေဝသညာနာသညာ ယတနဈာန်တိုင်အောင် အနုလုံဝင်စားလို့ရတယ်။

အနုလုံဆုံးကာရှိသေး ခြေတွေ လက်တွေ သယ်မရတော့ဘူး ပဋိလုံဆုံးအောင် (အဆုံးကနေအစ) တစ်ဖန်ပြန်ပြီးများ ဝင်စားလိုက်ရင် ချက်ခြင်း သွေးကြော၊ လေကြောတွေပြတ်ထွက်သွားမလားလို့တောင် ထင်ရတယ်။ ဒါနဲ့လက်လျှော့လိုက်ရတယ်။

ဒါဟာ ဘာကြောင့်လဲဆိုတော့ ခန္ဓာကိုယ်မနိုင်ခံ့လို့ပဲ၊ တကယ်လို့မင်းများရော၊ တိုင်းသူပြည်သားများပါ တရားစောင့်လာကြလို့ ဥတုရာသီကောင်းမွန်



လာမယ်ဆိုရင်တော့ သာသနာပမှာတောင်ရနိုင်သေးတာ၊ သာသနာတော်အတွင်းမှာ ဘာ့ကြောင့် မရနိုင်ဘဲရှိရမှာလဲ အမှန်တကယ်ရနိုင်ပါတယ်။

နောင်အခါကတာဓိကာရ (ဆုယူတောင့်တဖူးသူ) ဖြစ်ပြီး ပါရမီရှိတဲ့ ပုဂ္ဂိုလ်ထူးများပေါ်ပေါက်လာသောအခါ မဂ်နှင့်တစ်ပါတည်း တစ်ပြိုင်နက်ထဲသမာပတ်တွေရော၊ အဘိညာဉ်တွေရော (ပု၊ ဒိ၊ အာ စသော) ဝိဇ္ဇာတွေရော အထူးမပွားများရဘဲနဲ့လည်းရနိုင်တယ်၊ အဲဒီအခါမှာ အဘိညာဉ်တွေ ဝိဇ္ဇာတွေရတဲ့ ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာလိမ့်ဦးမယ်တဲ့၊ ဆရာတော်ကြီး ထေရုပ္ပတ္တိထဲမှာလည်း တေဝိဇ္ဇပတ္တရဟန္တာကြီးဖြစ်ကြောင်း ရေးသားထားတယ်၊

**သန်း** တေဝိဇ္ဇပတ္တရဟန္တာဆိုတာ ဘယ်လိုမျိုးလဲဘုရားတပည့်တော်တို့ကတော့ ရဟန္တာဆိုရင် အတူတူချည်းပဲ ထင်နေကြတာ

**နုပ်** မတူဘူးကွ ငါမှတ်သားမိသလောက်ဆိုရင် ရဟန္တာကလေးမျိုးလေးစားရှိတယ်၊ အဲဒါတွေက

( ၁ ) ပဋိသမ္ဘိဒါပတ္တရဟန္တာ
( ၂ ) ဆဠာဘိညရဟန္တာ
( ၃ ) တေဝိဇ္ဇပတ္တရဟန္တာ
( ၄ ) သုက္ခဝိပဿကရဟန္တာတို့ပဲ

ပဋိသမ္ဘိဒါပတ္တရဟန္တာဆိုတာက ရဟန္တာဖြစ်တာနဲ့တစ်ပြိုင်နက် ပိဋကတ်နဲ့တကွ ဂန္ထန္တရ၊ ဘာသန္တရ အကုန်တတ်ကျွမ်းသွားတာမျိုးပေါ့။ ဗုဒ္ဓ လက်ထက်က

www.burmeseclassic.com

www.burmeseclassic.com



အရှင်စူဠပန်မထေရ်ဟာ ပုထုဇဉ်ရဟန်းဘဝက ဘာစာမှ မတတ်ရှာဘူး။ ၄၄ လုံး ရှိတဲ့ ဂါထာ တစ်ဂါထာရအောင် လေးလလောက်ကျက်ရရှာတယ်၊ အဲသလောက် ဉာဏ်ထိုင်းတယ်။ စာတစ်လုံးကို နှစ်ရက်ကျော်ကျော်လောက် ကျက်မှတ်ရတဲ့သဘောပေါ့၊ စူဠပန် မထေရ်ဟာ အတိတ်ဘဝတစ်ခုတုန်းက ဉာဏ်ထိုင်းတဲ့ စာသင်သား တစ်ပါးကို ပရိသတ်ကြားထဲမှာ နောက်ပြောင်ကြည်စယ် ခဲ့ဘူးတယ်၊ အဲဒီစာသင်သားလေးဟာ အရှက်ကြီးရှက်ပြီး စာဆက်မသင်တော့ဘူး စာချဘုန်းကြီး ဘဝကပြုခဲ့တဲ့ မပြောပလောက်တဲ့ အကုသိုလ်ဝဋ်ကြွေး လေးပေါ့။

သန်း: တစ်ချို့ဆရာတော်များဟောတဲ့ တရားထဲမှာ စူဠပန် မထေရ်ကျက်တဲ့ ဂါထာမှာ အက္ခရာ ၃၂ လုံးလို့ ပြောကြပါတယ်၊ အခုဆရာတော်ပြောတာက ၄၄ လုံး ဆိုတော့ မတူဘူးဖြစ်နေတယ်၊ ဘယ်ဟာကို အမှန် ယူရမလဲဘုရား။

နုပ် မှန်တာကိုအမှန်လို့ယူရမှာပေါ့၊ စူဠပန်မထေရ် ကျက်ခဲ့ ရတဲ့ ဘုရားရှိခိုးဂါထာကို ငါဆိုပြမယ်၊ မင်းက စာလုံးရေ မှတ်ထားပေါ့၊ မင်းလဲ ရှိခိုးချင်ရှိခိုးရအောင် အနက်ပါ ရွတ်လိုက်မယ်

သန်း: ပိုကောင်းတာပေါ့ဘုရား

(စူဠပန်ရဲ့ဘုရားရှိခိုး)

နုပ် *ပဒ္မံယထာ ကောကနဒံသုဂန္ဓံ*
*ပါတောသိယာ ဖုလ္လမဝီတဂန္ဓံ။*



*အင်္ဂီရသံ ပဿဝိရောစမာနံ၊*
*တပန္တမာဒိစ္စ မိဝန္တလိက္ခေ*

ကောကနဒံ၊ ကောကနဒအမည်ရသော ပဒ္မံ၊ ရွှေသား ဝတ်ဆံချပ်ရံတစ်ရာ၊ ပဒုမ္မာကြာသည်။ ပါတော၊ နေမင်း ဂုဏ်ဖြင့်၊ အရုဏ်တင့်သော နံနက်အခါ၌။ ဖုလ္လံ၊ ကားကားလှတင့် ပွင့်သည်ဖြစ်၍။ သုဂန္ဓံ၊ အေးမြချို လှောင်း ကောင်းသောရနံ့ရှိသည်ဖြစ်၍ အဝီတဂန္ဓံ၊ ထက်ဝန်းဒိသာ ယူဇနာတိုင်တိုင် သင်းကြိုင်ထုံပျံ့ ရနံ့ မွှေးခြင်းရှိသည်ဖြစ်၍။ ဝိရောစမာနံ၊ ထွန်းပစံပယ်၊ လွန်တင့်တယ်သည်။ သိယာယထာ၊ ဖြစ်သကဲ့သို့ငှ■ အန္တလိက္ခေ၊ မင်းလွင်တိမ်ထပ် ဖြူလျှပ်စင်ထုံး တန် ဆောင်မှန်း မာသကောင်းကင်ဝ၌။ တေဇသာ၊ တန်ခိုး ရောင်ခြည်၊ ထွန်းလင်းပြောင်ပြောင်၊ ထိန်ထိန်လောင် သဖြင့် တပန္တံ၊ တောက်ပသော၊ အာဒိစ္စံ၊ ဣဝ■ လေးကျွန်းမာန်ကင်း၊ ရှင်နေမင်းကဲ့သို့ငှင်း။ သုဂန္ဓံ၊ အေးမြချိုလှောင်း၊ ကောင်းသောရနံ့ရှိသည်ဖြစ်၍ အဝီတ ဂန္ဓံ၊ တစ်သိန်းကုဋေ တွက်ရေစကြာဝဠာ၊ အနံ့ဖြာသော အာဏာတော်နှံ့၊ ဂုဏ်တော်နံ့လည်းရှိထသော။ ဝိရော စမာနံ၊ ထွန်းပစံပယ်၊ လွန်တင့်တယ်လျှက်၊ တင့်တယ် တော်မူထသော အင်္ဂီရသံ၊ ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက် ထွက်သော ရောင်ခြည်တော်ရှိသော မြတ်စွာဘုရားကို ပဿ၊ ဖူးမြှော်စမ်းပါလော့။

သန်း: စာလုံးရေ (၄၄)လုံးအတိပါပဲ။ ဂါထာက တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပဲ ဘုရား၊ တပည့်တော်ကျက်ပြီး ညစဉ် ရှိခိုးပါ့မယ်၊ ဒါနဲ့စူဠပန်မထေရ် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်ပုံကို ဆက်ပါဦးဘုရား။

နုပ် အဲသလောက်ဉာဏ်ထိုင်းတော့ သူ့အစ်ကိုမဟာပန်က သာသနာမှာနေလို့ အကျိုးမရှိဘူးဆိုပြီး ကျောင်းက နှင်ထုတ်လိုက်တယ်၊ ကျောင်းကထွက်တဲ့အချိန်မှာ ဘုရားနဲ့တွေ့ပြီး ရဇောဟရဏ ကမ္မဋ္ဌာန်းကို ပွားများခွင့်ရပြီး ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်သွားတယ်။

သန်း ရဇောဟရဏကမ္မဋ္ဌာန်းဆိုတာ ဘယ်လိုလဲဘုရား

နုပ် ဗုဒ္ဓတန်ခိုးနဲ့ ဖန်ဆင်းပြီးပေးခဲ့တဲ့ လက်ကိုင်ပုဝါ အဖြူရောင်လေးကို ရဇောဟရဏံ မြူမှုန့်ကိုဆောင်၏လို့ အဖန်ဖန်ပွားများနေတာကို ရဇောဟရဏ ကမ္မဋ္ဌာန်းလို့ ဆိုတာပါ။

သန်း ဗုဒ္ဓလက်ထက်က ရဋ္ဌပါလ ရဟန်းဆိုရင် ရဟန္တာဖြစ်အောင် (၁၂)နှစ် ထိကျင့်ရတယ်ဘုရား၊ ဒီစူဠပန်မထေရ်ကျတော့ လွယ်လှချည်လားဘုရား၊ ဒီလို နာရီပိုင်းလေး သက်သက်သာသာ အားထုတ်ရုံနဲ့ ရဟန္တာဖြစ်ရတဲ့ အတိတ်ပါရမီအကြောင်းတွေ ရှိမယ်ထင်တယ်ဘုရား၊ အမိန့်ရှိပါဦး။

နုပ် အေး၊ ပါရမီနဲ့ပတ်သက်လာပြီဆိုတော့ ဆွေးနွေးစရာလေးတွေက အတော်များများရှိတယ်ကွ ဒီတော့ နောက်နေ့မှ ဆက်ကြဦးစို့။

* * * * *

အခန်း (၃)

## လောကီအဘိညာဉ်နှင့် လောကုတ္တရာအဘိညာဉ်

နုပ် အရင်အပါတ်က စူဠပန်မထေရ်ရဲ့ သက်သာလွယ်ကူစွာနဲ့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ရခြင်းအကြောင်းကို မေးထားတယ်နော်။

သန်း ဟုတ်ပါတယ်ဘုရား၊ ပြီးတော့ပါရမီနဲ့ ပတ်သက်လို့လဲ အကျယ်ရှင်းပြဦးမယ်လို့ ဆရာတော်က အမိန့်ရှိထားပါတယ်။

နုပ် နှစ်ခုလုံးရှင်းပြရမှာပေါ့ကွာ၊ စူဠပန်မထေရ်ဟာ အတိတ်ဘဝတစ်ခုက ဘုရင်ဖြစ်ခဲ့ဖူးတယ်၊ တစ်နေ့ဆင်နဲ့ တိုင်းခန်းလှည့်လည်ရင်း နဖူးကကျလာတဲ့ချွေးတွေကို ဝတ်ထားတဲ့ ဘွဲ့ဖြူပုဆိုးနဲ့သုတ်လိုက်တယ်၊ ပုဆိုးကို ချွေးတွေစွန်းပေသွားတာ တွေ့လိုက်ရတဲ့အခါ ချွေးဆိုတဲ့ အညစ်အကြေး တစ်ခုပေတာနဲ့ ဘွဲ့ဖြူပုဆိုးဟာအတော်ကို ညစ်ပေသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာ ဆယ်ပါး အပေအကျံခံနေရတဲ့ ငါရဲ့စိတ်ဆိုရင် ဘယ်လောက်များ ပေကျံညစ်ပတ်နေလိုက်မလဲလို့ သံဝေဂ ဉာဏ်ပေါ်ခဲ့ဘူးတယ်၊ အဲဒီသံဝေဂဉာဏ်က ဒီဘဝမှာ လွယ်ကူချမ်းသာစွာ ရဟန္တာဖြစ်ဖို့လာပြီး ထောက်ပံ့တာပေါ့

**သန်း** သံဝေဂဉာဏ်တစ်ခု ထောက်ပံ့လိုက်တဲ့ ကောင်းကျိုးကလဲ မနည်းပါလားဘုရား။

**နုပ်** ဘယ်အရာဝတ္ထုကိုမဆို သံဝေဂဉာဏ်နဲ့ ရှုဆင်ခြင်ရင် ရတာပါပဲ ပညာရှိသူတော်ကောင်းကြီးတွေ သံဝေဂဉာဏ်ကို နိုက်နိုက်ချွတ်ချွတ်ရှာပြီး ယူသွားပုံတွေဟာ သိပ်ပြီး အံ့သြကြည်ညိုဖို့ကောင်းတယ်၊ မောင်သန်းလင်းအောင် စိတ်ဝင်စားတယ်ဆိုရင်တော့ ပြောပြမှာပေါ့

**သန်း** "ဟာ" စိတ်ဝင်စားတာပေါ့ ဆရာတော်အမိန့်ရှိပါဘုရား

**နုပ်** သံဝေဂဉာဏ်မဆက်မီ၊ ရဟန္တာလေးပါး အဓိပ္ပါယ်ကို ကုန်အောင်ပြောကြဦးစို့၊ အခုပြီးသွားတာက ပဋိသမ္ဘိဒါပတ္တရဟန္တာ၊ ဒုတိယက ဆဠဘိညရဟန္တာ၊ အဓိပ္ပါယ်က မိုးပျံခြင်း၊ ကိုယ်ပျောက်ခြင်းစတဲ့ အဘိညာဉ် ၆ ပါးရတဲ့ ရဟန္တာလို့မှတ်ရမယ်။

အဘိညာဉ်က လောကီအဘိညာဉ်၊ လောကုတ္တရာ အဘိညာဉ်လို့ နှစ်မျိုးရှိတယ်။ လောကီအဘိညာဉ်က ငါးမျိုးပေါ့ ဘာတွေလဲဆိုတော့

၁။ ဣဒ္ဓိဝိဓအဘိညာဉ် = သူကမြေလျှိုး၊ မိုးပျံ၊ ကိုယ်ပျောက်စတဲ့ အခြင်းအရာတွေကို ဖန်ဆင်းနိုင်တာပေါ့



၂။ ဒိဗ္ဗ သောတအဘိညာဉ် = သူက ဘယ်လောက်ဝေး တဲ့နေရာက အသံကိုဖြစ်စေကြားနိုင်တယ် ပဋိသမ္ဘိဒါ မဂ်ပါဠိတော်မှာတော့ ဒီအဘိညာဉ်ကို သောတဓါတု ဝိသုဒ္ဓိဉာဏ်လို့ သုံးနှုန်းထားတယ် ဒိဗ္ဗ သောတ ဆိုတာကတော့ သင်္ဂြိုလ်ကျမ်းကသုံးတာပါ။

၃။ ဒိဗ္ဗ စက္ခုအဘိညာဉ် = သူက နတ်မျက်စေ့ကဲ့သို့ အရာဝတ္ထုတစ်ခုခုကို ဘယ်လောက်သေးသေး ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်ဖုံးကွယ်၊ ဖုံး ကွယ်မြင်နိုင်စွမ်းရှိတယ်။

၄။ ပရစိတ္တဝိဇာနာနအဘိညာဉ်ဆိုတာကတော့ = သူ တစ်ပါးစိတ်မှာ ဖြစ်နေတာ မှန်သမျှကို မိမိစိတ်နဲ့ ပိုင်းခြားပြီး သိနိုင်တာပါပဲ။

၅။ ပုဗ္ဗေ နိဝါသာနုဿတိအဘိညာဉ်ဆိုတာကတော့ = ရှေးရှေးက ဖြစ်ခဲ့ဘူးတဲ့ ဘဝတွေကိုပြန်ပြီး ကြည့်နိုင် သိနိုင်တာပါပဲ။

လောကုတ္တရာအဘိညာဉ်ကတော့ တစ်မျိုးတည်းပါ။ ဒီ အဘိညာဉ်က ရဟန္တာဖြစ်မှရပါတယ်၊ သူက အာသဝက္ခယ အဘိညာဉ်ပါ၊ မြန်မာလိုဆိုရင် အာသဝေါတရားလေးပါး ကို ကုန်ခန်းစေတဲ့ အဘိညာဉ်လို့ အဓိပ္ပါယ်ရပါတယ်။

**သန်း** ဒီလောက်ပြောရုံနဲ့ နားမလည်နိုင်ဘူးဘုရား ဘာသာရေး ပညာအခြေခံရှိသူများအတွက်က အရိပ်ပြရုံအကောင် ထင်နိုင်ပေမယ့် ဘာသာရေးလေ့လာကာစ တပည့်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့လို လူငယ်တွေအတွက်ကတော့ အကောင်မြင်မှ အရိပ်ထင်ရုံလောက်ပဲရှိမယ်ဘုရား။ ဒါ့ကြောင့် တပည့်တော်ကို ရှင်းပြတဲ့အခါ ဘာမှ မသိသေးတဲ့လူပြိန်း အဆင့်လောက်လို သဘောထားပြီး ပြည့်စုံအောင်ရှင်းပြပါဘုရား။

**နုပ်** ဒါဆိုရင်လည်းနားထောင်၊ အာသဝဆိုတာ ယိုစီးခြင်းလို့ အဓိပ္ပါယ်ရတယ် ဘဝသံသရာမျိုးစုံမှာ ကျင်လည်အောင်" လုပ်ပေးတတ်တဲ့ တရားပေါ့။

သူက ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝလို့ လေးမျိုးရှိတယ်။ ကာမာသဝဆိုတာက ကာမဂုဏ်အာရုံကို တပ်မက်စွဲလမ်းတဲ့လောဘကို ပြောတာ၊ ဘဝါသဝ ဆိုတာက ဘဝအမျိုးမျိုးကို တပ်မက်စွဲလမ်းတဲ့ လောဘကိုပြောတာ ၊ ဒိဋ္ဌာသဝ ဆိုတာက ငါရှိတယ်၊ သူရှိတယ်၊ ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှိတယ်လို့ အယူမှားတဲ့ ဒိဋ္ဌိကိုပြောတာ။

အဝိဇ္ဇာသဝဆိုတာက အမှန်ကိုမသိတဲ့ မောဟကို ပြောတာ အဲဒီ အာသဝလေးပါး ကုန်ခန်းစေတတ်တဲ့ ဉာဏ်ကို အသဝက္ခယဉာဏ်လို့ပြောတာပါ။

**သန်း** တေဝိဇ္ဇပတ္တ ရဟန္တာဆိုတာကရောဘုရား။

**နုပ်** သူက ပုဗ္ဗေ နိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗ စက္ခု ဉာဏ်၊ အာသဝက္ခဉာဏ် သုံးပါးကိုရတာပေါ့။

**သန်း** သုက္ခဝိပဿက ရဟန္တာဆိုတာကရော ဘုရား။

**နုပ်** သူက–အာသဝက္ခယဉာဏ်ရပြီး ကိလေသာအားလုံး ကုန်သွားတာပဲရှိတယ်၊ ကြွင်းတဲ့ဉာဏ်တွေမရဘူး၊ သုက္ခ



ဆိုတာကိုက ဈာန်အဘိညာဉ်မှ ခြောက်သွေ့ခြင်း၊ ဈာန်အဘိညာဉ်မရှိခြင်းကို ဟောတာပါပဲ။

**သန်း** ဒါဆိုရင် တပည့်တော်တို့အရင်က ယူဆခဲ့သလို ရဟန္တာဆိုရင်ဈာန်ပျံတာပဲ၊ ဈာန်ပျံနေတာတွေရင် ရဟန္တာပဲ ဆိုတာတွေဟာမှားနေတာပေါ့ဘုရား။

**နုပ်** အေးပေါ့၊ ဈာန်အဘိညာဉ်ဆိုတာတွေက သာသနာပ မှာလည်း ရှိနေတာပဲ၊ သာသနာတွင်းမှာသာရနိုင်တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုသာ အဓိကထားပြီး ရအောင်ယူသင့်တယ်၊ ခုန မင်းပြောလိုက်တဲ့ ဈာန်ပျံနေတာတွေရင် ရဟန္တာပဲဆိုတဲ့ အယူအဆတွေဟာ သိပ်မှားတာပေါ့။

ကောင်းကင်မှာ ပျံတယ်ဆိုတာက သူတော်ကောင်းရှိသလို သူယုတ်မာတွေလည်းရှိတယ်။

**သန်း** သူယုတ်မာက ဘယ်လိုနည်းနဲ့ ကောင်းကင်မှာပျံသလဲ ဆရာတော်

**နုပ်** ဆေးတို့ အင်းတို့ ပြဒါးတို့မှာ သိဒ္ဓိသွင်းပြီး ပျံကြတာပေါ့ ၅၅၀ ထဲက ဝိဓုရဇာတ်မှာဆိုရင် ဗာရာဏသီဘုရင်ကြီးရဲ့ မိဖုရားခေါင်ကြီးကို လောကီဝိဇ္ဇာဓိုရ်တစ်ယောက်က ညတိုင်းလာပြီး မတရားကျင့်တယ် နောက်တော့ ဘုရင်ကြီးနဲ့ တိုင်ပင်ပြီး မိဖုရားကြီးက မတရားလာကျင့်တဲ့ ဝိဇ္ဇာဓိုရ်ရဲ့ ကျောမှာ ပြဒါးနဲ့ လက်ငါးချောင်းရာပေးလိုက်တယ် နောက်နေ့ကျမှ လက်ငါးချောင်းကိုမှတ်သားပြီး မင်းချင်းတွေကိုရှာဖွေဖမ်းဘို့ အမိန့်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြာကုလီဝိဇ္ဇာက သက်နီးပတ်ပြီး ရဟန်းအသွင်နဲ့ သင်္ချိုင်းတစ်ခုမှာ ခြေထောက်တစ်ဖက်မြှောက်ကျင့်တဲ့ သူတော်စင်အဖြစ် လူထုရဲ့ အကိုးကွယ်ခံနေတယ်။ သူ့ကျောကုန်းက ပြဒါးလဲမြင်ရော မင်းချင်းတွေက အတင်းဝင်ဖမ်းတော့ ဂါထာရွတ်ပြီးကောင်းကင်ပျံပြေးတယ်။ ဒီမှာတင် ဘုရင်ကြီးက ရဟန်းတွေကို အထင်မှားပြီး တိုင်းပြည်ကနှင်ထုတ်လို့ တရားအသိမရကြတဲ့ ပြည်သူတွေ အပါယ်လေးပါးချည်းလားကြရတော့တယ်။ ဒီအခါမှာ သိကြားမင်းတောင် အေးအေးမနေနိုင်တော့ပဲ ပစ္စေကဗုဒ္ဓါတစ်ပါးကိုပင့်ပြီး ဘုရင်ကြီးကို လာရှင်းပြမှ ရဟန်းတော်များ မြို့တွင်းမှာ ပြန်နေခွင့်ရကြတယ်။

**သန်း** ဒီအချက်ကို ဗုဒ္ဓဘာသာဝင်တွေ သတိထားသင့်တယ်ဘုရား၊ ဒါနဲ့ မေးချင်တာလေးတစ်ခုကျန်သွားတာ အခုမှသတိရတယ် ဒီဗ္ဗ စက္ခု၊ ဒိဗ္ဗ သောတ စသည်ဖြင့် အဘိညာဉ်မှာ ခြောက်ပါးအရေအတွက် ရှိသလို ပဋိသမ္ဘိဒါမှာရော တစ်ပါး နှစ်ပါး စတဲ့အရေအတွက်တွေ ရှိနေသေးသလားဘုရား။

**နုပ်** ရှိနေသေးတယ်၊ လေးပါးတည်းပါ ဘာတွေလဲဆိုတော့ အနက်အထူးထူး အကျိုးအထူးထူး၌ ကျွမ်းကျင်တဲ့ပညာ အတ္ထပဋိသမ္ဘိဒါဉာဏ်၊ ပါဠိအထူးထူးအကြောင်းအထူးထူး၌ ကျွမ်းကျင်တဲ့ပညာဓမ္မပဋိသမ္ဘိဒါဉာဏ်၊ သဒ္ဒါ (အင်္ဂလိပ်၊ ပါဠိ၊ သက္ကဋ စသည်) အထူးထူး၌ ကျွမ်းကျင်တဲ့ပညာ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ ထင်မြင်ဉာဏ် အထူးထူး၌ ကျွမ်း



ကျင်တဲ့ပညာပဋိဘာနပဋိသမ္ဘိဒါဉာဏ်တို့ပါဘဲ။

**သန်း** ညောင်လွန့်ဆရာတော်ဘုရားကြီးရော နောက်ဆုံးမှာ အဘိဉာဏ်ရသွားသေးသလားဘုရား။

**နုပ်** ညောင်လွန့်ဆရာတော်ကြီး ထေရုပ္ပတ္တိထဲမှာတော့ တေဝိဇ္ဇပတ္တ ရဟန္တာဖြစ်ကြောင်းသာပါတယ်၊ ဝေဘူဆရာတော်ဘုရားကြီးထေရုပတ္တိကို ဖတ်ရှုကြည့်တဲ့အခါကျမှ အဘိညာဉ် (၆)ပါး ပါရှိနေကြောင်းတွေ့ရတယ်။

**သန်း** စိတ်ဝင်စားစရာပဲ ဘယ်လိုတွေ့ရသလဲဘုရား။

**နုပ်** ဝေဘူဆရာတော်ကြီးက ညောင်လွန့်တောရ ဆရာတော်ကြီးထက် သက်တော် (၂၈)နှစ်ခန့်ငယ်တယ်၊ ဝေဘူဆရာတော်ဘုရားကြီးလည်း တောတောင်အသီးသီးမှာ လှည့်လည် အားထုတ်ရင်း တတိယမဂ်နဲ့ အဘိညာဉ် (၆)ပါးကို ရပြီးလောက်တဲ့ အချိန်လောက်ကလို့ ယူဆရတဲ့ ၁၂၈၅ ခုနှစ်ခန့်ကပေါ့၊ ဒီအချိန်တုန်းက ဝေဘူဆရာတော်ကြီးဟာ (၈)ဝါပဲ ရသေးတယ်။ မိမိရထားတဲ့တရားကို အတည်ပြုချက်ရဘို့ လျှောက်ထားရအောင် ကြွလာတာလည်း ဖြစ်နိုင်ပါတယ်။

ညောင်လွန့်တောရကျောင်းကို ရောက်တော့ စေတီတစ်ဆူမှာတံမြက်လှဲနေတဲ့ ဘုန်းကြီးတစ်ပါးကို တွေ့လို့ ဦးချလိုက်တယ်။ ဘုန်းကြီးက အကျိုးအကြောင်းမေးမြန်းပြီး

"ညောင်လွန့်ဆရာတော် အခု ကျောင်းကြီးပေါ်မှာ စာချနေသေးတယ်၊ ခဏနေရင် ပြီးတော့မှာပါ

www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်းဒီနားမှာဘဲ ခဏစောင့်နေပါလို့ ပြောတဲ့အတွက် ဝေဘူဆရာတော်ဟာ စေတီတော်ရင်ပြင်မှာ သန့်ရှင်းရေးလုပ်ရင်း စောင့်နေလိုက်တယ်။ ခဏနေတော့ ကျောင်းကြီးပေါ်ကနေ စာဝါပြီးလို့ ဆင်းလာတဲ့ ကိုယ်တော်တွေကို စောစောကဘုန်းကြီးကလက်ညှိုးထိုးပြပြီး "ကဲကဲ ဦးပဥ္စင်း စာဝါပြီးသွားပြီကြွပေတော့" လို့ အမိန့်ရှိလိုက်သတဲ့ ဒီတော့မှ ဝေဘူဆရာတော်လည်း ကျောင်းကြီးပေါ်ကို ကြွပြီး ညောင်လွန့်ဆရာတော်ကြီးကို ရှိခိုးဦးချတယ်၊ မော့ကြည့်လိုက်တော့ စောစောက တံမြက်လှည်းနေတဲ့ ဆရာတော်နဲ့ ကျောင်းကြီးပေါ်မှာ စာချနေတဲ့ ဆရာတော်ဟာ ညောင်လွန့်ဆရာတော် တစ်ပါးတည်းဖြစ်နေတာတွေ့ရသတဲ့၊ ဒါကဣဒ္ဓိဝိဓအဘိညာဉ်ရဲ့ သဘောပေါ့။

ဒါကိုထောက်သောအားဖြင့် ညောင်လွန့်တောရဆရာတော်ကြီးဟာ အဘိညာဉ် (၆)ပါးကို ရသွားတာ အသေအချာပေါ့။

**သန်း** ညောင်လွန့်ဆရာတော်ကြီးက အဘိညာဉ် (၆)ပါးကို မရခင်တုန်းကတော့ မရတဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြပြီး ရတဲ့အခါကျတော့ ဘာဖြစ်လို့ရတဲ့ အကြောင်း ပြောမပြ ရတာလဲဘုရား။

**နုပ်** အဲဒါဟာ တကယ့်သူတော်ကောင်းကြီးတွေရဲ့ အလေ့အထတစ်ခုပဲ မိမိရဲ့ကောင်းဂုဏ်အစစ်အမှန်ကိုတောင် သူတစ်ပါးကိုမသိစေချင်ကြဘူး။ သိတော့ ဘာဖြစ်သလဲ ဆိုတော့ သိတော့သူတစ်ပါးထက်ပိုကြည်ညိုတယ်။



သူတစ်ပါးထက်ပိုပူဇော်ခံရတယ်၊ အဲဒါမျိုးတွေကို သူတော်ကောင်းတွေဟာ အလိုမရှိကြဘူး ဒီလိုအသိပေးလိုက်ရင် ဒီလိုပူဇော်ကြမယ်လို့မျှော်လင့်တာကို စာပေမှာ ပါပိစ္ဆ ယုတ်မာတဲ့အလိုဆိုးလို့ သုံးနှုန်းတယ်၊ သူတော်ကောင်း မှန်သမျှမှာ ပါပိစ္ဆ မရှိကြဘူး။

**သန်း** အံ့ဩစရာပါပဲဘုရား၊ တပည့်တော်တို့မှာဖြင့် ဈာန်မဂ်ဖိုလ်ကိုအသာထားလို့ တစ်နာရီခွဲကျော်အောင် တရားထိုင်နိုင်ရင်ပဲ သူတစ်ပါးကိုလှည့်ကြွားရတာမောနေပြီ၊ တပည့်တော်တို့ သူတော်ကောင်းဘဝရောက်အောင် တော်တော်ကြိုးစားရဦးမှာပဲဘုရား။

**နုပ်** ကြိုးစားရင်ဘုရားတောင်ဖြစ်နိုင်တာပဲ၊ တကယ့်သူတော်ကောင်းတွေရဲ့ အလေ့အထတစ်ခုကို ပြောပြဦးမယ်။

**သန်း** မှန်ပါ အမိန့်ရှိပါဦးဘုရား။

**နုပ်** သီဟိုဠ်ကျွန်းမှာ ညီအစ်ကိုရဟန်းနှစ်ပါးရှိတယ်။ ညီရဟန်းက သုသာန်ဓုတင်ဆောင်တယ်၊ အစ်ကိုရဟန်းကတော့ မဆောင်ဘူး၊ ဓုတင်ဆိုတာ ကိလေသာကို ခါထွက်ခြင်းလို့ အဓိပ္ပါယ်ရတယ်။ ကိလေသာမြန်မြန်ကုန်စေဖို့အတွက် အထောက်အပံ့ဖြစ်စေတဲ့ ကျင့်စဉ်တစ်ခုပေါ့ အရေအတွက် (၁၃)ပါးရှိတယ်။ သုသာန် ဓုတင်ဆိုတာကတော့ သုသာန်မှာ အရုဏ်တက်သည့်အထိ သွားနေပေးရတာပါပဲ။ ဥပမာ–တန်ခူးလဆိုရင် မနက်ငါးနာရီမှာ အရုဏ်တက်တယ် သုသာန်ဓုတင်ဆောင်တဲ့ရဟန်းဟာ မနက် လေးနာရီလောက်ကတည်းက သုသာန်ကိုရောက်အောင်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။

မနက်လေးနာရီကနေ အရုဏ်တက်သည်အထိ နေခြင်းကို သုသာန်ဓုတင်ဆောင်ခြင်းလို့ခေါ်တယ်။ ဒီဓုတင်ကိုဆောင်သောအားဖြင့် လူသေကောင်တွေကို မကြာခဏတွေ့မြင်နေရလို့ မိမိခန္ဓာကိုယ်ကို စွဲလမ်းတပ်မက်စေတဲ့လောဘတဏှာကိုလည်း ခေါင်းပါးစေတယ်။

သေခြင်းတရားကိုလည်း သတိရစေတဲ့အတွက်ကြောင့် မဂ်ဖိုလ်ရအောင် အားထုတ်တဲ့တရားအလုပ်ကိုလည်း ပိုမိုကြိုးစားဖြစ်စေတယ်။

ထူးခြားတာတစ်ခုက သုသာန်ဓုတင်ဆောင်တဲ့ရဟန်းဟာ အသားငါးမစားရဘူး။ စားရင် ဒီအသားငါးအနံ့တွေကြောင့် မကောင်းဆိုးဝါးတွေ အနှောက်အယှက်ပေးတဲ့အတွက်ကြောင့်ပါပဲ။

အခုလည်းညီရဟန်းဟာ သုသာန်ဓုတင် ဆောင်နေတာ နှစ်ပေါင်းအတော်ကြာပြီဖြစ်တဲ့အတွက် သားငါးမစားဘူးပေါ့။ အံ့ဩစရာကောင်းတာက ညီရဟန်း သုသာန်ဓုတင်ဆောင်နေတာ နှစ်နဲ့ချီပြီးကြာနေပြီဖြစ်ပေမယ့် အစ်ကိုရဟန်းမသိခြင်းပဲ။ တခြားလူတွေ သိတို့ဆိုဝေးပြီပေါ့။

တစ်နေ့ညီအစ်ကိုနှစ်ပါး ဆွမ်းစားရင်း ညီရဲ့သပိတ်ထဲကို အစ်ကိုကအသားဟင်းတစ်တုံး အမှတ်တမဲ့ထည့်ပေးလိုက်မိတယ်။ ဒီအခါမှာ ညီက သုသာန်ဓုတင်ပျက်မှာစိုးတဲ့အတွက် ဟာနောင်တော် ညီတော်အသားငါး



မစားချင်ပါဘူးဆိုပြီး ပြန်ထည့်ပေးလိုက်တယ်။ ဒီအခါမှာ အစ်ကိုရဟန်းက ဝမ်းသာအားရပြန်မေးလိုက်တယ်။

ညီတော် သုသာန်ဓုတင်ဆောင်နေသလားတဲ့။ ဒီတော့ ညီရဟန်းက သူသုသာန်ဓုတင်ဆောင်နေတာကို အစ်ကိုသိသွားမှာ စိုးတဲ့အတွက် နောင်တော်ရဟန်းကလည်း ဘာတွေမေးနေတယ် မသိဘူးဆိုပြီး အသားတုံးကြီးကို ယူစားပစ်လိုက်တယ်၊ သုသာန်ဓုတင် တစ်ရက်ပျက်သွားတာပေါ့။ ဒီတော့ အစ်ကိုရဟန်းက ညီရဟန်း ဓုတင်ဆောင်တာမသိတော့ဘူး။

နောက်ရက်ကျမှ ဓုတင်ကိုပြန်ပြီးဆောက်တည်တယ်၊ အဲဒါ သူတော်ကောင်းအစစ်တွေရဲ့ အလေ့အထတစ်ခုပဲ။ သေက္ခတောင်ဆရာတော်ရဲ့ တိဟိတ်၊ ဒွိဟိတ် ခွဲခြားနည်းကနေဖြာထွက်လာလိုက်တာ တော်တော်များသွားပြီ နောက်ဘယ်ဆရာတော်ရဲ့နည်းရှိသေးသလဲဘုရား။ နောက်နည်းကတော့ လယ်တီဆရာတော် ဘုရားကြီးရဲ့နည်းပဲ၊ ဆရာတော်ကြီးနည်းကတော့ လွယ်တယ်၊ ဝိပဿနာတရားဆိုရင် စိတ်ဝင်တစားနာမယ်၊ ဝိပဿနာတရားကို စိတ်ပါလက်ပါ အားထုတ်တယ် မဂ်ဖိုလ်ကိုတကယ်လိုချင်တယ်ဆိုရင် တိဟိတ်ပဲလို့ဆိုထားတယ်၊ ဟုတ်လဲဟုတ်တယ် ဒွိဟိတ်ပုဂ္ဂိုလ်ဆိုရင် ဝိပဿနာတရားကို စိတ်ကိုမဝင်စားဘူး။

ဒီတော့ဝိပဿနာတရားကို တကယ် စိတ်ဝင်စားတယ် မဂ်ဖိုလ်ကိုတကယ်လိုချင်တယ်ဆိုရင် တိဟိတ်လို့ ရဲရဲဝံ့ဝံ့ဆုံးဖြတ် နိုင်တာပေါ့ တိဟိတ်ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒွိဟိတ်ဖြစ်စေ၊ ဝိပဿနာတရားကို ပွားများအားထုတ်သင့်ကြောင်း ပြဆိုထားတဲ့ လယ်တီဆရာတော် ဘုရားကြီးရဲ့ သြဝါဒလေးကိုဖော်ပြရင်း တို့နှစ်ယောက်ရဲ့ ဒီအပါတ်ဆွေးနွေးခန်းကို နားလိုက်ကြဦးစို့။

**ဓမ္မအန္တရာယ်ပြုသော မိစ္ဆာဓမ္မဆိုသည်ကား**

( ၁) သံသရာဘေးကိုကောင်းစွာမမြင်နိုင်ခြင်း၊
( ၂) မဂ်ဖိုလ်ကိုရထိုက်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း၊
( ၃) ပါရမီအရင့်ကိုစောင့်ခြင်း၊
( ၄) ယခုကာလရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း၊
( ၅) အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿာဟကို စွန့်လွှတ်ထားခြင်း စသည်တို့တည်း။

ကုသိုလ်မှုတို့မည်သည် အဆုံးတိုင်မရောက်သော်လည်း အချည်းအနှီးဖြစ်နိုင်သော အမှုမျိုးမဟုတ်ကုန်၊ ပါရမီမရှိသေးသူ အားထုတ်လျှင် ပါရမီဖြစ်၏။ အားမထုတ်လျှင် ပါရမီဖြစ်ခွင့်ကို မရပြီ။

ပါရမီမရင့်သေးသောသူ အားထုတ်လျှင် ပါရမီရင့်ရာ နောက် ဘဝမှာ ဉာဏ်သာသနာ၌ပင် မဂ်ဖိုလ်ကိုရနိုင်၏။ အားမထုတ်လျှင် ပါရမီရင့်ခွင့်ကိုမျှမရပြီ။

ပါရမီရင့်ပြီးဖြစ်လျှင် ယခုဘဝ၌ပင် မဂ်ဖိုလ်ကိုရနိုင်၏။ အားမထုတ်လျှင် မရပြီ။ ဒွိဟိတ်ဖြစ်သူအားထုတ်လျှင် နောက်



ဘဝ၌ တိဟိတ်ဖြစ်နိုင်၏။

အားမထုတ်လျှင် ဘဝအဆက်ဆက်ပင် ဒွိဟိတ်က တက်ခွင့်မရနိုင်ရာပြီ။ အဟိတ်သို့လျှော့၍သွားဘို့သာရှိတော့၏။

(လယ်တီဆရာတော်၏ ဗောဓိပက္ခိယဒီပနီမှ)

* * * * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

## ပကတိသာဝကနဲ့ ပါရမီ

သန်း ။ ဒီနေ့တော့ ဆရာတော်ကို အရေးတကြီးမေးစရာ မေးခွန်း တစ်ခုပါလာတယ်ဘုရား။

နုပ် ။ ဘာမေးခွန်းများလဲ

သန်း ။ တပည့်တော်က သာသနာတွင်းမှာသာရနိုင်တဲ့ မဂ်ဖိုလ် တရားကိုရဘို့ ဝိပဿနာတရားအားထုတ်ဖို့အကြောင်း ပြောလိုက်တဲ့အခါ လူကြီးလူငယ်အတော်များများက တို့မှာ ပါရမီမရှိသေးဘူး၊ ဝိပဿနာက အဆင့်မြင့်တယ် တို့နဲ့ မတန်သေးဘူးလို့ ပြောနေကြတယ်ဘုရား အဲဒါ တပည့် တော်ဘယ်လိုပြန်ရှင်းရမလဲဘုရား။

နုပ် ။ ဒါဆိုရင် မိုးကုတ်ဆရာတော်ဘုရားကြီးနဲ့ မဟာစည် ဆရာတော်ဘုရားကြီးတို့ရဲ့ ဩဝါဒစကားတော်နဲ့ ရှင်းရ မယ် မိုးကုတ်ဆရာတော်ဘုရားကြီးက တိဟိတ် ဟုတ်ပဲ့



မလား ဒွိဟိတ်များဖြစ်နေမလားနဲ့ ဒါက ဘုရားရှင်အရာ ကိုယ့်အရာမဟုတ်ဘူး။ ဒီတော့ အကျိုးမများမှာကို မတွေးကြနဲ့၊ အလုပ်လုပ်ဖို့သာ ကိုယ့်တာဝန်၊ ဖြစ်ပျက် မြင်ရင် တိဟိတ်ပဲဆိုတာ သံသယမရှိကြနဲ့။

ပါရမီစကားလည်းမပြောကြနဲ့၊ သာဝကဉာဏ် အရာမှာ ပါရမီမလိုဘူးလို့ တစ်ထစ်ချမှတ်လိုက်ကြ ဒီအချက်ဟာ ပေဋကောပဒေသပါဠိတော်မှာ အတိ အလင်း ဟောထားတာရှိတယ်။ သံသယဖြစ်ဖို့မလိုဘူး။

ဒုဝေဟေတူ ဒုဝေပစ္စယာ သာဝကဿသမ္ဗော ဒိဋ္ဌိယာဥပ္ပါဒါယ သာဝကဉာဏ်အရာမှာ အထောက်အပံ့ နှစ်ချက်ပဲ လိုတယ်တဲ့။

***ပရတောစ ဃောသော ၊ သစ္စဒုသန္ဓိ***
***အဇ္ဈတ္တဉ္စယောနိသော မနသိကရောတော***

သစ္စာတရား နာကြားမှုနဲ့ နှလုံးသွင်းမှန်ကန်မှု ဒီနှစ်ခုပဲ လိုတယ်လို့ဆိုလိုရင်းဖြစ်တယ်၊ ဒီစကားထဲမှာ ပါရမီမပါဘူး။ ဒီအကြောင်းနှစ်ခု ညီညွတ်ရင်မဂ်ဖိုလ်ကို ရတယ်ဆိုတော့ ပါရမီ မလိုဘူးဆိုတဲ့အဓိပ္ပါယ်ဟာ အလိုလိုထင်ရှားပါတယ်။

*(မိုးကုတ်ဆရာတော် ဘုရား၏ နိဗ္ဗာန်ရရာ ကျင့်သုံးဖြာတရားတော် ၂၀၀၁ ခုနှစ်၊ မတ်လထုတ်၊ ဓမ္မဗျူဟာအတွဲ ၃၉၊ အမှတ် ၁၀၄)*

ဆရာတော်ကြီးရဲ့ စကားကို ရုတ်တရက် ကြား လိုက်ရရင် ပါရမီကိုပယ်တယ်လို့ထင်စရာပေါ့၊ အနှစ်က အဲသလိုမဟုတ်ပါဘူး သူ့နေရာနဲ့သူ ကဏ္ဍခွဲခြားပြီး ဖြည့်ဆည်းရမယ်လို့ဆိုလိုတာပါ။

www.burmeseclassic.com

www.burmeseclassic.com



**သန်း** ဘယ်လိုကတ္တားခြားရမှာလဲဘုရား

**နုပ်** သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဆိုရင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်၊ ပစ္စေကဗုဒ္ဓါဘုရားငယ်ဆိုရင် နှစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်းပါရမီဖြည့်ရတယ်။ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်လို အဂ္ဂသာဝကများကျတော့ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ မဟာသာဝကတွေမှာတော့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကြရတယ်။ ပကတိသာဝကတွေမှာတော့ ပါရမီကို ဘဝနဲ့ချီပြီး ဖြည့်စရာမလိုပါဘူး။

ပကတိသာဝကတွေ မဂ်ဖိုလ်ရဖို့အတွက် ပထမဆုံး ပါရမီဖြည့်ရမှာကတော့ ဓါတ်တရားပရမတ်တရားကို နာကြားဖို့ပါပဲ၊ ဒီနေ့ နာကြားအားထုတ်ထားတဲ့ ဝိပဿနာတရားအခြေခံကနောက်နေ့ မဂ်ဖိုလ်ရဖို့အတွက် ပါရမီဖြစ်သွားတာပဲ၊ ရှစ်နာရီကနေစပြီး နာတဲ့ ဝိပဿနာတရားဟာ ကိုးနာရီထိုးမှာ မဂ်ဖိုလ်ရဖို့ ပါရမီတွေဖြစ်သွားတာပဲ။

**သန်း** မှန်ပါ. . . ရှင်းပါဦးဘုရား၊ မဟာစည်ဆရာတော်ကြီးရဲ့ ပါရမီနဲ့ပတ်သက်တဲ့ အဆုံးအမလေးကိုလည်း သိချင်ပါသေးတယ်ဘုရား။

**နုပ်** မဟာစည်ဆရာတော်ဘုရားကြီးကတော့ လင်္ကာလေးနဲ့ဆုံးမထားတယ် လင်္ကာက

*လောကီမှုကို ၊ အောင်စေလို၊ ကံကိုမချရ*
*ကံကိုချလျှင်၊ မအောင်မြင်၊ ဉာဏ်ယှဉ်ကြိုးစားကြ*



*နိဗ္ဗာန်ရွှေပြည်၊ ရောက်ခဲ့သည် ၊ ပါရမီမချရ*
*ပါရမီချလျှင် ၊ ဝဋ်ထဲတွင် ပူပင်ဆင်းရဲရတဲ့ ။ ။*

ဆရာတော်ကြီးဆိုလိုတာကတော့ လောကီ အမှုကိစ္စတွေမှာ ရှေးကံတစ်ခုထဲပုံချနေပြီး ဘာမှမလုပ်ပဲ ထိုင်နေမယ်ဆိုရင် ဘယ်တော့မှမကြီးပွားနိုင်ဘူးတဲ့။ ချင့်ချိန်တဲ့ဉာဏ်ရယ်၊ ကြိုးစား အားထုတ်တဲ့ ဝီရိယရယ် သုံးပါးလုံးပေါင်းပြီး အားထုတ်မှကြီးပွားမယ်လို့ ဆိုလိုတာပါ။

နိဗ္ဗာန်ရောက်ဖို့ဆိုတာ ပါရမီရှိမှပါကွာ တို့မှာ ပါရမီမှမရှိတာဆိုပြီး ဝိပဿနာတရားကို နာကြား အားထုတ်ခြင်းကိုမလုပ်ပဲ နေလိုက်မယ်ဆိုရင် ဝဋ်သုံးပါးထဲလည်ပြီး ဆင်းရဲပြီသာမှတ်တော့လို့ပြောတာပါ။ ပါရမီဆိုတာ မိုးကျရွှေကိုယ်မဟုတ်ဘူး၊ လုပ်ယူမှရတဲ့တရားဆိုတာ သေချာသိကြရမှာပေါ့။

ဒါကြောင့် ပါရမီမရှိရင် ရှိအောင်လုပ်၊ ဒါမှ နိဗ္ဗာန်ကိုရမှာ ပါရမီမရှိဘူးဆိုပြီး ထိုင်နေရင် နိဗ္ဗာန်နဲ့ ပိုပြီးဝေးမယ်လို့ ဆိုလိုတာပေါ့။

**သန်း** ဒီလောက်ဆိုရင် ပါရမီအကြောင်းပြည့်စုံပါပြီဘုရား။ တိဟိတ် ဒွိဟိတ်ခွဲခန်းမှာ သမထအရာမှာ ပဋိသန္ဓေ နိမိတ်ထင်ရင် တိဟိတ်ဆိုတာကိုတော့ သေချာ သိသွားပါပြီဘုရား။ ဝိပဿနာ အရာမှာ ဥဒယဗ္ဗယဉာဏ်ရရင် တိဟိတ်ဆိုတာကိုရော ဆက်ပြီး ရှင်းပြပါဦးဘုရား။

**နုပ်** ဥဒယဗ္ဗယဉာဏ် အကြောင်းကိုတော့ ဝိပဿနာ ရှုပွား

www.burmeseclassic.com

www.burmeseclassic.com



နည်းကို အကျယ်ဟောတဲ့အခါကျတော့ သိလာပါလိမ့်မယ်။

**သန်း** တခြားကမ္မဋ္ဌာနာစရိယ ဆရာတော်တွေကို မမေးရဲတဲ့ မေးခွန်းတစ်ခု ဆရာတော်ကို မေးချင်တယ်ဘုရား။ အဲဒီလို မေးတဲ့အတွက် တပည့်တော်ကိုစိတ်မဆိုးဖို့တော့ ကြိုတင်ပြီး တောင်းပန်ထားပါရစေ။

**နုပ်** ဒီလောက်ပဏ္ဏင်ခံနေစရာမလိုပါဘူးကွာ စိတ်မဆိုးပါဘူး မေးမှာသာမေးပါ။

**သန်း** ဝိပဿနာဘာဝနာတရားကို ဘာကြောင့်ကြိုးစား အားထုတ်သင့်သလဲဆိုတာကိုသိချင်တာပါဘုရား။ ဒီအကြောင်းကို သေချာသိရရင် တပည့်တော်တို့ လူငယ်တွေပါ လူကြီးတွေနဲ့ တန်းတူဝိပဿနာတရားကို ကြိုးစားအားထုတ်ကြမယ်လို့ ထင်ပါတယ်ဘုရား။

**နုပ်** ဒီမေးခွန်းကိုတော့ ကျယ်ကျယ်ဝန်းဝန်းဖြေမှရမယ်ကွ

ပထမဆုံးအနေနဲ့ အန္ဓပုထုဇဉ် ဘဝက လွတ်မြောက်ဘို့အတွက် ဝိပဿနာတရားကို အရေးတကြီး ထားပြီး နာကြားအားထုတ်သင့်တယ်လို့ပြောချင်တယ် အန္ဓဆိုတာ ဉာဏ်အမြင်ကန်းတာကိုပြောတာ၊ ဒီနေရာမှာ ပုထုဇဉ်လေးမျိုးကို ခွဲခြားပြမယ်။ မိမိကိုယ်တိုင် ဘယ်ထဲမှာ ပါသလဲဆိုတာ ဆန်းစစ်ကြည့်ရမယ်၊ ပုထုဇဉ်လေးမျိုးက



## (ပုထုဇဉ်လေးမျိုး)

အန္ဓဗာလပုထုဇဉ်၊ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်၊ ရှုဋ္ဌသောတာပန် ပုထုဇဉ်တို့ပါပဲ၊ အန္ဓဗာလပုထုဇဉ်ဆိုတာကတော့ ပရမတ်တို့ ပညတ်တို့၊ ခန္ဓာတို့ သစ္စာတို့ကို ဘာမှမသိမြင်တတ်ဘူး ဒါကြောင့် အန္ဓ၊ တစ်ခါ ကုသိုလ်ကံ လုပ်ရင် ကောင်းကျိုးခံစားရမယ်၊ အကုသိုလ်ကံလုပ်ရင် မကောင်းကျိုးခံစားရမယ်ဆိုတာလဲ မသိတဲ့အတွက်ကြောင့် ကုသိုလ်ကျတော့မလုပ်ဘူး၊ မကောင်းမှု အကုသိုလ်ကျတော့ အကုန်လျှောက်လုပ်တယ် ဒါကြောင့် ဗာလ။ အန္ဓနဲ့ ဗာလနဲ့ပေါင်းတော့ အန္ဓဗာလပုထုဇဉ်ဖြစ်သွားတာပေါ့။ ဒီပုထုဇဉ်မျိုးကတော့ ဗုဒ္ဓဘာသာမှာ မရှိပါဘူး။

**သန်း** သားငါးတွေသတ်ဖြတ်ပြီး အသက်မွေးနေကြတဲ့ ဗုဒ္ဓ ဘာသာတွေ တော်တော်များများရှိတာပဲဆရာတော် သူတို့ကို အန္ဓဗာလပုထုဇဉ်လို့ ပြောနိုင်မယ်ထင်တယ်ဘုရား။

**နုပ်** မပြောနိုင်ပါဘူး ခါတ်တရား၊ ပရမတ်တရားတွေ မသိ လို့ အန္ဓဆိုတာကတော့ ဟုတ်ပါတယ်။ ဗာလစာရင်းထဲ ကျတော့ အတိအကျ မဝင်နိုင်ဘူး ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဘဝအကျိုးပေးမကောင်းလို့သာ သားသတ် သမားဖြစ်နေရတာ သူတို့လုပ်တဲ့ အကုသိုလ်ရဲ့ မကောင်း ကျိုးတွေ သူတို့ပြန်ခံစားရမယ်ဆိုတာ သိကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဗုဒ္ဓဘာသာ သားသတ်သမားတွေ တံငါသည်တွေဟာ ကုသိုလ်ကောင်းမှုကိုလည်း စွမ်းနိုင်သမျှ ပြုလုပ်ကြတာပါ။ နေရေး၊ စားရေးလေး ဘယ်၍ဘယ်မျှထိ အဆင်ပြေရင်ဖြင့် ဒီအကုသိုလ် အလုပ်တွေစွန့်ပြီး သမ္မာအာဇီဝကျတဲ့ အလုပ်တွေပြောင်း လုပ်ဖို့ရာ ရည်ရွယ်ချက်ရှိသူတွေကများပါတယ်။ ဒါကြောင့် အန္ဓဗာလပုထုဇဉ်ထဲမှာ မပါဘူးလို့ပြောခဲ့တာပေါ့။

**သန်း** အန္ဓပုထုဇဉ် အကြောင်းကိုဆက်ပါဦးဘုရား

**နုပ်** အန္ဓပုထုဇဉ်ဆိုတာကတော့ ပရမတ်တွေ၊ ဓါတ်တွေ သစ္စာတွေကို မသိလို့ အန္ဓတော့အမည်ရတယ်၊ ဒါပေမယ့် သူကကုသိုလ်လုပ်ရင် ကောင်းကျိုးရမယ်၊ အကုသိုလ် လုပ်ရင် မကောင်းကျိုးရမယ် ဆိုတာကို သေချာသိတယ်၊ စာလိုပြောရရင်တော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမြင်မှန်ရှိတယ်လို့ ဆိုလိုတာပေါ့၊ ဒါကြောင့် သူဟာအကုသိုလ် မှန်သမျှကိုလည်း တတ်နိုင်သမျှ ရှောင်ကြဉ်တယ်။

ဒါန၊ သီလ၊ သမထ ကုသိုလ်မှန်သမျှကိုလည်း စွမ်းနိုင် သမျှပြုတယ်၊ ဒါကြောင့် သူ့ကို အန္ဓပုထုဇဉ်လို့ပဲ ခေါ်ရတယ်။

**သန်း** ဒီအတိုင်းဆိုရင်တော့ တပည့်တော်တို့ ဗုဒ္ဓဘာသာ တစ်ရာမှာ ၉၉ ယောက်လောက်က အန္ဓပုထုဇဉ်တွေ များမယ်ဘုရား။

**နုပ်** အေး ဒါကတော့ ဘယ်ထဲပါတယ်ဆိုတာကို မိမိဖာသာ ဆန်းစစ်ဆုံးဖြတ်ရမှာပဲ၊ တတိယမြောက် ကလျာဏ



ပုထုဇဉ် ဆိုတာကတော့ အမည်ခံသူတော်ကောင်းလို့ ပြောရမှာပေါ့၊ သူက သူတော်ကောင်းအထင်ခံချင်လို့ သူများထက်အမြင့်ကနေချင်လို့ ဗုဒ္ဓရဲ့ အဘိဓမ္မာစာပေ တွေကို ပြောတတ်ဆိုတတ်ရုံ လေ့လာထားတယ်။

သူ့မေးလိုက်ရင် ခန္ဓာကဘာ၊ အာယတန ကဘာ၊ သစ္စာကဘာဆိုတာကို တန်းကနဲ တန်းကနဲ ဖြေနိုင်တယ်၊ ပြောနိုင်တယ်၊ ဒါပေမယ့် မဂ်ဖိုလ်ရစေမယ့် ဝိပဿနာအကျင့်ကျတော့ တစ်စက်မှ မရှိဘူး၊ စိတ်ကောင်းလည်းလုံးလုံးမရှိဘူး အဲသလို ပုဂ္ဂိုလ်မျိုးကျတော့ သူတော်ကောင်းအမည်ခံ ကလျာဏပုထုဇဉ်လို့ ဆိုရတာပေါ့။

**သန်း** အဲသလို ပုထုဇဉ်လည်း တပည့်တော်တို့ ရပ်ကွက်ထဲမှာတွေ့ဘူးတယ်ဘုရား။ သာရေး၊ နာရေး အခမ်းအနားတွေမှာ ဆိုရင် ခေါင်းရင်းခန်းကထိုင်ပြီး ခန္ဓာတွေ၊ အာယတနတွေအကြောင်းကို ပါးစပ်က အမြှုပ်ထွက်လောက်အောင်ကို ပြောတယ်ဘုရား။ သူတို့လို လူချင်းတွေ့လို့ ငြင်းကြခုန်ကြပြီဆိုရင်လည်း ရန်ထဖြစ်ကြတာပဲဘုရား။ ရပ်ကွက်ထဲမှာ မဟုတ်တာလုပ်ကြပြီ ဆိုရင်လည်း သူတို့ ထိပ်ဆုံးကပါတာပဲဘုရား။

**နုပ်** သေချာတာပေါ့ အဲဒီလိုလူမျိုးဟာ အမည်ခံရုံ သူတော်ကောင်းပေါ့ တကယ့်သူတော်ကောင်းမဟုတ်ဘူး။ ဓမ္မပဒအဋ္ဌကထာမှာ ကလျာဏပုထုဇဉ်စာရင်းဝင်တဲ့ အမည်ခံ သူတော်ကောင်းတစ်ယောက်ပေါ်ခဲ့ဖူးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်က ကပိလတဲ့၊ တစ်နေ့တော့ သာဝတ္ထိမြို့ အစွန်နားမှာရှိတဲ့ ရွာတစ်ရွာက ရွှေရောင်အဆင်းရှိတဲ့ လှပတဲ့ ရောမငါးကြီးတစ်ကောင်ကို ကောသလမင်းကြီး ထံ ဆက်ကြတယ်။

ငါးကြီးက အကြီးကြီးဆိုတော့ လှေကြီးထဲမှာ ထည့်ယူခဲ့ရတယ်၊ လှေရော၊ ရေရော၊ ငါးရော နန်းတော်ထဲရောက်လာတော့ ကောသလမင်းကြီးနဲ့ နန်းတွင်းသူ၊ နန်းတွင်းသားအားလုံးဟာ ရင်သပ်ရှုမော တအံ့တဩ ဝိုင်းကြည့်ကြတယ်၊ ဒီအချိန်မှာပဲ ငါးကြီးဟာ ပါးစပ်ကြီး ဟလိုက်သတဲ့၊ ဟလိုက်တဲ့ပါးစပ်ထဲကနေ အပုပ်နံ့တွေ တထောင်းထောင်းထွက်လာလိုက်တာ အားလုံး နှာခေါင်း ပိတ်ပြီးနေကြရတယ်။

အရောင်ကရွှေရောင်၊ အနံ့က အပုပ်နံ့ ဖြစ်နေတော့ ကောသလမင်းကြီးက ဘုရားထံယူသွားပြီး မေးမြန်းလျှောက်ထားလို့ အကြောင်းစုံကိုသိကြရတာက ဒီငါးကြီးဟာ အတိတ်ဘဝတစ်ခုက ပိဋကတ်သုံးပုံဆောင် စာတတ်ဆရာတော်ကြီးတစ်ပါးဖြစ်ခဲ့ဖူးတယ်။ အဲဒီအခါတုန်းက မာနတွေထောင် ကြီးသူတွေကိုလည်း မရိုသေဘူး၊ ရွယ်တူကိုလည်း မလေးစားဘူး ငယ်သူကိုလည်း မသနားဘူး။

တခြားရဟန်းတွေက ဘုရားဟောနဲ့အညီ ဓမ္မလို့ ပြောရင် သူကာ အကိုးအကားတွေလျှောက်ပြပြီး အဓမ္မ ဖြစ်အောင် လုပ်ပစ်တယ်။ တခြားသူတွေက အဓမ္မလို့



ပြောရင် သူက ဓမ္မဖြစ်အောင် လုပ်ပစ်တယ်၊ သူများတွေက အမှုတစ်ခုကို ဝိနယအပ်စပ်တယ်လို့ ဘုရားဟောနဲ့အညီပြထားရင် သူကအဝိနယဖြစ်အောင် လုပ်ပစ်တယ် သူများတွေက အဝိနယဆိုရင် သူကဝိနယလုပ်ပစ်တယ်။

ဘုရားဟောပိဋကတ်တွေကို သူထင်ရာ လုပ်ပစ်ခဲ့တာပေါ့ အဲဒီလိုပိဋကတ်တော်တွေကို ဖျက်ဆီးခဲ့မှု မာနကြီးပြီးထောင်လွှား ဆဲရေးခဲ့မှုတွေကြောင့် အဲဒီဘဝက သေတော့ အဝီစိငရဲကို ကျခဲ့ပါတယ်။ အဝီစိငရဲက လွတ်လာပြန်တော့ အခုလိုငါးဘဝကို ရောက်ခဲ့ရပြန်ပါတယ်။

ငါးဘဝမှာ ရွှေရောင်အဆင်းနဲ့ လှပနေရတာကတော့ ပိဋကတ်သုံးပုံကို နှုတ်ငုံအာဂုံဆောင်ခဲ့တဲ့ ကုသိုလ်ကြောင့်ပါတဲ့ ဝမ်းထဲကအပုပ်နံ့တွေ ထွက်နေရတာကတော့ မာနကြီးပြီး စိတ်ယုတ်မာ မွေးခဲ့လို့ပဲပေါ့။ အခုငါးဘဝကသေရင် အဝီစိငရဲကိုပြန်သွားရဦးမှာပါ။ ဒီအကြောင်းတွေကို ပြန်ပြောပြရင်းနဲ့ ရွှေငါးကြီးဟာ သူ့ဘဝသူ စိတ်အနာကြီးနာပြီး လှေနံရံနဲ့ ခေါင်းနဲ့ ပစ်ဆောင့်ပြီး သူ့ကိုယ်သူ သတ်သေလိုက်တယ်။

ငါးဘဝက သေသွားပြန်တော့ အခုခါ့ရင် အဝီစိငရဲကို ပြန်ရောက်နေပြန်ပါပြီ၊ သူတော်ကောင်း အယောင် ဆောင်နေရတဲ့ ကလျာဏပုထုဇဉ်ဘဝနဲ့ နေရတာ ဘယ်လောက်နှစ်နာလိုက်သလဲ ဆိုတာကို ကပိလရွှေငါး

www.burmeseclassic.com

www.burmeseclassic.com



ကြီးက သက်သေပြနေတာပေါ့။

ရုဋ္ဌသောတာပန်ပုထုဇဉ်ဆိုတာကတော့ ပရမတ်တရား၊ ဓါတ်တရားတွေကို နာကြားအားထုတ်လိုက်တဲ့အတွက်ကြောင့် နာမ်နဲ့ ရုပ်ကို ပိုင်းခြားပြီး သေချာသိသွားတဲ့ နာမရူပပရိစ္ဆေဒဉာဏ်၊ ခန္ဓာ ငါးပါးဖြစ်ခြင်းရဲ့အကြောင်းကို သိမ်းဆည်းပြီးသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ရရှိသွားသူကိုတော့ ရုဋ္ဌသောတာပန်ပုထုဇဉ်လို့ ခေါ်ပါတယ်။

ဒီရုဋ္ဌသောတာပန်ပုထုဇဉ် အဆင့်ကို ရောက်သွားရင် အပါယ်မကျတော့ပါဘူး။ ဒီဘဝမှာ တစ်နေ့မဟုတ်တစ်နေ့မှာ သောတာပတ္တိမဂ်ကို ကေန်မုချ ရတော့မှာပါ။ မဂ်တား ဖိုလ်တား အန္တရာယ်ငါးပါး တစ်ပါးပါးရှိနေလို့ဒီဘဝမှာမဂ်ဖိုလ်မရနိုင်ဘူး ဆိုရင်လည်း နောက်ဘဝမှာကေန်မုချ မဂ်ဖိုလ်ကိုရရှိတော့မှာပါ။

ရုဋ္ဌသောတာပန် ပုထုဇဉ်ဘဝကိုရောက်မှဉာဏ်အမြင်ကန်းတဲ့ ဘဝကလွတ်မြောက်ပါတယ်။ ဥပမာတစ်ခုပေးရရင် လောကမှာ အသားမျက်စေ့ကန်းနေသူတစ်ယောက် ရမ်းပြီးလမ်းသွားရပြီဆိုရင် ဖြောင့်ဖြူးညီညာတဲ့လမ်း၊ ဆူးငြောင့်ခလုပ်ပေါများတဲ့လမ်း နှစ်လမ်းလုံးကို ရောက်နိုင်ပါတယ်၊ အသားမျက်စေ့ကန်းနေသူဟာကောင်းတဲ့လမ်းနဲ့ ဆိုးတဲ့လမ်း ဘယ်လမ်းအရောက်များမလဲဆိုရင် ဆိုးတဲ့လမ်းပဲအရောက်များမှာပါ။

ခွေးရူးကောင်းစား တမွန်းတည့်ဆိုတာလို မျက်



စေ့ကန်းနေတဲ့သူဟာ ကောင်းတဲ့လမ်းကို ရောက်လည်းခဏပါပဲ၊ အများဆုံး လျှောက်နေရမယ့် အချိန်ကတော့မကောင်းတဲ့လမ်းပါဘဲ၊ ဒီလိုဖြစ်ရခြင်းရဲ့ အဓိကအကြောင်းကိုရှာကြည့်လိုက်တော့ မျက်စိကန်းနေခြင်းဆိုတာကို တွေ့ရတာပါပဲ။ ထိုနည်းလည်းကောင်းပါပဲပရမတ်မသိ၊ ဓါတ်မသိတဲ့ အန္ဓပုထုဇဉ်တစ်ယောက်ဟာဒါန၊ သီလ၊ သမထလေး ထိုက်သလောက်ရှိတဲ့အတွက်လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဘဝကိုခေတ္တတစ်ဖြုတ်တော့ ရောက်နိုင်ပါတယ်။

ဒါပေမယ့် အပါယ်ကျနေတဲ့အချိန်က ပိုများပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဉာဏ်မျက်စေ့ကန်းနေတဲ့အတွက်ကြောင့်ပါဘဲ။

**သန်း** ပုံစံသာကေလေးတစ်ခုလောက် ထုတ်ပြစေချင် ပါတယ်ဆရာတော်၊ ဉာဏ်ထဲမှာ ပိုရှင်းသွားတာပေါ့။

**နှစ်** အေး ဒါဆိုရင် တာဝတိံသာနတ်ပြည်က သုဗြဟ္မနတ်သားအကြောင်းကို နားထောင်ကြည့်ရအောင် တာဝတိံသာနတ်ပြည်ဟာ လူသက်နဲ့တွက်ကြည့်ရင် သုံးကုဋေနဲ့အနှစ်ခြောက်သန်း အသက်ရှည်တယ်။

သူ့မှာ နတ်သမီးတစ်ထောင်ရှိတယ် တစ်နေ့တော့ နတ်သမီးငါးရာက ပန်းပင်ပေါ်တက်ပြီး ပန်းပွင့်တွေခူးချကြ၊ အောက်ကနတ်သမီးငါးရာက ပန်းတွေကောက်ပြီး ကုံးကြ၊ သီကြ၊ သုဗြဟ္မ နတ်သားကို ပန်းကုံးစွပ်ကြနဲ့ ပျော်ပါးဆော့ကစားနေကြတာပေါ့။ အဲသလို

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပါးဆော့ကစားရင်းပဲ ပန်းပင်ပေါ်က နှတ်သမီးငါးရာဟာ သက်တမ်းစေ့လို့ ဖြုတ်ကနဲ့ သေသွားကြတယ်။

လူသားလိုအလောင်းကောင်တွေတော့ မကျန်ပါဘူး၊ ပျောက်သွားတာပေါ့ ပန်းပင်ပေါ်ကနှတ်သမီးတွေ အသံမကြားရပါဘူး ဆိုပြီးလှမ်းကြည့်လိုက်တော့ ငါးရာလုံး သေသွားတာကိုတွေ့လိုက်ရတော့ သုဖြဟ္မနတ်သားဟာ တော်တော် တုန်လှုပ်သွားတယ်။ နှစ်ပေါင်းသုံးကုဋေကျော် ပျော်ချင်တိုင်း ပျော်ပြီး သေခြင်းတရားကို မေ့နေခဲ့တာမဟုတ်လား။

အခုမှသေခြင်းတရားကို နဖူးတွေ့၊ ဒူးတွေ့တွေ့လိုက်ရတော့ အနားရောက်မှ မြွေတစ်ကောင်ကို တွေ့လိုက်ရသလို တအား လန့်သွားတာပေါ့။ သေသွားတဲ့ နတ်သမီးငါးရာအပေါ် သံယောဇဉ်တရားကကြီးလေတော့ ဘယ်ဘုံရောက်နေသလဲဆိုတာကို နတ်မျက်စေ့နဲ့ လိုက်ကြည့်တော့ အဝီစိငရဲမှာ ကျနေတာကိုမြင်လိုက်ရတော့ ခန္ဓာကိုယ် တဆတ်ဆတ်တုန်တဲ့အထိ ထိတ်လန့်သွားတယ်။

ငါတို့လို နတ်တွေသေရင် ငရဲကျသေးတာပါလား လို့လည်း သိသွားတာပေါ့။ အရင်ကတော့ မောင်သန်းလင်းအောင်တို့လိုပဲ နေမှာပေါ့၊ နတ်ပြည်ရောက်ရင် ရည်ရွယ်ချက်တွေပြည့်ပြီ အပါယ်လေးပါးနဲ့ ဝေးပြီလို့ ထင်ခဲ့မှာပေါ့။ **လေးလက်မလောက်ရှိတဲ့ ရေတွင်းနှုတ်ခမ်းပေါ်မှာ ပြေးလွှားဆော့ကစားနေတဲ့ ကလေးတစ်ယောက်ဟာ ရေတွင်းထဲပြုတ်ကျဖို့ အင်မတန်မှနီးစပ်သလို ပရမတ်တရား၊ ဓါတ်တရားကို ငါ စွဲပြုတ်အောင် မသိသေးတဲ့ အန္ဓပုထုဇဉ်တစ်ယောက် သံသရာခရီးကြမ်းကိုလှမ်းရတဲ့အခါမှာလည်း အပါယ်လေးပါးချောက်ထဲကျဖို့ အင်မတန်မှနီးစပ်လှပါတယ်။**



သူများငရဲကျတာမြင်မှ ကိုယ်သေရင် ငရဲကျဦးမှာလား ဆိုတာကို နတ်မျက်စေ့နဲ့ ဆင်ခြင် ကြည့်လိုက်တော့ သူနဲ့တကွ ကျန်တဲ့နတ်သမီးငါးရာလည်း နောက်ခုနစ်ရက်စေ့ရင်သေပြီး အဝီစိငရဲကို ကျရတော့မယ် ဆိုတာကို မြင်သွားတယ်၊ ဒီတော့မှ ငရဲကို ကြောက်လိုက်တာ။

ဇောချွေးတွေလည်းပျံလာတယ်၊ အပါယ်ငရဲမကျအောင် တားမြစ်ပေးနိုင်သူဆိုတာ လူ့ပြည်က ဗုဒ္ဓပဲ ရှိတော့တယ်ဆိုပြီး ဘုရားဆီကိုပြေးတော့တာပေါ့။ ငရဲမကျအောင် ကယ်ပါဘုရားလို့ လျှောက်ထားတော့ ဘုရားက . . . .

**နညတြ ဗောဇ္ဈာ တပသာ**
**နညတြိန္ဒြိယ သံဝရာ**
**နညတြ သဗ္ဗနိဿဂ္ဂါ**
**သောတ္ထိံ ပဿာမိ ပါဏိနံ။**

ဗောဇ္ဈာဝိပဿနာ မဂ်ညာဏ်၊ ဖိုလ်ညာဏ်လို့ ဆိုရတဲ့ ဗောဇ္ဈာင်ခုနစ်ပါးတရား မြတ်ရတနာကိုလည်း ကောင်း။

www.burmeseclassic.com

www.burmeseclassic.com



တပသာ – မြိုးခြံခြင်းဆိုတဲ့ တပအကျင့်ကိုလည်းကောင်း၊ အညတြ – ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍၊ ပါဏိနံ– သတ္တဝါတို့၏၊ သောတ္ထိ – ချမ်းသာခြင်းကို၊ အဟံ – ငါဘုရားသည်၊ နပဿာမိ – မြင်တော်မမူ။ သံဝရာ – ဣန္ဒြေခြောက်ပါးကို ထိန်းသိမ်းစောင့်ရှောက် ကြောင်းဖြစ်တဲ့ ဣန္ဒြိယသံဝရသီလကိုလည်းကောင်း။

သဗ္ဗ နိဿဂ္ဂိ – အလုံးစုံသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ နိဗ္ဗာန်တရားကိုလည်း။ အညတြ – ကြဉ်ဖယ်ရှောင်ရှားအလွတ်ထား၍၊ ပါဏိနံ– သတ္တဝါတို့၏၊ သောတ္ထိ – ချမ်းသာခြင်းကို၊ အဟံ– ငါဘုရားသည်။ နပဿာမိ – မြင်တော်မမူ . . .

လို့ ဟောကြားလိုက်တာနဲ့ တရားအဆုံးမှာ သောတာပန်တည်ပြီး အပါယ်လေးပါးက သံသရာတစ်လျှောက်လုံး လွတ်သွားခဲ့တာပေါ့။

သန်း ဒီသာဓကကိုထောက်ပြီး လူသားတိုင်းအပါယ် လေးပါးက သံသရာတစ်လျှောက်လုံး လွတ်မြောက်ချင်ရင် အန္တဘဝက လွတ်မြောက်အောင်ကြိုးစားရမယ်၊ ဉာဏ်အမြင်ကန်းတဲ့ဘဝက လွတ်မြောက်ပြီး စူဠသောတာပန်ဖြစ်အောင် လုပ်မယ်ဆိုရင် ဝိပဿနာတရားကို နာကြားအားထုတ်ပါလို့ ဆိုလိုတာမဟုတ်လားဘုရား။

နုပ် မင်းကကွက်ကျော်မြင်တော့ငါအပြောရ သက်သာတာပေါ့။

သန်း အရေးကြီးတစ်ခုဖြတ်မေးချင်တာက ပုထုဇဉ်လေးမျိုးမှာ ကောင်းတာက စူဠသောတာပန်တစ်ခုပဲပါတယ်။



မကောင်းတာက သုံးမျိုးတောင်ပါတယ်ဘုရား။ ဒီမကောင်းတဲ့ ပုထုဇဉ်ဘဝကနေ ကောင်းတဲ့ပုထုဇဉ်ဘဝရောက်သင့်တယ်။ မရောက်အောင် ဘယ်လိုအရာကတားဆီးနှောက်ယှက်ထားသလဲဆိုတာကို သေချာသိချင်သေးတယ်ဘုရား။

နုပ် ဒီအချက်ကလဲ ဝိပဿနာသမားတိုင်း အရေးတကြီးသိသင့်ပါတယ်။ ဒီမေးခွန်းရဲ့ အဖြေနဲ့ သာသနာနဲ့ကြုံတုန်း ကြိုက်မိဘို့အတွက် ဝိပဿနာတရားကို နာကြားအားထုတ်သင့်တဲ့အကြောင်းကို နောက်အပါတ်ကျမှ ဆက်ကြရအောင်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

## အဝိဇ္ဇာနယ်ပယ်နှင့် အသိသုံးမျိုး

နုပ် အရင်အပါတ်က မင်းမေးထားတာက ပုထုဇဉ်လေးမျိုးမှာ မကောင်းတာကသုံးမျိုး၊ ကောင်းတာကတစ်မျိုးပဲရှိတယ် မကောင်းတဲ့ပုထုဇဉ်ဘဝကနေ ကောင်းတဲ့ပုထုဇဉ်ဘဝကို ရောက်သင့်တယ် ရောက်သင့်ပါလျှက် မရောက်အောင် ဘယ်လိုအရာက တားထားတာလဲဘုရားတဲ့ ဟုတ်တယ် မဟုတ်လား။

သန်း ဟုတ်ပါတယ်ဘုရား

နုပ် အဝိဇ္ဇာလို့ခေါ်တဲ့ မသိမှု မောဟကတားထားတာပဲ ဒါကြောင့် ရှေးဆရာတော်ကြီးများ လင်္ကာလေး သီပြထားတယ် . . .

*သံသရာဘယ်ကစ*

*မသိတာကစ*

*သံသရာဘယ်မှာဆုံး*

*သိတစ်လုံးမှာဆုံး . . . တဲ့*



အဲဒီမသိမှု အဝိဇ္ဇာက အန္ဓဗာလပုထုဇဉ်ဘဝကနေ အန္ဓပုထုဇဉ် ဘဝမရောက်အောင်တားတယ်၊ မိမိက ဆရာကောင်း တရားနာလိုက်ရလို့ ကံ၊ ကံ၏အကျိုးကို ယုံကြည်သူဖြစ်သွားရင် အန္ဓဗာလကလွတ်ပြီး အန္ဓပုထုဇဉ်ဘဝကို တက်သွားတာပေါ့။

ဒီအန္ဓပုထုဇဉ်ဘဝကနေ ကလျာဏပုထုဇဉ်ဘဝ မရောက်အောင် အဝိဇ္ဇာကတားထားပြန်တယ်၊ အဝိဇ္ဇာတားထားတဲ့ကြားထဲက ခန္ဓာတို့ သစ္စာတို့အကြောင်းကို အဘိဓမ္မာသင်တန်းတက်ရင်း သိသွားပြန်တယ်၊ ဒီတော့ ကလျာဏပုထုဇဉ်ဘဝကိုရောက်သွားတာပေါ့။ အဲဒီ ကလျာဏပုထုဇဉ်ဘဝကနေ စူဠသောတာပန်ပုထုဇဉ် ဘဝရောက်မသွားအောင် အဝိဇ္ဇာကတားပြန်တယ်။

သန်း အဝိဇ္ဇာက တော်တော်ဒုက္ခပေးပါလား ဆရာတော်။

နုပ် ဒါ တစ်ဝက်ပဲရှိသေးတယ်၊ ဒီစူဠသောတာပန် ဘဝကနေ မဟာသောတာပန်မဖြစ်အောင် သောတာပန်ဘဝကနေ သကဒါဂါမ်မဖြစ်အောင်၊ သကဒါဂါမ်ဘဝကနေ အနာဂါမ် မဖြစ်အောင် အနာဂါမ်ဘဝကနေ ရဟန္တာမဖြစ်အောင် အဝိဇ္ဇာကချည်းတားထားတာပဲ။

အရဟတ္တမဂ်အရဟတ္တဖိုလ်ရပြီး ရဟန္တာဖြစ်မှပဲ အဝိဇ္ဇာကလိုက်မနှောက်ယှက်နိုင်တော့တာ၊ တစ်ခါတည်း အပြီးလွတ်လိုက်ရတော့တာပေါ့။ အဝိဇ္ဇာရဲ့ အဖြစ်က ဘာနဲ့တူသလဲဆိုတော့ နလံထကာစလူမမာမောင်တာနဲ့ တူတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**သန်း** ဘယ်လိုတူတာတုန်းဘုရား။

**နုပ်** မောင်တာဆိုတဲ့ လူတစ်ယောက်ဟာ ရောဂါတစ်ခုကို လအတော်ကြာအောင် ခံစားလိုက်ရတဲ့အတွက် လူဟာပိန်ခြုံးကျသွားတာပေါ့၊ ရောဂါပျောက်ခါစ မောင်တာဟာ ပင်လယ်ကမ်းစပ်နားမှာ လမ်းလျှောက်နေတယ် ဒီအချိန်မှာ အတော်ကြီးတဲ့ လိပ်ကြီးတစ်ကောင်ဟာ ကမ်းစပ်က သဲခုံပေါ်ကိုတက်လာတယ် လိပ်ကိုမြင်တယ်ဆိုရင်ပဲ မောင်တာဟာ ချက်စားချင်စိတ်ပေါက် သွားသတဲ့။

ဒါနဲ့ အားမရှိတဲ့ကြားထဲက လိပ်ကြီးကို ပြေးပြီးတော့ ဆွဲသတဲ့၊ လိပ်ကြီးကလဲ ကြောက်လန့်တကြားပင်လယ်ထဲ ပြန်ရုန်းဆင်းတယ်၊ မောင်တာကလဲ ကုန်းပေါ်ဖွတ်ဆွဲတယ်၊ မောင်တာက နလံထကာစ လူမမာဆိုတော့ လိပ်ကြီးကို ကုန်းပေါ်ပါအောင် မဆွဲနိုင်ဘဲ သူကပဲ ရေထဲတဖြေးဖြေးပါသွားတယ်။

ရေထဲရောက်တာနဲ့ လိပ်ကပိုပြီး ရုန်းအားကောင်းသွားတော့ပေါ့ ရေနက်ထဲကို အတင်းကူးတော့ မောင်တာလဲ ပါသွားတာပေါ့၊ ကြာတော့ မောင်တာဟာ ရေထဲကို တဖြေးဖြေးပါရင်းနဲ့ ပင်လယ်ရေဟာ လည်မျိုထိရောက်လာတယ်၊ အဲဒီအခါကျတော့မှ ကြာရင်တော့ ငါရေနစ်သေတော့မယ်၊ မဖြစ်ဘူး လွှတ်မှပဲလို့ ဆုံးဖြတ်ပြီး ''နင့်တစ်ခါလွှတ် ငါဆယ်ခါလွှတ်'' လို့ဆိုပြီး လွှတ်လိုက်သတဲ့၊ အခုလဲ အဝိဇ္ဇာကဒီအတိုင်းပါပဲ ပုထုဇဉ်လူသားတစ်ယောက် ရဟန္တာဘဝ မရောက်



အောင် အမျိုးမျိုးဆွဲထားတယ် ရဟန္တာဖြစ်တဲ့အခါမှပဲ နင်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ်ဆိုပြီး လွှတ်တော့တာပဲ”

**သန်း** အဝိဇ္ဇာကတော်တော်ကြောက်စရာကောင်းတာပဲ ဘုရား၊ သူ့ကို ဘာနဲ့ သေအောင်သတ်ရမလဲဘုရား။

**နုပ်** ဝိဇ္ဇာလို့ခေါ်တဲ့ ပညာနဲ့သေအောင်သတ်ရတာပေါ့။

**သန်း** ဒါဆိုရင် အဘိဓမ္မာသင်တန်းဆင်းတွေ၊ ပဋ္ဌာန်းကျော်မမ္မာစရိယတွေ၊ ပိဋကတ်သုံးပုံဆောင်တွေဆိုရင် ပညာတွေတတ်သွားပြီပဲဘုရား၊ အဲဒီပညာနဲ့ အဝိဇ္ဇာကို သေအောင်သတ်လို့မရဘူးလား။

**နုဝ်** မရဘူးကွ၊ ဒါတွေကသင်ထားလို့မှတ်ထားပြီး တတ်တာဖြစ်လို့ သညာလို့ပဲခေါ်တယ်။ အဝိဇ္ဇာကိုသေအောင်သတ်နိုင်တဲ့ပညာဆိုတာ အသိရယ်၊ အကျင့်ရယ် ပေါင်းစပ်ပြီးမှ ပေါ်ထွက်လာတဲ့ ဝိပဿနာပညာ၊ မဂ်ပညာကိုသာဆိုလိုရင်းဖြစ်တယ်၊ ဒီနေရာမှာ အသိ (၃)မျိုးကို ပြောပြရမှာပေါ့။

အသိဟာ သညာသိ၊ ဝိညာဉ်သိ၊ ပညာသိလို့ သုံးမျိုးရှိတယ် ဋီကာကျော်မှာ သညာသိကိုကလေး၊ ဝိညာဉ်သိကို အမေ၊ ပညာသိကိုပန်းတိမ်ဆရာနဲ့ ဉပမာပေးထားတယ်၊ ကလေးတစ်ယောက် ရွှေတုံးလေးတစ်တုံးကောက်ရတဲ့အခါမှာ အဝါရောင်ဆိုတာလောက်ပဲ သိတယ်၊ ရွှေဆိုတာလဲမသိဘူး အလေးချိန်ဘယ်လောက်ရှိတယ်ဆိုတာလဲမသိဘူး။

ထို့အတူပဲ အဘိဓမ္မာသင်တန်းတွေတက်လို့

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာဆိုတာ ငါးပါးရှိတယ် ၊ သစ္စာဆိုတာ လေးပါးရှိတယ်၊ ရူပက္ခန္ဓာဆိုတာ ရုပ်ဓါတ် ၂၈ ပါးကို ခေါ်တယ်၊ ဝေဒနက္ခန္ဓာဆိုတာ ခံစားတတ်တဲ့ ဝေဒနာစေတသိက်ကို ခေါ်တယ်၊ စသည်အားဖြင့် အမည်နဲ့ အရေအတွက် လောက်ကိုပဲ သိတယ်၊ ဒီရုပ်နာမ်တရားတွေရဲ့ မမြဲခြင်းအနိစ္စ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်းအနတ္တဆိုတဲ့ လက္ခဏာယာဥ်သုံးပါးကို ထိုးထွင်းမသိဘူး။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလည်းမရနိုင်ဘူး၊ ဒီတော့ သညာသိဟာ အရောင်အဆင်း အမည်နာမစသည်တို့ကို မှတ်သားနိုင်စွမ်းပဲရှိတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုလည်း မသိဘူး၊ မဂ်ဖိုလ်ကိုလည်း မရဘူးပေါ့။ ဝိညာဉ်သိကျတော့ သညာသိထက်တစ်ဆင့်မြင့်လာတယ်၊ ကလေးရဲ့အမေဟာ ရွှေတုံးလေးကိုတွေ့ရတဲ့အခါ အဝါရောင်ဆိုတာလည်းသိတယ်။

ရွှေဆိုတာလည်းသိတယ် ဒါပေမယ့် အလေးချိန်ဘယ်လောက်ရှိတယ်ဆိုတာတော့ မသိနိုင်ဘူး။ ထို့အတူ ဝိညာဉ်သိဟာလည်း ခန္ဓာငါးပါး၊ သစ္စာလေးပါး စသည်တို့ရဲ့သရုပ်၊ တရားကိုယ်တွေကိုလည်းသိတယ်၊ ဒီရုပ်နာမ်တရားတွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားသာရှိပုံကိုလည်းထိုးထွင်းမြင်နိုင်တယ်။

ဒါပေမယ့် မဂ်ဖိုလ်ကိုရနိုင်စွမ်းတော့မရှိဘူး။



ပညာသိကတော့ အမြင့်ဆုံးပေါ့၊ ပန်းတိမ်ဆရာဟာ ရွှေတုံးလေးကိုတွေ့လိုက်ရတဲ့အခါ အဝါရောင်ဆိုတာလည်းသိတယ်။ ရွှေဆိုတာလည်းသိတယ်၊ အလေးချိန်ကိုလည်း သိတယ်၊ ထို့အတူ ပညာသိကလည်း ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာများရဲ့ သရုပ်အဓိပ္ပါယ်ကိုလည်း သိတယ်။

ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါးရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုလည်းသိတယ်။ မဂ်ဖိုလ်ကိုလည်း ထိုးထွင်းသိပြီး ရရှိသွားတယ်။ ဒါကြောင့်ရုပ်နာမ်ခန္ဓာကို ပညာသိနဲ့ သိတဲ့အချိန်ဟာ မဂ်ဖိုလ်ကို ရတဲ့အချိန်ပဲပေါ့။

**သန်း** ဒါဆိုရင် ပိဋကတ်သုံးပုံတတ်ကျွမ်းပြီး စာမေးပွဲမျိုးစုံအောင်ထားရုံနဲ့ တရားမရနိုင်ဘူးပေါ့ဘုရား။

**နုဝ်** ဘယ်ရနိုင်မလဲ ရှေ့မှာတုန်းက ပိဋကတ်သုံးပုံ ဆောင်ပြီး မဟုတ်တာတွေလျှောက်လုပ်မိတဲ့အတွက် အဝီစိကိုနှစ်ခါပြန်ကျခဲ့ရတဲ့ ကပိလရဟန်းကြီးအကြောင်းကို ပြောခဲ့ပြီးပြီးတော့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ကို အင်္ဂလိပ်ဘာသာပြန်ပြီး ကမ္ဘာကိုဖြန့်ဝေနေတဲ့ မစ္စက်ရိုင်း(စ)ဒေးဗစ်တို့ဆိုရင် တရားရဖို့ နေနေသာသာ မူလခရစ်ယာန်ဘာသာကိုတောင် မစွန့်လွှတ်နိုင်ဘူး။

ဒါပေမယ့် ပိဋကတ်သုံးပုံနဲ့ နိကာယ်ငါးရပ်မှာတော့ တော်တော့ကိုကျွမ်းကျင်တာ။ ဘာသာခြားမိစ္ဆာဒိဋ္ဌိတွေကပိဋကတ်ကို အင်္ဂလိပ်ဘာသာပြန်တဲ့အခါ အကျေအလည်မှာတင်မပြီးတော့ဘဲ အဆိုးတွေပါဒွန်တွဲလာတယ်။

**သန်း** ကမ္ဘာအရပ်ရပ်က အင်္ဂလိပ်စာတတ်သူတွေ ဗုဒ္ဓဒေသနာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသိရတာ အကောင်းဆိုတာတော့ နားလည်လိုက်ပါတယ် ဘုရား။ အဆိုးဆိုတာက ဘာတုန်းဘုရား။

နုပ် အဆိုးဆိုတာက သူတို့တစ်တွေဟာ အသက်မွေးဝမ်းကျောင်းတစ်ခုအနေနဲ့သာ ပိဋကတ်ကို အင်္ဂလိပ်ဘာသာပြန်ကြတာပါ။ ဗုဒ္ဓကိုတကယ်ကြည်ညိုလို့ ဗုဒ္ဓဒေသနာပြန့်ပွားစေဖို့ မဟုတ်ဘူးလို့ ငါကတော့ အတိအကျပြောချင်တယ်။

သန်း ဘယ်လိုအချက်တွေ တွေ့ရလို့လဲဘုရား။

နုပ် အဲ့ဒီအကြောင်းတွေ သေချာသိချင်ရင် လူသေလူဖြစ်ဝိနိစ္ဆယစာအုပ်ကြီး ဖတ်ကြည့်ပေတော့ ဒီမှာ ငါမှတ်မိသလောက် နည်းနည်းပြောပြမယ်၊ အဘိဓမ္မာ(ရ)ကျမ်းကို အင်္ဂလိပ်ဘာသာပြန်တဲ့အခါ သူတို့ဘာသာပြန်စည်းကမ်းကို ဖောက်ဖျက်တယ်။

ဘာသာပြန်ဆရာများဟာ မူရင်းစာရေးဆရာရဲ့ အာဘော်ကို မလွဲချော်အောင်အရေးတကြီးထားပြီး ပြန်ကြရတယ်။ မိမိအတ္တနောမတိတွေကို ထည့်သွင်းခွင့်မရှိဘူး။ ဒီလိုရိုးရိုးလောကီစာအုပ်တွေ ဘာသာပြန်ရင်တောင် ထားရမည့်စည်းကမ်းချက်တွေကို သူတို့တစ်တွေ ဖောက်ဖျက်ခဲ့ကြတယ်။ သူတို့အင်္ဂလိပ်ဘာသာပြန် ပိဋကတ်ကို ဖတ်မိသူတွေဟာ ဗုဒ္ဓဝါဒကို အထင်သေးစရာ၊ ဝေဖန်အပြစ်ပြောစရာတွေ ဖြစ်လာခဲ့တယ်။

သူတို့ဟာ ဝိနည်းပါဠိတော် သဂါယနာတင်ခန်းက ဓမ္မနဲ့ဝိနယဆိုတဲ့ စကားလုံးလေးကို ကိုင်ပြီး အဘိဓမ္မာ ဆိုတဲ့ စကားလုံးမပါလို့ အဘိဓမ္မာ (ရ)ကျမ်းဟာ



ဘုရားဟောမဟုတ်နိုင်ဘူး။ အရှင်မဟာဗုဒ္ဓဃောသက သူ့ဖာသာရေးပြီး ဘုရားဟောလို့ အမည်တပ်တာဖြစ်နိုင်တယ်ဆိုပြီး ပိဋကတ်ကို အကြည်ညိုပျက်စေမယ့် ဝေဖန်ချက်မျိုးတွေထည့်ရေးခဲ့တယ်။

တကယ့်တော့ အဘိဓမ္မာဟာ ဘုရားဟောအစစ်ပါ၊ ပိဋကတ်သုံးပုံနေရာအနှံ့မှာ အဘိဓမ္မာဆိုတဲ့ စကားလုံးတွေဟာ အထပ်ထပ်ပါတာပါ၊ မင်းကိုယ်တိုင်ယူကြည့်ပါ။ အင်္ဂလိပ်လိုရေးပြီး ထင်ရာမြင်ရာ ရမ်းသမ်းပြောသမျှကို ယုံစရာမလိုပါဘူး။ တစ်ချို့က အင်္ဂလိပ်စာကို တအားအထင်ကြီးတော့ အင်္ဂလိပ်လိုရေးထားရင် သိပ်အထင်ကြီးကြတယ်။

အဘိဓမ္မာဆိုတဲ့ စကားလုံးကို သင်္ဂါယနာ တင်ခန်းမှာ ထည့်မထားတာက ဓမ္မဆိုတဲ့စကားလုံးထဲမှာ သုတ္တန်နဲ့ အဘိဓမ္မာ နှစ်ခုစလုံးပါသွားလို့ပါပဲ။ တစ်ခါ

**အတ္တာဟိအတ္တနော နာထော၊**

**ကောဟိနာထော ပရောသိယာ။**

ဆိုတဲ့ ဂါထာကို အင်္ဂလိပ်လို သူတို့ပြန်တဲ့အခါ ဗုဒ္ဓဟာ အတ္တသမားပါ၊ အတ္တလို့ခေါ်တဲ့ ဝိညာဉ်ကောင်ရှိတယ်ဆိုတာ လက်ခံသူပါတဲ့၊ ဒါကြောင့်ဒီဂါထာမှာ အတ္တလို့ခေါ်တဲ့ ဝိညာဉ်ကောင်ကို ကိုးကွယ်ကြပါလို့ ဟောထားတာပါဆိုပြီး ဆွဲယူဘာသာပြန်ခဲ့တယ်။

တကယ်တော့ ဒီဂါထာမှာပါတဲ့ အတ္တသဒ္ဒါဟာ အတ္တကောင်၊ ဝိညာဉ်ကောင်ကို ဟောတာ မဟုတ်ဘူး။ မိမိခန္ဓာ ကိုယ်ကို ဟောတာ၊ မိမိခန္ဓာကိုယ်ကို အားကိုး

www.burmeseclassic.com

www.burmeseclassic.com



ပါလို့ဆိုလိုရင်း ဖြစ်တယ်။ ဗုဒ္ဓဘာသာမှန်ရင် ဒီအဓိပ္ပါယ်လောက်ကတော့ အနက်ပေးပြတာနဲ့ သိပါတယ်။

မစ္စက်ရိုင်း(စ်)ဒေးဗစ်တို့ကတော့ ဘာသာခြားဆိုတော့ တကယ်မသိလို့ဘဲ သူထင်ရာရမ်းပြီး ဘာသာပြန်လိုက်သလား၊ ဒါမှမဟုတ် ဗုဒ္ဓဝါဒကို ပျက်စီးစေလိုတဲ့စိတ်နဲ့လားဆိုတာတော့ ကာယကံရှင်ကိုယ်တိုင်ဘဲသိမယ်။ နောက်တစ်ခုက အပါဒါန်ပါဠိတော်မှာ ကထာဝတ္ထုဆိုတဲ့ စကားလုံးတစ်ခု ဂါထာတစ်ဂါထာမှာ ပါလာတယ်။

"ကထာဝတ္ထုဆိုတဲ့ စကားလုံးကိုကြည့်ပြီး သူတို့က ဘုရားဟောအပါဒါန်ပါဠိတော်ကို ဘယ်လိုစွပ်စွဲပြန်သလဲဆိုတော့ ကထာဝတ္ထုကျမ်းဆိုတာ တတိယသင်္ဂါယနာကို ဦးဆောင်တင်ခဲ့တဲ့ အရှင် မောဂ္ဂလိပုတ္တတိဿဟောခဲ့တဲ့ တရားတွေပဲ၊ ဒါကြောင့် ဒီအပါဒါန်ပါဠိတော်ကျမ်းဟာလည်း သာဝကတစ်ပါးပါး ဟောကြားခဲ့တာပဲဖြစ်တယ်ဆိုပြီး ဝေဖန်ခဲ့ကြတယ်။

တကယ်တော့ အပါဒါန်ပါဠိတော်မှာပါတဲ့ ကထာဝတ္ထုဆိုတဲ့ ပါဠိဟာ ကထာဝတ္ထုကျမ်းကို ပြောတာမဟုတ်ပါဘူး။ စကားဆိုတဲ့ အနက်ကိုသာပြောတာပါ။

ဒီလို ကိုယ်ထင်ရာကိုယ် ဖောက်ဖောက်ပြန်ပြန်အင်္ဂလိပ်လိုပြန်ထားတဲ့ စာအုပ်တွေကို ဖတ်ရတဲ့အတွက် တခြားနိုင်ငံတွေကို အသာထား မြန်မာနိုင်ငံမှာတင် လူသေရင် လူသာဖြစ်တယ် အဘိဓမ္မာဆိုတာ ဘုရားဟောမဟုတ်ဘူးဆိုပြီး ဗုဒ္ဓဝါဒကို ဖျက်ဆီးမယ့်သူတွေ ပေါ်ပေါက်လာတော့တာပေါ့။



ဒါတွေဟာ ပိဋကတ်တွေကို မင်းတို့ငါတို့လို ဗုဒ္ဓဘာသာဝင်တွေက အင်္ဂလိပ်လိုမပြန်နိုင်ခဲ့ခြင်းရဲ့ ဆိုးကျိုးတွေပဲ။

**သန်း** ခုလိုရှင်းပြတာ ကျေးဇူးတင်ပါတယ်ဘုရား၊ ဗုဒ္ဓ တရားတွေကို အင်္ဂလိပ်လိုရေးထားတဲ့စာအုပ်တွေဖတ်တဲ့အခါ တပည့်တော်တို့ လူငယ်တွေသတိထားစရာပေါ့ဘုရား။

**နှစ်** ပိဋကတ်သုံးပုံကို တတ်ရင်တရားရရောလားဆိုတဲ့ မင်းရဲ့မေးခွန်းမျိုးကို လွန်ခဲ့တဲ့ (၂၄)နှစ်လောက်ကတည်းက ဒကာတစ်ယောက်က နမ္မားဆရာတော်အရှင်ဉာဏကို မေးခဲ့ဖူးတယ်၊ ဆရာတော်က တရားစစ်တမ်း ဆွေးနွေးခန်းဆိုတဲ့ စာအုပ်မှာ ရေးပြထားတယ်၊ နားထောင် ငါဖတ်ပြမယ်။

**ဆောင်စိန်** ပိဋကတ်သုံးပုံဟာ တရားတွေဖြစ်နေသောကြောင့် ပိဋကတ်သုံးပုံကိုတတ်ရင် တရားတွေကို မသိဘူးလားဘုရား။

**ဆရာ** ပိဋကတ်သုံးပုံဟာ တရားမဟုတ်သေးဘူး၊ အပါယ်တံခါးပိတ်မှ တရားကွဲ့၊ စာတတ်ရုံနဲ့ ကိလေသာမသေဘူး။ အပါယ်တံခါးမပိတ်ဘူး၊ ကပိလငါးကြီးလဲ ပိဋကတ်သုံးပုံဆောင်ပဲ၊ သူ့ပိဋကတ်ဟာ အပါယ်ကို မတားနိုင်တာကြည့်ပါလား။ ဘာကြောင့် သူ့ ပိဋကတ်သည် အပါယ်တံခါးမပိတ်သလဲဆိုတော့ စာသိသည် ဂလေးသိ၊ သညာသိသာရှိသေးတယ်။

ပညာသိကိုရောက်ဖို့ နေနေသာသာ၊ ဝိညာဉ်သိကိုတောင် မရောက်သေးဘူး၊ ဒါကြောင့် အဖူးဘဝက

www.burmeseclassic.com

www.burmeseclassic.com



အကန်းဘဝက မလွတ်သေးဘူးကွဲ့။

**မောင်စိန်** အဌသာလိနီမှာ ခန္ဓာငါးပါး အာယတန ၁၂ပါး ဓါတ် ၁၈ ပါးတို့ကိုသိလျှင် ကလျာဏပုထုဇဉ်လို့ဆိုထားတော့ ပိဋကတ်ကိုတတ်ရင် ဒီဟာတွေကို သိတယ်မဟုတ်လား။ သိရင် အမိုက်ဘဝ၊ အကန်းဘဝက မလွတ်ပါလားဘုရား။

**ဆရာ** ဒါက သညာသိကိုဆိုတာမဟုတ်ဘူးကွဲ့၊ ခန္ဓာသည် ငါးပါးရှိသည်၊ ငါးပါးဆိုတာ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာကို ဆိုပါတယ်။ ရူပက္ခန္ဓာသည် ရုပ် ၂၈ပါး ကိုခေါ်၏။ ဝေဒနာက္ခန္ဓာသည် ဝေဒနာ စေတသိက်ကိုခေါ်၏။ သညာက္ခန္ဓာသည် သညာစေတသိက်ကိုခေါ်၏ ဆိုတဲ့ သရုပ်နှင့် တရားကိုယ်လေးကိုတော့ စကားတတ်ကာစကလေးကို သင်ပေးရင်လဲ ဆိုတတ်တာပဲ။

တံငါမုဆိုးလုပ်ရင်း ကျက်ရင်လည်းရတာပဲ။ ဒါကိုရတာနှင့်တော့ သူတော်ကောင်းမဟုတ်သေးဘူး။ ကလျာဏဆိုတာ သူတော်ကောင်းလို့ဆိုတာ။ အဲဒီတော့ ခန္ဓာ၊ အာယတန၊ ဓါတ်သစ္စာ တို့ကို ရှုဥသောတာပန် အခြေ ရောက်အောင်သိတဲ့သူမှ ကလျာဏဆိုရမယ်၊ အဌသာလိနီ ဆရာကလည်း ဒီပုဂ္ဂိုလ်ကို ရည်ရွယ်တာပါ။ ပဋိပတ်ကို မကြိုးစားပဲ စာတတ်ရုံပုဂ္ဂိုလ်တွေကို ကလျာဏစာရင်း မသွင်းသင့်ပါဘူးကွဲ့။

**မောင်စိန်** စာတတ်ရုံနှင့် တရားမသိပုံကို ဥပမာလေး ပေးပါဦးဘုရား။

**ဆရာ** မင်းမှာဘာရောဂါရှိတုန်းကွဲ့။



**မောင်စိန်** ဘေးနာရင်ကြပ်ရောဂါရှိပါတယ်ဘုရား။

**ဆရာ** မင်းကို ငါဆေးနည်းပေးလိုက်မယ်။ ဖားပြုတ်ထိုင်ကုန်း ဥကိုပါးပါးလှီး၊ နံ့သာဖြူနီတစ်မတ်စီ အချောင်း အတိုင်းထည့်၍ ရေသင့်ရုံနှင့် သုံးခွက်တစ်ခွက်တင်ကျို ဆားခပ်၍သောက်လျှင် ပျောက်သကွဲ့၊ မှတ်မိပြီလား။

**မောင်စိန်** မှတ်မိပါပြီဘုရား။

**ဆရာ** မှတ်မိရင် ဆိုစမ်း။

**မောင်စိန်** ဖားပြုထိုင်ကုန်းဥကို (ပ) ပျောက်၏တဲ့ဘုရား။

**ဆရာ** အဲဒီဆေးရည်အရသာဘယ်နှယ့်နေသလဲ။

**မောင်စိန်** ဘယ်သိမတုံးဘုရား၊ သောက်မှမသောက်ရသေးတာ။

**ဆရာ** မင်းရောဂါပျောက်ပြီလား။

**မောင်စိန်** ဘယ်ပျောက်ဦးမှာလဲ ဘုရား၊ ဆေးနည်းကို မမေ့အောင် တတွတ်တွတ်ဆို ရတာနဲ့ ပိုတောင်နာသေးတယ်ဘုရား။

**ဆရာ** အဲဒီလိုပေါ့ကွဲ့၊ ပိဋကတ်သုံးပုံဟာ ဆေးနည်းနှင့်တူသကွဲ့၊ ဆေးကိုမသောက်ရသေးလို့ အရသာမသိသလို၊ ပဋိပတ်ကို မလုပ်ရသေးလို့ ဘာတရားမှမသိသေးဘူး၊ ရောဂါမပျောက်တဲ့အပြင် အနာတိုးသလို ကိလေသာ မသေတဲ့အပြင် မာနတောင် ပိုပြီးဝင်လာသေးရဲ့ကွဲ့၊ ဒါကြောင့် အုတ်တွင်းမြို့၊ ကန်ကလေးတောရဆရာတော်က ဆုံးမသတဲ့ကွဲ့ . . .

*စာမတတ်မှု အခေါက်ထူ၊*
*လူထဲရှင်ထဲ အသုံးမကျ။*
*စာတတ်ပြန်လျှင်–စိတ်ကြီးဝင်*
*လူမြင်တိုင်းက အော့ချင်ကြ။ ။*

www.burmeseclassic.com

www.burmeseclassic.com



ဒီပဲရင်းဆရာတော်ကလဲ

*ကိုယ်မှာမတတ်၊ စာမှာတတ်*
*ဂါဟတ်ကိုက်တတ်သည်*
*စာမှာမတတ်၊ ကိုယ်မှာတတ်*
*ဂါဟတ်ကင်းပြတ်သည်။*

လို့ဆုံးမခဲ့တယ် မောင်စိန်ရဲ့။

**မောင်စိန်** ဒီလိုဆိုလျှင် စာတတ်အနွှနှင့် စာမတတ်ကလျာဏ နှစ်ပါးတို့တွင် ဘယ်ပုဂ္ဂိုလ်ကို ဂုဏ်ရှာမိရပါမလဲဘုရား''

**ဆရာ** အပါယ်ဘေးမှလွတ်ချင်ရင်စာမတတ် ကလျာဏကို ဂုဏ်ရှာမိကွဲ့၊ စာတတ်အနွှကိုဆည်းကပ်မိလျှင် မာနရောဂါတွေ ကူးစက်ပြီး ဟိုသူတော်ကောင်းကို ပြစ်မှား လိုက်၊ ဒီသူတော်ကောင်းကို ပြစ်မှားလိုက်နဲ့ အရိယူပဝါဒအန္တရာယ်တွေထိုက်ပြီး အပါယ်က ဘယ်တော့မှ မတက်ရတော့ဘူး၊ ကြပ်ကြပ်သတိထားကြကွဲ့။

**မောင်စိန်** တပည့်တော်တို့လူတွေကတော့ စာတတ်ပုဂ္ဂိုလ်မှ အထင်ကြီးပြီး ဂုဏ်ရှာမိချင်ကြတယ်ဘုရား။

**ဆရာ** ဒါကြောင့် မြန်မာပြည်မှာ အရိယာနည်းတာပေါ့ ဗိုးသူတော်ကို ချစ်တီးထင်၍ သမီးပေးမှားသလို ဖြစ်ကုန်ကြပြီကွဲ့။

ဓမ္မပဒဝတ္ထုလေးတစ်ပုဒ် ပြောရဦးမှာပေါ့၊ မြတ်စွာဘုရားရှိစဉ်ဟုန်းက သူငယ်ချင်းနှစ်ယောက် ရဟန်းပြုကြသတဲ့၊ ရဟန်းဖြစ်ပြီးလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ထားကြတာပေါ့၊ မြတ်စွာဘုရား သာသနာတော်မှာ အလုပ်ဘယ်နှစ်မျိုးရှိပါသလဲလို့ လျှောက်



ထားသတဲ့။

ဒီတော့ မြတ်စွာဘုရားက ဂန္ထဓုရ = စာသင်ခြင်းနှင့် ဝိပဿနာဓုရ ဝိပဿနာပွားများခြင်း အဲဒီနှစ်မျိုးပဲရှိတယ်လို့ မိန့်တော်မူသတဲ့၊ ဒါနဲ့တစ်ပါးက စာသင်၊ တစ်ပါးကဝိပဿနာ ပွားသတဲ့၊ အတော်လေးကြာတော့ စာသင်တဲ့ကိုယ်တော်က စာတတ်၍ တပည့်ငါးရာကို စာချနေသတဲ့၊ ဝိပဿနာပွားတဲ့ ကိုယ်တော်ကလဲ ရဟန္တာဖြစ်ပြီး တပည့်ငါးရာကို ကမ္မဋ္ဌာန်းပြနေသတဲ့။ ဝါကျွတ်၍ တပည့်လေးတွေက မြတ်စွာဘုရားထံ ကန်တော့သွားရန် လျှောက်ထားတဲ့အခါ အေး . . . ကောင်းပြီ သွားကြသွားဆိုသော်လည်း တစ်သုတ်စီ သွားကြကွဲ့၊ ငါးရာလုံး ဆိုလျှင် ဆွမ်းပန်းခက်လိမ့်မယ်။ မြတ်စွာဘုရားထံ ရောက်လျှင် ငါ၏ရှိခိုးခြင်းဖြင့်လည်း ရှိခိုးလိုက်ကြပြီးလျှင်ငါ့သူငယ်ချင်း စာချဆရာထံ သွားတည်းခိုကြလို့မှာသတဲ့။ ဒါနဲ့တပည့်တွေကလည်း ဆရာ့စကားအတိုင်း တစ်သုတ်စီတစ်သုတ်စီလာ၍ မြတ်စွာဘုရားကို ကန်တော့ပြီးလျှင် စာချဆရာတော်ထံ တည်းခိုကြတာပေါ့၊ ဒီတော့စာချဆရာတော်က အထင်မှားသတဲ့၊ ဘယ်လိုမှားသလဲဆိုတော့ ဒီကောင်က သူတပည့်ပေါကြောင်း ငါ့ကိုလာကြွားနေပြန်ပါပြီလို့ အထင်မှားသတဲ့၊ အဲဒါ မာနဝင်လိုအထင်မှားတာမဟုတ်လား။

လာပါစေဦး သူလာမှစာကလေးမေးပြီးတော့ အရှက်ခွဲလိုက်ရဦးမယ်လို့ ပြစ်မှားပြန်သတဲ့။ အဲဒါမာန၊ ဒိဋ္ဌိနှစ်ပါးကြောင့် ပြစ်မှားတာမဟုတ်လား၊ အဲဒါစာတတ်

www.burmeseclassic.com

www.burmeseclassic.com



အနှုတဲ့။ ဒါနဲ့ တပည့်တွေပြီး၍ရဟန္တာပုဂ္ဂိုလ်က ဘုရားထံ ဖူးမျှော်ရန်ကြွလာသတဲ့၊ ကြွလာ၍ ရောက်လာတော့ သူငယ်ချင်းထံမှာ သပိတ်များကိုထားခဲ့ပြီး မြတ်စွာဘုရားကို ဖူးမျှော်ရန်သွားသတဲ့။

စာချဆရာတော်ကလည်း ပြန်လာလျှင် စာမေးရန် သူ့ဖို့တစ်နေရာ မိမိဖို့တစ်နေရာ ခင်းထားတာပေါ့။ ရဟန္တာကလည်း မြတ်စွာဘုရားကို ဖူးမျှော်ကန်တော့ပြီးလျှင် သူငယ်ချင်းထံလာသတဲ့။ ကျောင်းကိုရောက်၍ သူငယ်ချင်းနှစ်ဦး သူနေရာ ကိုယ့်နေရာထိုင်၍ နှုတ်ဆက်စကားပြောကြစဉ် မြတ်စွာဘုရားက ရွှေညာဏ်တော်စက္ခုနှင့် ရှုလိုက်တော့. . .

စာချဆရာတော်သည် ရဟန္တာကို ပြစ်မှား၍ ငရဲကျမည့်ဘေးကို မြင်တော်မူတာနှင့် စာမမေးခင် ဘုရားရှင်က အရောက်ကြွခဲ့သတဲ့၊ မြတ်စွာဘုရား ကြွခဲ့တယ်ဆိုရင်ပဲ ၂ ဦးစလုံးနေရာမှ ထကြကာ ခရီးဦးကြို ဆို၍ မြတ်စွာဘုရားကို အရိုအသေပေးနေကြသတဲ့၊ ဒီတော့ မြတ်စွာဘုရားက စာချဆရာတော်ကို ဈာန်အကြောင်းတွေကို မေးသတဲ့။

ဒေသနာအရာဖြစ်တော့ စာချဆရာတော်ကလဲ မထစ်မငေါ့ ဖြေရှာသတဲ့၊ ပြီးတော့ (မဂ်ခန်း၊ဖိုလ်ခန်း)ကို မေးတာပေါ့၊ အဲဒီကျတော့ ဒေသနာအရာမဟုတ်သဖြင့် မဖြေနိုင်ဘူးတဲ့၊ စာချ ဆရာတော်မဖြေနိုင်တော့ ရဟန္တာကိုမေးသတဲ့၊ ရဟန္တာက သူစားပြီးသား ဟင်းဖြစ်နေသောကြောင့် မြင်းကောင်းပြေးသလို တွေးမနေပဲ



ဖြေသတဲ့။

အဲဒီတော့ မြတ်စွာဘုရားက ရဟန္တာကို သာဓု သုံးကြိမ် ခေါ်တော်မူသတဲ့၊ ဒါနဲ့ စာသင်သားတွေက မြတ်စွာဘုရားဟာ မတရားဘူးလို့ ကဲ့ရဲ့ကြသတဲ့၊ ဒီတော့ မြတ်စွာဘုရားက ချစ်သားတို့ နွားကျောင်းသားသည် နွားနက်ဘယ်နှစ်ကောင်၊ နွားဖြူ ဘယ်နှစ်ကောင်၊ ချိုကုတ်ဘယ်နှစ်ကောင်၊ ချိုထောင်ဘယ်နှစ်ကောင် ဆိုတာတော့သိ၏။ နွားနို့တော့မသောက်ရဘူးတဲ့။

နွားရှင်သည် နွားစာရင်းကိုတော့မသိ၊ နွားနို့တော့ ဝအောင်သောက်ရသတဲ့။ အဲဒီနှစ်ဦးတို့တွင် ဘယ်သူကမြတ်သလဲလို့ မေးတော်မူသတဲ့။ ဒီအခါ ရဟန်းတွေက နွားရှင်က မြတ်ပါတယ်ဘုရားဟု လျှောက်ကြသတဲ့။ ဒါနဲ့ မြတ်စွာဘုရားက စာချဆရာတော်က နွားကျောင်းသားနဲ့ တူသကွဲ့။ ခန္ဓာဘယ်နှစ်ပါး၊ အာယတနဘယ်နှစ်ပါးစသည်ဖြင့်သိတယ်။ ဒါပေမယ့် မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ချမ်းသာကိုတော့ မခံစားရ၊ ကမ္မဋ္ဌာန်း ဆရာတော်က နွားရှင်နဲ့တူသကွဲ့။ ခန္ဓာ ဘယ်နှစ်ပါးဆိုတာ မသိပေမယ့် မဂ်ဖိုလ်နိဗ္ဗာန် ဝိမုတ္တိရသကိုခံစားရတယ်လို့ မိန့်တော်မူသတဲ့။ ကဲ မြတ်စွာဘုရားကလည်း စာမတတ်တဲ့ ကလျာဏကိုသာ သာဓုခေါ်တယ်ကွဲ့။ မြန်မာပြည်က လူတွေက ဂန္ထာမိတာ မလွဲသေးဘူးလား။

**မောင်စိန်** ဒီလိုဆိုရင် စာသင်ရတာတွေအပိုဖြစ်နေတာပေါ့ဘုရား။

**ဆရာ** ဘယ်ပိုမလဲကွဲ့၊ စာတတ်တဲ့ပုဂ္ဂိုလ်တွေက ကလျာဏ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရင် ပဋိသမ္ဘိဒါ ပတ္တပုဂ္ဂိုလ်တွေဖြစ်ပြီး ဗုဒ္ဓသာသနာကို ဝင်းထိန်နေအောင် ပြုနိုင်တာပေါ့။ ကြည့်ပါလား၊ မိလိန္ဒမင်းကြီးမေးတာကို မဖြေနိုင်ပဲ ရှောင်လွှဲနေရတဲ့ ရဟန္တာတစ်ထောင်ဟာ ပဋိသမ္ဘိဒါပတ္တ မဟုတ်စာမတတ် ကလျာဏသာ ဖြစ်နေ၍ မိလိန္ဒမင်းကြီးကို ကျွတ်အောင်မလုပ်နိုင်ဘူး။

ရှင်နာဂသိန်ကျတော့ ပဋိသမ္ဘိဒါပတ္တမို့ မိလိန္ဒမင်းကြီးကို ရဟန္တာဖြစ်သည်အထိ တတ်နိုင်တယ်။ ဘယ်လောက်ဟန်သလဲ။ မြန်မာပြည်က စာတတ်ပုဂ္ဂိုလ်တွေဟာ ကလျာဏဖြစ်အောင် အားထုတ်ပြီးမှ ဘာသာခြားစကားကို သင်ကာ နိုင်ငံခြားကို သာသနာပြုကြွကြလျှင် ဘယ်လောက်ကောင်းလိုက်မလဲကွယ်။

ကလျာဏမဖြစ်ပဲ သာသနာပြုဖို့ မဖြစ်နိုင်ဘူး။ မိမိက အကန်းပါဆို၊ မိမိကလမ်းပြလို့ ဘယ်ဟန်မလဲကွဲ့ မောင်စိန်ရဲ့၊ သူတစ်ပါးကိုသရဏဂုံ တည်အောင် ပြုမည့်သူဟာ မိမိလဲသရဏဂုံတည်မှဖြစ်မယ်။ သရဏဂုံတည်ဖို့ဆိုတာ စုဋ္ဌသောတာပန် အခြေရောက်မှ တည်သကွဲ့၊ မရောက်ရင် မိဿကသရဏဂုံမျှသာ ဖြစ်နေတတ်တယ်။

**မောင်စိန်** ဒီလိုဆိုရင် မြန်မာပြည်မှာ သုဒ္ဓသရဏဂုံတည်သူဟာ နည်းနည်းပါးပါးပဲ ရှိမှာပါဘုရား။

**ဆရာ** မများပါဘူးကွယ်။ သာဝတ္ထိပြည်မှာ လူဦးရေ ခုနစ်ကုဋေရှိရာ ငါးကုဋေက အရိယာ၊ တစ်ကုဋေက သရဏဂုံတည်သူ၊ ကျန်တစ်ကုဋေက ပုထုဇဉ်တဲ့။



ထို့ကြောင့် သူ့ကိုငါချ ငါ့ကိုသူချ မပြုကြဘဲ ဘုန်းကြီးရော လူပါ သုဒ္ဓသရဏဂုံတည်အောင် ကြိုးစားကြလျှင် ရတနာမိုးတွေရွာ၍ ချမ်းသာမှာ ကေန်ပါပဲလို့ဆိုချင်ပါတယ်။ ဒါ့ကြောင့် မိမိကိုယ်ကို စစ်ဆေးရမှာက ငါသည် မိမိသန္တာန်မှာ သစ္စာလေးပါးကို သိတဲ့ ဉာဏ်တရားကို အားကိုးသူဟုတ်ရဲ့လား။

ငါသည် ပဋိဝေဓဉာဏ်တရားကို အားကိုးသူဟုတ်ရဲ့လား၊ ငါသည် ပရမတ္ထသံဃာကို အားကိုးသူဟုတ်ရဲ့လား၊ သမ္မုတိသံဃာကိုလဲ အရိုအသေပေးသူဟုတ်ရဲ့လားဆိုတာ စစ်ဆေးရမယ် သူများကို မစစ်ဆေးပါနှင့် မိမိကိုယ်ကိုသာ စစ်ဆေးပါ။ အဲဒီလို စစ်ဆေး၍ သုဒ္ဓသရဏဂုံ တည်မှ ငါတော့ ဗုဒ္ဓဘာသာပဲလို့ဝန်ခံပါ။

သုဒ္ဓသရဏဂုံမဖြစ်သေးလျှင် ဖြစ်ရအောင် သပ္ပုရိသကိုရှာပါ။ မယားရယ်၊ လင်ရယ်၊ စီးပွားရေးရယ် ဗင်းတွေကို နောက်မှရှာပါ။ သရဏဂုံအစစ်မတည်ပဲ သေသွားလျှင် လူဖြစ်ရှုံးသွားမယ်။ ဗုဒ္ဓုပ္ပါဒနဝမ အခါကြီးနဲ့ ကြုံရပါလျက် သရဏဂုံအစစ်ကိုလွဲလျှင် ဝေပုလ္လတောင်ကိုလွဲတာထက် အဆပေါင်း များစွာနစ်နာမည်တဲ့။

ကဲ စာလဲဆုံးပြီ အချိန်လဲလင့်သွားပြီ သာသနာကို ကြုံတုန်းကြိုက်မိဖို့ အကြောင်းကိုတော့ နောက်တစ်ပါတ်မှ ဆက်ကြတာပေါ့။

**ဆန်း** တပည့်တော်တို့အတွက်ကြာလေ သိစရာတွေ တွေးစရာစရာတွေက များလာလေပါပဲဘုရား။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## သာသနာနှင့် ကြုံတုန်း ကြိုက်ပါ

**သန်း** သာသနာဆိုတာ ဘာကိုခေါ်တာလဲ ဆရာတော်။

**နုပ်** မြတ်စွာဘုရားအဆုံးအမ တရားတော်တွေကို ခေါ်တာပေါ့။

**သန်း** သာသနာပြုတယ်ဆိုတာကရောဘုရား

**နုပ်** လူတစ်ယောက်ရဲ့ နှလုံးသားထဲမှာမကောင်းတဲ့ စိတ်တွေပျောက်ပြီး ကောင်းတဲ့စိတ်တွေရောက်လာအောင် ဟောပြောပြသပေးတာကို သာသနာပြုတယ်လို့ ခေါ်တာပေါ့။

**သန်း** ဘုရားတည်တဲ့ ဘိုးတော်တွေ၊ မယ်တော်တွေ၊ ဂိုဏ်းဆရာတွေက သူတို့ကိုယ်သူတို့ သာသနာပြုတွေလို့ ပြောတာ မမှန်တော့ဘူးပေါ့ဘုရား။



**နုပ်** အေး ဘုရားတည်တာကို ဘုရားတည်တာလို့ပဲ ခေါ်တယ်။ သာသနာပြုတယ်လို့ မခေါ်နိုင်ဘူး။ သာသနာပြုအမည်ခံချင်သူဟာ အနည်းဆုံးရုပ်တရား၊ နာမ်တရားအပေါ်မှာ ငါစွဲပြုတ်ထားတဲ့ ရှုဥသောတာပန်အဆင့်လောက်တော့ ရှိရတယ်။ ဒါမှ သူတစ်ပါးကိုလည်း ငါစွဲပြုတ်အောင် ဟောပြောပြသနိုင်မှာပေါ့။ မင်းသူတစ်ပါးကို ပိုက်ဆံပေးချင်ရင် မင်းကိုယ်တိုင်ပိုက်ဆံ ရှိအောင်အရင်လုပ်ရမယ်။ ဒါမှ သူတစ်ပါးကိုပေးနိုင်မှာပေါ့။

သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သာသနာသုံးရပ်မိမိသန္တာန်မှာ ရှိနေမှ သူတစ်ပါးကိုလည်း ပြန်ပေးနိုင်မယ်။

**သန်း** သာသနာကို ကြုံတုန်း ကြိုက်မိဖို့ဆိုတဲ့ အချက် ကိုလည်းပြောပါဦးဘုရား။

**နုပ်** အေး အဲဒါက လေးချက်ခွဲရမယ်။

( ၁) သာသနာနဲ့ကြုံသော်လည်း မကြိုက်သောသူ
( ၂) သာသနာကိုကြိုက်သော်လည်း မကြုံသောသူ
( ၃) သာသနာနဲ့ကြုံလဲမကြုံ ကြိုက်လဲမကြိုက်သောသူ
( ၄) သာသနာနဲ့ ကြုံလဲကြုံ ကြိုက်လဲကြိုက်သောသူ

သာသနာနဲ့ကြုံနေသော်လည်း မကြိုက်တဲ့သူဆိုတာ ဗုဒ္ဓဘာသာဖြစ်ပြီး ဝိပဿနာတရားကို နာကြား အားထုတ်ခြင်း မပြုတဲ့သူတွေပဲ။ ဒါန၊ သီလ၊သမထဆိုတဲ့ လောကီကုသိုလ်များကတော့ သာသနာပမှာလဲရှိတယ် သာသနာတွင်းမှာလဲရှိတယ်။ အချိန်မရွေး လုပ်လို့ရပါတယ်။ မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရားကတော့

www.burmeseclassic.com

www.burmeseclassic.com



သာသနာ ငါးထောင်အတွင်းမှာသာရနိုင်တယ်။

ကျန်တဲ့အချိန်မှာ မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရားကို နာကြားအားထုတ်ချင်ပါတယ်ဆိုလဲ ဟောကြားပြသပေးနိုင်သူမရှိတော့ဘူး။ ပြီးတော့ ဝိပဿနာတရားဆိုတာ ဉာဏ်ပညာအရာသာဖြစ်တော့ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့တွဲပြီး ရှုပွားလို့ရပါတယ်။ သမထလို အလုပ်မရှုပ်လှပါဘူး။

သန်း ဟာ . . . တပည့်တော်တို့သိထားတာနဲ့ တခြားစီ ဖြစ်နေပါလား ဆရာတော်။

နုပ် မင်းတို့က ဘယ်လိုသိထားလို့လဲ။

သန်း တပည့်တော်တို့ သိထားတာက . . . မဂ်ဖိုလ်ရချင်တယ်ဆိုရင် သားမယားတွေစွန့်၊ စီးပွားရေးတွေစွန့်ပြီး တောထွက်အားထုတ်မှပဲ မဂ်ဖိုလ်ကိုရမယ်လို့ ထင်ထားတယ်ဘုရား၊ လူပုဂ္ဂိုလ်အများစုကတော့ ဒီတိုင်းပဲထင်ထားတာများတယ်ဘုရား။ အခုတပည့်တော်တောင် သုံးလကျော်လောက် မိဘ၊ ညီအစ်ကို၊ မောင်နှမတွေ ပစ်ပြီး တောထွက်လိုက်ရသေးတယ်။

နုပ် အေး၊ တို့ဗုဒ္ဓဘာသာတွေ အဲဒီတစ်ဝက်မှန် တစ်ဝက်မှား အယူအဆကြီးကြောင့် ဝိပဿနာတရားနဲ့ဝေးနေကြတာပဲ။

သန်း ဘာဖြစ်လို့ တစ်ဝက်မှန်၊ တစ်ဝက်မှား အယူအဆလို့ ပြောရတာလဲဘုရား။

နုပ် တစ်ဝက်မှန်ဆိုတာက သားပစ်၊ မယားပစ်၊ သမီးပစ်၊ စီးပွားရေးတွေပစ်ပြီး တောထွက်ကျင့်မှ မဂ်ဖိုလ်ရတဲ့



ပုဂ္ဂိုလ်နှစ်ထောင်ကျော်လောက် ဗုဒ္ဓလက်ထက်ကရှိခဲ့ဘူးလို့ပဲ။ တစ်ဝက်မှားဆိုတာက တောမထွက်ပဲ ကိုယ့်အိမ်မှာ သားမယားနဲ့ နေရင်း စီးပွားရေးလုပ်ရင်း ဝိပဿနာ ရှုပွားသွားကြလို့ အရိယာဖြစ်သွားတဲ့သူတွေ ကုဋေနဲ့ချီပြီး ရှိခဲ့လို့ပဲ။

သာဝတ္ထိမြို့မှာ လူဦးရေ ခုနစ်ကုဋေရှိတယ်။ ငါးကုဋေက အရိယာတွေ၊ ရာဇဂြိုလ်မှာ လူဦးရေ ကိုးကုဋေရှိတယ်။ ခုနစ်ကုဋေကအရိယာတွေ၊ သူတို့ဟာ နေ့စဉ် ဗုဒ္ဓနဲ့ တပည့်သာဝကတွေဆီက ပရမတ်တရား ခါတ်တရားတွေကို နာကြားနည်းယူပြီး ဝိပဿနာကို စီးပွားရေးနဲ့တွဲဖက်ပြီး အားထုတ်ကြသူတွေပေါ့။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့ရတဲ့ ဘုရားရှင်ဟာ တောထွက်ပြီးတရားကျင့်မှ မဂ်ဖိုလ် ရကြတဲ့ ရဟန်း၊ ရဟန်းမ နှစ်ထောင်အတွက်ပဲဆိုရင် ဘယ်သဘာဝကျပါ့မလဲကွ၊ သုဒ္ဓေါဓနမင်းကြီးဆိုရင် တိုင်းပြည်အုပ်ချုပ်တဲ့အလုပ်နဲ့ ဝိပဿနာအလုပ်တွဲဖက်လိုက်တာ မင်းအဖြစ်နဲ့ပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံခဲ့တယ်။ မစ္ဆိကာသဏ္ဍမြို့က စိတ္တ သူကြွယ်ဆိုရင်လဲ စီးပွားရေးနဲ့ တွဲဖက်ပြီး ဝိပဿနာ ရှုပွားလိုက်တာ အနာဂါမ် ဖြစ်သွားတယ်။ ဗုဒ္ဓလက်ထက်က ထေရိကာ ဆိုတဲ့ အိမ်ရှင်မလေးဆိုရင် အိမ်မှုကိစ္စ အလုပ်တစ်ခု ဖြစ်တဲ့ အစိမ်းကြော်ကြော်ရင်း ဝိပဿနာရှုပွားလိုက်တာ အနာဂါမ် တည်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သန်း အစိမ်းကြော်ကြော်ရင်း တရားရှုပုံကို အကျယ် သိချင်ပါတယ် ဆရာတော်၊ ဒါမှ တပည့်တော်တို့လဲ နည်းမှီပြီး ရှုတတ်မှာပေါ့။

နုပ် မပူပါနဲ့၊ အခြေခံတွေပြည့်စုံအောင် ပြောပြပြီးသွားရင် ရှုပုံရှုနည်းတွေ အကျယ်လာတော့မှာပါ။ အဲဒီအခါကျမှ ထေရိကာရဲ့ ရှုပုံရှုနည်းကို အကျယ်ပြောပြမယ်။ နောက် ရာဇဂြိုလ်က ဝိသာခနဲ့ဓမ္မဒိန္နာတို့ သူဌေးဇနီးမောင်နှံ နှစ်ယောက်မှာ ဝိသာခ သူဌေးကြီးက ဘုရားကျောင်းတော်မှာ ညစဉ်ဝိပဿနာတရားတွေ သွားနာတယ်။

ဓမ္မဒိန္နာကတော့ တရားဖက်စိတ်မပါသေးဘူး။ နာရင်းကြားရင်းပဲ ဝိသာခ ဒကာကြီးဟာ တစ်နေ့မှာတော့ အနာဂါမိမဂ်ကို ရသွားတယ်။ ကာမဂုဏ်အာရုံကို ခံစားချင်တဲ့ ကာမရာဂါနုသယကို မဂ်နဲ့ပယ်သတ်ပစ်လိုက်တော့ ဘယ်သောအခါမှ ကာမဂုဏ်ကို မခံစားတော့တဲ့ သူတော်စင်ကြီးဖြစ်သွားတာပေါ့။

ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် အဆင့်တွေ လောက်ရတဲ့နေ့တုန်းကတော့ ဝိသာခဒကာကြီး တရားပွဲကပြန်ရောက်လာလို့ အိမ်ပေါ်ထပ်ကို တက်တော့မယ်ဆိုရင် ဓမ္မဒိန္နာက လှေခါးထိပ်ကနေ လက်ကလေး ကမ်းပေးတယ်။ ဓမ္မဒိန္နာရဲ့လက်ကလေးကို လှမ်းဆွဲပြီး လင်မယားနှစ်ယောက် အပေါ်ထပ်ကို နေ့စဉ်တက်သွားနေကျပေါ့။

အနာဂါမ်တည်တဲ့နေ့ကျတော့ ဝိသာခ ဒကာ



ကြီးဟာ ဣန္ဒြေရင့်ကျက်စွာနဲ့ အိမ်ကိုပြန်လာတယ်။ လသာဆောင်ဝရံတာကနေ ဓမ္မဒိန္နာက ပြုံးပြုံးတွတ်ဆက်တာကိုလဲ ပြန်မကြည့်တော့ဘူး၊ တစ်ခါ လှေခါးထိပ်ကနေ လက်ကလေးကမ်းပေးတော့လဲ လှမ်းမဆွဲတော့ဘူး။ သူ့ဘာသာဘဲ အပေါ်ရောက်အောင်တက်သွားတယ်။

ထမင်းစားတော့လဲ ထွေထွေရာရာ စကားတွေ လျှောက် မပြောတော့ဘူး။ သူ့တရားအသိနဲ့ သူပဲစားနေတယ်။ ညအိပ်တဲ့ အခါကျတော့လဲ တစ်ယောက်တည်း သီးသန့်ခွဲအိပ်ဖို့အခန်း တစ်ခန်းထဲဝင် သွားတာကို တွေ့ရတော့ ဓမ္မဒိန္နာရင်ထဲမှာ ဗလောင်ဆူကုန်တယ်။ ငါ့အပေါ်တစ်စုံတစ်ယောက်နဲ့ အထင်မှားလို့များ ဒီလို အမူအရာပြောင်းတာလားဆိုတာ သိရအောင် ဝိသာခ အခန်းထဲကိုဝင်မေးတယ်။

"အမှန်အတိုင်မပြောရင် ဓမ္မဒိန္နာဟာ ရင်ကွဲပြီး သေနိုင်တဲ့ အနေအထားမှာရှိနေလို့ ဝိသာခက အမှန်ကို ဖွင့်ပြောရတယ်။

"နှမ– မောင်ကြီးမြတ်စွာဘုရား တရားကို နာယူရင်း တရားရလာခဲ့ပြီ မောင်ကြီးမှာ လောကီကာမဂုဏ်အာရုံတွေကို မခံစားလိုတော့ဘူး၊ ဒါကြောင့် ဒီနေ့ကစပြီး မောင်ကြီးကို အကိုအရင်းတစ်ယောက်လိုပဲသဘောထားပါ မင်းကိုလဲ နှမအရင်းတစ်ယောက်လိုပဲ သဘောထားပြီး စောင့်ရှောက်ပါ့မယ်။"

"နှမကတော့ တရားလဲ မရသေး ငယ်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



သူလဲ ဖြစ်နေတော့ နောက်အိမ်ထောင်ပြုနိုင်ပါတယ်။ အိမ်ခြံနဲ့ပစ္စည်းဥစ္စာအားလုံးကို ကြိုက်သလိုစီရင်ပါ။ မောင်ကြီးကတော့ အိမ်ဦးခန်းမှာ ကိုယ့်တရားလေးနဲ့ ကိုယ်နေရရင်တော်ပါပြီတဲ့။''

ဒီစကားမျိုးဟာ တကယ်တရား ရသူတွေရဲ့ ထံကသာ ထွက်လာနိုင်တာပါ။

**သန်း** တပည့်တော်တို့ ပုထုဇဉ်တွေမှာတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ ကာမဂုဏ်တွေကို ခံစားရတာကောင်းတယ်လို့ထင်တယ်။ အနာဂါမ်ပုဂ္ဂိုလ်တွေကျတော့ ခံစားချင်စိတ်တောင်မရှိတော့ဘူးဆိုတော့ တော်တော်အံ့သြစရာ ကောင်းတာပဲဘုရား။ တပည့်တော်တို့ ပုထုဇဉ်တွေမှာတော့ ဒီအာရုံ ငါးပါးခံစားနိုင်ဖို့ အတွက် တစ်ဘဝလုံး တကုန်းကုန်းနဲ့ ရှာလိုက်ရတာ ဖတ်ဖတ်ကို မောလို့။

အနာဂါမ်ပုဂ္ဂိုလ်ကျတော့လည်း ဒီအာရုံတွေကို ခံစားလိုစိတ် မရှိတော့ဘူးဆိုတာကို အန္ဓပုထုဇဉ် အမြင်ကတော့ ငါးကြော်မကြိုက်တဲ့ ကြောင်မိုက်လို့တောင် ပြောချင်ကြမယ်ထင်တယ်ဘုရား။

**နုပ်** ပုထုဇဉ်နဲ့အနာဂါမ်တို့ရဲ့ အသိဉာဏ်ဟာ ကွာခြားသွားပြီ အသိခြင်းမတူလို့ အမြင်ခြင်းလဲမတူတော့ဘူး။ တို့အစ်မ တစ်ယောက် ဖင်တရွတ်သွား ကလေးဘဝက ချေးချေးတုံးတွေ ကောက်စားဘူးတဲ့အကြောင်းတို့ အမေကပြော ဘူးတယ်။ ဒီအစ်မသိတတ်တဲ့အရွယ်ကျတော့ ဟိုမသိ



တတ်တဲ့ ငယ်စဉ်ကလို ချေးချေးကိုမစားတော့ဘူး။ ချေးချေးဆိုတာရွံစရာပဲဆိုတဲ့ အသိဉာဏ်ကို ရသွားလို့ပဲပေါ့။

ပုထုဇဉ်ဘဝတုန်းကဉာဏ်မျက်စိကို အဝိဇ္ဇာတိမ်သလ္လာတွေ ဖုံးထားတော့ ကာမဂုဏ်အာရုံတွေကို ခံစားရတာ အကောင်းလို့ဘဲထင်နေတယ်။ ရွံစရာလို့လည်း မသိဘူး။ တို့အစ်မကလေးအရွယ်က ချေးချေးခြောက်တွေ ကောက်စားသလိုပေါ့။

အနာဂါမ်လည်းဖြစ်သွားရော ကာမဂုဏ်အာရုံမှန်သမျှဟာ ရွံစရာပဲလို့သိသွားတော့ ဘယ်မှာလာပြီး ခံစားချင်တော့မှာလဲ၊ တို့အစ်မ အသက်ကြီးလာတဲ့အခါ ချေးချေးခြောက်ကိုမစားချင်တော့ သလိုပေါ့၊ ဗုဒ္ဓကတော့ ကာမဂုဏ်ခံစားချင်တဲ့သူကို ကုဋ္ဌနူနာသည်နဲ့တူတယ်တဲ့။

ကာမဂုဏ်ခံစားချင်စိတ်ပေါ်လာတာဟာ နူနာရောဂါပိုးတွေထလာတာတဲ့။ နူနာရောဂါပိုးတွေ ထလာတော့ လက်တို ခြေတိုတွေက တအားယားလာတာပေါ့။ ခံစားချင်တဲ့ ကာမဂုဏ်ကို ခံစားနေတဲ့အချိန်ဟာ နူနာရောဂါသည်ကြီး သူ့လက်တွေခြေတွေကို မီးကင်ပေးနေတာနဲ့ အတူတူပဲတဲ့ ကာမဂုဏ်ခံစားလို့ ခဏတာ နှစ်သိမ့်မှုရသွားချိန်ဟာ နူနာပိုးတွေ မီးပူကြောင့် ခဏငြိမ်သွားလို့ အယားပျောက်သွားသလိုပဲတဲ့။

ကာမဂုဏ်ဆိုတာဟာ ဘယ်တော့မှ ခံစားလို့ဝသွားတယ်ဆိုတာမရှိဘူး။ ခဏကြာတော့ နောက်ကာမဂုဏ်တစ်မျိုးကို ခံစားချင်လို့ ထပ်ခံစားသလို နူနာ

www.burmeseclassic.com

www.burmeseclassic.com



ရောဂါသည်ကြီးဟာလဲ ရောဂါပိုးတွေ ပြန်ထလာပြန်လို့ နောက်တစ်ခါမီးထပ်ကင်ရတာနဲ့ တူပြန်တယ်တဲ့။ ဒီတော့ ပုထုဇဉ်တွေ အဆင်းရူပါရုံကိုကြည့်ပြီး ကာမဂုဏ် ခံစား တယ်ဆိုတာ အနူမီးကင်တာပဲပေါ့။

အသံသဒ္ဒါရုံကို နားထောင်ပြီးကာမဂုဏ်ကို ခံစား တာဟာ အနူမီးကင်တာပဲပေါ့။ အနံ့ ဂန္ဓာရုံကို နမ်းရှူပြီး ကာမဂုဏ်ကို ခံစားတယ်ဆိုတာ အနူမီးကင်တာပဲပေါ့။ အရသာ၊ ရသာရုံကိုစားသောက်ပြီး ကာမဂုဏ်ကို ခံစား တယ်ဆိုတာ အနူမီးကင်တာပဲပေါ့ အတွေ့အထိ ဖောဋ္ဌဗ္ဗာ ရုံကို တွေ့ထိပြီး ကာမဂုဏ်ကိုခံစားတယ် ဆိုတာ အနူ မီးကင်တာပဲပေါ့။

အတွေးအကြံ၊ ဓမ္မာရုံကို စိတ်ကူးယဉ်ပြီး ကာမ ဂုဏ်ခံစားတယ်ဆိုတာ အနူမီးကင်တာပဲပေါ့၊ နူနာရောဂါ သည်ဟာ ပိုးတွေထလာတိုင်း မီးကင်နေရတာပါ။ ရောဂါ မပျောက်မခြင်း မီးကင်တဲ့ဒုက္ခ အမြဲရှိနေသလို အန္ဓ ပုထုဇဉ်တွေမှာလဲ ကာမဂုဏ်ကိုခံစားချင်တဲ့ သိမ်မွေ့တဲ့ လောဘ (ကာမရောဂါ နူသယ) ကိုအနာဂါမိမဂ်နဲ့ မပယ် ရသေးသရွေ့ ကာမဂုဏ်ခံစားရတဲ့ ဒုက္ခကို ခံနေရဦး မှာပါ။

သန်း ဆရာတော်ရှင်းပြလိုက်တော့ အိမ်နေလူသားတွေအတွက် မဂ်ဖိုလ်ရဖို့ လမ်းကြီးပွင့်သွားသလိုပါပဲဘုရား။ လူမှုရေး၊ စီးပွားရေးကိစ္စတွေနဲ့အတူ ဝိပဿနာပွားများလို့ရကြောင်း၊ ဆရာတော်အားပေးခဲ့သလို တခြားအားပေးတဲ့ ဆရာ



တော်တွေများ ရှိသေးသလားဘုရား။

နုဝ် ရှိတာပေါ့ ဟောဒီမှာ လယ်တီဒီပနီပေါင်းချုပ် တတိယတွဲ စာမျက်နှာ ၃၁၆ ကနေစပြီး နှစ်မျက်နှာလောက် ဖတ် ကြည့်လိုက်စမ်း။

သန်းလင်းအောင်သည် စာအုပ်ကိုယူကာ အသံထွက်ဖတ် လိုက်သည်။

သန်း ဤဝိပဿနာကမ္မဋ္ဌာန်းအရာမည်သည် အလွန် နက်နဲ သိမ်မွေ့လှ၏။ ဟောပြောပြသဆုံးမသွန်သင်သော ဆရာ နေရာကျလို၏။ သိသင့်သောအရာ၌ နေရာကျသိနိုင် အောင်၊ ဟောပြောမှုထင်မြင်အောင်၊ အားထုတ်ရမည့် အရာ၌ နေရာကျ ထင်ကွက်၊ မြင်ကွက်ပေါ်အောင် ပြသမှု သည်ကား ဆရာ့ တာဝန်တည်း။

ထင်ကွက်မြင်ကွက်ပေါ်ရုံမျှနှင့် ကမ္မဋ္ဌာန်းကိစ္စ ခရီးရောက်နိုင်သေးသည်မဟုတ်၊ ထင်မြင်ရန် အားထုတ် ရန်အချက်ကို ဆရာသွန်သင်ပြသ၍ လုလ္လုကြီး ရိပ်မိ သောအခါ အထင်အမြင် နေ့စဉ်တိုးပွားစေရန် ရဟန်း ဖြစ်ခဲ့အံ့၊ ဆိတ်ငြိမ်ရာတောတောင် အရပ်သို့ဝင်၍ ထက် သန်သော ဝီရိယဖြင့်လရှည်နှစ်များအားထုတ်မှု၊ လူဖြစ် ခဲ့အံ့ အိမ်စီးပွားနှင့်ဖက်တွဲ၍ လရှည်နှစ်များ စွဲမြဲမှု သည်ကား တပည့်၏တာဝန်တည်း။

အာနာပါနအစရှိသော (သမထ) ကမ္မဋ္ဌာန်းမျိုး သည်ကား ပြောဟောမှုအလွန်လွယ်၏။ နိမိတ်အထင် ရအောင် အားထုတ်မှု အလွန်ခဲယဉ်း၏။ အိမ်၌နေ၍

www.burmeseclassic.com

www.burmeseclassic.com



စီးပွားနှင့် ဖက်တွဲခြင်းငှာမရ၊ ဆိတ်ငြိမ်ရာသို့ထွက်၍ အပြင်းအထန်အားထုတ်နိုင်မှ နိမိတ်ကိုရနိုင်၏။

ဝိပဿနာကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းဖြစ်နိုင်၏။ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏။ လှေသွားရင်း၊ ဝန်ထမ်းရင်း၊ ရောင်းရင်း၊ ဝယ်ရင်း၊ အစရှိသည်ဖြင့် အိမ်အလုပ် အိမ်စီးပွားနှင့် ဖက်တွဲနိုင်သတည်း။

ဘုရားလက်ထက်တော်၌ သမထကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင်လုပ်နိုင်သောသူသည် အလွန်နည်း၏။ အိမ်၌နေ၍ အိမ်စီးပွားဖက်တွဲ၍ စွဲမြဲကြသူများ၏။ ထိုစကားမှန်၏။ သမထကမ္မဋ္ဌာန်းပေါက်ရောက်သူ လူ၌ အလွန်နည်း၏ ရဟန်းတို့၌သာများ၏။

ဝိပဿနာကမ္မဋ္ဌာန်းပေါက်ရောက်၍သောတာပန် အရိယာဖြစ်ကြသူကား လူ၌အလွန်များ၏။ လူသောတာပန် တစ်ထောင်ကို ရဟန်းသောတာပန် တစ်ယောက်ကျထား၍ ရေတွက်သော်လည်း ရဟန်းဘက်ကသာ ကုန်လေရာ၏။ လူဘက်မှမကုန်လေရာ၊ ဤမျှလောက်များပြားရိပ်ထင်၏။

အဘယ့်ကြောင့်နည်း လောက၌ရှိရင်းကပင် ရဟန်းအလွန်နည်း၏။ လူကမူမဖို့မတိုက်နှင့်အပြည့်ရှိ၏။ လူသောတာပန်လည်း ပြည့်မတတ်ပင်များလှ၏။ ထိုသို့များလှခြင်းက အိမ်စီးပွားနှင့် ဝိပဿနာ တွဲချင်တိုင်း တွဲသာလှသောကြောင့်တည်း။



အယုတ်အားဖြင့် အစေခံ၊ အိမ်ကျွန်မ၊ အခစား ကူလီပင် ဖြစ်သော်လည်း သံဝေသတိ ကောင်းကောင်း ရှိပါလျှင် ဝိပဿနာဖက် တွဲနိုင်တော့သည်သာတည်း။ ဤမျှသောစကားစုဖြင့် ဝိပဿနာမူမည်သည် လူတို့လည်း စွဲမြဲခြင်းငှာ အလွန်ကောင်းလှကြောင်းပြလိုရင်း စကားတည်း။

**နုဝ်** ကဲကဲ တော်ပြီ အခုဖတ်လိုက်တဲ့စကားအရ အိမ်နေလူတွေစီးပွားရေးနဲ့တွဲဖက်ပြီး ဝိပဿနာရှုပွားလို့ရတယ်ဆိုတာ သေချာသွားပြီမဟုတ်လား။

**သန်း** မှန်ပါ သေချာသွားပါပြီဘုရား

**နုဝ်** ဒါဆိုရင်ရှေ့ဆက်ကြရအောင် တစ်နံပါတ်ပုဂ္ဂိုလ်က သာသနာနဲ့ကြုံပြီး မကြိုက်တာ၊ ဘယ်လိုလူတွေရသလဲဆိုတော့ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဝိပဿနာတရားကို မနာကြား၊ မရှုပွားတဲ့သူတွေကို ရတယ်။ နှစ်နံပါတ်ပုဂ္ဂိုလ်က သာသနာကိုကြိုက်သော်လည်း၊ မကြုံတဲ့သူတဲ့၊ ဒီနှစ်နံပါတ်မှာတော့ တစ်ယောက်ပဲရတယ်။ သူကတော့ မြတ်စွာဘုရား ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုးကွယ်တဲ့ ကာဠုဒေဝိလရသေ့ကြီးပေါ့။

ဒေဝိလလို့လဲ အဖျားဆွတ်ခေါ်တယ် ဒီရသေ့ကြီးဟာ သမထကမ္မဋ္ဌာန်းတွေ အားထုတ်လိုက်တာ ရှိသမျှ ဈာန်တွေ၊ အဘိဉာဏ်တွေ အကုန်ရသွားတယ်။ မြေလျှိုး၊ မိုးပျံ၊ ကိုယ်ပျောက် စတာတွေ အကုန်လုပ်နိုင်တာပေါ့။ ဘုရားမပွင့်သေးတဲ့ အချိန်တိုင်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီဈာန်၊ အဘိညာဏ်ရသူကိုဘဲ အမြတ်ဆုံးထားပြီး ဘုရားလို ကိုးကွယ်နေကြရတာပေါ့။

သူ့ရဲ့အဘိညာဏ်မျက်စေ့ကလဲ ဘယ်လောက်တောင် အားကောင်းသလဲဆိုရင် ဖြစ်ခဲ့ပြီးသား ကမ္ဘာပေါင်း လေးဆယ်၊ နောင်ဖြစ်ပျက်မယ့် ကမ္ဘာပေါင်းလေးဆယ်ထိ မြင်နိုင်စွမ်းရှိတယ်။ ဒါပေမယ့် ဝိပဿနာပညာနဲ့မတွဲဖက်ရတဲ့အတွက် သူ့ရဲ့ဈာန်သမာဓိတွေဟာ ဘာမှတန်ဖိုးမရှိဖြစ်ရပုံကို မင်းတွေ့လာရလိမ့်မယ်။

တစ်နေ့တော့သူဟာ နေ့ခင်းဘက် တာဝတိံသာ နတ်ပြည်ကိုရောက်နေတယ်။ လူ့ပြည်ကဆူလို့တဲ့၊ နတ်ပြည်က ဆိတ်ငြိမ်တဲ့နေရာတစ်ခုမှာနေနေတုန်း နတ်သားနတ်သမီးတွေရဲ့ တစ်ခဲနက် စုပေါင်းအော်ဟစ်ကြတဲ့အသံတွေကိုကြားလိုက်ရတဲ့အတွက် အကြောင်းကို မေးကြည့်တော့ လူ့ပြည်မှာ ဘုရားလောင်းမွေးဖွားပြီဆိုတာသိသွားတယ်။

ချက်ခြင်းအဘိညာဏ်တန်ခိုးနဲ့ သုဒ္ဓေါဒနမင်းကြီးနန်းတော်ထဲကြွသွားတော့တာပဲ၊ ဘုရားတရားကို နာကြားရဖို့မပြောနဲ့, ဘုရားအလောင်းတော်ကိုတောင် ဖူးမြင်ခွင့်ရဖို့ဆိုတာ မလွယ်ဘူးမဟုတ်လား၊ နန်းတော်ထဲရောက်တော့ သားလေးကို တွေ့ချင်တယ် ဆိုတော့ သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် ဘုရားအလောင်း မွေးကာစနီတာရဲလေးကို ယူပြရတာပေါ့။

ရသေ့ကြီးရှေ့လည်းရောက်ရော သုဒ္ဓေါဒနမင်း



ကြီးက ဘုရားအလောင်းတော်ရဲ့ လက်ကလေးနှစ်ဖက်ကို ကိုင်ပြီး ရသေ့ကြီးကို ဦးတော်လုပ်ပေးဖို့ ကြိုးစားတယ်။ ဒီအချိန်မှာပဲ ဘုရားအလောင်းရဲ့ ခန္ဓာကိုယ်လေးဟာ ဒေဝီလရသေ့ကြီးရဲ့နဖူးထိပ်နားထိ အလိုလိုမြောက်တက်သွားတယ်။

ဒေဝီလရသေ့ကြီး၊ ငါဘုရားထက်ကြီးမြတ်သောသူသည် လောက၌မရှိ။ ထို့ကြောင့် ငါသည် သင့်ကိုရှိမခိုးထိုက်၊ သင်ကသာ ငါ့ကိုရှိခိုးရမယ်လို့ မပြောသော်လည်း ပြောသကဲ့သို့ဘုရားအလောင်းတော်ရဲ့ ခြေအစုံဟာ ဒေဝီလရသေ့ကြီးရဲ့ နဖူးထိပ်မှာသွားတည်တယ်။ ဒေဝီလရသေ့ကြီးဟာ ဘုရားအလောင်းတော်ရဲ့ ခြေအစုံကိုတရိုတသေဆုပ်ကိုင်ရင်းနဲ့ ဘုရားတကယ်ဖြစ်၊ မဖြစ်ကိုအဘိညာဉ်တန်ခိုးနဲ့ဆင်ခြင်တယ်။

ဘုရားတကယ်ဖြစ်မယ်ဆိုတာလဲ မြင်လိုက်ကရော အားရပါးရ တရိုတသေကြီး ရှိခိုးတယ်၊ သူရှိခိုးပြီးတာနဲ့ အလောင်းတော်ဟာ မင်းကြီးရဲ့ရင်ခွင်ထဲ သို့ အသာလေးပြန်ကျသွားတယ်။ အဲဒီအချိန်ကျမှ ရသေ့ကြီးဟာ အားပါးတရရယ်ခြင်းကိုပြုသလို ရှိုက်ကြီးတငင်ငိုခြင်းကိုလဲ ပြုတယ်။

မင်းကြီးကအဘယ်အကြောင်းကြောင့် ရယ်ခြင်းငိုခြင်းကို ပြုပါသလဲလို့မေးတဲ့အခါ ရသေ့ကြီးက–

"မင်းကြီး သင့်သားတော်ဟာ ဘုရားစင်စစ်ကျောင်း အမှန်ဖြစ်လိမ့်မယ်၊ သင်နဲ့တကွဝေနေယျ အများစုဟာ သင့်

www.burmeseclassic.com

www.burmeseclassic.com



သား ဘုရားရဲ့ ဝိပဿနာတရားတွေကိုနာကြားရပြီး မဂ်ဖိုလ်ကို ရကြလိမ့်မယ်။ သံသရာတစ်လျှောက်လုံး အပါယ်ဘေးကနေ တကယ်ဝေးကြရလိမ့်မယ်။ မဂ်ဖိုလ်ကိုရကြမယ့် သင်တို့လိုဝေနေယျတွေအတွက် ဝမ်းသာလွန်းလို့ ငါအားပါးတရ ရယ်မောခြင်းဖြစ်ပေတယ်''

သင့်သားဘုရားဖြစ်တဲ့အချိန်မှာ ငါကတော့ ရုပ်တရားမရှိဘဲ နာမ်တရားသာရှိတဲ့ အရူပဗြဟ္မာဘုံကို ရောက်နေပြီး ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် ဒီအတိုင်းပဲ အချိန်ကုန်ရတော့မယ်။ သင့် သားဘုရားရဲ့ သစ္စာတရားကို နာကြားခွင့်မရတော့ ဘဝသံသရာမှာ ဘုရားသာသနာကို မမှီလိုက်ရတဲ့အတွက် အရှုံးကြီးရှုံးရပြီ အဲဒီအတွက် ငိုခြင်းဖြစ်တယ်''လို့ဖြေပါတယ်။ အခုဆိုရင် သူပြောတဲ့အတိုင်း အရူပဗြဟ္မာဘုံမှာ ရောက်နေပါပြီ။ ရုပ်တရားမရှိတဲ့အတွက် ဘုရားဖူးလို့မရသလို တရားနာခွင့်လဲမရပါဘူး၊ အင်မတန် ဆုံးရှုံးပါတယ်။ ဒါ့ကြောင့် ဒေဝီလရသေ့ကြီးကို သာသနာကိုကြုံက်ပြီး သာသနာနဲ့ မကြုံတဲ့ပုဂ္ဂိုလ်လို့ဆိုရတာပါ။

**သန်း** ဒါနဲ့ဆရာတော် တပည့်တော်တို့ကြားဖူးတာက ဗြဟ္မာဘုံဆိုတာ လူ့ဘုံ၊ နတ်ဘုံထက်ကိုကောင်းတယ် ဆိုပါလား ဘုရားအခု ဒေဝီလရသေ့ကြီးရောက်တဲ့ ဗြဟ္မာဘုံကတော့ ဘာမှမကောင်းပါလားဆရာတော်။

**နုပ်** အေး ကောင်းတာရှိသလို မကောင်းတာလဲရှိတယ်၊ ဗြဟ္မာဘုံ ၂၀ မှာ အရူပလေးဘုံက နာမ်တရားသာရှိပြီး ရုပ်တရား



မရှိဘူး၊ အသညသတ်ဘုံကျတော့ ရုပ်တရား သာရှိပြီး နာမ်တရားမရှိဘူး၊ ဒီဗြဟ္မာငါးဘုံကတော့ မဂ်ဖိုလ် မရထိုက်တဲ့ ရုပ်ဖြစ်ရှစ်ပါးထဲမှာတောင် ထည့်ထားတယ်။

ကျန်တဲ့ ဗြဟ္မာဘုံ (၁၅)ဘုံကတော့ ရုပ်ရော နာမ်ရော ရှိတယ်၊ ရှိတဲ့ရုပ်ကလည်း ကာမဂုဏ်ခံစားဖို့ အတွက်မဟုတ်ဘူး၊ ဘုရားဖူးဖို့ စက္ခုပသာဒ မျက်စေ့အကြည်ရုပ်ကလေးရှိတယ်၊ သစ္စာတရား နာကြားဖို့ အတွက်သောတပသာဒ နားအကြည် ရုပ်ကလေးရှိတယ် ဒီရုပ်နှစ်မျိုးပဲရှိတယ် ကျန်တာဘာရုပ်မှမရှိဘူး။

**သန်း** အဲဒါမှ ဒုက္ခပဲ ဆရာတော်။

**နုပ်** ဟ ဘာဖြစ်လို့တုန်း။

**သန်း** သကြီန်စာတွေမှာ သိကြားမင်းနဲ့ဗြဟ္မာမင်း အငြင်းအခုန်ဖြစ်ကြလို့ ရှုံးသူခေါင်းဖြတ်ခံစတမ်း အလောင်းအစားလုပ်ပြီး လူ့ပြည်က ကာဝိလမိုင်း(ဗေဒနက္ခတ်) ဆရာကိုလာမေးကြတော့၊ ဗြဟ္မာမင်းရှုံးသွားတယ်ဘုရား ဒါ့ကြောင့် ဗြဟ္မာမင်းရဲ့ဦးခေါင်းကြီးကို သိကြားမင်းကဖြတ်ယူပြီး ဘယ်နေရာမှထားလို့ မရတာနဲ့ နတ်သမီးတွေ တစ်ယောက်လက်တစ်ယောက်ပြောင်းပြီး ကိုင်ကြရတယ်ဆိုတာ ဘယ်လိုလုပ်မလဲဘုရား။

**နုပ်** ဒါက ဟိန္ဒူဗြဟ္မဏဝါဒကလာတဲ့ ဇာတ်လမ်းဘဲ၊ ဘုရားဟောအရ အရူပဗြဟ္မာနဲ့ အသညသတ်ဗြဟ္မာမှ တစ်ပါးကြွင်းကျန်တဲ့ဗြဟ္မာတွေမှာ ရုပ်ရောနာမ်ရောရှိတယ်၊ ရှိတဲ့ ရုပ်ကမျက်စိအကြည်ရုပ်နဲ့ နားအကြည်ရုပ် ကိုယ်အကြည်

www.burmeseclassic.com

www.burmeseclassic.com



ရုပ် နှာခေါင်းအကြည်ရုပ် လျှာအကြည်ရုပ် ဆိုတာတွေ တစ်ခုမှမပါဘူး။

ဒါကြောင့် ဗြဟ္မာတွေဟာ ဘုရားရှင်တရားကို လာနာတဲ့အခါ အကြည်ရုပ်အားလုံးကို ဖန်ဆင်းပြီးတော့ နာကြရတယ် ကိုယ်ဆိုကာမရှိဘူး။ ကိုယ်မရှိမှတော့ ခေါင်းလဲမရှိဘူးပေါ့။ မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်ရှိတယ်ဆိုတဲ့နေရာမှာလဲ မျက်စိအလုံးကြီး နားအကွင်းလိုက်ကြီးကို ပြောတာမဟုတ်ဘူး။

အဲဒါတွေက ပုံသဏ္ဌာန် (သဏ္ဌာနပညတ်) တွေပေါ့၊ အကြည်ရုပ်ဆိုတာက အတုံး၊ အလုံး၊ အခဲ၊ အရှည်၊ အဖတ်၊ အမှုန်အမွှား၊ တစ်ခုမှမဟုတ်ဘူး။ မြင်လို့ရတဲ့သဘောနဲ့ ကြားလို့ရတဲ့သဘောလေးပဲ ဒီရုပ်အကြောင်းတွေက ပရမတ်ရုပ်တွေ တရားရှုဖို့သင်ပေးတဲ့အခါ သေချာနားလည်လာပါလိမ့်မယ်။

သီလ၊ သမာဓိ၊ ပညာသုံးပါးမှာ ပညာဟာ အချုပ်ပဲ၊ ပညာဟာခေါင်းဆောင်ပဲ၊ သီလနဲ့သမာဓိက ပညာရဲ့ အထောက်အပံ့သာဖြစ်တယ်၊ လူအများစု အထင်တအားကြီးတဲ့ သမာဓိဟာ ဝိပဿနာပညာရဲ့ အထောက်အပံ့ကိုမရရင် မဂ်ဖိုလ်ကိုမရစေသည့်အပြင် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိ အယူဝါဒများကိုတောင် ပေါက်ပွားနိုင်တယ်၊ အဲဒီအကြောင်း အကျယ်ကို နောက်အပါတ်မှ ဆက်ကြရအောင်။

* * * * *

အခန်း (၇)

## ပညာမပါသော သမာဓိကအယူမှားများဖြစ်စေပုံ

သန်း ဝိပဿနာပညာရဲ့ အထောက်အကူကို မရတဲ့ သမာဓိဟာ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိတွေကိုတောင် ဖြစ်စေနိုင်တယ်ဆိုတော့ တော်တော်ကြောက်စရာ ကောင်းပါ့လား ဆရာတော်။ အနီးကပ်ဆရာကောင်းမရှိဘဲ သမထချည်း လုပ်နေတဲ့သူတွေ မဂ်ဖိုလ်ရဖို့မလွယ်တဲ့အပြင် အယူမှားတွေတောင် ဖြစ်နိုင်တာပေါ့ ဆရာတော်။

နုပ် အေး ဟုတ်တယ်၊ ဘုရားမပွင့်မီခေတ်က တချို့လူတွေဟာ သမထတွေအားကြိုးမာန်တက် အားထုတ်ပြီး ဈာန်အဘိညာဏ်တွေရလာကြတယ်၊ ရလာတဲ့သမာဓိကတော့ အမြင့်ဆုံးပေါ့။ ဒါပေမဲ့ ဝိပဿနာပညာမပါတော့ အယူမှားတဲ့ စွဲလမ်းမှုတွေ ဖြစ်ပြီး မဂ်ဖိုလ်နဲ့ ဝေးသထက်ဝေးကြရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သမာဓိတရားကို အကောင်းဆုံးကနေစပြီး စီတန်းလိုက်မယ်ဆိုရင်–

( ၁) အရဟတ္တမဂ်နဲ့ ယှဉ်တဲ့သမာဓိ
( ၂) အနာဂါမိမဂ်နဲ့ ယှဉ်တဲ့သမာဓိ
( ၃) သကဒါဂါမိမဂ်နဲ့ ယှဉ်တဲ့သမာဓိ
( ၄) သောတာပတ္တိမဂ်နဲ့ ယှဉ်တဲ့သမာဓိ
( ၅) ဝိပဿနာဉာဏ်နဲ့ ယှဉ်တဲ့ဈာနသမာဓိ
( ၆) ဝိပဿနာဉာဏ်နဲ့ ယှဉ်တဲ့ဥပစာရသမာဓိ
( ၇) ဝိပဿနာဉာဏ်နဲ့ ယှဉ်တဲ့ ခဏိကသမာဓိ

ဆိုပြီး (၇) မျိုးထွက်လာမယ်။ ဒီသမာဓိ (၇)မျိုးလုံးကို သေချာဆန်းစစ်ကြည့်လိုက်တဲ့အခါ မဂ်ဉာဏ် သို့မဟုတ် ဝိပဿနာဉာဏ်တစ်ခုနဲ့ ယှဉ်မှသာ တန်ဖိုးရှိတယ်ဆိုတာ ပေါ်လာတယ်။ မဂ်ဉာဏ် ဝိပဿနာဉာဏ်နဲ့ မယှဉ်တဲ့ အတွက် ဈာန်နဲ့ယှဉ်တဲ့ သမာဓိတွေရသော်လည်း အယူမှားတွေသာထပ်တိုးလာရတဲ့ ပုဂ္ဂိုလ်များအကြောင်းကို သီလက္ခန်ပါဠိတော်က အကျဉ်းချုပ်ထုတ်ပြဦးမယ်။

ရှေးတုန်းကရသေ့ကြီးတစ်ပါးဟာ သမထကို ပြင်းထန်စွာ အားထုတ်တဲ့အတွက် ဈာန်အဘိညာဉ် တွေရတယ်။ ရလာတဲ့အဘိညာဉ်တန်ခိုးနဲ့ကြည့်လိုက်တာ သူ့ရဲ့ ဘဝတစ်သိန်းအတွင်းဖြစ်ခဲ့တဲ့ ခန္ဓာအစဉ်ကို မြင်ရတယ်။ ဒီတော့သူဟာ ဩော် သတ္တဝါတွေဟာ ဘဝတစ်သိန်း အတွင်းသာ သေလိုက်ဖြစ်လိုက်နဲ့ ပြောင်းလဲနေကြတာ ဘဝတစ်သိန်းက ရှေ့မှာဖြစ်ကြတဲ့ ခန္ဓာအစဉ်တွေက



တော့ မပျက်မစီး အမြဲတည်ကြရတယ် ဆိုတဲ့သဿတ ဒိဋ္ဌိကြီး လောကမှာပေါ်လာရတာပေါ့။

နောက်ရသေ့တစ်ပါးကလဲ ဒီလိုဘဲ သမထကို ပြင်းထန်စွာ အားထုတ်ရင်းနဲ့ ရလာတဲ့ဈာန်အဘိညာဉ် ကို အသုံးပြုပြီးကြည့်လိုက်တာ သံဝဋ္ဋ ဝိဝဋ္ဋကပ်ပေါင်း တစ်ဆယ်အတွင်းရှိ ခန္ဓာအစဉ်ကို မြင်သွားတယ်။ ဒီတော့ သူကဘယ်လိုယူဆလဲဆိုတော့ သတ္တဝါတွေဟာ သံဝဋ္ဋ ဝိဝဋ္ဋကပ်ပေါင်း တစ်ဆယ်အတွင်းမှာသာ သေလိုက်၊ ဖြစ်လိုက်နဲ့ ပြောင်းလဲကြရတယ်။

ထိုမှ ရှေးအဖို့ဖြစ်တဲ့ ခန္ဓာသခၤါရတွေကတော့ မအို၊ မနာ၊ မသေ အမြဲတည်တာပါလားဆိုပြီး ဒုတိယ တစ်မျိုးဖြစ်တဲ့ သဿတ ဒိဋ္ဌိကြီး လောကမှာ ပေါ်လာ ပြန်တယ်။ ဟိန္ဒူဘာသာဆိုတာ အဲဒီလို ဈာန်အဘိညာဉ် ရတဲ့ ရသေ့တွေရဲ့ ဟောပြောပြသချက်တွေကနေစပြီး ဖြစ်လာခဲ့တာပါ။

တကယ်တော့ ဘယ်ကပ် ဘယ်ကမ္ဘာမှာဖြစ်တဲ့ ခန္ဓာ ဖြစ်ဖြစ်၊ ဖြစ်ပျက်ကုန်ဆုံးရတာချည်းပါ။ ဖြစ်ခြင်း သဘောတရား ရှိတဲ့အရာဟာ ပျက်ခြင်းသဘောတရား ရှိတာပဲဆိုတဲ့ ဝိပဿနာပညာမရှိတော့ သူတို့အဘိညာဉ် အစွမ်းရှိသလောက်နဲ့ မြင်ရတဲ့နေရာ ကွက်ကွက်လေး ကိုပဲ အို နာ သေ ဖြစ်ပျက်ဆိုတာ ရှိတယ်။

သူတို့အဘိညာဉ်အစွမ်းနဲ့ မမြင်ရတဲ့ဘဝ ခန္ဓာ တွေကိုတော့ မြဲလောက်တယ်လို့ ယူပြီး ထင်တာ

www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုသာမှန်းဆပြီး ပြောတာပါ။ တကယ်ပြတ်ပြတ်သားသား သိလို့ပြောခဲ့တာမဟုတ်ပါဘူး။ ဒါ့ကြောင့်လည်း မှားကုန်တာပေါ့။ အခုနမူနာထုတ်ပြတဲ့ နှစ်ခုက ရုပ်နာမ်ကို မြဲတယ်လို့ အယူမှားတဲ့ သဿတဒိဋ္ဌိပေါ့။

တချို့သော ပုဂ္ဂိုလ်ရဲ့ ရုပ်နာမ်ကမြဲပြီး၊ တချို့သော ပုဂ္ဂိုလ်ရဲ့ ရုပ်နာမ်က မမြဲဘူးလို့ အယူမှားတဲ့ ဧကစ္စသဿတဝါဒကြီး ပေါ်ပေါက်လာပုံကို ပြောဦးမယ်။ ကမ္ဘာတည်စက ပထမဈာန်ဘုံမှ စုတေပြီး လူ့ပြည်ကို ရောက်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ကာမဂုဏ်တွေ စွန့်ပြီး ရသေ့ပြုကာ သမထကို အားထုတ်တယ်။ အဘိညာဉ်ကိုရတယ်။

သူရလာတဲ့အဘိညာဉ်က နောက်တစ်ဘဝကိုပဲ မြင်နိုင်တယ်။ မြင်နိုင်သလောက်ကို ကြည့်လိုက်တော့ ပထမဈာန် ဗြဟ္မာဘုံက လာခဲ့တာကို တွေ့သွားတယ်။ အဲဒီလိုကြည့်ရင်းနဲ့ ငါတို့ရဲ့ အရှင်ဗြဟ္မာမင်းကြီးရော ရှိသေးလားလို့ကြည့်လိုက်တော့ ရှိနေသေးတာကို တွေ့သွားပြန်တယ်။

ဒီတော့ သူကဘယ်လိုယူဆသွားသလဲဆိုတော့ ဪ တို့အရှင်သခင်ဗြဟ္မာကြီးဟာ မအို၊ မနာ၊ မသေ အမြဲတည် နေတာပါလား။ လောကကြီးကိုလည်း ဒီဗြဟ္မာကြီး ဖန်ဆင်းတာပဲ။ သတ္တဝါတွေကိုလည်း ဒီဗြဟ္မာကြီး ဖန်ဆင်းတာပဲ။ ဒီဗြဟ္မာကြီးဟာ သတ္တဝါတို့ရဲ့ အရှင်သခင်ပဲ။ ဗြဟ္မာကြီးဖန်ဆင်းလိုက်တဲ့ သတ္တဝါတွေသာ



အိုကြရ၊ နာကြရ၊ သေကြရတာပဲဆိုပြီး ဧကစ္စသဿတဝါဒကြီး လောကမှာပေါ်လာရပြန်တာပေါ့။

ဒီနေရာမှာ ပြတ်နေတဲ့ကွင်းဆက်လေးတစ်ခုကို ပြောပြရဦးမယ်။ အဲဒီပထမဈာန်ဘုံမှာ မဟာဗြဟ္မာကြီးက ပထမဆုံးလာဖြစ်တယ်။ သူရောက်လာတဲ့အချိန်မှာ တခြားဘယ်ဗြဟ္မာမှ ရောက်မလာသေးဘူး။ တစ်ယောက်တည်း နေရတာကြာလာတော့ မဟာဗြဟ္မာကြီးက အဖော်တွေ ရောက်လာရင်ကောင်းမယ်ဆိုပြီး စိတ်ထဲက တောင့်တတယ်။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို မဟာဗြဟ္မာကြီး တောင့်တတဲ့အချိန်နဲ့ တစ်ဆက်တည်းမှာပဲ တခြားဘုံဘဝက စုတေလာကြသူတွေဟာ ပထမဈာန်ဘုံကို ဗြဟ္မာအဖြစ်နဲ့ ရောက်လာကြတယ်။ ဒီတော့ မဟာဗြဟ္မာကြီးက ရောက်လာတဲ့နောက်ရောက်ဗြဟ္မာတွေဟာ ငါ့စိတ်ကဖန်ဆင်းလို့ ဖြစ်လာတာပဲလို့ ထင်သွားတယ်။

နောက်ရောက်လာတဲ့ ဗြဟ္မာလေးတွေကလည်း သူတို့ထက်အရင်ရောက်ပြီး သူတို့ထက် သက်တမ်းပေါင်းများစွာ ပိုရှည်နေတဲ့ ဗြဟ္မာကြီးကို သိပ်အထင်ကြီးကြတယ်။ တခြားဗြဟ္မာလေးတွေက သေလိုက်၊ နောက်အသစ် ရောက်လာလိုက်နဲ့ ပြောင်းလဲနေပေမယ့် မဟာဗြဟ္မာကြီးက သက်တမ်းက တအားရှည်နေတော့ သေတာကိုမတွေ့ကြရဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီမဟာဗြဟ္မာကြီးဟာ ငါတို့ကို ဖန်ဆင်းထားတာဖြစ်မယ်။ ငါတို့က အိုနာသေရှိပေမယ့် မဟာဗြဟ္မာကြီးကတော့ အို၊ နာ၊ သေ မရှိဘူးဆိုပြီး ကေစ္စသဿတဒိဋ္ဌိကို ဗြဟ္မာ ဘဝကတည်းက ယူခဲ့ကြတယ်။ လူ့ဘဝရောက်တော့လဲ စောစောက ပြောတဲ့အတိုင်း ရလာတဲ့အဘိညာဉ်တန်ခိုးနဲ့ကြည့်လိုက်တော့ အရင်ကအတိုင်းပဲ ပြန်တွေ့ရတော့ အရင်ကအတိုင်းပဲ ကေစ္စ သဿတဒိဋ္ဌိကို ပြန်ယူတော့တာပဲပေါ့။

''နောက်နတ်ပြည်မှာ ခိဍ္ဍပဒေါသိကနတ် ဆိုတာရှိတယ်။ အရယ်သန်တဲ့နတ်လို့ အဓိပ္ပါယ်ရတယ်။ ဘယ်လောက်ထိ အရယ်သန်သလဲဆိုရင် တစ်ခါတစ်ရံ တစ်ဆက်တည်းရယ်နေလိုက်တာ နတ်သုဓာ စားချိန် တောင်လွန်သွားရောတဲ့။ ဒီတော့ သူတို့ခန္ဓာကိုယ်က သိပ်နူးညံ့တော့ ပါစကဝမ်းမီးက လောင်ပစ်လိုက်တာ ချက်ခြင်းသေတာပဲ။

ဒီနတ်ကသေပြီး လူ့ဘဝရောက်တဲ့အခါ သံဝေဂ ဉာဏ်ရပြီး တောထွက်ရသေ့ပြုပြီး သမထတရားကို အားထုတ်တော့ အဘိညာဉ်ကိုရပြန်တာပေါ့။ သူ့အဘိ ညာဉ်ကလဲ နောက်တစ်ဘဝသာမြင်နိုင်တဲ့ အဘိညာဉ် မျိုးပဲ။ အဲဒီအဘိညာဉ်နဲ့ပြန်ကြည့်တော့ တခြားနတ်တွေ မသေသေးတာကို တွေ့သွားတယ်။

ဒီတော့ သူကဘယ်လိုအထင်မှား ပြန်လဲဆိုတော့ ဩော် ငါတို့ခိဍ္ဍပဒေါသိကနတ်မျိုးသာဖြစ်ရ၊ ပျက်ရ၊



ပြောင်းလဲရတာ တခြားနတ်တွေကတော့ အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိသေးပါ လားဆိုပြီး သူမြင်တဲ့အတိုင်း ဟော ပြောတဲ့အတွက်ကြောင့် လောကမှာ ကေစ္စသဿတ ဝါဒကြီး ပေါ်လာပြန်တာပဲပေါ့။

သူတစ်ပါးစည်းစိမ်ကို မနာလိုငြူစူတဲ့ ဣဿာ စိတ်နဲ့ အချိန်အကြာကြီးထိုင်ကြည့်မိပြီး နတ်သုဓာ စား ချိန်မှာ မစားမိတဲ့အတွက် သေရတဲ့နတ်များကို မနောပ ဒေါသိကနတ်လို့ ခေါ်တယ်။ သူတစ်ပါးစည်းစိမ်ကို မနာ လိုတဲ့စိတ်ဟာ နတ်ပြည်ထိတောင် လိုက်ဒုက္ခပေးတာ ကိုကြည့်ပြီး လူတိုင်းသတိသံဝေဂရဖို့ကောင်းတယ်။

ဒီမနောပဒေါသိကနတ်တွေလဲ အထက်က ခိဍ္ဍပဒေါသိကနတ်တွေလို လူ့ပြည်ရောက်လာတဲ့အခါ အဘိညာဉ်ရအောင် ကျင့်ပြီးနောက်တစ်ဘဝကို ပြန်ကြည့် ရင်းက ကေစ္စသဿတဒိဋ္ဌိ တစ်မျိုးပေါ်ပေါက်လာ ပြန်တာပဲပေါ့။

ဒီနတ်တွေကိုကြည့်ပြီး မန်လည်ဆရာတော် ဘုရားကြီးက မဃဒေဝ လင်္ကာသစ်မှာ–

*သူ့ဌ်ပြည့်စုံ၊ စည်းစိမ်ပုံကို*
*မြင်တုံဘိလည်း၊ မျက်စိရှုးဝင်*
*မရှုချင်အောင်၊ ဝမ်းတွင်လှိုက်ဆူ*
*မငြူစူနှင့်၊ ငြူစူတတ်က၊*
*နတ်မဟာရာဇ်၊ ဒေဝါဖြစ်လည်း*
*စင်စစ်လျှင်ဆော၊ လတ်တလောဖြင့်*

www.burmeseclassic.com

www.burmeseclassic.com



*မနောပဒေါသိ ၊ မြင်ရှိစိတ်ဆိုး။*
*နတ်အမျိုးတို့၊ နွမ်းညှိုးခန္ဓာ*
*သေလွယ်စွာ၏။*
*လို့ ရေးစပ်တော်မူခဲ့တာပေါ့။*

**သန်း** အခုတော့ ရှင်းပါပြီဘုရား အရင်တပည့်တော်တို့ သိထားကြတာက သမထသာစိုက်မှတ်နေလိုက်။ သမာဓိအားကောင်းပြီး စိတ်ကြည်လင်လာရင် သဘောမှန်ကို အလိုလိုမြင်ပြီး တရားရမယ်လို့ထင်ထားတာဘုရား။

**နုပ်** အေး အဲဒီမေးခွန်းကိုတော့ ငါကိုယ်တိုင်ဖြေတာထက် နမ္မားဆရာတော်အရှင်ဉာဏဖြေတာက ပိုကောင်းတယ်။ ရော့ ဒီမှာစာအုပ် စိတ္တဝိသုဒ္ဓိ (သမာဓိ) စစ်တမ်းစာအုပ် စာမျက်နှာ ၃၀၉ ကနေ စဖတ်ကြည့်စမ်း။

**ဆရာ** (သမာဓိအားကောင်းပြီး) စိတ်ကြည်လင်ရင် သူ့ဖာသာအမှန်ကိုမြင်တယ်ဆိုလျှင် နေဝသညာနာသညာ ဗြဟ္မာ၏ သမာဓိလောက် ကြည်လင်တာ ဘယ်ပုဂ္ဂိုလ်မှာရှိသလဲ၊ ဘယ်သူမှ မရှိပါဘူး။ ဒီလောက်သမာဓိ ကောင်းသော ဘုံတွေသည် သောတာပတ္တိမဂ်ဉာဏ်ကို မရနိုင်သောကြောင့် ရပ်ပြစ်ရှစ်ပါးထဲသို့ သွင်းထားရတယ် မဟုတ်လား။

ပြီးတော့ သောတာပန်မဖြစ်ပဲ အထက်မဂ်ကိုလည်း မရကောင်းပါဘူး။ သောတာပန်တည်ဖို့ သောတာပန်အင်္ဂါကို မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောတာက



## သောတာပန်တည်ဖို့အင်္ဂါ

| | | |
|---|---|---|
| သပ္ပုရိသသံသေဝ | = | ဒိဋ္ဌိကွာအောင် ဟောပေးနိုင်သော ဆရာကောင်းကိုမှီဝဲ |
| သဒ္ဓမ္မသဝန | = | ဒိဋ္ဌိကွာကြောင်း တရားကိုနာကြား |
| ဓမ္မာနုဓမ္မပဋိပတ္တိ | = | ခန္ဓာငါးတန်ရုပ်နှင့် နာမ်ကို ငါထင်မှုကို စွန့်တဲ့၊ ပုဂ္ဂလပညတ်မှာ ဟောတာက |
| ပရတော ဃောသ | = | သူတစ်ပါးထံမှ တရားနာ |
| ယောနိသောမနသိကာရ | = | ရှိရှိသေသေဆင်ခြင်ခြင် |

"အဲဒီလိုတရားနာဖို့ချည်း ဟောတာကလားကွဲ့.

**ဆောင်စိန်** နေယျပုဂ္ဂိုလ်ဆိုတာ တရားနာရုံနှင့် ဘယ်ရမလဲ အလုပ်လုပ်မှရမှာမဟုတ်လားဘုရား။

**ဆရာ** အလုပ်ဆိုတာ တရားနာတာရယ်။ နာပြီးလျှင် သဘောပေါက်အောင်ဆင်ခြင်တာရယ်။ အဲဒါကို အလုပ်လို့ခေါ်တာကွဲ့။ ဒီပြင်အလုပ်မရှိဘူး။ မြတ်စွာဘုရားက ပုဂ္ဂလပညတ်မှာ နေယျပုဂ္ဂိုလ်၏အင်္ဂါကို ဟောခဲ့တယ်။

ဥဒ္ဒေသတော၊ အကျဉ်းအားဖြင့် တရားကို နာရအောင် ဆောင်ရွက်။ ဒါမှမရလျှင် ပရိပုစ္ဆတော၊ အကျယ်တဝင့်တရားကိုနာ၊ ဒါမှ မရသေးလျှင် ကလျာဏမိတ္တေ ပယိရုပါသတော၊ သပ္ပုရိသကို အဖန်တလဲလဲဆည်း

www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီး မရှင်းလင်းသမျှမေးမြန်း၍ ဆင်ခြင် နှလုံးသွင်းတဲ့ အဲဒီလိုသာ ဟောခဲ့တာကွဲ့။

**မောင်စိန်** တရားဟာ ဝါဆိုလပြည့်နေ့တို့ သီတင်းကျွတ် လပြည့်နေ့တို့မှာ မြန်မာတစ်ပြည်လုံး မနာသောသူ မရှိလောက်အောင်ပဲ တရားနာကြပါတယ်။ ဘယ်မှာသောတာပန် တည်ပါသလဲဘုရား။

**ဆရာ** အဲဒါက တရားနာသူ၏ ချွတ်ယွင်းမှု၊ တရားဟောသူ၏ ချွတ်ယွင်းမှုလို့ နှစ်မျိုးရှိတယ်။ တရားနာသူ၏ ချွတ်ယွင်းမှုကို ဆိုဦးမယ်။ တရားနာသော်လဲ တရားရအောင် ရယ်လို့ မရည်ရွယ်ဘူး။ ထုံးစံရှိလို့နာကြတယ်။ တချို့က အိပ်ငိုက်ရင်း နာတယ်၊ တချို့က တောင်တွေးမြောက်တွေး နာတယ်။ တချို့က ဝတ္ထုကြောင်းနှင့် ရယ်စရာလောက်ကိုသာ အရေးစိုက်တယ်၊ တရားကို အရေးမစိုက်ဘူး။ အဲဒီလို ယောနိသောမနသိကာရအင်္ဂါ၊ ဓမ္မာနုဓမ္မပဋိပတ်အင်္ဂါပျက်ကြတာကြောင့် သောတာပန် မတည်ဘူး။ တရားဟောသူ၏ ချွတ်ယွင်းမှုကို ပြောဦးမယ်။ တချို့က သီချင်းနှင့် ရယ်စရာကို တရားလုပ်ဟောတယ်။

တစ်ချို့က ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာမျှကိုသာ ဟောတယ်၊ တရားကိုမဟောဘူး။ တချို့က စာကို တရားလုပ်၍ဟောတယ်၊ တစ်ချို့က လေးတန်းမအောင်သေးသူကို ဆယ်တန်းမေးခွန်း မေးသလို ဒိဋ္ဌိသေအောင် အရင်မပြဘဲ အရဟတ္တမဂ်နှင့်သာ တန်



သော တဏှာသတ်တရားကိုဟောတယ်။ နမ်နှင့် မတားနားနှင့်မတန်တာကို ဟော၍ ယုတ်တမ်းရမ်းတုပ်နေကြတယ်။

"အဲဒီလိုတရားဟော ပုဂ္ဂိုလ်ဘက်က သပ္ပုရိသအင်္ဂါပျက်နေကြသောကြောင့် သတ္တဝါတွေ သောတာပန် မတည်ဘူး။ မြတ်စွာဘုရားက

*တယောမေဘိက္ခဝေ အပဟာယ*
*ရာဂံပဟာတုံ၊ ဒေါသံပဟာတုံ၊ မောဟံပဟာတုံ၊*
*အဘဗ္ဗော ကတမေတယော သက္ကာယဒိဋ္ဌိ*
*ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော*

လို့ ဟောတော်မူတယ်။ အဓိပ္ပါယ်ကတော့

သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသတို့ကို မပယ်သေးပဲ ရာဂဒေါသ၊ မောဟတို့ကို ပယ်၍ မရဘူးတဲ့ကွဲ့။

**မောင်စိန်** သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟု သိက္ခာသုံးပါးကို မြတ်စွာဘုရား ဟောတယ်မဟုတ်လား ဘုရား။

**ဆရာ** ဟုတ်ပါတယ်ကွဲ့၊ သို့သော်လဲ ပညာမပါသောသီလသည် မခိုင်မြဲတတ်၊ ပညာမပါသော သမာဓိသည် အမှန်တရားကို မမြင်နိုင်။ သို့အတွက် ပညာပါသော သီလ၊ ပညာပါသော သမာဓိဖြစ်အောင်ပြောနေတာကွဲ့။

**မောင်စိန်** ဒီသမာဓိသည် ဘာကြောင့် အမှန်ကို မမြင်ရတာပါလဲဘုရား။

**ဆရာ** စ၍လုပ်ကတည်းက ပညတ်ကိုအာရုံပြုပြီး ပွားများခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာကွဲ့၊ ပရမတ်ကို အာရုံမပြုဘူး။ မျက်စိနှင့်ကသိုဏ်းဝန်းကို ကြည့်ပြီးပွားတော့ မျက်စိကမြင်တာက ရူပါရုံ၊ နှုတ်ကဆိုတာက ပထဝီ ကသိုဏ်းဝန်းမှာရှိတာက အဝိနိဗ္ဗောဂရုပ် (၈)ပါး။

ဆိုတာရယ်၊ မြင်တာရယ်၊ ရှိတာရယ် ၎င်းသုံးပါးသည် မညီကြဘူး။ တလွဲစီချည်းပဲ။ သို့သော်လဲ စိတ်သည် ကသိုဏ်းဝန်းမှတပါး အခြားကိုမသွားသောကြောင့် ငြိမ်သက်တည်ကြည်တယ်။ ငြိမ်ပေမယ့် စိစစ်မှုမပါသောကြောင့် အမှန်ကို မမြင်တာကွဲ့။

**မောင်စိန်** ဒီလိုဆိုရင် ဘယ်တရားမှ အမှန်ကို မြင်ပါသလဲဘုရား။

**ဆရာ** ဝိပဿနာတရားမှ အမှန်ကိုမြင်တယ်ကွဲ့။ ဝိပဿနာကတော့ တစ်ခုသောတရားကို အမှန်ပေါ်အောင် စိစစ်တယ်။ သမထကဉာဏ်သေး၊ ဝိပဿနာကဉာဏ်ရှင်၊ အဲဒီလို ခြားနားတယ်။ ဝိပဿနာစိစစ်ပုံကို ပြောဦးမယ်။

## ဝိပဿနာ၏ စိစစ်ပုံ

မြတ်စွာဘုရားသည် အာဠာရရသေ့၊ ဥဒကရသေ့တို့ထံမှာ ဈာန်အဘိညာဉ်ကိုရခဲ့တယ်။ အမှန်မမြင်၍ ဘုရားမဖြစ်ဘူး။ ၎င်းနောက် ဥရုဝေဠတောမှာ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကျင့်တယ်။ ဘုရားမဖြစ်ဘူး။ နောက် ဗောဓိပင်အောက်မှာထိုင်ပြီး ဆင်ခြင်တယ်။ ဘယ်လိုဆင်ခြင်သလဲဆိုတော့



သတ္တဝါတွေဘာ့ကြောင့်သေကြရတာလဲဟု အကြောင်းကိုရှာတယ်။ စိစစ်တယ်၊ ဒီတော့ ဩော် ဇာတိဖြစ်မှုရှိလို့ ဇရာ၊ မရဏ၊ အိုရ၊ သေရတာပါလားလို့ ဇာတိပစ္စယာ ဇရာမရဏံ ဆိုတဲ့အကြောင်းအကျိုးတစ်စုံကို မြင်လာတယ်။

နောက်တစ်ခါ ဘာကြောင့် ဇာတိခေါ်ဖြစ်မှုပေါ်ရတာလဲလို့ ဇာတိ၏ အကြောင်းကိုရှာတယ်။ စိစစ်တယ်။ ဒီတော့ ဩော် မျိုးစေ့ရှိလို့ အပင်ပေါက်သလို ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ကမ္မဘဝမျိုးစေ့ကြောင့် ဇာတိခေါ်အပင်ပေါက်မှုဖြစ်တာပါလားလို့ ဘဝပစ္စယာဇာတိကို မြင်လာတယ်။

နောက် ဘာကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံဖြစ်တာလဲဟုအကြောင်းကို စိစစ်ပြန်တော့ အဝိဇ္ဇာကအမှန်တရား သစ္စာလေးပါးကို ဖုံးကွယ်ထားသောကြောင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟု အထင်မှားမှုဒိဋ္ဌုပါဒါန်ဖြစ် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်ကို တောင့်တတဲ့ကာမုပါဒါန်တွေဖြစ်၊ ကာမုပါဒါန်ဖြစ်တော့ ၎င်းကိုအကြောင်းခံပြီး ကုသိုလ်ကံ၊ အကုသိုလ်ကံတွေဖြစ်တာပဲဟု ဥပါဒါနပစ္စယာဘဝေါကိုမြင်လာတယ်။

နောက်ဘာကြောင့် ဥပါဒါန်ဖြစ်တာလဲလို့ အကြောင်းရှာပြန်တော့ မီးတောက်ကလေးကစပြီး မီးတောက်ကြီးဖြစ်ရသလို တဏှာဆိုသော မီးစလေးကြောင့် ဥပါဒါန်ဆိုသော မီးတောက်ကြီးဖြစ်တာဘဲဟု တဏှာပစ္စယာဥပါဒါနံကို မြင်လာတယ်။

နောက်ဘာကြောင့် တဏှာဖြစ်တာလဲဟု အကြောင်းကို စိစစ်ပြန်တော့ အာရုံအရသာကိုခံစားမှုဝေဒနာကြောင့် ဖြစ်ရတာပါကလားလို့ ဝေဒနာပစ္စယာတဏှာကို မြင်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘာကြောင့် ဝေဒနာဖြစ်တာလဲဟု အကြောင်းကို စီစစ်ပြန်တော့ အာရုံ၊ ဒွါရ၊ ဝိညာဉ်သုံးပါးတို့ ပေါင်းဆုံခြင်းခေါ်သော ဖဿကြောင့် ဖြစ်တာပါလားဟု ဖဿပစ္စယာဝေဒနာကို မြင်ပြန်တယ်။

တစ်ခါ ဘာကြောင့် ဖဿဖြစ်တာလဲဟု အကြောင်းကို စီစစ်ပြန်တော့ စက္ခာယတနရှိလို့ ရူပါရုံနှင့်တွေ့နိုင်တာ၊ တွေ့လို့သာ ဝိညာဉ်ပေါ်တာ ပေါ်၍ငင်းသုံးပါးပေါင်းဆုံမိတာဟု သဠာယတန ပစ္စယာဖဿောကို မြင်လာပြန်တယ်။

တစ်ခါဘာကြောင့် သဠာယတန ဖြစ်ရတာလဲဟု အကြောင်းကိုရှာပြန်တော့ ပဋိသန္ဓေတည်စက ကလလရေကြည် အမြှုပ်၊ သားတစ်ဟူသောရုပ်နှင့် ၎င်းရုပ်ကို မှီ၍ဖြစ်သော နာမ် တရား ၎င်းနှစ်ပါးကို အကြောင်းခံပြီးတော့ (ရရ)ရက်ကြာသော အခါ စက္ခာယတနစသော သဠာယတနဖြစ်ရတာပဲဟု နာမရူပ ပစ္စယာသဠာယတနံကို မြင်ပြန်တယ်။

တစ်ခါ ဘာကြောင့် ရုပ်၊ နာမ်ဖြစ်ရတာလဲဟု အကြောင်းကို ရှာပြန်တော့ ပဋိသန္ဓေစိတ်ကြောင့်ဖြစ်ရတာပဲဟု ဝိညာဏ ပစ္စယာနာမရူပံကို မြင်ပြန်တယ်။

တစ်ခါ ဘာကြောင့် ပဋိသန္ဓေဝိညာဉ်ဖြစ်ရတာလဲဟု အကြောင်းကို စီစစ်ပြန်တော့ မျိုးစေ့ကြောင့် အပင်ပေါက်ရသလို ကုသိုလ်ကံ၊ အကုသိုလ်ကံမျိုးစေ့ကြောင့် ဖြစ်ရတာပဲဟု သင်္ခါရ ပစ္စယာဝိညာဏံကို မြင်ပြန်တယ်။

ကုသိုလ်ကံ၊ အကုသိုလ်ကံသည် ဘာကြောင့်သင်္ခါရ ဖြစ်ရ သလဲဟု စီစစ်ပြန်တော့ မျိုးစေ့တို့သည် မြေ၊ ရေနှစ်ပါးနှင့်



မတွေ့လျှင် မပေါက်နိုင် တွေ့မှပေါက်နိုင်တာလို အကုသိုလ် ကုသိုလ်မျိုးစေ့တွေဟာလဲ အဝိဇ္ဇာ = သစ္စာလေးပါး မသိမှုမြေ၊ တဏှာ၊ ဒိဋ္ဌိရေတို့၏ အထောက်အပံ့ကြောင့် ပဋိသန္ဓေအပင်ကို ပေါက်စေနိုင်သော သင်္ခါရဖြစ်ရတာပါလားဟု အဝိဇ္ဇာပစ္စယာ သင်္ခါရာကို မြင်လာတယ်။

အဲဒီလိုအမှန်ပေါ်လာအောင်စီစစ်လို့ အမှန်မြင်ပြီး ဘုရား ဖြစ်ရတာကွဲ့။ အဲဒီလိုစီစစ်မှုရှိမှ ဝိပဿနာ၊ မစီစစ်လျှင် သမထ၊ ဒီလို ဝိပဿနာနှင့် စီစစ်လိုက်တော့ အမှန်ကိုကာကွယ်တဲ့ အဝိဇ္ဇာ အညစ်အကြေးတွေပြောင်စင်ပြီး စိတ္တဝိသုဒ္ဓိအစစ် ပေါ်လာ တော့တာပေါ့ကွဲ့။

နုပ် ကဲ တော်ပါပြီ။ သာသနာနဲ့ကြုံလဲမကြုံ ကြိုက်လဲ မကြိုက်တဲ့ ပုဂ္ဂိုလ်အကြောင်းကို နောက်အပါတ်မှ ဆက်ကြစို့။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ဝိပဿနာတရားကို နာကြားအားထုတ်သင့်ခြင်းအကြောင်းများ

**နုပ်** သာသနာနဲ့ကြုံသော်လည်း သာသနာကို မကြိုက်တဲ့ ပုဂ္ဂိုလ်ကိုမှတ်မိရဲ့လား။ မှတ်မိရင်ပြောစမ်းပါ။

**သန်း** မှတ်မိပါတယ်ဘုရား။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဝိပဿနာတရားကို မပွားများတဲ့ ပုဂ္ဂိုလ်မျိုးပါ။

**နုပ်** သာသနာကို ကြိုက်သော်လည်း မကြုံတဲ့ပုဂ္ဂိုလ် ကရော

**သန်း** ကာဠုဒေဝီလရသေ့ကြီးပါ။

**နုပ်** အေး ဟုတ်ပြီ။ အခုအလှည့်ကျလာတာက သာသနာနဲ့ မကြုံလဲမကြုံ၊ မကြိုက်လဲမကြိုက်တဲ့ ပုဂ္ဂိုလ်ပဲ။ ဘယ်သူတွေကိုရသလဲဆိုတော့ အပါယ်ဘုံသားတွေကိုရတယ်။ သူတို့ဟာ သာသနာကို သာသနာမှန်းတောင် မသိတဲ့အတွက် သာသနာနဲ့ မကြုံဘူးလို့လဲဆိုနိုင်တယ်။



တစ်ခါ သူတို့ဟာ သာသနာကို ကြိုက်ရမှန်းလဲ မသိတဲ့အတွက် သာသနာကိုမကြိုက်ဘူးလို့လဲ ဆိုနိုင်ပြန်တယ်။ စတုတ္ထမြောက် သာသနာနဲ့ကြုံလဲကြုံ၊ ကြိုက်လဲကြိုက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ဒါန၊ သီလ၊ သမထ. တင်မက ဝိပဿနာ ဘာဝနာကိုပါ ပွားများအားထုတ်နေကြသူတွေပေါ့။

**သန်း** တချို့က သာသနာနှစ်ပေါင်း ၂၄၀၀ ကျော် ကျန်ပါသေးတယ်ဆိုပြီး ပေါ့ပေါ့နေကြတယ်ဘုရား။

**နုပ်** အဲဒါ သိပ်မှားတာပေါ့။ အဲဒီကျန်တဲ့ သာသနာ နှစ်ပေါင်း ၂၄၀၀ ကျော်ဟာ ကိုယ်နဲ့ဘယ်လောက်ထိဆိုင်သလဲ ဆိုတာ မစဉ်းစားမိကြလို့ အဲဒီစကားမျိုးကိုပြောတာပါ။ တကယ်တော့ သာသနာနှစ်ပေါင်း ၂၄၀၀ ကျော် ကျန်သေးတယ်ဆိုသော်လည်း ကိုယ်နဲ့တကယ်ဆိုင်တဲ့အချိန်က မသေခင်လေးတင်ပါ။

ဒီနေ့သေတာနဲ့ နက်ဖြန်သာသနာဟာ ကိုယ်နဲ့ မဆိုင်တော့ပါဘူး။ ဒါကြောင့် အသေမဦးခင် ဉာဏ်ဦးအောင်ကြိုးစားပါ ဆိုတဲ့ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို အလေးအနက်ထားပြီးလိုက်နာသင့်တယ်။

ဘာဖြစ်လို့လဲဆိုတော့ အပါယ်လေးဘုံ တစ်ဘုံဘုံများ ကျသွားရင် လူပြန်ဖြစ်ဖို့ရာ တော်တော်ခဲယဉ်းသွားလို့ပဲ။

**သန်း** တော်တော်ခဲယဉ်းသလားဘုရား။

**နုပ်** ခဲယဉ်းတာပေါ့ ဗုဒ္ဓက ဗာလပဏ္ဍိတသုတ်မှာ ဥပမာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေးထားတယ်။ ကာဠကစ္ဆပ = လိပ်ကန်းဥပမာတဲ့ သမုဒ္ဒရာကြီးထဲမှာ အနှစ်တစ်ရာနေမှ ရေပြင်ထက်ကို ခေါင်းလေး တစ်ခါသာပေါ်တဲ့ လိပ်ကန်းကြီးတစ်ကောင် ရှိတယ်။ ဒီသမုဒ္ဒရာကြီးထဲကို အပေါက်တစ်ပေါက်သာ ဖောက်ရသေးတဲ့ နွားလှည်းက ထမ်းပိုးတစ်ချောင်းကို ပစ်ချလိုက်ရမယ်။

ခဲခဲယဉ်းယဉ်းဖြစ်ရမှာက အရပ်လေးမျက်နှာ လှိုင်းပုတ်ရာ မျောချင်သလိုမျောနေတဲ့ ထမ်းပိုးက လိပ်ကန်းကြီးရဲ့ ခေါင်းတည့်တည့်ကိုရောက်လာရမယ်၊ ဒီအချိန်နဲ့ မရှေးမနှောင်းမှာဘဲ ရေအောက်ကလိပ်ကန်းကြီးက အနှစ်တစ်ရာပြည့်လို့ ရေပေါ်ကိုပေါ်လာရမယ်။ တစ်ခါပေါ်လာတဲ့ လိပ်ကန်းကြီးရဲ့ခေါင်းဟာ တစ်ပေါက်တည်းသာရှိတဲ့ ထမ်းပိုးကအပေါက်ထဲကို တန်းတန်းမတ်မတ်ဝင်သွားရမယ်တဲ့။ ကဲ အဲဒီလိုဖြစ်ဖို့ လွယ်ပါ့မလား။

**သန်း** ဒီလောက်ကြီးကတော့ မဖြစ်နိုင်လောက်အောင်ကို ခဲယဉ်းပါတယ်ဘုရား။

**နုပ်** ဒီဥပမာမှာ လိပ်ကန်းကြီးကလဲ မသေရင် ထမ်းပိုးကလည်း ဆွေးပြီးပျက်စီးမသွားရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ တစ်ကြိမ်မဟုတ်တစ်ကြိမ် စွပ်မိကောင်းစွပ်မိနိုင်သေးတယ်တဲ့။ အပါယ်လေးဘုံ တစ်ဘုံဘုံကျသွားတဲ့ လူတစ်ယောက်ကတော့ ဒီလူ့ဘဝကို တစ်ကြိမ်ပြန်ရဖို့ကတော့ အခုပြခဲ့တဲ့ဥပမာထက် အဆပေါင်း သိန်းသန်းမကအောင် ပိုပြီးခဲယဉ်းပါသတဲ့။



**သန်း** ဒီလိုဆိုရင်တော့ အသေမဦးမီ ဉာဏ်ဦးဖို့အရေးကြီးတာပေါ့ဘုရား။

**နုပ်** အေး အရေးကြီးတာပေါ့။ အခုဆိုရင် ဝိပဿနာတရားကို ဘာကြောင့် နာကြားအားထုတ်သင့်သလဲဆိုတဲ့ မေးခွန်းကို အဖြေနှစ်ချက်နဲ့ဖြေပြီးသွားပြီ။ ပထမဖြေခဲ့တာက အန္တပုထုဇဉ် ဘဝကလွတ်ဖို့အတွက် ဝိပဿနာကို နာကြားအားထုတ်သင့်တယ်ဆိုတာပဲ။ ဒုတိယအဖြေက သာသနာနဲ့ ကြုံတုန်းကြိုက်မိစေရန်အတွက် ဝိပဿနာကို နာကြားအားထုတ်သင့်တယ်ဆိုတဲ့အချက်ပဲ။ အခု ဝိပဿနာ အားထုတ်သင့်ခြင်းရဲ့ တတိယအကြောင်းကို ဆက်ပြောမယ်။ တတိယအကြောင်းက ဗုဒ္ဓကို လေးစားသောအားဖြင့်လည်းကောင်း၊ ကျေးဇူးဆပ်သောအားဖြင့်လည်းကောင်း ဝိပဿနာကို နာကြားအားထုတ်သင့်ပါတယ်။

**သန်း** ဒီအကြောင်းကို အကျယ်သိချင်ပါတယ်ဘုရား။

**နုပ်** အေး ငါကလည်းအကျယ်ပြောမှာဘဲ မြတ်စွာဘုရားကို ပထမဆုံးလေးစားရကောင်းတာက သုမေဓာ ရှင်ရသေ့ဘဝပဲ၊ အဲဒီဘဝမှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို လိုချင်ရင် ခဏလေးနဲ့ရနိုင်တယ်။ စာမှာတော့ လက်တော်သို့ရောက်ပြီးသော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို စွန့်လွှတ်တော်မူလျှက်လို့ ဖွင့်ပြထားတယ်၊ ဒါဟာမှန်သော စကားပဲ။

သုမေဓာရှင်ရသေ့ဘဝဟာ ဉာဏ်ပညာ အထက်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ဆုံး ဘဝတစ်ခုဘဲ၊ မြေလျှိုးမိုးပျံနိုင်တဲ့ ဈာန် အဘိညာဉ်ကိုပါရထားတဲ့ တိဟိတ်အာဇာနည် ယောက်ျား တစ်ယောက်ပါ။ ဒီပင်္ကရာဘုရားထံမှာ ဝိပဿနာတရား လေး တစ်ကြိမ်နာလိုက်ရုံနဲ့ ရဟန္တာဖြစ်နိုင်သူပါ။ ဒါပေ မယ့် မယူခဲ့ပါဘူး။

ဘာဖြစ်လို့မယူတာလဲဆိုတော့ မင်းတို့ငါတို့ ဝေနေယျ သတ္တဝါတွေအတွက် မယူတာပဲ၊ သူ့အတွက် သာဆိုရင် အဲဒီဘဝမှာတင် ရဟန္တာအဖြစ်ကိုယူပြီး နိဗ္ဗာန်စံနေလို့ရပါပြီ၊ ဝေနေယျသတ္တဝါတွေကို အပါယ် ဘေးကလွတ်ပြီးမဂ်ဖိုလ်ရစေလိုတဲ့ စေတနာကြောင့် ဘုရားဆုပန်ခဲ့တာပါ။

ဒါကြောင့် မြတ်စွာဘုရားကို တကယ်လေးစား သင့်ပါတယ်၊ ကျေးဇူးလည်းတင်သင့်ပါတယ်။ ဘုရားဖြစ်ဖို့ အတွက် နန်းတော်တွေလှူ၊ သားမယားတွေလှူ၊ အသွေးအသားတွေပါလှူပြီး ဒါနပါရမီတွေဖြည့်ရတဲ့အပြင် သီလ၊ နိက္ခမ၊ ခန္တီ၊ ဥပေက္ခာစတဲ့ ပါရမီ (၁၀)ပါး ကိုဖြည့်ဆည်းရတာလည်း လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း တောင် ကြာပါတယ်။

ပါရမီ (၁၀)ပါးထဲက မင်းတို့ ငါတို့ စိတ်တောင် မကူးရဲတဲ့ ဒါနပါရမီ၊ ခန္တီပါရမီနဲ့ ဥပေက္ခာပါရမီ သုံးမျိုးလောက် ကိုပြောပြမယ်။

**သန်း:** ဘုရားရှိခိုးတွေမှာ ပါရမီဆယ်ပါးအပြားသုံးဆယ် ဆိုတဲ့ စကားမျိုး အမြဲတမ်းတွေ့ရတယ်ဘုရား။ ပါရမီ(၁၀)ပါး



ကတော့ နားလည်ပါတယ်ဘုရား။ အပြား(၃၀)ဆိုတာ ကိုတော့ နားမလည်ဘူးဘုရား။ ပြီးတော့ ပါရမီဆယ်ပါး အဓိပ္ပါယ်အကျဉ်းကိုလည်း သိချင်တယ်ဘုရား။

**နုပ်** ပရမာနံကမ္မံ ပါရမီဆိုတဲ့ ဝိဂြိုဟ်အရ မြင့်မြတ်သူ တို့ရဲ့အလုပ်ကို ပါရမီလို့ခေါ်တယ်။

ပါရမီဆယ်ပါးက .....

| | | |
|---|---|---|
| ဒါန | = | စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း |
| သီလ | = | ကိုယ်နှုတ်မှာ ဒုစရိုက်မဖြစ်အောင် ထိန်းသိမ်းခြင်း |
| နိက္ခမ | = | ကိလေသာမှ ထွက်မြောက်ခြင်း |
| ပညာ | = | အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ထိုးထွင်း၍သိခြင်း |
| ဝီရိယ | = | ပါရမီအလုပ်ကို ထက်သန်စွာ ပြုလုပ်ခြင်း |
| ခန္တီ | = | ညှဉ်းဆဲနှိပ်စက်မှုကိုသည်းခံခြင်း |
| သစ္စာ | = | မှန်ကန်စွာပြောဆိုခြင်း |
| အဓိဋ္ဌာန် | = | ပြီးစီးအောင် လုပ်ဆောင်ခြင်း |
| မေတ္တာ | = | သတ္တဝါတို့ကို ချစ်ခင်ခြင်း |
| ဥပေက္ခာ | = | မိမိကို နှိပ်စက်ညှဉ်းဆဲသူ အပေါ်၌လည်း ဒေါသဖြစ်ကာ မုန်းခြင်းမရှိ၊ မိမိကို ကျွေးမွေးစောင့်ရှောက် ယုယသူ အပေါ်၌လည်း လောဘဖြစ်ကာ ချစ် ခြင်းမရှိဘဲ အလယ်၌ ရပ်တည်နိုင် |

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတို့ပဲ .....

ပါရမီသုံးဆယ်ကွဲပြားသွားပုံက ဒါနပါရမီမှာ ရွှေ ငွေ ဆင် မြင်း အစရှိတဲ့အပေါ်ယံဝတ္ထုပစ္စည်းလောက်ကိုသာ လှူဒါန်းရင် ရိုးရိုးဒါနပါရမီဖြစ်တယ်။ ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိတဲ့ ခန္ဓာကိုယ်အသွေးအသားထိ လှူဒါန်းလာရင် ဒါနဥပပါရမီလို့ ခေါ်တယ်။ ကိုယ့်အသက်ကိုပါ လှူဒါန်းရင်တော့ ဒါနပရမတ္ထပါရမီ လို့ခေါ်တယ်။ သီလနဲ့ပတ်သက်ရင်လည်း ကိုယ်နှုတ်နှစ်ပါးကို သာမန်လောက်သာ စောင့်ရှောက်ရင် ရိုးရိုးသီလပါရမီပေါ့။ ခန္ဓာကိုယ် အသွေးအသားပါအထိခိုက်ခံပြီး စောင့်ရှောက်ရင် သီလဥပပါရမီပေါ့၊ အသက်ပါအသေခံပြီး စောင့်ရှောက်ရန် သီလပရမတ္ထပါရမီပေါ့။ ဒီလို ပါရမီ (၁)ပါးမှာ သုံးပါး သုံးပါးစီ ကွဲထွက်လာတာကြောင့် ပါရမီအပြား သုံးဆယ်ဆိုတာ ဖြစ်လာတာပါ။

**သန်း** ရှင်းပါပြီဘုရား။ တပည့်တော်တို့ စိတ်တောင် မကူးရဲတဲ့ ဒါနပါရမီဆိုတာကို ပြောပါဦးဘုရား။

**နုပ်** မြတ်စွာဘုရား သိဝိအမည်ရှိတဲ့ မင်းတစ်ပါး ဖြစ်စဉ်အခါကပေါ့။ ဗဟိဒ္ဓကပစ္စည်းတွေတင်လှူနေရတာ အားမရဘူး။ အလှူခံသူသာရှိရင် မျက်လုံးနှစ်လုံးကိုတောင် ဖောက်လှူချင်တယ်လို့ ဆန္ဒဖြစ်တော်မူသတဲ့။ ဒီအခါမှာ မျက်မမြင်ပုဏ္ဏား တစ်ယောက်ရောက်လာပြီး မျက်လုံးနှစ်လုံးကို အလှူခံပါလေရော။

ဘုရားအလောင်းတော်ဟာ ဝမ်းသာလိုက်တာ။



ဆွေမျိုးသားချင်းနဲ့ မှူးကြီးမတ်ရာသေနာပတိတွေ ဝိုင်းတားတဲ့ကြားထဲက သမားတော်ကြီးများကို မျက်လုံးအမြန်ထုတ်ခိုင်းတယ်။ ဘယ်လိုမှ ပြောမရတော့ သမားတော်များက ပထမဆုံး ဆေးတစ်မျိုး မျက်လုံးပေါ်တင်လိုက်တာနဲ့ မျက်လုံးဟာ အပြင်ဘက်ကို တော်တော်ကြီးရူပြီး ထွက်လာတယ်။

မင်းတို့ငါတို့ မျက်လုံးထဲ ပိုးကောင်လေး တစ်ကောင်တလေ မတော်တဆဝင်ရင်ပဲ ဘယ်လောက်အနေရအထိုင်ရခက်သလဲ။ အခုဟာက အနေရခက်ရုံတင် မကဘူး နာကျင်လွန်းအားကြီးလို့ အပြင်ကိုတောင် ရူထွက်လာတာ။ ဒီအချိန်မှာ သမားတော်ကြီးတွေက တစ်ကြိမ်သတိပေးတယ်။ အရှင်မင်းကြီး မလှူချင်တော့လို့ နောက်ဆုတ်ရင်ရပါသေးဘယ်။ ပကတိအတိုင်း ဖြစ်အောင် ပြန်သွင်းပေးပါမယ်တဲ့။

**သန်း** ဒီလိုလှူဖို့ကတော့ တပည့်တော်တို့ တကယ်ကို စိတ်မကူးရဲတာပါဘုရား။ ဒါနဲ့ ဘုရားအလောင်းက နောက်မဆုတ်ဘူး မဟုတ်လားဘုရား။

**နုပ်** ဘယ်ဆုတ်မလဲ။ မျက်လုံးထွက်သွားအောင် ဆက်သာထုတ်။ ငါကိုယ်တော်မြတ် ဘယ်တော့မှ နောက်မဆုတ်ဘူးတဲ့။ ဒါနဲ့နောက်တစ်ကြိမ် အပြင်းဆုံးဆေးတစ်မျိုးကို ထပ်တင်လိုက်တဲ့အခါမှာတော့ မျက်လုံးဟာ အပြင်ဘက်ကို လုံးလုံးထွက်ကျလာတယ်။ အကြောတွေကတော့ တန်းလန်းကြီးဖြစ်နေတုန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုတစ်စုံတစ်ခုနဲ့ တိုက်မိလို့ မျက်လုံးထွက်သေတယ်ဆိုတာ မြင်ဘူးတာလည်းရှိလိမ့်မယ်။ ကြားဘူးတာလည်း ရှိလိမ့်မယ်။ မျက်လုံးထွက်တဲ့အထိ တိုက်မိတယ်ဆိုတော့ နာကျင်မယ့်ဝေဒနာကို မှန်းသာကြည့်ပေတော့။ အခုဘုရားအလောင်း ခံစားနေရတဲ့ နာကျင်မှုမျိုးဟာ အဲသလိုနာကျင်မှုမျိုးပေါ့။

"ဒီအချိန်မှာ သမားတော်ကြီးတွေက နောက်ဆုံးအကြိမ် သတိပေးလျှောက်ထားပြန်တယ်။ အရှင်မင်းကြီး မလှူချင်လို့ နောက်ဆုတ်ချင်ရင်ရပါသေးတယ်။ မျက်လုံးဟာ ပကတိအတိုင်း ပြန်ဖြစ်ပါသေးတယ်။ တွဲကျနေတဲ့ အကြောကိုဖြတ်ပြီးရင်တော့ ပကတိအတိုင်း ပြန်မဖြစ်နိုင်တော့ပါဘူးတဲ့"

"ဘုရားအလောင်းက မြန်မြန်ဖြတ်ချပြီး ပုဏ္ဏားရဲ့မျက်လုံး အိမ်ထဲထည့်ပေးလိုက်ပါ။ ဘယ်လိုအကြောင်းကြောင့်မှ နောက်မဆုတ်ပါဘူးတဲ့။ ဒါနဲ့ အကြောတွေကိုဖြတ်လိုက်ပြီး ပုဏ္ဏားမျက်လုံးအိမ်ထဲ ထည့်သွင်း လှူဒါန်းလိုက်ပါတယ်။ အဲဒီလို တစ်ဆတ်ဆတ် တုန်တဲ့ အထိအနာခံပြီး မျက်လုံးတွေထုတ်ထုတ်လှူခဲ့တာ အရေအတွက်အနေနဲ့ဆိုရင် ကောင်းကင်က ကြယ်တာရာတွေကတောင် နည်းပါဦးမယ်"

"ဘဝတစ်ခုကများဆိုရင် ဘုရားအလောင်းဟာ တောထဲ သွားရင်း ချောက်ကြီးထဲကျပြီး အစာရေစာပြတ်နေတဲ့ ကျားတစ်ကောင်ကိုတွေ့တယ်။ အစာငတ်



နေတဲ့ကျားကို တွေ့တာနဲ့ ဘုရားအလောင်းဟာ သနားသွားပြီး ငါ့အသက်နဲ့ခန္ဓာကိုယ်ကို လှူမယ်ဆိုတဲ့ စိတ်ဓါတ်နဲ့ ချောက်ကြီးထဲကို ခုန်ချပစ်လိုက်တယ်"

"အောက်ကျပြီး သေသွားတော့ ကျားကြီးက စားတာပေါ့၊ အဲဒီလိုလေးသချေင်္ကမ္ဘာတစ်သိန်း လှူခဲ့တဲ့ အသားတွေဟာ မပျက်စီးဘဲရှိနေမယ်ဆိုရင် ဟောဒီမဟာပထဝီမြေကြီးအထုကမှ နည်းပါလိမ့်ဦးမယ်။ ဘုရားအလောင်း လှူခဲ့တဲ့အသားတွေက ပိုများပါတယ်။

"ဘာဖြစ်လို့မျက်စိတွေ၊ အသားတွေကို ဒီလောက်ထိအောင်လှူရတာလဲဆိုရင် ဘုရားဖြစ်ချင်လို့ ဆိုတဲ့အဖြေကိုရတယ်။ ဘာဖြစ်လို့ ဘုရားဖြစ်ချင်တာလဲဆိုရင် မင်းတို့ ငါတို့ ဝေနေယျသတ္တဝါတွေ အပါယ်ဘေးကလွတ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေချင်လို့ပဲ"

"ဒီတော့ အလောင်းတော်ဘုရားဖြစ်ချင်တာဟာ သူ့အတွက် မဟုတ်ဘူး။ မင်းတို့ ငါတို့ ဝေနေယျသတ္တဝါတွေအတွက်ဆိုတာ ထင်ရှားတယ်၊ ဒီအချက်တွေကြောင့် ဗုဒ္ဓကိုလေးစားတယ်၊ ကျေးဇူးဆပ်ချင်တယ်ဆိုရင် ဝိပဿနာတရားကို မဖြစ်မနေနာကြား အားထုတ်သင့်တယ်"

ဝန်း: ခန္တီပါရမီဖြည့်ပုံကို ပြောပါဦးဘုရား။

နုပ် ဘဝတစ်ခုမှာ မြတ်စွာဘုရားဟာ ခန္ဓာကိုယ် လူလောက်နီးပါးကြီးမားတဲ့ မျောက်ကြီးတစ်ကောင်သွားဖြစ်တယ်။ တစ်နေ့ တောနက်ထဲလှည့်လည်အစာရှာရင်း ချောက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကျနေတဲ့ ပုဏ္ဏားတစ်ယောက်ကို သွားတွေ့တယ်။''

''ပုဏ္ဏားဟာ ကယ်ပါယူပါ တစာစာ အော်ဟစ်ရင်း ငိုကြွေးနေတယ်။ အလောင်းတော်မျောက်မင်းဟာ လူရဲ့ ကောက်ကျစ်တဲ့အန္တရာယ်ကို ဂရုမပြုတော့ဘူး။ ပုဏ္ဏားကို ချောက်ထဲကကယ်တင်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ဆုံးဖြတ်ပြီးတာနဲ့ ချောက်ထဲကိုရောက်အောင် ဆင်းသွားပြီး ပုဏ္ဏားရဲ့ ကိုယ်အလေးချိန်လောက်ရှိမယ့် ကျောက်တုံးတစ်တုံးကို ထမ်းပြီး အစမ်းတက်ကြည့်တယ်''

''တိရစ္ဆာန်ဖြစ်ပေမယ့် အလောင်းတော်ဘဝဆိုတော့ အတွေးအခေါ်ပညာက ရှိပြီးသားပဲ၊ မနိုင်ရင် ပြုတ်ကျပြီး ပုဏ္ဏားရဲ့အသက် မဆုံးရှုံးရအောင် ကြိုတင်လေ့ကျင့်ခြင်းပါပဲ၊ ကျောက်တုံးကို ထမ်းတက်လို့ အောင်မြင်ပြီဆိုတော့မှ ပုဏ္ဏားကိုထမ်းပြီးတော့ တက်ပါတယ်။ ချောက်ဟာတော်တော်နက်တာမို့ အလောင်းတော်ဟာ အတော်ပင်ပင်ပန်းပန်း တက်ယူရပါတယ်''

''အပေါ်ရောက်တာနဲ့ အလောင်းတော် မျောက်မင်းဟာ ခြေတွေလက်တွေ မသယ်ချင်လောက်အောင် ပင်ပန်းသွားတယ်။ ဒါကြောင့် ပုဏ္ဏားရဲ့ပေါင်ပေါ်မှာ ခေါင်းတင်ပြီး ခေတ္တအပန်းဖြေလိုက်တာ ပင်ပန်းလွန်းတော့ ခဏခြင်းအိပ်ပျော်သွားပါတယ်''

''ဒီအချိန်မှာ ပုဏ္ဏားက အိမ်ပြန်ရောက်ရင် မယားဆီက မျက်နှာရအောင် မျောက်သားတော့ ပါအောင်ယူရမယ်လို့တွေးပြီး အနားမှာအသင့်ရှိနေတဲ့ ကျောက်ခဲ



တစ်လုံးကိုကိုင်ပြီး အလောင်းတော်ရဲ့ခေါင်းကို ထုခွဲလိုက်တယ်။ အလောင်းတော်ရဲ့ခေါင်းမှာ သွေးတွေ ဖြာကနဲဖြစ်သွားတာပေါ့''

''ပုဏ္ဏားကို လူယုတ်မာတစ်ယောက်မှန်း သိသွားတော့ အလောင်းတော်ဟာ အနားမကပ်ရဲတော့ဘဲ သစ်ပင်ပေါ်ကို ပြေးတက်သွားတယ်၊ တောနက်ကြီးထဲမှာဆိုတော့ ပုဏ္ဏားဟာ မျက်စိလည်နေတုန်းပါပဲ၊ ရွာရောက်အောင် ဘယ်လိုပြန်ရမယ်ဆိုတာ မသိပါဘူး။ ဒါကြောင့် အလောင်းတော်မျောက်လည်း ပြေးသွားရော ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘဲ လှည့်လည် ငိုကြွေးနေပြန်တယ်''

ဒီအချိန်မှာ မင်းသာ အလောင်းတော်မျောက်မင်းနေရာမှာရှိရင် ဘယ်လိုလုပ်မလဲ။

**သန်း** ဒီလောက်ယုတ်မာတဲ့ ပုဏ္ဏား အရှင်မထားဘူးဘုရား။ ခြေထောက်ကဆွဲကိုင်ပြီး စောစောက ချောက်ထဲကိုပဲ ပြန်ပစ်ချလိုက်မယ်။

**နှပ်** သတ်တဲ့အထိကတော့ ပြင်းထန်လွန်းပါတယ်ကွာ။ ဒီထက်လျှော့လျှော့ပေါ့ပေါ့လေးပေါ့။ အခု ပုဏ္ဏားမျက်စိလည်နေပြီ၊ မင်းသာမျောက်မင်းဆို ဘာလုပ်မလဲ''

**သန်း** ဘာမှမလုပ်ရဘူးဆိုရင်လဲ ဒီပုဏ္ဏား သူ့အလိုလို မျက်စိလည် လမ်းမှားပြီး အစာရေစာပြတ်သေအောင် ဒီအတိုင်းကြည့်နေလိုက်မှာပေါ့ဘုရား။

**နှပ်** အေး အဲဒါ မင်းတို့ ငါတို့သာမန်လူတွေရဲ့စိတ်ပဲ။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့တစ်ယောက် ဘာမှ သိပ်ထူးခြားတာ မဟုတ်ဘူး။ အလောင်းတော်စိတ်ဓါတ်ကတော့ ဘုရားမဖြစ်ခင်ကကို မင်းတို့ ငါတို့ထက် အများကြီး ထူးခြားနေတယ်။ ဒါကြောင့် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးဆိုရင် တို့က မြတ်စွာဘုရားကို ဘုရားဖြစ်မှ ကြည်ညိုတာမဟုတ်ဘူး။ အလောင်းတော်ဘဝကတည်းက ကြည်ညိုတာလို့ အမြဲပြောလေ့ရှိတယ်''

''အခုအလောင်းတော်ကို ကြည့်စမ်း ပုဏ္ဏားမျက်စိလည်လမ်းမှားပြီး သေသွားမှာစိုးလို့ သစ်ပင်တစ်ပင်ကတစ်ပင်ကူးသွားရင်း လမ်းပေါ်မှာ ခေါင်းဒဏ်ရာက သွေးစက်တွေကို ချသွားတယ်။ သွေးစက်တွေနဲ့ လမ်းပြတဲ့သဘောပေါ့ ပုဏ္ဏားက သွေးစက်တွေကို ကြည့်ပြီး သစ်ပင်အောက်က လိုက်ရတယ်''

''ပုဏ္ဏားရဲ့ရွာကို လှမ်းမြင်ရတဲ့နေရာကို ရောက်မှ မျောက်မင်းဟာ တောထဲကို ပြန်လာခဲ့တယ်။ ကျေးဇူးရှင်ကိုပြစ်မှားတဲ့ ပုဏ္ဏားလဲ ရွာအဝင်မှာပဲ မိုးကြိုးပစ်ခံရပြီး သေပွဲဝင်သွားတယ်။ ဒီဇာတ်တော်နဲ့ ပတ်သက်ပြီး အတွေးအခေါ်နှစ်ခုဝင်လာတယ်။

သန်း အမိန့်ရှိပါဦး ဘုရား။

နုပ် ပထမတစ်ခုက မဇ္ဈိမပဏ္ဏာသပါဠိတော် . . . ကန္ဒရကသုတ်မှာ ဆင်ထိန်းသား ပေဿကဘုရားကို လျှောက်ထားတဲ့ စကားတစ်ခွန်းကို သွားပြီးအမှတ်ရတယ်။ ဘာလဲဆိုတော့ လူဟာများသောအားဖြင့်



ရိုးသားမှုမရှိဘဲ တိရစ္ဆာန်တွေကတော့ ရိုးသားမှုရှိတယ်ဆိုတဲ့စကားလေးပဲ။

ဒီမှာဆိုလိုတဲ့ မရိုးသားမှုဆိုတာက ခိုးတာ၊ ဖွက်တာ၊ လိမ်တာ၊ ကောက်တာကိုပြောတာမဟုတ်ဘူး။ စိတ်နဲ့ကိုယ် တစ်ထပ်တည်းမကျတာ၊ စိတ်နဲ့နှုတ် တစ်ထပ်တည်းမကျတာကို ပြောတာ။

သန်း စိတ်ထဲကဖြစ်နေတာကတစ်မျိုး၊ ကိုယ်ကလုပ်တာကတစ်မျိုး။ စိတ်ထဲကဖြစ်နေတာ တစ်မျိုး၊ နှုတ်ကပြောတာက တစ်မျိုး ဒီလိုဆိုလိုတာလားဘုရား။

နုပ် အေး ဟုတ်တယ်။ တိရစ္ဆာန်တွေမှာတော့ ဒီလိုမရှိဘူး။

စိတ်နဲ့ကိုယ် စိတ်နဲ့နှုတ် တစ်ထပ်ထဲကျတယ်၊ ခွေးတစ်ကောင်ဟာ သူ့မျက်စေ့ထဲ အမြင်မတော်ရင် ဟောင်မှာပဲ။ ဒါဟာ ရိုးသားခြင်းတစ်မျိုးပဲ။

ကိုယ့်အိမ်ကအစေခံလေးက ရုပ်ကလေးကလည်း ချစ်စရာကောင်း၊ အနေအထိုင်ကလည်း ရိုးသား၊ ချစ်ဖွယ်သော စကားကိုလည်းပြောတတ်တော့ အိမ်ရှင်တွေရဲ့ စိတ်ထဲမှာ တော်တော်ချစ်မိတယ်၊ သားသမီးလို ရင်းရင်းနှီးနှီး နေလိုက်ချင်တယ်။ ဒါပေမယ့် ဒီလိုအစေခံနဲ့ အကျွမ်းတဝင်နေရင် သူများတွေအထင်သေးလိမ့်မယ်။ တော်ကြာ ငါ့ကိုသခင်လိုမဆက်ဆံဘဲ ကမ်းတက်လာလိမ့်မယ်ဆိုတဲ့ အစိုးရိမ်မရှိတာတွေ လျှောက်တွေးပြီး အစေခံနဲ့တွေ့တိုင်း မျက်နှာကြောကြီးကိုတင်းထားတယ်။ ဒါဟာ လူရဲ့ မရိုးသားမှုတစ်မျိုးပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခွေးကို ကြည့်လိုက် အစေခံမကလို့ သူတောင်းစားဖြစ်ပါစေ သူ့အပေါ်ကောင်းရင် တအားခင်မှာပဲ၊ ဒီလူဟာ သူတောင်းစားကြီးပဲဆိုပြီး ချစ်ခင်နေတဲ့စိတ် လျော့သွားမှာမဟုတ်ဘူး။ အခု ဒီဇာတ်တော်မှာလည်း ကြည့်ပေါ့။ မျောက်မင်းက ပုဏ္ဏားကိုချစ်ခင်တော့ ပုဏ္ဏားပေါင်ပေါ်မှာ စိတ်ချလက်ချအိပ်တယ်၊ ပုဏ္ဏားဆိုတာ ကောက်ကျစ်တာများတယ်ဆိုတဲ့ အတွေးမျိုး လုံးလုံးမရှိဘူး။ စိတ်နဲ့ ကိုယ်နဲ့တစ်ထပ်တည်းကျတာပေါ့။

ပုဏ္ဏားကျတော့ ကြည့်စမ်း။ သူ့ပေါင်ပေါ် မျောက်ကို သိပ်ထားတယ်။ စိတ်ကတော့ မျောက်ကို ဘယ်လိုသတ်ရမလဲဆိုတာ ကြံစည်နေတယ်။ ကိုယ်က ချစ်ခင်တဲ့အမူအယာ စိတ်က သတ်ချင်တဲ့အမူအယာ တစ်ခုနဲ့တစ်ခု ဘယ်လောက်ကွာခြားလိုက်သလဲလို့။ လူတွေ စိတ်နဲ့ကိုယ်နဲ့ စိတ်နဲ့နှုတ်နဲ့ တစ်ထပ်တည်းကျအောင် ရိုးသားလာတာကတော့ သောတာပန်တည်တဲ့အချိန်ပဲ။

**သန်း** သောတာပန်တည်တာနဲ့ ရိုးသားမှုနဲ့က ဘယ်လိုဆက်စပ်သွားသလဲဘုရား။

**နုပ်** ဒီအချက်ကို ဆွေးနွေးဖို့ကတော့ စောလွန်းနေသေးတယ်။ ဝိပဿနာတရားတွေ တော်တော်ကြာအောင် ရှုပွားပြီးပြီဆိုတဲ့ အချိန်ကျမှ သောတာပန်ဂုဏ်ရည် သို့မဟုတ် သောတာပန်စစ်တမ်းဆိုတဲ့ အချက်ကို ပြည့်စုံအောင် ဆွေးနွေးကြတာပေါ့။



**သန်း** ဒုတိယမြောက်တွေးမိတယ်ဆိုတာကရောဘုရား။

**နုပ်** အဲဒါက ခန္တီပါရမီရဲ့အကြောင်းပဲ၊ သာမန် ပုဂ္ဂိုလ်တွေဟာ သည်းခံတာကို လူပျော့လူညံ့တွေရဲ့အလုပ်လို့ ထင်ကြတယ်။ ဒါကြောင့်လည်း သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါဆိုတဲ့ စာတမ်းကို လူအတော်များများက သဘောကျနေကြတာပေါ့။ တကယ်တော့ ဒီစာတမ်းဟာ လူမိုက်အားပေးစကားပဲ။ စိန်ခေါ်တဲ့စကားပဲ။

ဒီစကားကို အဖြောင့်ပြန်ရင် သင်မကောင်းရင် ကျွန်ုပ်ဆိုးရလိမ့်မယ်ဆိုတဲ့သဘောပဲ။ ပါးရိုက်ရင် နားကိုက်မယ်ဆိုတဲ့ စကားနဲ့အတူတူပါပဲ။ လူမိုက်စကားဆိုတော့ ဒီစကားကို ကြိုက်တဲ့လူများကိုလည်း လူမိုက်တွေလို့ပဲ သုံးသပ်ရလိမ့်မယ်။

**သန်း** တပည့်တော်အိမ်မှာတောင် ဒီစာတမ်းရှိတယ် ဘုရား။

**နုပ်** ဒါဆို မင်းလည်းလူမိုက်ပဲ။

**သန်း** တပည့်တော်တို့က ဒီထိအောင် မတွေးမိဘူးဘုရား။

**နုပ်** လူအတော်များများဟာ စဉ်းစားရမှာ တွေးတောရမှာကို အတော်ပျင်းကြတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာကြီးရွှေဥဒေါင်းပြောခဲ့တဲ့ စကားလေးတစ်ခုရှိတယ်။

ဝါဒအသစ်အဆန်းတစ်ခု ပေါ်လာသည့်အခါ ရာခိုင်နှုန်းအတော်များသည့် လူသတ္တဝါများသည် စဉ်းစားဖို့ အတော်ပျင်းရိကြ၏။

နက်နဲသောအခြင်းအရာတစ်ခုကို စဉ်းစားရခြင်း အလုပ်သည် ဦးနှောက်ရှုပ်သည်ဟုဆိုကြ၏။ စဉ်းစားရ

www.burmeseclassic.com

www.burmeseclassic.com



သော အလုပ်၌ဝါသနာပါသူ အနည်းငယ်တို့အဖို့မှာလည်း အမှန်သို့ မရောက်နိုင်သည့်အတားအဆီးများ ရှိနေကြပြန်လေသည်။ ၎င်းအတားအဆီးများမှာ–

( ၁) မိရိုးဖလာ အစဉ်အလာကို မပယ်နိုင်ခြင်း
( ၂) သဘာဝကျ မကျကို ဆုံးဖြတ်တတ်သည့် ဉာဏ်မျိုးနုံ့နဲ့ခြင်း။
( ၃) မိမိအလိုဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် သဘောတရားတစ်ခုကို လက်မခံလိုခြင်းတို့ ဖြစ်ကြလေသည်။

*(ဆရာကြီး ရွှေဥဒေါင်း)*

သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါဆိုတဲ့ စာတမ်းလေးဟာ အိမ်အတော်များများပေါ်မှာ ရောက်နေပြီ။ ဒါပေမယ့် ဒီစာတမ်းနဲ့ အလျှော်အဓိပ္ပါယ်၊ ဆန့်ကျင်ဘက်အဓိပ္ပါယ်တွေကို သေချာမစဉ်းစားကြဘူး။ ဗုဒ္ဓဝါဒအတိုင်းဆိုရင်တော့ သင်ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ ကျွန်ုပ်မဆိုးပါဟု ပြောင်းရမယ်။

ဘာ့ကြောင့်လဲဆိုတော့ သည်းခံတယ်ဆိုတာ သူတော်ကောင်းတွေရဲ့အလုပ်ဖြစ်လို့ပဲ။ ဘုရားအလောင်းတော်တွေကျင့်ရတဲ့ ပါရမီဆယ်ပါးထဲမှာ ခန္တီပါရမီပါနေတာကို ထောက်သောအားဖြင့် သည်းခံတဲ့အလုပ်ကို စိတ်ဓါတ်ပျော့ညံ့တဲ့သူတွေ လုံးဝမလုပ်နိုင်ဘူး။ စိတ်ဓါတ်ခိုင်မာတဲ့ အလောင်းတော်လိုပုဂ္ဂိုလ်တွေသာ လုပ်နိုင်တယ်လို့သိရမယ်။



အနှံ့မရှိတဲ့စပါးဟာ ထောင်တယ်ဆိုတဲ့ **စကား**မှာလည်း သည်းမခံနိုင်တဲ့ ပုဂ္ဂိုလ်တွေလည်းပါတယ်။ ဆရာတော်အချို့ဟာ ဒေါသအင်မတန်ကြီးတယ်။ သည်းခံလေ့မရှိဘူး။ မောဟမကင်းသေးတဲ့လူတိုင်း အမှားနဲ့ ဆက်ဆံနေရသေးတယ်ဆိုတဲ့စကားကို လက်မခံဘူး။ ဒကာ၊ ဒကာမ မှားတာတွေ့ရင် မေတ္တာနဲ့ ငြင်သာစွာ ဆုံးမလေ့မရှိကြဘူး။

လူကြားသူကြားထဲမှာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် အော်ဟစ်ငေါက်ငမ်းလေ့ရှိကြတယ်။ အနံ့ရှိလို့ ကိုင်းညွတ်နေတဲ့ မင်းကွန်းတိပိဋက ဆရာတော်ကြီးရဲ့ လေးစားကြည်ညိုဖွယ်ရာဖြစ်ရပ်ကိုတော့ နောက်အပါတ်မှဆက်ကြရအောင်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## ချီးမွမ်းမှုများက အရိယာ့ပဝါဒ

**သန်း** အနှံ့ပြည့်လို့ ငိုက်နေတဲ့စပါးပင်နဲ့တူတဲ့ မင်းကွန်း တိပိဋကဆရာတော်ကြီးရဲ့အကြောင်းကိုမြန်မြန်သိချင်တယ်ဘုရား။

**နုပ်** "သိရမှာပေါ့၊ တစ်ခါတော့ ဆရာတော်ကြီးကို မန္တလေးမြို့ပေါ်က တရားပွဲတစ်ပွဲလာပင့်တယ်။ စီစဉ်ထားတာက ဆရာတော်ကြီးက မင်းကွန်းကနေ စက်လှေနဲ့ကြွခဲ့။ မန္တလေးကမ်းဘက်ရောက်မှ တရားပွဲအကျိုးဆောင် ဒကာတွေက ကားနဲ့ တရားပွဲဆီ အရောက်ပင့်ကြမယ်ပေါ့"

"ဖြစ်ချင်တော့ ဆရာတော်ကြီး မင်းကွန်းဘက်ကနေ စက်လှေနဲ့ကြွလာတာ မန္တလေးဘက်ကမ်းကို ရောက်လာပြီ၊ ဘယ်ကားမှ ရောက်မလာဘူး။ နာရီဝက်လောက်ကြာတဲ့အထိ ကြိုတဲ့ကားရောက်မလာတော့



ဆရာတော်ကြီးက ဆိုက်ကားငှားပြီး တရားပွဲရှိရာကို ကြွသွားတယ်။ ဆက်စောင့်နေရင် တရားပွဲမမှီမှာ စိုးလို့ပေါ့။"

"တရားပွဲမှာ ပရိသတ်တွေကလည်း ပြည့်နေပြီဒါပေမယ့် ဆရာတော်ကိုသွားပင့်ဖို့ သတိရတဲ့ လူတစ်ယောက်မှမရှိဘူး။ တရားပွဲ ရောက်ခါနီး မှောင်ရိပ်တစ်ရိပ်မှာ ဆိုက်ကားကို ရပ်ခိုင်းပြီး တရားပလ္လင်ရှိရာကို တည့်တည့်မှန်မှန်ပဲ ကြွသွားတယ်။ အဲဒီအကြောင်းတွေဘယ်သူ့မှ မပြောဖို့လည်း ဆိုက်ကားသမားကို မှာခဲ့သေးတယ်။"

"ပရိသတ်တွေနဲ့တကွ အကျိုးဆောင်အားလုံးက ဆရာတော် ဒကာတစ်ယောက်ယောက်ရဲ့ ကားနဲ့ကြွလာတယ်လို့ပဲ ထင်နေကြတယ်။ ပလ္လင်ပေါ်ရောက်တာနဲ့ တရားဟောပါတယ်။ ကားလာမကြိုတဲ့အကြောင်းတစ်ခွန်းမပါ,ပါဘူး။ တရားပွဲပြီးတာနဲ့ မှောင်ရိပ်ထဲကဆိုက်ကားနဲ့ပဲ ဆိပ်ကမ်းကို ပြန်ကြွတော်မူခဲ့ပါတယ်။"

"နောက်မှ သိရတာက တရားပွဲကျင်းပတဲ့အကျိုးဆောင်တွေထဲက ကားရှိသူတွေ အများကြီးပါတယ်။ နာမည်ကြီး ဆရာတော်ကြီးဆိုတော့ ပင့်ချင်သူတွေက အများကြီးပါ။ သူကပင့်မယ်၊ ငါကပင့်မယ်နဲ့တာဝန်ယူချင်သူတွေက များနေတယ်။ ဒါကြောင့် အကျိုးဆောင်တွေက ဘယ်သူသွားပင့်ပါလို့ သတ်မှတ်ချက်ချမပေးလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အကျိုးဆောင်တွေရဲ့ အမှားပေါ့၊ သတ်မှတ်ချက် ချပေးမထားတဲ့အတွက် ပင့်ချင်တဲ့ကားတွေ အားလုံးသွားကြလိမ့်မယ်လို့ အကျိုးဆောင်တွေက တွက်လိုက်တယ်။ တကယ်ဖြစ်လာတာက အားလုံး တစ်ကားမှ မသွားဖြစ်ကြတာပဲ။"

"ဘာဖြစ်လို့ မသွားဖြစ်ကြတာလဲဆိုတော့ သွားကြိုမယ့် ကားရှင်တွေက တွေးတယ်။ ဆရာတော်ကြီးဟာ ရိုးသားတယ်။ ဂုဏ်ပကာသနကို ကြိုက်တာမဟုတ်ဘူး။ ဒါ့ကြောင့် ကားတွေ တစီတတန်းကြီး သွားလို့မဖြစ်ဘူး။ ကဲလေ ငါမသွားတော့ပါဘူး။ တခြားသွားမယ့်လူတွေအများကြီးပါပဲဆိုပြီး မသွားဖြစ်တော့ဘူး။

ကျန်တဲ့ကားရှင် အားလုံးကလည်း အဲဒီလိုပဲ တွေးမိတော့ ဘယ်သူမှမသွားဖြစ်ဘူး ဖြစ်သွားတော့တာပေါ့။ အဲဒီလိုဖြစ်သွားတာတောင် ဒေါသမဖြစ်ဘဲ သည်းခံနိုင်တာဟာ ပညာရှိသူတော်ကောင်းဖြစ်လို့ပါပဲ။ ပြောရင်းနဲ့ အတွေးလေးတစ်ခု ထပ်ပေါ်လာပြန်ပြီဟေ့။

သန်း ဘယ်လိုအတွေးလည်းဘုရား။

နုပ် မင်းတို့အိမ်တွေမှာ အများဆုံး ကပ်ထားတဲ့ စာတစ်ကြောင်းရှိသေးတယ်၊ ဘာတဲ့၊ စေတနာသည် လူတိုင်းနဲ့ မထိုက်တန်တဲ့ ဟုတ်လား။

သန်း ဟုတ်တယ် ဘုရားတပည့်တော် တွေ့ဖူးတယ်။ ဒါမမှန်ဘူးလားဘုရား။

နုပ် ဘယ်မှန်မလဲ။ ဒီစာတမ်းရဲ့အဓိပ္ပါယ်ကို အကျယ်ချဲ့



လိုက်ရင် ကျေးဇူးသိတတ်သူအပေါ်မှာသာ ပေးကမ်းစွန့်ကြဲရမယ်၊ စေတနာထားရမယ်၊ ကျေးဇူးမသိတတ်တဲ့သူအပေါ်မှာ ပေးကမ်းစွန့်ကြဲခြင်းမပြုရ၊ စေတနာ မထားရလို့ ဆိုလိုတာပဲ။ ဒီစာတမ်းကို ရေးခဲ့တဲ့သူဟာ ခံစားချက်ရှိခဲ့လိမ့်မယ်။

ဘယ်လိုခံစားချက်လည်းဆိုတော့ သူဟာ တခြားသူကို မျှော်လင့်ချက်ထားပြီး ကူညီခဲ့လိမ့်မယ်။ ကူညီလိုက်တဲ့သူက သူမျှော်လင့်တဲ့အတိုင်း ကျေးဇူးမဆပ်တဲ့အခါ ပေါက်ကွဲပြီး စေတနာသည် လူတိုင်းနဲ့မတန်ဆိုတဲ့စကားကြီး ထွက်လာတာပဲ။ ဘာမှ မကုန်ဘဲ ကောင်းမြတ်တဲ့စေတနာဟာ ဘာဖြစ်လို့ လူတိုင်းနဲ့မတန်ရမှာလဲ။

မြင့်မြတ်သူဆိုတာ သူတစ်ပါးကို ကူညီခွင့်ရလို့ ကူညီတဲ့အခါ ဘယ်တော့မှ မျှော်လင့်ချက်မထားရဘူး။ သူတစ်ပါးစေတနာကို ကြည့်စရာမလိုဘူး။ ကိုယ့်စေတနာကိုယ်ကြည့်ရမယ်။ ဘုရားအလောင်းမျောက်မင်းကို ကြည့်ပါလား။ ဘာမျှော်လင့်ချက်မှမထားဘဲ ပုဏ္ဏားကို ချောက်ထဲက ကယ်ဆယ်ခဲ့တယ်။

ဒါ့ကြောင့် ပုဏ္ဏားက ကျေးဇူးကန်းတဲ့အခါမှာလည်း စိတ်မဆိုးဘဲ သွေးစက်ချပြပြီး အိမ်တိုင်ယာရောက် လိုက်ပို့ခဲ့တာပေါ့။ ဒါ မင်းတို့ ငါတို့ အတုယူရမယ့် အချက်ပဲ။

"နဂိုကတည်းက ဘာမျှော်လင့်ချက်မှ မထားဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကူညီခဲ့ရင် တစ်ဖက်လူက ကျေးဇူးသိလည်း ဝမ်းမသာဘူး။ လောဘမဖြစ်ဘူး။ တစ်ဘက်လူက ကျေးဇူးကန်းလည်း ဝမ်းမနည်းဘူး။ ဒေါသမဖြစ်ဘူး။ ကိုယ့်စေတနာမပျက်တော့ဘူးပေါ့။ အရင်ကတည်းက ငါ့အပေါ် ကျေးဇူးသိတတ်ပါစေဆိုတဲ့ မျှော်လင့်ချက်နဲ့ ကူညီခဲ့ရင် . . .

ကိုယ်မျှော်လင့်တဲ့အတိုင်း တစ်ဖက်လူက ကျေးဇူးသိရင် ကိုယ့်စေတနာမပျက်သေးလို့ တော်သေးတာပေါ့။ အကယ်၍ တစ်ဖက်လူက ကျေးဇူးကန်းရင် ကိုယ်ထားခဲ့တဲ့စေတနာဟာ ပျက်သွားတော့ အလကားဖြစ်တာပေါ့။ တစ်ခုစဉ်းစားရမှာက ကျေးဇူးကန်းသူ တစ်ယောက်နဲ့ ကြုံလိုက်ရတာနဲ့ နောက်ထပ် ဘယ်သူ့အပေါ်မှ အကူအညီမပေးတော့ဘူး။ မပေးကမ်းတော့ဘူးဆိုရင် ဒါနပါရမီ မဖြစ်တော့တဲ့အတွက် ကိုယ်လည်းနစ်နာတာပဲဆိုတာ သတိထားသင့်တယ်။

ဒါ့ကြောင့် ဒီစာတမ်းကို ဗုဒ္ဓအလိုကျပြောင်းရင် စေတနာသည် လူတိုင်းနှင့်တန်သည်ပေါ့။

သန်း ဥပေက္ခာ ပါရမီအကြောင်းကို ဆက်ပါဦးဘုရား။

နုပ် တချို့လူတွေက မိမိသားသမီးဆုံးမ မရလို့ အရေးမစိုက်တာမျိုးကို ဥပေက္ခာလို့ထင်နေကြတော့ ဥပေက္ခာပါရမီက ဈေးပေါသလိုဖြစ်နေတယ်။ အဲဒါဥပေက္ခာ မဟုတ်ပါဘူး၊ စိတ်ဆိုးလို့ပစ်ထားတဲ့ဒေါသပါ။ ဥပေက္ခာဆိုတာ အဆင့်မြင့်ပါရမီ တစ်ခုပဲ၊ သူ့လိုကိုယ်လို သာမန်လူတွေ ကျင့်ကြံနိုင်ဖို့ ခဲယဉ်းပါတယ်။



မိမိကိုကောင်းတာပြုတဲ့သူအပေါ်မှာ လောဘဖြစ်ပြီး မချစ်မိဖို့၊ မိမိကို မကောင်းတာပြုတဲ့သူအပေါ်မှာ ဒေါသဖြစ်ပြီး မမုန်းဖို့ဆိုတာ တော်တော်ခဲယဉ်းတဲ့ အလုပ်ကြီး တစ်ခုပဲ၊ ဘုရားအလောင်းဟာ တစ်ခုသောဘဝမှာ ဥပေက္ခာပါရမီကို အမြင့်ဆုံး ဖြည့်ကျင့်တယ်။ သုသာန်မှာနေတယ်။ သူ့ကိုလာကျွေးသူပေါ်မှာ လောဘနဲ့ချစ်စိတ်မပေါ်သလို သူ့ကိုလာနှိပ်စက်သူအပေါ်မှာလည်း ဒေါသနဲ့မုန်းစိတ်မပေါ်အောင် ကျင့်တယ်။ (မဟာလောမဟံသဇာတ်)

တစ်နေ့တော့ နွားကျောင်းသားတွေ ရောက်လာပြီး ဘုရားအလောင်းကို အရှုးကြီးထင်ပြီး စကြနောက်ကြတယ်။ ဘာမှပြန်မလုပ်မှန်းသိတော့ တွန်းကြ၊ ထိုးကြပြန်တယ်။ အလောင်းတော် မြေပြင်ပေါ် ပက်လက်လန် လဲသွားတဲ့အခါ မျက်နှာပေါ်ကို ကျင်ငယ်ရေတွေနဲ့ ဝိုင်းပန်းကြတယ်။ အဲသလောက်စော်ကားနေတဲ့ သူတွေအပေါ်မှာ ဒေါသမဖြစ်ဘဲနေဖို့ လွယ်ပါ့မလား။

သန်း ဘယ်လွယ်မလဲဘုရား တပည့်တော်သာဆို ထသတ်မိမယ်။

နုပ် အေး အဲဒါကြောင့် မင်းလည်းဘုရားမဖြစ်တာပေါ့၊ ဒီလိုလုပ်သူအပေါ်မှာတောင် ဒေါသမဖြစ်ဘဲနေနိုင်တာဟာ ဥပေက္ခာပါရမီရဲ့သတ္တိပဲ။ ဒီလိုဘဝပေါင်းများစွာ အပင်ပန်းခံပြီး ပါရမီတွေ ဖြည့်ခဲ့တာဟာ မင်းတို့ ငါတို့သတ်တွေ မဂ်ဖိုလ်ရစေချင်လို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချက်ကိုထောက်ပြီးတော့လည်း မြတ်စွာဘုရားကို တကယ်လေးစားရင်၊ ကျေးဇူးဆပ်ချင်ရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရကြောင်းတရားဖြစ်တဲ့ ဝိပဿနာတရားကို နာကြားအားထုတ်သင့်တာပေါ့။ ဒီလိုပါရမီ ဖြည့်ရင်း ဘုရားဖြစ်လာပြန်တော့ အသက်တစ်ရာတမ်းမှာ။ ဒီတော့ သက်တမ်းက တအားတိုနေတယ်။

မဂ်ဖိုလ်ရကြောင်းတရားတွေကို ဟောကြားပေးနိုင်မယ့်အချိန်က (၄၅)နှစ်ပဲရှိတယ်၊ ဒီတော့ မြတ်စွာဘုရားသခင်မှာ အနားတောင်မယူနိုင်ဘဲ မရပ်မနား ဟောကြားပေးရရှာတယ်။

သန်း နောက်ပွင့်မယ့် အရိမေတ္တေယျ မြတ်စွာဘုရားဆိုရင် အသက်တစ်သိန်းတမ်းမှာ ပွင့်မယ်လို့သိရတယ်ဘုရား။ အခု ဂေါတမမြတ်စွာဘုရားရော သက်တမ်းရှည်တဲ့ ကာလမှာ မပွင့်ဘဲ၊ ဘာဖြစ်လို့ သက်တန်းတိုတဲ့ကာလမှာ ပွင့်ရတာလဲဘုရား။

နုပ် အင်း၊ မင်းနားလည်အောင် လောကီဥပမာ တစ်ခုပေးရရင် ကိုယ်ဝန်မီးဖွားသလိုပေါ့ကွာ။ ကိုယ်ဝန်ဟာ များသောအားဖြင့် ဆယ်လအရမှာ မီးဖွားကြတယ်။ ဒီထက်စောချင်လို့ နောက်ကျချင်လို့မရဘူး။ အချိန်ကျမှပဲ မွေးရတယ်။ ဒီလိုပဲ အလောင်းတော်များဟာလဲ ပါရမီဆယ်ပါးကို ဘဝပေါင်းများစွာ ဖြည့်ဆည်းခဲ့ကြတယ်။

အဲဒီပါရမီတွေရင့်ကျက်တဲ့ကာလမှာ ဘုရားဖြစ်တာပဲ။ ပါရမီရင့်ကျက်တဲ့ကာလဟာ အသက်တစ်ရာ



တမ်းလည်း ဖြစ်ချင်ဖြစ်မယ်၊ တစ်သိန်းတမ်းလည်း ဖြစ်ချင်ဖြစ်မယ်၊ အခု ဂေါတမမြတ်စွာဘုရားဟာ တစ်ရာတမ်းမှာ ပါရမီပြည့်လို့ တစ်ရာတမ်းမှာ ဘုရားဖြစ်ရတာပဲ။

သန်း မှန်ပါ ရှင်းပါပြီဘုရား။

နုပ် ဘုရားတစ်ဆူ တစ်ဆူရဲ့ သာသနာမှာ သတ္တဝါပေါင်း ၂၄ သင်္ချေ ကုဋေဗြဝန္နဲ့ ဗိုလ်ခြေတစ်သိန်း ကျွတ်တမ်းဝင်ရတယ်လို့ စကားရှိတယ်။

“ချွေချွတ်ရမယ့်အချိန်က နည်းပါးလွန်းတော့ တရားကို အချိန်ပြည့်နီးပါး ဟောကြားပေးနေရတယ်၊ ဗုဒ္ဓရဲ့တစ်နေ့တာလုပ်ငန်းကို ကြည့်ညို့ကြည့်စမ်းပါ။ နံနက် လေးနာရီလောက်မှာ အနားယူကျိန်းစက်ရာကထပြီး စကြဝဠာတိုက်တစ်သောင်းအတွင်းက မဂ်ဖိုလ်ရပြီး ကျွတ်ထိုက်တဲ့ ဝေနေယျတွေကို ကြည့်ရှုတော်မူတယ်။

ကျွတ်ထိုက်တာမှန်ရင် ဘယ်လောက်ဝေးဝေး အရောက်ကြွပြီး ဝိပဿနာတရားကို ဟောကြားတော်မူတယ်။ အဲဒီကိစ္စပြီးလို့ မိုးလင်းတာနဲ့ ဆွမ်းခံကြွတော်မူတယ်။ ဆွမ်းခံကြွချိန်အတွင်းမှာလည်း ကျွတ်ထိုက်သူတွေကို တရားဟောပြီး ချွေချွတ်တော်မူသွားတယ်။ ဥဒါန်းပါဠိတော်မှာလာတဲ့ ဗာဟိယဒါရုစိရိယဆိုတာ နည်းနည်းကြားဖူးမှာပေါ့။

သန်း ကြားဖူးတယ်ဘုရား။ ကုန်ရောင်းသွားရင်း ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သဘော်ပျက်တာနဲ့ (၇)ရက် ရေမျောပြီးသုပ္ပါရက အမည်ရတဲ့ ဆိပ်ကမ်းရွာအရောက်မှာ မောပန်းလွန်းလို့ အိပ်ပျော်သွားတယ်။ အိပ်ရာကနိုးလာတော့ ခန္ဓာကိုယ်မှာ အဝတ်အစားမရှိတော့ဘူး။ မြက်တစ်မျိုးကိုပဲ အရက်လုံရုံ ခါးမှာပတ်ပြီး တွေ့ရာခွက်တစ်လုံးနဲ့ ထမင်းတောင်းစားရင်း ရဟန္တာအထင်ခံရတဲ့ ပုဂ္ဂိုလ်ကြီးမဟုတ်လား ဘုရား။

**နုပ်** အေး ဟုတ်တယ်။ နောက်တော့ အရင်ဘဝက သူနဲ့အတူ တရားကျင့်ဖက်ရဟန်းတစ်ပါးက အနာဂါမ်တည်ပြီး ဗြဟ္မာဖြစ်နေတယ်။ အဲဒီဗြဟ္မာက ''ဗာဟိယ သူတစ်ပါးကို လိမ်လို့ရတယ်၊ မိမိကိုယ်မိမိ လိမ်လို့မရဘူး။ သင်ဟာ ရဟန္တာလည်း မဟုတ်ဘူး။ ရဟန္တာဖြစ်ကြောင်း တရားလည်းမရှိဘူး။ ဒါကြောင့် သာဝတ္ထိမြို့က ဘုရားရှိရာ သွားပြီး တကယ်ရဟန္တာဖြစ်အောင် တရားနာချေ။'' လို့နိုင်းမှ သုပ္ပါရက ဆိပ်ကမ်းရွာကနေ မိုင်ပေါင်းတစ်ထောင်ကျော်လောက်ဝေးတဲ့ သာဝတ္ထိမြို့ ရောက်အောင် တစ်ညလုံး ခြေကျင်ပြေးသွားတယ်။ ဗြဟ္မာရဲ့ တန်ခိုးကြောင့် မိုးလင်းတာနဲ့ ရောက်သွားတယ်။ ဒီအချိန်မှာ ဘုရားက ဆွမ်းခံကြွသွားပြီ၊ သူ့နောက်က ပြေးလိုက်တယ်။ မြက်ပင်တွေပဲ အရှက်လုံရုံဝတ်ထားတာပါ။ ဘာအဝတ်အစားမှ မပါပါဘူး။

လမ်းပေါ်မှာပဲ ဘုရားကိုတွေ့တော့ တရားဟောဖို့ လျှောက်တယ်။ ဘုရားက တရားဟောချိန် မဟုတ်



သေးလို့ သည်းခံပါ ဗာဟိယလို့ ပယ်ချတယ်။ ဒုတိယအကြိမ်ထပ်လျှောက်တယ်။ ဒုတိယအကြိမ် ထပ်ပယ်ချတယ်။

**သန်း** ဘုရားက တရားဟောမယ့်ဟာ မဟောဘဲ ဘာဖြစ်လို့ အချိန်ဆွဲနေတာလဲဘုရား။

**နုပ်** အချိန်မကျသေးလို့ပေါ့။ သရက်သီးကို ရင့်တဲ့အချိန် ရှုးအုပ်မှမှည့်တာ။ နုနုလေးရှုးအုပ်ရင် မမှည့်ဘူး။ ခြောက်သွားမယ်။ ပျက်စီးသွားမယ်။ ဒီအတိုင်းပဲ သတ္တဝါတွေမှာ ပါရမီ ရင့်ချိန်ဆိုတာရှိတယ်။ အဲ့ဒီအချိန်ကို စောင့်ရတယ်။ ရင့်ချိန်မရောက်သေးဘဲ သွားဟောရင် ဗာဟိယဟာ ဘာတရားမှ ရမှာမဟုတ်ဘူး။

**သန်း** အံ့သြစရာပဲ ဘုရား။ တပည့်တော်တို့ ဒီ အကြောင်းတွေ ဘာမှမသိဘူးဘုရား။

**နုပ်** မင်းမသိသလို ဗာဟိယကြီးလည်း မသိဘူး။ ဒါကြောင့် တတိယအကြိမ်မြောက် လျှောက်ပြန်တယ်။ ဒီအချိန်မှာတော့ လျှောက်ထားချက်ထဲမှာ မင်းတို့ ငါတို့အတွက် အတွေးအခေါ်တစ်ခုပါလာတယ်။ သူလျှောက်တာက–

**မြတ်စွာဘုရား တပည့်တော်ရဲ့ အသက်ဟာ ဘယ်အချိန်သေမယ်ဆိုတာ မသိပါ ထို့အတူ မြတ်စွာဘုရားလည်း ဘယ်အချိန် ပရိနိဗ္ဗာန်စံရမယ်ဆိုတာ မသိပါ၊ ဒါကြောင့် တပည့်တော်ကို ရဟန္တာဖြစ်ကြောင်း ကောင်းသောတရားကို ဟောကြားတော်မူပါဘုရား**

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဆိုတာကတော့ ဘယ်အချိန် ပရိနိဗ္ဗာန်စံမယ်ဆိုတာ သတ်မှတ်ထားပြီးရှိပါတယ်။ ဘာသာခြားဖြစ်နေသေးတဲ့အတွက် ဗာဟိယဟာ ဒီစကားကို လျှောက်ထားတာပါ။ သူ့အသက်ဘယ်အချိန်သေမယ်ဆိုတာ မသိနိုင်လို့ ဝိပဿနာတရားကို ခပ်မြန်မြန် ဟောကြားပေးပါလို့ လျှောက်ထာကတော့ တော်တော် အဓိပ္ပါယ်ရှိတယ်။

ပုထုဇဉ်များဟာ ကိုယ် ဘယ်အချိန်သေရမယ်ဆိုတာ သေချာမသိဘဲနဲ့ အပါယ်ကျကြောင်း သက္ကာယဒိဋ္ဌိတရားကြီး ရင်မှာပိုက်ပြီးနေကြတာဟာ တော်တော်သနားဖို့ကောင်းတယ်။ ဒီနောက်ဆုံး လျှောက်ပြီးတဲ့အချိန်ကြတော့ တရားဟောဖို့အတွက် အင်္ဂါလေးချက်နဲ့ ညီသွားပြီဖြစ်လို့ မြတ်စွာဘုရားက ဝိပဿနာတရားကို စတင်ဟောကြားတော်မူပါတယ်။

သန်း: အင်္ဂါလေးချက်က ဘာတွေလဲဘုရား။

နုပ် ၁။ သူဟာ မိုင်တစ်ထောင်ခရီးက ပြေးလာရတဲ့အတွက် အင်မတန်မောပန်းနေတယ်။ အခု အဲဒီအမောတွေ ပြေသွားပြီ။

၂။ တွေ့စက ဘုရားအပေါ် ကြည်ညိုတဲ့သဒ္ဓါဓါတ်တွေ တအားလွန်ကဲနေတယ်။ ဒီအချိန်မှာ ဝိပဿနာတရားကိုဟောလည်း ပညာက သူ့ရဲ့သဒ္ဓါကို မထိုးဖောက်နိုင်ဘူး။ ခုအချိန်မှာတော့ သဒ္ဓါဓါတ်ကလည်း အလယ်အလတ်ကို ရောက်သွားပြီ။

၃။ ဒီအချိန်ကျမှ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရမယ့်သူရဲ့ပါရမီကလည်း ပြည့်တယ်။

၄။ သူသေဖို့ အချိန်ကလည်း ရောက်လာပြီ။ တရားနာပြီးတာနဲ့ မကြာခင်အချိန်မှာ သူပြုလုပ်ခဲ့တဲ့ ဝဋ်ကြွေးတစ်ခုကြောင့် နွားငှေ့ခံပြီးသေရတော့မယ်။ ဒါ့ကြောင့် တရားကို စတင်ဟောတာပါ။



*တသ္မာတိဟတေ ဗာဟိယဧဝံသိက္ခိတဗ္ဗံ*
*ဒိဋ္ဌေ ဒိဋ္ဌမတ္တံဘ ဝိဿတိ၊ သုတေသုတမတ္တံဘဝိဿတိ၊*
*မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ*
*ဘဝိဿတီတိ ဧဝံတေ ဗာဟိယသိက္ခိတဗ္ဗံ*

ချစ်သား ဗာဟိယ ရဟန္တာဖြစ်ချင်တဲ့သင်ဟာ အာရုံ(၆)ပါးနဲ့တွေ့ကြုံရတဲ့အခါမှာ အခုလိုကျင့်ရမယ်။ အဆင်းတစ်ခုကို မြင်ရင်မြင်တယ်လို့ပဲ သိရမယ်။ သို့မဟုတ် ခန္ဓာငါးပါးအနိစ္စလို့ ရှုလိုက်ရမယ်။ နှစ်သက်တဲ့လောဘ၊ မနှစ်သက်တဲ့ ဒေါသ၊ အသိမှားတဲ့ မောဟဆိုတဲ့ အကုသိုလ်တွေ အဝင်မခံရဘူး။

အသံတစ်ခုကို ကြားရင် ကြားတယ်လို့ပဲ သိရမယ်၊ သို့မဟုတ် ခန္ဓာငါးပါးအနိစ္စလို့ ရှုရမယ်။ အနံ့တစ်ခုကိုရလိုက်ရင် နံတယ်လို့ပဲသိရမယ်၊ သို့မဟုတ် ခန္ဓာငါးပါးအနိစ္စလို့ ရှုရမယ်။ အစားတစ်ခုကို စားလိုက်ရင် စားတယ်လို့ပဲသိရမယ်။ သို့မဟုတ် ခန္ဓာငါးပါး အနိစ္စလို့ ရှုရမယ်။ အတွေ့အာရုံတစ်ခုခုကို တွေ့ထိလိုက်ရင် တွေ့ထိတယ်လို့ပဲ သိရမယ်၊ သို့မဟုတ် ခန္ဓာငါးပါးအနိစ္စလို့ ရှုရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အတွေးအာရုံတစ်ခုခုကို တွေးလိုက်ရင် တွေးတယ်လို့ သိရမယ်၊ သို့မဟုတ် ခန္ဓာငါးပါး အနိစ္စလို့ ရှုရမယ်။ ဒီတရားအဆုံးမှာပဲ ဗာဟိယဟာ ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်တာနဲ့ ရဟန်းပြုပေးဖို့ ဘုရားကို တောင်းပန်တယ်။ ရဟန္တာဖြစ်ပြီးသူဟာ ရဟန်းပြုရတယ်။ ရဟန်းမပြုရင် (၇)ရက်ပြည့်တာနဲ့ ပရိနိဗ္ဗာန်ဝင်စံရတယ်။

သန်း ဒီလိုဆိုတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြောင့် လူပုဂ္ဂိုလ်က သေပေးရသလို ဖြစ်မနေဘူးလားဘုရား။

နုပ် မဖြစ်ပါဘူး။ ဒီအမေးမျိုးကို အရှင်နာဂသိန် ဖြေထားတာရှိပါတယ်။ ဥပမာပေးရရင် လူတွေရဲ့ပါစကဝမ်းမီးဟာ အားမကောင်းတဲ့အတွက် နတ်သြဇာကို စားရင် ချက်ချင်းသေတယ်။ ဒီလိုသေရတာဟာ နတ်သြဇာက ကောင်းလွန်းအားကြီးပြီး ခန္ဓာကိုယ်က ကောင်းတဲ့ဒဏ်ကို မခံနိုင်လို့ပါပဲ။ နတ်သြဇာရဲ့ အပြစ်မဟုတ်ဘူး။ နတ်သြဇာကို မချေဖျက်နိုင်တဲ့ ခန္ဓာကိုယ်ရဲ့ အပြစ်ပါ။

ဒီဥပမာအတိုင်းပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်က ကောင်းလွန်းအားကြီးလို့ အဆင့်မြင့်လွန်းအားကြီးပြီး လူ့ဘဝခန္ဓာကိုယ်က အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရဲ့ မြင့်မြတ်တဲ့ဒဏ်ကို မခံနိုင်လို့သေရတာပါ။ ဒါ့ကြောင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရဲ့ အပြစ်မဟုတ်ပါဘူး။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရဲ့ဒဏ်ကို မခံနိုင်တဲ့ လူခန္ဓာကိုယ်ရဲ့ အပြစ်ပါ။

သန်း မှန်ပါ။ ရှင်းပါပြီဘုရား။ ဒါနဲ့ ဗာဟိယကို ဗုဒ္ဓက ရဟန်းပြုပေးလိုက်ရောလား ဘုရား။



နုပ် ချက်ချင်းပြုမပေးနိုင်ဘူး။ ပရိက္ခရာရှစ်ပါးဒကာ ရှာခိုင်းလိုက်တယ်။ မတွေ့ပါဘူး။ နောက်ဆုံး ဘီလူးမတစ်ကောင် ဝင်စီးထားတဲ့နွားက ဝင်ခွေ့လို့ လမ်းပေါ်မှာတင် ပရိနိဗ္ဗာန်ဝင်စံရတယ်။ ဒီဗာဟိယသုတ္တန်နဲ့ ပတ်သက်ပြီး ဗုဒ္ဓဘာသာဝင်တွေကို အရေးတကြီး ပြောစရာအချက်တစ်ချက်ရှိတယ်။

အဲဒါက ဘာလဲဆိုတော့ ကိုယ်ကြည်ညိုတဲ့ ဘုန်းကြီးကို ဘာမှမသိဘဲနဲ့ ရဟန္တာလို့ ဂုဏ်တင်ချီးမွမ်းတဲ့အပြစ်ပဲ။ အဲဒီဘုန်းကြီးက တကယ်ရဟန္တာဖြစ်နေရင်တော့ ကိစ္စမရှိဘူးပေါ့။ ကိလေသာအပြည့်နဲ့ ပုထုဇဉ်ကို ရဟန္တာလို့ပြောမိရင် အပြစ်ကြီးတယ်။

သန်း ဒီလောက်လေးနဲ့ အပြစ်ကြီးသလားဘုရား။ ဘယ်လို အပြစ်မျိုးလဲဘုရား။

နုပ် ဘယ်လိုအပြစ်မျိုးလဲဆိုတာ သေချာသိရအောင် မန်လည်ဆရာတော်ရဲ့ ဝိမံသကထာကျမ်းက အမေးအဖြေတစ်ခုကို ထုတ်ပြမယ်။ ပဌမအမေးလင်္ကာက . . .

*နှစ်ဦးသား ဗာလတို့*
*မိုက်ကြသည့်အနေ*
*တစ်ဦးသား ဗာလက*
*ရဟန္တာ ကေန္တကို*
*ဤသူလျှင် ဒုဿီလဟု*
*မြွက်ဟာတုံပေ*

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမှာ ဒုဿီလကို
ရဟန္တာ ကေန္တဟု
ခွန်းနှုတ်က ဖွင့်ချွေသည်
ဆိုပုံလေလွန်ရိုင်း
နှစ်ပါးစုံ ထိုက်ညစ်ဝယ်
အပြစ်ကယ် ဘယ်ကလေးတယ်
မေး၏ ချင့်နှိုင်း တဲ့

အဓိပ္ပါယ်က လူမိုက်နှစ်ယောက်ရှိတယ်တဲ့။ တစ်ယောက်က ရဟန္တာကို သီလပျက်စီးနေသူလို့ ကဲ့ရဲ့စွပ်စွဲတယ်။ နောက် လူမိုက်တစ်ယောက်က သီလပျက်နေတဲ့ရဟန်းကို ရဟန္တာလို့ မြှောက်ပင့်ချီးမွမ်းတယ်။ အဲ့ဒီနှစ်ယောက်မှာ ဘယ်သူက အပြစ် ပိုကြီးသလဲလို့ မေးထားတာပဲ။

အဖြေက

နှစ်ဦးသား ဗာလတို့
မိုက်ကြသည့်အနေ
တစ်ဦးသား ဗာလက
ရဟန္တာ ကေန္တကို
ဤသူလျှင် ဒုဿီလဟု
မြွက်ဟတုံပေ
တစ်ဦးမှာ ဒုဿီလကို
ရဟန္တာ ကေန္တဟု
ခွန်းနှုတ်က ဖွင့်ချေသည်
ဆိုပုံလေလွန်ရိုင်း



နှစ်ပါးစုံ ထိုက်ညစ်မှာ
အပြစ်ကယ် အတူရှိတယ်
ဖြေ၏ မှန်တိုင်း . . . တဲ့

အဓိပ္ပါယ်က အရိယူပဝါဒကံထိုက်တာခြင်းအတူတူပဲလို့ ပြောထားတာပဲ။ ဆိုလိုတာက ရဟန္တာကို သီလမရှိသူလို့ စွပ်စွဲကဲ့ရဲ့ရင် အရိယူပဝါဒကံထိုက်သလို သီလမရှိတဲ့ ပျက်စီးနေတဲ့ ရဟန်းတစ်ပါးကို ရဟန္တာလို့ ချီးမွမ်းမိပြန်ရင် အရိယူပဝါဒ ကံထိုက်သလို အပြစ်ကြီးတာပဲတဲ့။

သန်း ဒါဆိုရင် တချို့စာရေးဆရာတွေ ဘုန်းကြီးတစ်ပါး နာမည်ကြီးလာတာနဲ့ ရဟန္တာ ရဟန္တာဆိုပြီး စာအုပ်တွေ စွတ်ထုတ်နေတာဟာ အပြစ်ရှိတာပေါ့ဘုရား။

နုပ် အပြစ်ရှိတာပေါ့။ ကိုယ်မသိဘဲနဲ့ ရမ်းပြီးအမွှန်းမတင်သင့်ဘူး။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး ပြည့်စုံတဲ့ ရဟန်းတစ်ပါးလို့ခံယူပြီး ကြည်ညိုရင် မိမိမှာရသင့်တဲ့ ကုသိုလ် အကုန်ရပါတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာ ဘေးလူမပြောနဲ့ ကာယကံရှင်ကိုယ်တိုင်တောင် သိဖို့ အင်မတန်ခဲယဉ်းတယ်။ လယ်တီဆရာတော်ဘုရားကြီးက ဝိပဿနာဒီပနီမှာ အခုလိုရေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မဂ်ဖိုလ်ကိုသိဖို့ ခဲယဉ်း

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ပေါက်ရောက်မှုမည်သည်
အမှန်အားဖြင့် အလွန်သိနိုင်ခဲ၏။
သောတာပန်ဖြစ်၍နေသော ပုဂ္ဂိုလ်သည်
မိမိကိုယ်ကို ငါသောတာပန်ဖြစ်ပြီဟု
အမှန်အားဖြင့် သိနိုင်ခဲ၏။
အဘယ်ကြောင့်နည်းဟူမူ ကိလေသာတို့၏
အနုသယ အခိုက်အတန့် နက်နဲလှသောကြောင့်တည်း
(ဝိပဿနာဒီပနီ)

ကဲ ဒီအပတ်တော့ အချီးမွမ်း၊ အကဲ့ရဲ့မစောလွန်းအောင် သတိပေးတော်မူခဲ့တဲ့ ဗုဒ္ဓရဲ့ အဆုံးအမ (၂) ခုနဲ့ နိဂုံးချုပ်ကြရအောင်။

ရဟန်းတို့လေးပါးသောတရားတို့နှင့် ပြည့်စုံသော လူဖျင်း၊ လူမိုက်တို့သည် တူးဖြိုဖျက်ဆီးထားပြီးသော မိမိကိုယ်ကို ပြုစုစောင့်ရှောက်နေသည် မည်၏။ အပြစ်နှင့်တကွဖြစ်၏။

ပညာရှိ သူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ်ဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း တိုးပွားစေ၏။ အဘယ်တရားလေးပါးတို့နည်းဟူမူ

မစူးမစမ်း ဉာဏ်ဖြင့် မဆင်ခြင်ဘဲ မချီးမွမ်းထိုက်သောသူကို ချီးမွမ်း၏။ မကဲ့ရဲ့ထိုက်သောသူကို ကဲ့ရဲ့၏။ မကြည်ညိုသင့်သောအရာဌာနကို ကြည်ညို၏။ ကြည်ညိုသင့်သော အရာဌာနကို မကြည်ညို။

ဤတရားလေးပါးတို့တည်း။

(အင်္ဂုတ္တရ နိကာယ၊ စတုက္ကနိပါတ၊ ပဌမ ခတသုတ်)

အကြင်လူမိုက်သည်
ကဲ့ရဲ့ထိုက်သူကို ချီးမွမ်း၏
ချီးမွမ်းထိုက်သူကို ကဲ့ရဲ့၏
ထိုလူမိုက်သည် နှုတ်ဖြင့် အကုသိုလ်အပြစ်ကို
ဆည်းပူးစုဆောင်းနေ၏
ထိုအကုသိုလ်အပြစ်ကြောင့်
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကို မရနိုင်
(သံယုတ္တနိကာယ၊ သဂါထာဝဂ်၊ တုရူဗြဟ္မသုတ်)

* * * * *



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

## ဗုဒ္ဓချီးမွမ်းတော ဓမ္မပူဇာ

သန်း ဗုဒ္ဓဟာ အချိန်ကိုအလကားမထားဘဲ ဆွမ်းခံသွားရင်း တရားဟောပုံကို ဆွေးနွေးနေတာ ဗာဟိယအကြောင်း တော့ပြီးသွားပြီဘုရား။ နောက်ထပ်ရှိသေးသလား ဘုရား။
နှိပ် အများကြီးရှိသေးတာပေါ့။ အင်္ဂုတ္တိုရ်မှာလာတဲ့ သူရမ္ဗဋ္ဌ တို့၊ ဓမ္မပဒမှာလာတဲ့ အရိယာအမည်ရှိတဲ့ တံငါသည် တို့ဟာ ဆွမ်းခံကြွရင်းဟောတဲ့ ဗုဒ္ဓတရားကို နာယူရပြီး သောတာပန်တည်ကြတာပါ။ ဖာတ်လမ်းအကျယ်ကိုတော့ အကြောင်းတိုက်ဆိုင်မှ ထပ်ပြောကြသေးတာပေါ့။ ဗုဒ္ဓဟာ ဆွမ်းခံရာကနေ ကျောင်းကို ပြန်ရောက်ရင် ခြေဆေး တော်မူတယ်။ အဲ့ဒီခြေဆေးတဲ့အချိန်လေးကို အလကား အဖြစ်မခံဘူး။

**ရဟန်းတို့**

**ဘုရားပွင့်တဲ့အခါကာလကို ရခဲတယ်**



*ရဟန်းဘဝကို ရခဲတယ်*

*(မြတ်စွာဘုရားတောင် ရဟန်းဘဝကို*

*ကိုး ဘဝပဲ ရခဲ့တယ်)*

*သဒ္ဓါတရားရှိတဲ့သူ့အဖြစ်ကို ရခဲတယ်*

*သူတော်ကောင်းတရားကို ကြားနာရခဲတယ်*

ဆိုပြီး ဒုလ္လဘတရားငါးပါးကို အမိအရဟောတော်မူတယ်။

နေ့ဆွမ်းစားပြီးတာနဲ့ ကျိန်းစက်ချိန်မရပါဘူး။ ရာချီနေတဲ့ ရဟန်းတော်များကို ကမ္မဋ္ဌာန်းပေးရတယ်။ ပုစ္ဆာမေးတာ ဖြေရတယ်။ အားထုတ်မယ့်နေရာ တောကို ညွှန်ပြရတယ်။ ဒီကိစ္စတွေဟာ ည(၇)နာရီလောက်မှ ပြီးတယ်။ ဘုရားက တစ်ပါးတည်း။ မေးမြန်းတဲ့ရဟန်း တွေက ရာနဲ့ချီလောက်အောင် **များတာကိုး။**

ရဟန်းတွေတရားပေးတဲ့ကိစ္စပြီးတာနဲ့ လူတွေကို တရားဟောဖို့ ခန်းမဆောင်ကြီးထဲ ကြွတော်မူရပါတယ်။ ဒီအချိန်မှာ တရားနာလာကြတဲ့လူတွေ အပြည့်ရောက် နေပါပြီ။ အဲဒါ ညတိုင်းပါ။ နားရက်မရှိပါဘူး။ လူတွေ ဟောပြီးတာနဲ့ ညသန်းခေါင် (၁၂) နာရီလောက်ရှိပြီ။ ဒီအချိန်မှာ နတ်တွေက တရားနာရအောင် ရောက်နေကြ ပြန်ပြီ။

နတ်တွေကို တရားဟောပြီးတဲ့အချိန်ကျတော့ ည(၁း၃၀)နာရီလောက် ရှိနေပြီ။ ဒီအချိန်မှာ ဗြဟ္မာတွေ က တရားနာရအောင် ရောက်လာကြပြန်တယ်။ ဟောရ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြန်တာပဲပေါ့။ တရားနာပရိသတ်သာ ပြောင်းသွားတာ။ တရားဟောတဲ့ဘုရားက မပြောင်းပါဘူး။ ဖြဟ္မာတွေ ဟောပြီးတဲ့အချိန်မှာတော့ (၃)နာရီ ထိုးခါနီးပါပြီ။

ဒီအချိန်ကျမှ (၂၃)နာရီနီးပါး ဆက်တိုက်ခိုင်းလာတဲ့ ခန္ဓာကိုယ် အနားပေးတဲ့အနေနဲ့ လက်ျာနံတောင်းစောင်းပြီး (၁)နာရီနဲ့ မိနစ် (၂၀)ခန့် ကျိန်းစက်တော်မူပါတယ်။ နံနက်(၄)နာရီလောက်ရောက်တာနဲ့ အောက်မှာ ပြောခဲ့တဲ့အတိုင်း စကြဝဠာ တိုက်တစ်သောင်းအတွင်းက ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါတွေကို ရှာဖွေကြည့်ရှုပြီး တွေ့ခဲ့ရင် တရားသွားဟောပေးပါတယ်။

နံနက် (၄)နာရီကစပြီး တစ်နေ့တာလုပ်ငန်းကြီးကို လည်ပတ်တော်မူပြန်ပါတယ်။ အဲသလောက် မနားမနေချွေချွတ် ဟောကြားတော်မူတာတောင်မှ ၁၆ သချင်္ချေနဲ့ ဗိုလ်ချေတစ်သိန်းပဲ ကျွတ်တမ်းဝင်တဲ့အတွက် ရှစ်သချင်္ချေနဲ့ ကုဋေ့ဇ၀ ကျန်နေပါသေးတယ်။ ဒါ့ကြောင့် သက်တော်(၈၀)ပြည့်လို့ ပရိနိဗ္ဗာန်စံဝင်တာတောင် အေးအေးသက်သာ မစံဝင်နိုင်ပါဘူး။ နောက်ဆုံးစကားကို မှာဖြစ်အောင် မှာခဲ့ပါသေးတယ်။

လောကမှာ တစ်ဘဝတာ ကျေးဇူးရှင်ဖြစ်တဲ့ မိဘနှစ်ပါးက သေခါနီးမှာခဲ့တဲ့စကားဆိုရင် ကျန်ရစ်ခဲ့ကြတဲ့ သားသမီးများက မဖြစ်မနေလိုက်နာကြရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သေခါနီးကျမှ မှာခဲ့တဲ့စကားဟာ အရေးအကြီးဆုံးစကား ဖြစ်လို့ပါပဲ။ ဒီတော့ တစ်ဘဝသာ ကျေးဇူးရှင်ဖြစ်တဲ့ မိဘနှစ်ပါးရဲ့ သေခါနီးမှာခဲ့တဲ့စကားကိုတောင် တစ်သွေမတိမ်း လိုက်နာကြရင် သံသရာတစ်လျှောက် ကျေးဇူးရှင်ဖြစ်တဲ့ ဗုဒ္ဓရဲ့ နောက်ဆုံး မှာကြားခဲ့တဲ့စကားဆိုရင် ပိုလို့တောင် လိုက်နာပြုကျင့်သင့်ပါတယ်။ မိဘဟာ သားသမီးကို ဒီတစ်ဘဝသာ ချမ်းသာအောင် စောင့်ရှောက်နိုင်တာဖြစ်လို့ တစ်ဘဝတာ ကျေးဇူးရှင်လို့ ခေါ်တာပါ။ သံသရာမှာ အပါယ်မကျအောင် မဂ်ဖိုလ်ရအောင်ကျတော့ မိဘက ဘာမှမတတ်နိုင်တော့ပါဘူး။ ဘုရားကသာ တတ်နိုင်တာပါ။ ဒါကြောင့် ဘုရားရှင်ကိုတော့ သံသရာတစ်လျှောက် ကျေးဇူးရှင်လို့ ခေါ်သင့်ပါတယ်။



ဒါဆိုရင် သံသရာတစ်လျှောက် ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးအချိန်မှာ ဘာမှာခဲ့ သလဲဆိုတော့

*ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ*
*ဝယဓမ္မာသင်္ခါရာ အပ္ပမာ ဒေနသမ္ပာဒေထ*
*ချစ်သား၊ ချစ်သမီးတို့ ပရိနိဗ္ဗာန်စံခါနီး*
*ယခုအခါ၌ သင်ချစ်သား ချစ်သမီးတို့အား*
*ငါဘုရားနောက်ဆုံးစကားမှာကြားခဲ့မယ်၊*
*ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့သည်*
*ပျက်စီးခြင်းသဘောရှိကြကုန်၏*
*မမေ့ မလျော့ မပေါ့ မဆသော ဝိပဿနာ*
*သတိတရားဖြင့် ပြည့်စုံစွာနေရစ်ကြလော့*

www.burmeseclassic.com

www.burmeseclassic.com



ဒါမြတ်စွာဘုရား နောက်ဆုံးမှာကြားခဲ့တဲ့ ပစ္ဆိမဝစနစကား ဖြစ်တယ်။ အမြဲဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါးကို အနိစ္စလို့ ဝိပဿနာရှုပြီး နေရစ်ခဲ့ကြလို့မှာတော်မူတာပဲ။ မြတ်စွာဘုရားကို ပူဇော်ခြင်းဟာ နှစ်မျိုးရှိတယ်။ အာမိသပူဇာနဲ့ ဓမ္မပူဇာပဲ။ အာမိသပူဇာဆိုတာက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပန်း၊ နံ့သာပြောင်း စသည်နဲ့ ပူဇော်တာပေါ့။

ဓမ္မပူဇာဆိုတာက မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရားကို နာကြားအားထုတ်တာပဲ၊ ဒီနှစ်မျိုးမှာ ဗုဒ္ဓကတရားနဲ့ပူဇော်တာကို ပိုနှစ်သက်တော်မူတယ်။

သန်း ဓမ္မပူဇာနဲ့ပူဇော်ဖို့ ဗုဒ္ဓတိုက်ရိုက်ဟောထားတာရှိသလား ဘုရား။

နုပ် ရှိတယ်။ ဝိပဿနာရှုပွားသူတိုင်း သိသင့်လို့ သာဓကနှစ်ခုလောက် ထုတ်ပြမယ်။ ပထမတစ်ခုက မဟာပရိနိဗ္ဗာနသုတ်ထဲကပါ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးတော့ ရဟန်းရှင်လူ အားလုံးနီးပါး ဘုရားရှင်နားမှာ လိုအပ်သမျှ အနီးကပ်ပြုစုကြတယ်။ နတ်ဗြဟ္မာတွေတောင် မနေနိုင်ပါဘူး။ ထူးခြားတာတစ်ခုက အဲဒီပရိသတ်ထဲမှာ အတ္တဒတ္တလို့ အမည်ရတဲ့ ရဟန်းတစ်ပါး မပါဘူး။

ဘုရားရှင် ပရိနိဗ္ဗာန်စံဖို့က ရက်ပိုင်းလောက်ပဲ လိုတော့တယ်။ အတ္တဒတ္တမထေရ်ကတော့ ဘုရားနားကို တစ်ခေါက်မှ ရောက်မလာပါဘူး။ တောတစ်တောမှာ တရားအားထုတ်နေလို့ပဲ ဖြစ်ပါတယ်။ ဘေးကရဟန်း



တွေက မကျေနပ်ကြလို့ ဘုရားရှင်ကို အတ္တဒတ္တမထေရ် တစ်ကြိမ်မှရောက်မလာကြောင်း လျှောက်ထားကြပါတယ်။

ဒီတော့ ဘုရားက အတ္တဒတ္တမထေရ်ကို ခေါ်ခိုင်းလိုက်ပါတယ်။ ရောက်လာတော့ ပရိသတ်အားလုံးရှေ့မှာ မေးပါတယ်။

"ချစ်သား အတ္တဒတ္တ ပရိနိဗ္ဗာန်စံခါနီး ငါဘုရားကို ရဟန်းရှင်လူ အားလုံးလာရောက် ပြုစုကြသော်လည်း သင်ချစ်သား တစ်ခေါက်မှ ရောက်မလာဘူးဆိုတာ မှန်သလား"

"မှန်ကြောင်းပါဘုရား"

"ဘယ်လိုရည်ရွယ်ချက်ရှိလို့ မလာရောက်တာလဲ ချစ်သား"

"မှန်ပါ ဘုရားရှင်ဟာ ဝေနေယျတွေအားလုံး မဂ်ဖိုလ်ရဖို့အတွက် ပွင့်တော်မူလာခြင်းဖြစ်ပါတယ်။ ဒါကြောင့် ငါလဲ ဘုရားရှင် ပရိနိဗ္ဗာန်မစံမီအချိန်လေးမှာ ရဟန္တာဖြစ်အောင်ကျင့်ပြီး ဗုဒ္ဓကို အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုတဲ့ ဓမ္မနဲ့ပူဇော်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တရားကျင့်နေလို့ မြတ်စွာဘုရားထံ ရောက်မလာခြင်းဖြစ်ပါသည်ဘုရား"

လို့လျှောက်တယ်။ ဒီအခါမှာ ဘုရားရှင်က အခုလိုတိတိကျကျပြတ်ပြတ်သားသား မိန့်ကြားတော်မူတယ်။

*သတ္ထာကဿ သာမုကာရံ ကတွာဘိက္ခဝေ*

*ယဿမယိ သိနေဟောအတ္တိ၊ တေန အတ္တ ဒတ္တ*

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



*ဇေတ္တရေနဝိယာဘဝိတုံ ဝဋ္ဋတိ၊*
*နပါဘိက္ခဝေ ဂန္ဓာဒိဟိ ပူဇေန္တော်မံ ပူဇေန္တိ၊*
*ဓမ္မာနုဓမ္မ ပဋိပတ္တိယာ ပနမံပူဇေန္တိ၊*
*တသ္မာ အညေနပိ အတ္တဒတ္တ သဒိသေနေဝ*
*ဘဝိတဗ္ဗန္တိ''*

မြတ်စွာဘုရားသည် ထိုအတ္တဒတ္တရဟန်းအား သာဓုခေါ်ခြင်းကို ပြုတော်မူပြီး၍ အို ရဟန်းတို့ အကြင်သူအား ငါဘုရား၌ ချစ်ခင်ကြည်ညိုခြင်းရှိ၏။ ထိုသူသည် အတ္တဒတ္တထေရ်ကဲ့သို့ ဖြစ်သင့်၏။

အိုရဟန်းတို့ အကြောင်းပြရလျှင် နံ့သာစသည်တို့ဖြင့် ပူဇော်သောသူတို့သည် ငါဘုရားကို ပူဇော်သည် မမည်ကုန်။

*လောကုတ္တရာတရားအားလျော်သော*
*အကျင့်ကို ကျင့်ခြင်းဖြင့်သာလျှင်*
*ငါဘုရားကို ပူဇော်သည်မည်ကုန်၏*
*သို့ဖြစ်၍ တစ်ပါးသောသူသည်လည်း*
*အတ္တဒတ္တရဟန်းနှင့် တူသည်သာ ဖြစ်ရာ၏*

တဲ့ မြတ်စွာဘုရားက အတ္တဒတ္တရဟန်းကို အပြစ်မတင်တဲ့အပြင် သာဓုတောင်ခေါ်လိုက်သေးတယ်။ ပန်းလေးပါး ပန်း၊ နံ့သာတွေနဲ့ ပူဇော်တာဟာ ငါဘုရားကို တကယ်ပူဇော်ရာမရောက်သေးဘူးတဲ့။ ဝိပဿနာတရားကို ပွားများကျင့်ကြံမှသာလျှင် ငါဘုရားကို တကယ်ပူဇော်ရာရောက်ပါသတဲ့

သန်း ဗုဒ္ဓဘာသာအများစုဟာ ဒီလောက်ထိမသိကြပါဘူးဘုရား



ဒါကြောင့်လည်း ဝိပဿနာတရားကို နာကြားခြင်း၊ အားထုတ်ခြင်း၊ သိပ်မလုပ်ဖြစ်ကြတာပါ။ ဒီအချက်ကလေးတွေကို သိသွားရင်တော့ နောင်ကိုလုပ်ဖြစ်ကြတော့မယ်လို့ ထင်ပါတယ်။ နောက်တစ်ချက်ကကော ဘုရား။

နုပ် နောက်တစ်ချက်ကလည်း ပရိနိဗ္ဗာန်စံခါနီး အချိန်မှာပဲ အရှင်အာနန္ဒာကို မှာခဲ့တာပါ။ ပရိနိဗ္ဗာန်စံခါနီးအချိန်ဆိုတော့ လူနတ်ဗြဟ္မာသတ္တဝါအားလုံးဟာ မြတ်စွာဘုရားကို နောက်ဆုံးပူဇော်ခြင်းအနေနဲ့ အားရပါးရ ပူဇော်နေကြတယ်။ နတ်တွေကလည်း နတ်ပန်းမိုးတွေရွာချပေး၊ ဗြဟ္မာကြီးကလည်း ရောမထီးဖြူကြီးနဲ့ မိုးပေး။

အို စုံနေအောင် ပူဇော်ကြတယ်။ အဲဒီအချိန်မှာ ဗုဒ္ဓက အာနန္ဒာကို အခုလိုမိန့်ကြားတော်မူတယ်။

**နခေါအာနန္ဒ တေ္တာဝတာတထာဂတော၀ါ**
**ဟောတိ ဂရုကတာ၀ါ မာနိတော၀ါ (ပ)**
**အနုဓမ္မစာရိနောတိ အာနန္ဒ သိက္ခိတဗ္ဗံ။**

*(ဒီ၊ ၂၊ ၁၁၄)*

အို အာနန္ဒာ ပန်းနံ့သာတူရိယာစသော ပူဇော်ဖွယ် မျိုးစုံတို့ဖြင့် ပူဇော်ခြင်းဟူသော ဤမျှလောက်ဖြင့် လူနတ်တို့သည် ငါဘုရားကို အရိုအသေပြုအပ်သည် မမည်သေး၊ အလေးပြုအပ်၊ မြတ်နိုးအပ်၊ ပူဇော်အပ်၊ ပသာအပ်သည် မမည်သေး။

www.burmeseclassic.com

www.burmeseclassic.com



အို အာနန္ဒာရဟန်းယောကျ်ားဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ၊ ဥပါသကာဖြစ်စေ၊ ဥပါသိကာမ ဖြစ်စေ၊ အကြင်တစ်စုံတစ်ယောက်သော သူသည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်သော အကျင့်ကို ကျင့်လျှက်နေ၏။

ထိုသို့သောသူသည် ငါဘုရားကို ရိုသေသည်မည်၏။ အလေးပြုသည်မည်၏။ မြတ်နိုးသည်မည်၏။ အမြတ်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်သည်မည်၏။ ပသသည်မည်၏။

အို အာနန္ဒာ သို့ဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်သောအကျင့်ကို ကျင့်ကုန်လျှက် ငါတို့နေထိုင်မည်ဟု သင်တို့သည်လိုအားထုတ်ရမည် အာနန္ဒာ

ဒီစကားတော်အချုပ်ကလည်း ဝိပဿနာတရားကို ကျင့်ကြံပွားများမှသာ ငါဘုရားကို တကယ်ပူဇော်ရာရောက်တယ်။ တကယ်လေးစားရာရောက်တယ်လို့ ဆိုလိုတာပါပဲ။ ဒီအချက်နဲ့ ပတ်သက်ပြီး မဟာစည်ဆရာတော်ဘုရားကြီးက ဝိပဿနာရှုနည်း ကျမ်းထဲမှာ အခုလိုပြည့်ပြည့်စုံစုံ ရှင်းပြထားတယ်။

မြတ်စွာဘုရားကို ဖူးမျှော်ကန်တော့ခြင်း၊ ပန်းနံ့သာစသည်ဖြင့် ပူဇော်ခြင်းများသည် ကုသိုလ်တရားချည်းဖြစ်၍ အရိယာတို့၏ ထွက်မြောက်



ကြောင်းပင်ဖြစ်၏။ သို့ဖြစ်ပါလျှက် ထိုသို့သော ဖူးမျှော် ကန်တော့ခြင်း၊ ပူဇော်ခြင်းမျှဖြင့် ဘုရားကို ပူဇော်သည်မမည်သေးဟု မိန့်တော်မူရာဝယ် ဘုရားသခင်၏ မြင့်မြတ်သော အလိုတော်ကို အဋ္ဌကထာ၌ ဤသို့ဖွင့်ပြ၏။

ကမ္ဘာပေါင်းလေးချေနှင့် တစ်သိန်းကာလ ပတ်လုံး ပါရမီစရိယ၊ စာဂတို့ကို အလွန်ခဲယဉ်းငြိုငြင်စွာ ဖြည့်ကျင့်၍ ဘုရားဖြစ်တော်မူရခြင်းသည် နတ်လူတို့အား မဂ်ဖိုလ်ကို လက်ငင်းရစေရန် အလို့ငှါသာဖြစ်၏။

ပန်းနံ့သာစသည်ဖြင့် အပူဇော်ခံရန် အလို့ငှါ ရည်ရွယ်တော်မူသည် မဟုတ်ချေ၊ ထိုသို့သော ပူဇော်မှုမျှဖြင့် ရောမကုသိုလ်ကြီးကို ပြုရပေပြီဟု ရောင့်ရဲအားရပြီးလျှင် မြတ်သည်ထက်မြတ်သော သီလ၊ သမာထ၊ ဝိပဿနာ ကုသိုလ် ဟူသော နိယျာနတို့ကို အားမထုတ်ဘဲနေလျှင် ယခုဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်သည်သာတည်း။

ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်သေးသည်သာတည်း။ သည်မျှသာမကသေး ထိုသို့သော ပူဇော်ခြင်းသည် ဘုရားသာသနာတော်ကို တစ်နေ့မျှ ယာဂုတစ်ကြိမ် သောက်မျှပင် တည်တန့်စေနိုင်သည်မဟုတ်ချေ။

ကြီးစွာသော ကျောင်းတိုက်ကြီး တစ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်၊ စေတီကြီးတစ်ထောင်တို့ကို ဆောက်လုပ်တည်ထားစေကာမူ ဒါယကာအား ကြီးမားသောအကျိုးကို ပေးနိုင်သောကုသိုလ်ဖြစ်ရုံမျှသာတည်း။

သာသနာတော်ကို တည်တန့်စေနိုင်သော ပူဇော်မှုကား မဟုတ်သေး။ သီလ၊ သမထ၊ ဝိပဿနာဟူသော ပဋိပတ်ကို ကျင့်ခြင်းသည်သာလျှင် ဘုရားနှင့်ထိုက်တန်သင့်လျော်သော ပူဇော်ခြင်းမည်၏။

သာသနာတော်ကိုလည်း ရှည်မြင့်စွာ တည်တန့်စေနိုင်၏။ ထို့ကြောင့် အကျင့်ဖြင့်ပူဇော်ခြင်းကိုသာလျှင် အလေးအမြတ်ပြုစေလို၍ အထက်ပါမိန့်ခွန်းတော်ကို မိန့်တော်မူလေသည်။ ဤသည်ကား အဋ္ဌကထာ၌ ဆိုလိုသော အဓိပ္ပါယ်တည်းတဲ့။

သန်း ဒီလိုဆိုတော့လည်း ဟုတ်တာပေါ့ဘုရား။ မြတ်စွာဘုရားပွင့်တော်မူလာတာက ဝေနေယျတွေ မဂ်ဖိုလ်ရစေချင်လို့ပဲ။ ဒီတော့ အာမိသနဲ့ ပူဇော်နေတာလောက်ကို ဘယ်ကြိုက်မလဲဘုရား။

အားပြတ်နေတဲ့လူတစ်ယောက်ကို သမားတော်က အားပြန်ပြည့်အောင် ကြက်ဥပူတင်းစားခိုင်းတာ လူနာက ကြက်ဥပူတင်းတော့မစားဘဲ အချဉ်ထုတ်တွေ ဝယ်စားနေတာတွေ့ရတော့ သမားတော်မှာ အားမလို အား



မရဖြစ်ရသလိုမျိုး မြတ်စွာဘုရားလည်း ဖြစ်တော်မူတယ်လို့ ထင်ပါတယ်ဘုရား။

နုပ် အေးဟုတ်တယ်။ မင်းပေးတဲ့ ဥပမာလေး ရှင်းတယ်။ ကဲ နောက်ထပ်ဗုဒ္ဓရဲ့ လေးစားစရာကျေးဇူးဆပ်စရာလေး နှစ်ချက်လောက်ကို ပြောကြဦးစို့။ ရှေးကသက်တော်ရှည်ဘုရားရှင်တွေ ပရိနိဗ္ဗာန်ဝင်စံကြတဲ့အခါ ဓါတ်တော်ကို တစ်လုံးတည်း တစ်ခဲတည်းပဲ ထားတော်မူခဲ့ကြတယ်။

ဂေါတမမြတ်စွာဘုရားကတော့ သက်တမ်းတိုလွန်း အားကြီးပါတယ်။ ဘုရားရှင်တို့၏ ဓမ္မတာသက်တမ်းရဲ့ ငါးပုံပုံ လေးပုံ နေတဲ့ထုံးစံအတိုင်း တစ်ရာတန်းဆိုတော့ သက်တော်ရှစ်ဆယ်မှာ ပရိနိဗ္ဗာန်ဝင်စံရပါတယ်။ ဒီလိုဝင်စံတဲ့အခါမှာ ငါဘုရားကို မမီလိုက်တဲ့သူများသည် ငါ၏ဓါတ်တော်များကို ဖူးတွေ့ရပြီး မဂ်ဖိုလ်တရားကို ရအောင်ကျင့်ကြံနိုင်ကြပါစေဆိုတဲ့ မေတ္တာစေတနာနဲ့ ဓါတ်တော်တွေကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် အဓိဋ္ဌာန်တော်မူခဲ့ပါတယ်။

အကြီးစား ဓါတ်တော်က ပဲနောက်စေ့ပမာဏ၊ အလတ်စားဓါတ်တော်က ဆန်ကျိုးစေ့ပမာဏ၊ အငယ်စား ဓါတ်တော်က မုံညှင်းစေ့ပမာဏရှိပါတယ်။ ဒီဓါတ်တော်တွေဟာ အခုဆိုရင် နဂါးပြည်၊ လူ့ပြည်၊ နတ်ပြည် နေရာအနှံ့မှာ အပူဇော်ခံလို့နေပါတယ်။ ဒီဓါတ်တော်တွေကို အကြောင်းပြုပြီး တရားရအောင်ရှုသွားကြသူတွေလည်း အများကြီးပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအချက်ကတော့ ရှေးဘုရားရှင်တွေဟာ ပရိနိဗ္ဗာန်စံဝင်တာနဲ့ သာသနာကို တစ်ခါတည်း ရုပ်သိမ်းသွားပါတယ်။ ဆိုလိုတာက ဘုရားရှင်လက်ထက်မှာ ဖြစ်ကြတဲ့ရဟန်း သံဃာများလောက်ပဲ မဂ်ဖိုလ်ရကြောင်းတရားတွေကို ပြသနိုင်ကြတော့တယ်။ နောက်တဆက်ရဟန်းတွေဟာ တရားမပြနိုင်ကြတော့ဘူး။ မဂ်ဖိုလ်ရကြောင်းတရားတွေ ပျောက်ကွယ်သွားတာကို သာသနာကွယ်တယ်လို့ ပြောတာပါပဲ။

ဂေါတမမြတ်စွာဘုရားကတော့ သူ့ကိုမမီလိုက်တဲ့ ဝေနေယျတွေအတွက် ငဲ့ညှာပြီး သာသနာအနှစ် ငါးထောင်ထားတော်မူခဲ့ပါတယ်။ ဒါကြောင့် အခုလို သာသနာနှစ်ပေါင်း ၂၅၄၆ နှစ်ကျော်လာတဲ့အထိ မဂ်ဖိုလ်ရကြောင်း ဝိပဿနာတရားတွေကို နာကြားဖတ်ရှုခွင့် အားထုတ်ခွင့်ရနေကြတာပါ။

မြတ်စွာဘုရားအပေါ်ကို လေးစားစရာ၊ ကျေးဇူးဆပ်စရာအချက်တွေကို စီတန်းလိုက်မယ်ဆိုရင်–

၁။ သုမေဓါ ရှင်ရသေ့ဘဝကတည်းက ရဟန္တာအဖြစ်ကို လွယ်လွယ်နဲ့ယူနိုင်သော်လည်း မယူခဲ့တဲ့အချက်။

၂။ လေးသင်္ချေ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီ သုံးဆယ်ကို အဆင်းရဲ အပင်ပန်းခံပြီး ကျင့်ခဲ့တဲ့အချက်။

၃။ ဘုရားဖြစ်ပြီး (၄၅)ဝါတိုင်တိုင် လူနတ်



ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မရပ်မနား ဝိပဿနာတရားများကို ဟောပေးသော အချက်။

၄။ ပရိနိဗ္ဗာန်စံခါနီးအချိန်မှာတောင် ဖြစ်ပျက်နေတဲ့ သင်္ခါရတရားတွေအပေါ် မမေ့မလျော့ ဝိပဿနာအသိတရားနဲ့ နေကြလို့ နောက်ဆုံးမှာတော်မူခဲ့တဲ့ အချက်။

၅။ ဓါတ်တော်တွေကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် အဓိဋ္ဌာန်တော်မူခဲ့တဲ့အချက်။

၆။ သာသနာနှစ် ငါးထောင်တိုင်တိုင် အရှည်မျှော်ပြီး ထားတော်မူခဲ့တဲ့အချက်တွေကို တွေ့ရပါတယ်။ ဒါ့ကြောင့်လည်း မြတ်စွာဘုရားကို လေးစားသောအားဖြင့်လည်းကောင်း၊ ကျေးဇူးဆပ်သောအားဖြင့်လည်းကောင်း၊ ဝိပဿနာတရားကို နာကြားအားထုတ်သင့်တယ်လို့ ပြောခဲ့တာပါ။

သန်း — အခုဆိုလျှင် ဆရာတော်ပြောခဲ့တာ အနုပုထုဇဉ် ဘဝက လွတ်ဖို့ သာသနာနဲ့ကြုံတုန်းကြိုက်မိဖို့၊ ဗုဒ္ဓကိုလေးစားဖို့၊ ကျေးဇူးဆပ်ဖို့ဆိုပြီး ဝိဿနာအားထုတ်သင့်ခြင်းရဲ့အကြောင်း သုံးမျိုး ရှိသွားပြီ။ နောက်ထပ် ရှိသေးသလားဘုရား။

နုပ် — အကြောင်းသုံးချက် ကျန်သေးတယ်ကွ။ ပထမအချက်က ဘာသာခြားဘဝကို ရောက်မသွားဖို့အတွက်လည်း ဝိပဿနာတရားကို နာကြားအားထုတ်သင့်တယ်။ ရတနာသုံးပါး

www.burmeseclassic.com

www.burmeseclassic.com



ကို ယုံကြည်သိမှတ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်းဆိုတဲ့ စာအုပ်ကို မင်းဖတ်ဖူးတယ်မဟုတ်လား။

**သန်း** ဖတ်ဖူးတယ်ဘုရား။ ဆရာတော်ရဲ့ စာကြည့်တိုက်က ငှားဖတ်တာပဲ။

**နုပ်** ဟုတ်ပြီ။ အဲဒီစာအုပ်ကိုရေးတဲ့ ဆန်းလွင်ဟာ အရင်က အစ္စလာမ်ဘာသာဝင်တစ်ယောက်ပဲ။ အခြားဘာသာမျိုးစုံ၊ ဒဿနမျိုးစုံ လေ့လာပြီးမှ ဗုဒ္ဓဘာသာဝင် ဖြစ်လာသူ တစ်ယောက်ပဲ သူဘယ်လောက်ထိလေ့လာခဲ့တယ်ဆိုတာ အဲဒီစာအုပ်ကြီးထဲမှာ အကုန်ပါတယ်။

နက်နဲတဲ့ ဒဿနတွေကို စာဖတ်သူတွေ ငြီးငွေ့မသွားပဲ စိတ်ဝင်စားအောင် ဝတ္ထုဆန်ဆန် ရေးသွားနိုင်တာဟာ သူ့ရဲ့ အရည်အချင်းတစ်ခုပဲ။ သူ့အကြောင်းပြောတော့မယ်ဆို သူရေးခဲ့တဲ့ အတွေးအခေါ်လေးတစ်ခု ကြိုက်လွန်းလို့ ငါမှတ်ထားတာရှိတယ် နားထောင်…

ကဲ့ရဲခြင်း၊ ချီးမွမ်းခြင်းနဲ့ ကင်းတဲ့ လူ့ကိစ္စ ရယ်လို့ မရှိနိုင်ဂါဘူး။ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်တဲ့ ဒဏ်ကိုမခံနိုင်ရင်ဘဝကို အဆန်လှော်ဖို့မစဉ်းစားနဲ့။

အဆန်မလှော်ရင်လည်း ဘဝမှာ အစုန် မျောသွားမှာပဲ။ အညာကိုတက်ချင်ရင် ရေဆန်၊ လေဆန် လှော်ရမှာပဲ။ အဆန်လှော်ရတာဟာ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ ခက်ခဲတယ်၊ ရုန်းကန် ရတယ်ဆိုပေမယ့် အထက်ဘက်ကို ရောက်တယ်။ ဒါကို ဝန်လေးတယ် မထင်သင့်ပါဘူး။ ပတ်ဝန်း



ကျင် အပြောအဆို ပုတ်ခတ်မှုဆိုတာကို လေဆန် တိုးတဲ့ သဘောမျိုးပဲ။ မှတ်ထားလိုက်ပါတဲ့။

**သန်း** ကောင်းလိုက်တာ ဘုရား။ ဆရာတော်က သေချာမှတ်ထားတာပဲ။ တိုက်ဆိုင်လာတဲ့အခါမှာ နာကြားထားတာတွေ၊ ဖတ်ထားတာတွေ၊ အခုလိုအလွယ်တကူ မှတ်မိအောင် ဘယ်လိုလုပ်ထားသလဲဘုရား။

**နုပ်** အဲဒါက မှတ်ဉာဏ်နဲ့ တစ်ဝက်ဆိုင်သလို မေတ္တာစေတနာနဲ့ တစ်ဝက်ဆိုင်တယ်။ မှတ်ဉာဏ်ကောင်းဖို့က ကာမဂုဏ်အာရုံတွေ နည်းနိုင်သမျှနည်းရမယ်၊ စာကောင်းပေမွန်တွေကို များများဖတ်ပြီး မှတ်ရမယ်။ ကောင်းတဲ့ အချက်တွေကို ကူးထားရမယ်၊ စိတ်ဟာ သောကပရိဒေဝ ရှင်းနိုင်သမျှ ရှင်းနေရမယ်။ ဒါဟာ တို့ကိုယ်တွေ့မှတ်ဉာဏ်ကောင်းတဲ့နည်းပဲ၊ လိုအပ်တဲ့အခါမှာ အလွယ်တကူ မှတ်မိအောင်ကတော့ မေတ္တာစေတနာ အပြည့်လိုပါတယ်၊ လက်တွေ့ ဥပမာနဲ့ပြမယ်။ မဟာတ္တမဂန္ဓီရဲ့ ဒဿန လေးတစ်ခုရှိတယ်။ ခေါင်းစဉ်က

www.burmeseclassic.com

www.burmeseclassic.com



## ကြောက်စိတ်ကင်းအောင်လုပ်နည်း

အကြောက်တရားပေါ်လာရခြင်းမှာ မိမိခန္ဓာကိုယ်ကို စွဲလန်းတွယ်တာနေသောကြောင့် ဖြစ်သည်။ ခန္ဓာကိုယ်ကို ခင်မင်တွယ်တာနေမှု မရှိလျှင် ဘာကြောက်စရာ ရှိမည်နည်း။

ပစ္စည်း၊ ဥစ္စာ၊ ငွေ၊ မိသားစု၊ ခန္ဓာကိုယ် စသည်တို့ကို ခင်မင်တွယ်တာနေမှုများ သို့မဟုတ် သံယောဇဉ်များကိုသာ စွန့်လွှတ်နိုင်မည်ဆိုပါက ကျွန်ုပ်တို့အနေနှင့် ဘာမှကြောက်စရာရှိတော့မည် မဟုတ်ချေ။

*(မဟာတ္တမဂန္ဒီ)*

ဒီလိုအင်မတန်ကောင်းတဲ့ စာပိုဒ်မျိုးလေး ဖတ်လိုက်ရတဲ့ အခါ သိပ်ကောင်းပါလား။ ဒီစာပိုဒ်မျိုးလေးဟာ အကြောက်ကြီးတဲ့သူတွေအတွက်၊ စာရေးတဲ့အခါ တရားဟောတဲ့အခါ ထည့်သုံးရမယ်။ ဒါဆိုရင် ဖတ်ရသူ၊ နာရသူတွေမှာ သိပ်အကျိုးရှိသွားမယ်။ အဲဒီမေတ္တာ၊ စေတနာမျိုးနဲ့ ရေးမှတ်ထားရင် အကြောင်းတိုက်ဆိုင်တာနဲ့ ပေါ်လာတာပါပဲ။

ကိုယ်အသုံးပြုမယ့်နေရာလေးပါ ထည့်ပေးပြီး မှတ်သားရတယ်။ ဒါမှ မြန်မြန်ပေါ်တာ ပြောရင်းနဲ့ မင်းတို့ လူငယ်တွေ စိတ်ဓါတ်မကျအောင် အားပေးတဲ့ ကဗျာတစ်ပုဒ်ကို သတိရလာပြန်ပြီ။



သန်း။ အမိန့်ရှိပါဘုရား။ တပည့်တော်တို့အတွက် အင်မတန်မှ အဖိုးတန်ပါတယ်။

နုပ် ဒီကဗျာလေးက

### ရှုန်းရ ကန်ရ ဤဘဝ

လေထန်တိုင်းသာ၊ လွင့်ကြွေပါမူ၊
ဘယ်မှာပန်းများ၊ ကျန်မည်နည်း။
လှိုင်းပုတ်တိုင်းသာ၊ ကမ်းပြိုပါမူ၊
ဘယ်မှာမြေကြီး၊ ကျန်မည်နည်း။
ကျရှုံးတိုင်းတာ၊ ငိုရပါမူ၊
ဘယ်မှာ မျက်ရည်၊ ကျန်မည်နည်း။
အမှောင်တစ်ဝက်၊ လင်းတစ်ဝက်နဲ့
တစ်ရက်တစ်ခါ၊ ကြုံမြဲသာတည်း။
အရှုံးတစ်လှည့် ၊ နိုင်တစ်လှည့်မှာ၊
မျက်လှည့်ပမာ ၊ တွေ့မြဲသာတည်း။
ဘဝသည်ကား ၊ တိုက်ပွဲများပင်၊
လှုပ်ရှားရသော ၊ လူ့ရွာတောဝယ်၊
လင်းသော ၊ မှောင်သော
အောင်သော ၊ ရှုံးသော
မုန်းသော ၊ ချစ်သော
သစ်သော ၊ ဟောင်းသော
ပူသော ၊ အေးသော

www.burmeseclassic.com

www.burmeseclassic.com



နုသော ၊ ကြမ်းသော
စောကြော စိတ်ဖြာ ၊ မနေပါပေ။
လဲရာကထ ၊ ကျရာကတက်၊
ပျက်ရာကဆောက် ၊ ရှေ့သို့လျှောက်၍
ရောက်ရာဘဝ ၊ အားမာန်ပြရင်း
ရှန်းရကန့်ရ မည်တကား။

*ဦးအောင်သန်းထွန်း (မုံရွာ)*

ကဲ နောက်တစ်ပတ်မှ ဆန်းလွင်ဟာ အတိတ်ဘဝ ဗုဒ္ဓဘာသာအဖြစ်ကနေ အခုဘဝ အစ္စလာမ်ဘာသာထဲ ရောက်လာပုံ အံ့ဩဖွယ်ကြောင်းတွေကို ဆက်ကြအောင်။

* * * * *

အခန်း (၁၁)

**အကြွေးသုံးမျိုး**

သန်း: ဒီအပတ်တော့။ စာရေးဆရာ ဦးဆန်းလွင်ဟာ အတိတ်ဘဝ ဗုဒ္ဓဘာသာအဖြစ်ကနေ ယခုပစ္စုပ္ပန်ဘဝ အစ္စလာမ်ဘာသာထဲရောက်လာပုံအကြောင်းကို ဆက်ပြောရမယ်ဘုရား။

နုပ် ဦးဆန်းလွင်ဟာ အတွေးအခေါ် ဉာဏ်ပညာ ကြီးမားတယ်။ အကန်းယုံ၊ အရမ်းယုံမဟုတ်ဘူး။ ဒီလိုပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓဘာသာထဲ သူ့အလိုလို ရောက်လာကြတာပဲ။ သူ့ရဲ့မိဘနှစ်ပါးလုံးဟာ မျိုးရိုးစဉ်ဆက် အစ္စလာမ်ဘာသာဝင်တွေပဲ။ သူ့ကို ဖခင်က ကိုရန်ကျမ်းကို ဖတ်နိုင်းတဲ့အခါ အဓိပ္ပါယ်မသိရရင် မဖတ်ဘူးလို့ ငြင်းတယ်။ သားသမီးမွေးထားတာ အများကြီးထဲမှာ ဦးဆန်းလွင်တစ်ယောက်ပဲ ကိုရန်ကျမ်းဖတ်ဖို့ရာ ငြင်းဆန်ဘူးသတဲ့။

သူ့အဖေလည်း စိတ်ဆိုးတာပေါ့။ ဒါပေမယ့် သူ့သား အလိုကို လိုက်ရှာပါတယ်။ ကိုရန်ကျမ်းဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ပြန် စာအုပ်တစ်အုပ်ကို ရှာပေးလိုက်တယ်။ တခြားဘာသာတွေ ဒဿနတွေအားလုံး လေ့လာပြီး တစ်ခုမှ အကြိုက်မတွေ့ခဲ့ဘူး။

နောက်ဆုံး ဗုဒ္ဓဘာသာကျမှ အကြိုက်တွေ့သွားတာပဲ။သူရေးခဲ့တဲ့ ရတနာသုံးပါးကို ယုံကြည်သိမှတ်ဆည်းကပ်လာသူ တစ်ယောက်အကြောင်းဆိုတဲ့ စာအုပ်ကြီးကို အင်္ဂလိပ်ဘာသာပြန် ဆိုပြီး ကမ္ဘာကို ဖြန့်လိုက်ရရင် ဗုဒ္ဓဘာသာဝင်အများကြီး ပေါ်ထွက်လာနိုင်တယ်။ ဆာအက်ဒွင်အာနိုးရဲ့ အာရှတိုက်ရဲ့အလင်းရောင် စာအုပ်ထက်တောင် ပိုနာမည်ကြီးသွားနိုင်တယ်။

**သန်း** ဦးဆန်းလွင်ဟာ အရင်ဘဝက ဗုဒ္ဓဘာသာဖြစ်ပြီး အခုဘဝကျမှ ဘာဖြစ်လို့ အစ္စလာမ်ဘာသာအဖြစ်ကို ပြောင်းသွားတာလဲ ဆရာတော်။

**နုပ်** ဝိပဿနာတရားကို နာကြားအားထုတ်ခြင်းမပြုတဲ့ အန္ဓပုထုဇဉ်ဖြစ်နေလို့ပဲပေါ့။ ဘာသာပြောင်းသွားတယ်ဆိုတာ သရဏဂုံပျက်သွားတယ်လို့ ပြောတာပဲ။ ပုထုဇဉ်ရဲ့ သရဏဂုံဟာ သေတာနဲ့ပျက်တာပဲ။ ဘယ်ဘဝရောက်ရောက် သရဏဂုံမပျက်ဘူးဆိုတာ အရိယာပဲရှိတယ်။ အနည်းဆုံး သောတာပတ္တိမဂ်လောက်ရရင်ပဲ သံသရာတစ်လျှောက် ဘယ်တော့မှ သရဏဂုံမပျက်တော့ဘူး။

ပုထုဇဉ်တွေမှာတော့ တစ်နေ့ရွှေ တစ်နေ့ငွေပေါ့။ ဒီနေ့ ဗုဒ္ဓဘာသာဖြစ်ပေမယ့် မနက်ဖြန် ရတနာသုံးပါးကို စွန့်ပြီး တခြားဘာသာကို ကိုးကွယ်သွားရင် မသေခင်



ဒီဘဝမှာတင် သရဏဂုံက ပျက်သေးတာပဲ။ ဝိပဿနာတရားကို နာကြားအားထုတ်လာပြီဆိုရင် သောတာပတ္တိမဂ်ရတဲ့ မဟာသောတာပန်ကြီး မဖြစ်ချင်နေဦး စူဠသောတာပန်လောက်ဖြစ်ရင်ပဲ သံသရာတစ်လျှောက် ဘာသာမပြောင်းတော့ပါဘူး။

စူဠသောတာပန်ဟာ ပါရမီနည်းသေးလို့ ဒီဘဝ သောတာပန်မတည်ရင်တောင် ဒုနောက်ဘဝနတ်ပြည်မှာ သောတာပန် တည်ရတဲ့အကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုဂတသုတ်မှာ ဗုဒ္ဓက ဟောထားပါတယ်။ ဒါ့ကြောင့် စူဠသောတာပန်ဖြစ်ရင် သံသရာတစ်လျှောက် ဘာသာမပြောင်းတော့ဘူးလို့ပြောခဲ့တာပါ။

**သန်း** ဦးဆန်းလွင်ရဲ့ဖြစ်ရပ်ကို ထောက်ထားပြီး ဘဝ သံသရာတစ်လျှောက် ဘာသာမပြောင်းဘဲ ဗုဒ္ဓဘာသာအဖြစ်မှာ ချည်းဆက်တည်စေချင်တယ်ဆိုရင် ဝိပဿနာတရားကို မဖြစ်မနေ နာကြားအားထုတ်သင့်တာပေါ့ဆရာတော်။

**နုပ်** အေး အဲဒီအချက်ကို သိစေချင်တာပဲ။ ဝိပဿနာ နာကြားအားထုတ်သင့်ခြင်းရဲ့ လေးခုမြောက်အကြောင်းကတော့ သံသရာကြွေးကကင်းဖို့အတွက်ဆိုတာပဲ။ အကြွေးဟာ (၃)မျိုးရှိတယ်။

**အကြွေးသုံးမျိုး**

( ၁ ) လောကကြွေး

( ၂ ) သာသနာကြွေး

( ၃ ) သံသရာကြွေး တို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



လောကကြွေးဆိုတာကတော့ ထင်ရှားပါတယ်။ သူတစ်ပါးထံက ချေးငှားထားပြီးမဆပ်တာပါဘဲ။ ယူမိထားတဲ့ လောကကြွေးကို ဒီဘဝမှာတင် အကြေအလည် ပေးဆပ်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လောကကြွေးကို ဒီဘဝမှာဆပ်ရတာက နောက်ဘဝမှာ ဆပ်ရတာလောက် အပန်းမကြီးလို့ဘဲ။

ဒီဘဝမှာဆပ်ရတာက ငွေချေးထားရင် ငွေပဲ ဆပ်လို့ရတယ်။ ပစ္စည်းချေးထားရင် ပစ္စည်းပဲဆပ်လို့ ရတယ်။ နောက်ဘဝကျမှဆိုရင်တော့ ဘာပဲချေးထားထား ခန္ဓာကိုယ်နဲ့ပဲ ပြန်ဆပ်ရတယ်။ တစ်ခဏအသာ ရမှုလေးကြည့်ပြီး သူတစ်ပါးအကြွေး ပြန်မဆပ်ချင်တဲ့ သူတွေ အထူးသတိထားသင့်တဲ့ အတွေးအခေါ်တစ်ခုပါ။

မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူဘူးတဲ့ မောင်ညို ဆန်တစ်စလယ်ဆိုတဲ့ ဖြစ်ရပ်လေးဟာ အကြွေးယူထားသူတွေအတွက် အင်မတန်မှ သင်ခန်းစာရစရာကောင်းပါတယ်။ အညာဒေသတစ်ခုမှာ သူငယ်ချင်းနှစ်ယောက်ရှိကြတယ်။ မောင်ဖြူနဲ့ မောင်ညိုပဲ ထားကြပါစို့။ တစ်နေ့ မောင်ဖြူက မောင်ညိုဆီကနေ အခက်အခဲဖြစ်နေလို့ ဆန်တစ်စလယ် ချေးယူလိုက်တယ်။

အကြွေးမဆပ်ရမီ တစ်ခုသောရက်မှာ မောင်ဖြူဟာ ပိုးထိပြီး ရုတ်တရက်သေဆုံးသွားတယ်။ ဆန်တစ်စလယ်ဆိုတဲ့လောက ကြွေးလေးပါသွားတာကြောင့်



မောင်ဖြူဟာ မောင်ညို့အိမ်မှာ တိုက်ကြက်တစ်ကောင် သွားဖြစ်ပြီး ခန္ဓာနဲ့အကြွေးဆပ်ရတယ်။ မောင်ညိုကတော့ အရင်ဘဝက သူငယ်ချင်းမှန်း ဘယ်သိမလဲ။ မောင်ဖြူနဲ့ပဲ ကြက်တိုက်စားနေတာပေါ့။

နိုင်တဲ့ပွဲချည်းပဲပေါ့။ တစ်နေ့တော့ မောင်ဖြူဟာ ဘယ်လိုပင် ကြိုးစားခွပ်သော်လည်း တစ်ဖက်ကြက်က သူ့ထက်သာနေတာကတစ်ကြောင်း၊ ပွဲဆက်တွေများလွန်းလို့ နာနေတာကတစ်ကြောင်းကြောင့် ရှုံးသွားတယ်။ မောင်ညိုလည်း လောင်းကြေးတွေ အတော်ကုန်သွားတာပေါ့။ ဒါကြောင့် အရင်ပွဲတွေနိုင်အောင်ခွပ်ပေးခဲ့တာတွေကိုတောင်မထောက်ထားတော့ဘဲ အိမ်ပြန်ရောက်တာနဲ့ မောင်ဖြူရဲ့ခြေထောက်နှစ်ချောင်းကို ကိုင်ပြီး တိုင်နဲ့ ရိုက်သတ်လိုက်ပြီး မြေကြီးပေါ်ပစ်ချထားလိုက်တယ်။

မောင်ဖြူအသက်ထွက်ခါနီး ဆန့်ငင်ဆန့်ငင် ဖြစ်နေချိန်မှာ အိမ်မှာမွေးထားတဲ့ နွားမကြီးတစ်ကောင်က မောင်ဖြူကို လာနမ်းကြည့်သတဲ့။ ဒါကြောင့် မောင်ဖြူ ကြက်ဘဝက သေတာနဲ့ နွားဘဝရောက်သွားတယ်။ နွားထီးလေးအဖြစ်မွေးလာပြန်တာပေါ့။ ဒုတိယအကြိမ် ခန္ဓာနဲ့ကြွေးဆပ်ရဦးမယ်လေ။ တစ်နေ့ မြို့ပေါ်က အရာရှိလင်မယားနဲ့ မောင်ညိုရဲ့ အသိမိတ်ဆွေအတော်များများဟာ မောင်ညိုတို့အိမ်ကို အလည်လာကြတယ်။

ဧည့်သည်တွေကို တခြားကြွေးစရာ အသားငယ် မရတာနဲ့ မောင်ညိုဟာ မောင်ဖြူရဲ့ငယ်ထိပ်ကိုထုသတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်တယ်။ ဒီအချိန်မှာ မောင်ဖြူဟာ ခပ်ငယ်ငယ်ပဲ ရှိသေးတယ်။ မြေကြီးပေါ် ပစ်လဲကျသွားပြီး အသက်ထွက်ခါနီး ဆန့်ငင်ဆန့်ငင်ဖြစ်နေတဲ့ မောင်ဖြူကို အရာရှိကတော်က သွားကြည့်မိတယ်။

ကိုယ့်အိမ်မှာ မွေးထားတဲ့နွားလေးကို ဒီလိုပဲ ရက်ရက်စက်စက်လုပ်ရမလားဆိုပြီး မောင်ညိုကို အပြစ်တင်တယ်။ သနားလွန်းလို့ အဲဒီနေ့ကချက်တဲ့ မောင်ဖြူရဲ့ အသားကိုလည်း မစားဘူး။ ဒီနေရာမှာ ကမ္ဘာမှာမရှိနိုင်တဲ့ မြန်မာတွေရဲ့စေတနာကို ပြောပြချင်တယ်။ မန္တလေးနဲ့မကွေးတိုင်းအတွင်းက တောသူတောင်သားအညာသားမြန်မာစစ်စစ်တွေဟာ ခဏလာတဲ့ညွှေ့သည့်ကိုတောင် အပါယ်ကျခံပြီး ကျွေးမွေးပြုစုလောက်အောင် ချစ်ခင်တတ်ကြတယ်ဆိုတဲ့အချက်လေးပါ။

သန်း ဒီအတွေးအခေါ်မျိုး တပည့်တော် တစ်ခါမှမဖတ်ဘူး။ မတွေ့ဘူးသေးဘူးဘုရား။

နုပ် ငါ့ရဲ့ကိုယ်ပိုင်ခွေးနည်းစာလေးလေကွာ။ မင်း ဘယ်တွေ့ဘူးမလဲ။ ငါကလည်း ဒီတစ်ခါပဲပြောဘူးသေးတာ။ ဒီလိုကွ။ အညာသူ အညာသားတွေဟာ မိုးခေါင်ရေရှားအရပ်မှာ နေကြရတော့ အင်မတန် ပင်ပန်းဆင်းရဲကြပါတယ်။ ဗုဒ္ဓဘာသာစစ်စစ်တွေချည်းပဲဆိုတော့ အကုသိုလ်ကို အင်မတန်ကြောက်ကြပါတယ်။

ဒါပေမယ့် ရပ်ဝေးကညွှေ့သည်လာပြီဆိုရင်တော့ အိမ်မှာမွေးထားတဲ့ ကြက်သတ်ပြီး ချက်ကျွေးတော့တာပဲ။



အဲဒီလိုအခါမျိုးမှာတော့ အကုသိုလ်လုပ်ရမှာ ကြောက်တဲ့စိတ်ကို ညွှေ့သည်ကို ကောင်းကောင်းမွန်မွန် ကျွေးမွေးချင်တဲ့ စေတနာကနိုင်သွားတယ်။ ဘယ်လောက်အံ့ဩစရာကောင်းတဲ့ စေတနာလဲ ကြည့်စမ်း။

ကိုယ်စားဖို့ကျတော့ မသတ်ရက်ဘဲ သူများကျွေးဖို့ကျတော့ သတ်ရက်တယ်ဆိုတဲ့ စေတနာဟာ ရှာမှရှားတဲ့စေတနာပဲ။ ပြီးတော့ သားယောက်ျားလေး ပါလာပြီဆိုရင် နိုင်းစားဖို့ ဘယ်တော့မှ စိတ်ကူးမရှိဘူး။ ရဟန်းခံပေးပြီး တစ်သက်လုံး သာသနာ့ဝန်ထမ်း နိုင်းလိုက်တာပဲ။ အခုမြန်မာပြည်မှာ သံဃာလေးသိန်းကျော် ရှိတယ်။

ငါပြောရဲတယ်။ အညာသားသံဃာက(၃၉၀၀၀၀) လောက် ရှိလိမ့်မယ်။ ဒါ့ကြောင့် မြန်မာပြည် သာသနာမျိုးဆက်မပြတ်တာဟာ အညာသူ အညာသားတွေကြောင့်လို့ပဲ ပြောရမယ်။ ကဲ မောင်ဖြူအကြောင်းဆက်ရအောင်။ မောင်ဖြူဟာ နွားဘဝက သေတော့ မြို့ကလာတဲ့ အရာရှိကတော်ဝမ်းထဲမှာ လူသွားဖြစ်ပြန်တယ်။

မောင်ဖြူလေးမွေးပြီးတော့ စကားပြောတတ်တဲ့ အရွယ်ရောက်တာနဲ့ မောင်ညို့ဆန်တစ်စလယ်ဆိုတဲ့စကားတစ်လုံးကိုပဲ ခဏခဏပြောနေလို့ မိဘများက သေချာမေးကြည့်မှ ဖြစ်ကြောင်းကုန်စင်သိရတယ်။ အဲ့ဒီတော့မှ ဆန်အိတ်လိုက်လှည်းပေါ်တင်ပြီး မောင်ညိုအိမ်ကို သုံးဘဝ

www.burmeseclassic.com

www.burmeseclassic.com



တိတိ တင်ခဲ့တဲ့အကြွေးကို သွားဆပ်ကြတယ်။

"မောင်ညိုအိမ်ရောက်လို့ ဖြစ်ကြောင်းကုန်စင် လည်းသိရရော၊ ဖြစ်မှုဖြစ်ရလေ သူငယ်ချင်းရယ်ဆိုပြီး မောင်ညိုဟာ မောင်ဖြူဘဝကလာခဲ့တဲ့ ကလေးလေးကို ဖက်ငိုရှာတယ်။ ဒါက လောကကြွေးပေါ့။

သန်း နုပ် သာသနာကြွေးကို ဆက်ပါဦးဘုရား။

သာသနာကြွေးကတော့ တို့ရဟန်းသံဃာတွေနဲ့ပဲ ဆိုင်တယ်။ သာသနာ့ဘောင်ဝင်လာပြီဆိုတာနဲ့ တာဝန်နဲ့ ဝတ္တရားဆိုတာ ရှိလာတယ်။ မဖြစ်မနေလုပ်ရမယ့် အလုပ်ကို တာဝန်လို့ခေါ်တယ်။ စွမ်းနိုင်လျှင်လုပ်၊ မစွမ်းနိုင်လျှင် မလုပ်ဘဲ နေနိုင်တာမျိုးကိုတော့ ဝတ္တရားလို့ ခေါ်တယ်။

*"မကောင်းမြစ်တား၊*
*ကောင်းရာညွှန်လစ်၊*
*အသစ်ပေါ်ကျူး၊*
*နာဘူးထပ်မံ၊*
*နတ်ထံတင်ရှ၊*
*မေတ္တာလည်းပြု၊*
*ဤခြောက်ခု၊*
*ကျင့်မှုရဟန်းတို့တာ*

ဆိုတဲ့ သိင်္ဂါလသုတ်မှာ လာတဲ့အတိုင်း ဟောကြားပြသ ဆိုဆုံးမတာတွေကို စွမ်းနိုင်ရင်လုပ်ပါ။ မစွမ်းနိုင်ရင် နေလို့ရပါတယ်။ ဒါဟာ ဝတ္တရားပါ။ စာပေပို့ချသင်ကြားခြင်း၊ တရားကျင့်ကြံခြင်း၊ ဒီ (၂)မျိုးကတော့ တာဝန်ပါ။ သာသနာ့ဝန်ထမ်းဆိုတဲ့ စကားအတိုင်း ဒီဝန်(၂)ခု တစ်ခုခုကိုတော့ မဖြစ်မနေထမ်းဆောင်ရပါတယ်။ မထမ်းရင် သာသနာကြွေးတင်တာပဲ။"



အခုဘဝထမ်းရတဲ့ သာသနာ့တာဝန်ဟာ မနိုင်မနင်း ထမ်းရတာ မဟုတ်ပါဘူး။ ကိုယ်စွမ်းနိုင်သမျှပဲ ထမ်းရတာပါ။ ဒါ့ကြောင့် အပန်းကြီးတယ်လို့ မဆိုနိုင်ပါဘူး။ အပန်းမကြီးတဲ့ပရိယတ်၊ ပဋိပတ်ဆိုတဲ့ဝန်တစ်ခုခုကို မထမ်းခဲ့ရင် နောင်ဘဝရောက်သွားလို့ကတော့ အင်မတန်အပန်းကြီးတဲ့ ဝန်ကြီးထမ်းပြီး သာသနာကြွေးကိုဆပ်ကြရပါလိမ့်မယ်။

ကျောင်းအမကြီး ဝိသာခါစီးတဲ့ ဝေါယာဉ်ကို အားကောင်းမောင်းသန် ကျွန်ယောက်ျားကြီးလေးယောက်က ရွှေးဒီးဒီးကျအောင် ထမ်းကြရတယ်။ ဒီကျွန်ယောက်ျားကြီးကိုမြင်တော့ ဗုဒ္ဓက ပြုံးတော်မူတယ်။ အရှင်အာနန္ဒာက ဘာ့ကြောင့်ပြုံးတော်မူပါသလဲ ဘုရားလို့ မေးတော့ ဘုရားရှင်ကဖြေတယ်။

ဒီကျွန်ယောက်ျားကြီးလေးယောက်ဟာ အရှင်ဘဝက ဝိသာခါကိုးကွယ်ခဲ့တဲ့ ဘုန်းကြီးတွေတဲ့။ ဝိသာခါလှူဒါန်းတဲ့ပစ္စည်းလေးပါးကိုတော့ အားရအောင် သုံးစွဲပြီး စာပေတရားဆိုတဲ့ သာသနာ့ဝန်ကိုကျတော့ ဘယ်ခုမှ မထမ်းဘဲ အခြောင်နေ၊ အခြောင်စားခဲ့ကြတယ်။

အဲဒီဘဝကတင်ခဲ့တဲ့ သာသနာကြွေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



အခုဘဝမှာ ခန္ဓာနဲ့လာပြီးဆပ်နေကြရတာ။ ပါရာဇိကကဏ် ပါဠိတော်မှာလည်း သာသနာကြွေးဆပ်နေတဲ့ ပြိတ္တာ တစ်မျိုးကို ဟောကြားထားပါတယ်။ အဲဒီပြိတ္တာတွေက အများကြီးပါ။ သင်္ကန်းတွေ ဝတ်ထားကြတယ်။ သပိတ် ပိုက်ထားကြတယ်။ ထူးခြားတာက သူတို့ ဝတ်ထားတဲ့ သင်္ကန်းတွေရော၊ သပိတ်တွေရော မီးတွေတဟုန်းဟုန်း တောက်လောင်နေတယ်။

မီးကလည်း ငြိမ်းမသွားဘူး။ သူတို့ကလည်း သေမသွားဘူး။ ပူလောင်ပြင်းပြတဲ့ ဝေဒနာကို မချိမဆန့် အော်ဟစ်ခံစားပြီး ပြေးလွှားနေကြရတယ်။ ဒီအချိန်မှာ လူလောက်နီးပါးရှိတဲ့ ကျီးတွေ လင်းတတွေက ပြောင်နေတဲ့ ရဟန်းပြိတ္တာတွေရဲ့ခေါင်းက ဦးနှောက်တွေကို တရစပ် ကိုက်ဖောက်ပြီး စားနေကြတယ်။

ဒီပြိတ္တာတွေကို မြင်လာတဲ့အရှင်မောဂ္ဂလာန်က သူတို့ရဲ့ ရှေးအတိတ်ကံအကြောင်းကို ဘုရားရှင်အား မေးလျှောက်ပါတယ်။ ဒီတော့ ဘုရားရှင်ဖြေကြားတာက ဒီပြိတ္တာတွေဟာ ကဿပဘုရားရှင်ရဲ့ သာသနာနောက်ပိုင်းမှာ ရဟန်းပြုခဲ့ကြတယ်။ သာသနာ့တာဝန်တစ်ခုမှ မထမ်းဘဲ သာသနာပေါ်မှာ ဝင်စားနေကြတဲ့အတွက် သာသနာကြွေးတွေ အများကြီးတင်ခဲ့ကြတယ်။ အဲ့ဒီ ဘဝက တင်ခဲ့တဲ့ သာသနာအကြွေးတွေကို ပြိတ္တာဘဝနဲ့ လာဆပ် နေကြရခြင်းဖြစ်တယ်။

လှေတစ်စင်းဟာ လှော်သူမရှိဘဲ စီးတဲ့သူတွေ



ချည်း အဆမတန်များလာရင် မကြာသောအချိန်မှာ နစ်မြုပ်ပျက်စီးရတာပဲ။ ဒီအတိုင်းပဲ သာသနာဆိုတဲ့ လှေကြီးဟာလည်း လှော်မဲ့သူတော့ မရှိပဲ စီးတဲ့သူတွေ ချည်းများလာရင်ကြာတော့ ပျက်စီးပျောက်ကွယ်သွားရတာပဲ။ ဒါစိတ်ကူးနဲ့ပြောနေတာမဟုတ်ဘူး။ လက်တွေ့ အမြင်နဲ့ပြောနေတာ။

နုပ် — အေး မင်းပြောတာလဲ မှားတော့မမှားပါဘူး။ ဒါပေမယ့် အဲဒီအန္တရာယ်တွေက မဟိဒ္ဓသာသနာအပြင်ဘက်က အန္တရာယ်တွေပါ။ အဲဒီထက်အရေးကြီးတဲ့ သာသနာ အတွင်းထဲကဖြစ်လာတဲ့ အဇ္ဈတ္တအန္တရာယ်ကို ပိုမိုသတိ ထားပြီး ကာကွယ်ကြရမယ်။

သန်း — အဇ္ဈတ္တအန္တရာယ်ဆိုတာက ဘာလဲဘုရား။

နုပ် — အဇ္ဈတ္တအန္တရာယ်ဆိုတာက ဗုဒ္ဓသာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကိုယ်တိုင်ပဲ၊ သာသနာ့ဘောင်ဝင်လာပြီး စာပေလည်းမလုပ်၊ တရားလည်းမလုပ်ဘဲ၊ ဗေဒင်ဟော၊ ဆေးကု၊ ဓါတ်ရိုက်၊ ဂဏန်းပေး၊ စီးပွားရေးလုပ်နေကြ မယ်ဆိုရင် သူတို့ကိုယ်တိုင်ရဲ့ သန္တာန်မှာလည်း သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သာသနာသုံးရပ်ကွယ်သွားပြီ။

သူတို့ကို ကိုးကွယ်တဲ့ ဒကာ၊ ဒကာမတွေ သန္တာန်မှာလည်း သီလ၊ သမာဓိ၊ ပညာ သာသနာ သုံးရပ် ထပ်ကွယ်ပြန်တယ်။ ဒါကြောင့် သာသနာဟာ အပြင်ဘက်က ဘယ်လောက်ဖျက်ဖျက် မပျက်ဘူး။ အတွင်းကိုဝင်ဖျက်မှ ပျက်တာ။ အိန္ဒိယမှာ သာသနာ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ခြင်းရဲ့ အဓိကအကြောင်းဟာ သာသနာ့ဝန်ထမ်း ရဟန်းတွေကိုယ်တိုင်က စာပေ၊ တရားတစ်ခုမှ မလုပ်ကြ တော့ဘဲ လောကီလိုင်းတွေ လိုက်ကုန်လို့ပါ။

မြန်မာပြည်မှာလည်း အိန္ဒိယမှာလို ဗုဒ္ဓသာသနာ မကွယ်ပျောက်စေချင်ရင် ရဟန်းပြည်သူမင်း သုံးဦးပေါင်း ပြီး သာသနာ့ဝန်ထမ်းရဟန်းမှန်သမျှ စာပေအလုပ်၊ တရားအလုပ်တစ်ခုခုကို အမြဲလုပ်ဖြစ်နေအောင် ကြိုးပမ်း ကြရမယ်။ မြန်မာပြည်က ဗုဒ္ဓဘာသာတွေအတွက် အရေးကြီးတဲ့ စကားသုံးခွန်းတော့ မှာခဲ့ချင်တယ်ကွ။

သန်း မှန်ပါ။ အမိန့်ရှိပါဘုရား။

နုပ် ပထမတစ်ခွန်းက .....

အတွေးအခေါ် ဉာဏ်ပညာကြီးမားသော သူသည် သူတစ်ပါးအမှားကို ကြည့်၍ မိမိအမှားမဖြစ်အောင် သင်ခန်းစာယူတတ်သည်တဲ့။

ဒုတိယတစ်ခွန်းက .....

အတွေးအခေါ် ဉာဏ်ပညာနည်းသော သူသည် မိမိကိုယ်တိုင် မှားမှသာ သင်ခန်းစာ ယူတတ်သည် တဲ့။

တတိယတစ်ခွန်းက.....

အတွေးအခေါ် ဉာဏ်ပညာမရှိသော သူများကား မိမိကိုယ်တိုင်မှားတာကိုပင်လျှင် သင်ခန်းစာ မယူ တတ်တဲ့။

သန်း တော်တော်ကောင်းတဲ့ စကားလေးပဲဘုရား။ ဆရာတော် ဘယ်ကရလာတာလဲဘုရား။



နုပ် ဦးအောင်သင်းရဲ့ စာအုပ်တစ်အုပ်ထဲကပဲကွ။ အရေးကြီး တာ ဆက်ပြောမယ်။ ဗုဒ္ဓ သာသနာကွယ်ပျောက်သွား တဲ့ နိုင်ငံတွေရဲ့အမှားကိုကြည့်ပြီး မြန်မာပြည်သားအားလုံး သင်ခန်းစာယူတတ်ဖို့လိုပြီ။

သန်း သာသနာဟာ အပြင်ကဖျက်လို့မပျက်ဘူး။ အတွင်း ဝင်ဖျက်မှ ပျက်မယ်ဆိုတဲ့စကားကို မကြာခဏကြားဘူး ပါတယ်။ အဲဒီစကားဟာ ဘယ်ကလာတာလဲဘုရား။

နုပ် ဘုရားရှင်ရဲ့ နှုတ်တော်ကလာတယ်လို့ ပြောရမှာပေါ့ကွာ။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ သဒ္ဓမ္မပဋိရူပကသုတ်၊ ၄၂၂ မှာ ဟောထားတယ်။

အခါတစ်ပါး အရှင်မဟာကဿပကမြတ်စွာ ဘုရားကို မေးလျှောက်တယ်။

မြတ်စွာဘုရား ရှေးအခါက ဝိနည်းပညတ်များ နည်းပါးသော်လည်း တရားထူးရသည့် ပုဂ္ဂိုလ်များ များ ပြားကြပါသည်။ ယခုအခါ ဝိနည်းပညတ်တော်များ များ ပြားပါလျက် အဘယ်ကြောင့်တရားထူးရသည့် ပုဂ္ဂိုလ်များ နည်းပါးလာရပါသနည်း ဘုရားတဲ့။ ဒီတော့ ဗုဒ္ဓပြန် ဖြေတာက.....

လူတို့ သက်တမ်းတို၍ သာသနာကွယ် လုလတ်သော် ဤသို့ဖြစ်မြဲပင် လောက၌ ရွှေအတု မပေါ်သေးသမျှ ရွှေအစစ်မကွယ်သကဲ့သို့ (ရွှေ မကျသကဲ့သို့) တရားအတုမပေါ်သေးသမျှ၊ တရား စစ်များ မကွယ်ပသေး။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဝေဟပ္ပိုလ်ဗြဟ္မာပြည်တိုင်အောင် ကမ္ဘာကိုဖျက်ဆီးနိုင်သော မြေ၊ ရေ၊ လေ၊ မီး အင်အားအကြီးမားဆုံးသော ဓါတ်ကြီးလေးပါးတို့ ပင်လျှင် ဤသာသနာတော်ကို မဖျက်ဆီး၊ မကွယ် ပစေနိုင် (ဝါဒတစ်ပါး ဘာသာခြားကားဆိုဘွယ်ရာ မရှိ။ ဋီကာ)

သာသနာတော်ကို ဖျက်ဆီးဖျောက်ကွယ် မည့် အချည်းနှီးသောယောကျ်ားကား (သံကို သံဖျက် သံချေးတက် ဟူသကဲ့သို့ အဋ္ဌကထာ) ဤသာသနာဘောင်အတွင်း၌ပင် ရှိနေ၏။ သိက္ခာ ပုဒ်၊ ပညတ်ချက်တို့ များပြားသော်လည်း ကုန် စည်ဝန်ထုတ်များကို သယ်ဆောင်ရသော လှေ သည်ဝန်များ၍ နစ်မြုပ်ရသကဲ့ သို့မဟုတ်ချေ။ (သိက္ခာပုဒ်များခြင်းနှင့်မဆိုင်၊)

ရတနာသုံးပါး သိက္ခာ၊ သမာဓိတရားတို့၌ လေးစားတုပ်ပျတ်မှုမရှိခြင်းကြောင့်သာလျှင် သာ သနာသက်လျော့ကွယ်ပျောက်ရချေသည်။

တဲ့ ဒီသာဓကကို ထောက်လိုက်လျှင်လည်း သာသနာ ပျောက်ကွယ်တဲ့နေရာမှာ ဗဟိဒ္ဓအန္တရာယ်ထက် အဇ္ဈတ္တအန္တရာယ် က ပိုကြောက်စရာကောင်းတယ်ဆိုတာ ပေါ်လွင်ပါတယ်၊ ကဲ နောက် အပါတ်ကြမှ သံသရာကြွေးအကြောင်းကို ဆက်ကြရအောင်။



**သာသနာကွယ်ခြင်း အကြောင်း (၅)မျိုး**

ဗုဒ္ဓဘာသာဝင်အားလုံး

( ၁ ) ရတနာသုံးပါး၌ မရိုသေ မလေးစားခြင်း။

( ၂ ) ကိုယ်ကျင့်တရား၌ မရိုသေ မလေးစားခြင်း။

( ၃ ) ဝိပဿနာ၌ မရိုသေ မလေးစားခြင်း။

( ၄ ) ပဋိသန္ထာရ (တရားဖြင့်၊ ပစ္စည်းဖြင့် အစေ့အစပ် လိုက်လျောညီထွေ ပြုမှုခြင်း) အမှု၌ မရိုသေ မလေးစားခြင်း။

(၅) တစ်ဦးနှင့်တစ်ဦး အရိုအသေတန်ခြင်း။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ၊ ကိမိလသုတ္တ)

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## သံသရာကြွေးနှင့် ဘေးကြီးလေးပါး

အခုဆက်ရမှာက သံသရာအကြွေးအကြောင်းပဲ။ ရှေ့နှစ်မျိုးဖြစ်တဲ့ လောကကြွေးဆိုတာက ကိုယ်ယူမိမှ ဆပ်ရတာပါ။ မယူရင်ဆပ်စရာမလိုဘူး။ သာသနာကြွေးဆိုတာလဲ သာသနာ့ဘောင်ဝင်ပြီး အလကားနေမိမှ တင်တာပါ။ သာသနာ့ဘောင်မဝင်ရင် တင်ကိုမတင်ပါဘူး။ အခုပြောမယ့် သံသရာကြွေးကတော့ လူတိုင်းမှာပါပြီးသားဖြစ်နေပြီ။ သံသရာကြွေးဟာ ကြွေးပုကြွေးအေးလို့ နှစ်မျိုးရှိတယ်။

ပြုလုပ်၊ ပြောဆိုကြံစည်ခဲ့သမျှ အပါယ်ဆွဲချမယ့် အကုသိုလ်မှန်သမျှဟာ ကြွေးပူပေါ့။ သုဂတိရောက်မယ့် လောကီကုသိုလ်မှန်သမျှဟာ ကြွေးအေးပေါ့။ လောကမှာလည်း ရှိပါတယ်။ အဆင်ပြေမှ ဆပ်ပါဆိုတဲ့ ကြွေးမျိုးကျတော့ ကြွေးအေးပေါ့။ ဖြေးဖြေးမှ ဆပ်လို့ရတယ်။ နှစ်ရက်အတွင်းဆပ်ရင်ဆပ် မဆပ်ရင် တရားစွဲမယ်ဆိုတဲ့



ကြွေးမျိုးကျတော့ ကြွေးပူပေါ့။ ဒီနှစ်မျိုးမှာ မင်းဘယ်ကြွေးကို အရင်ဆပ်မလဲ။

**သန်း** ကြွေးပူကိုအရင်ဆပ်ရမှာပေါ့ ဆရာတော်၊ သူ့အရင်မဆပ်ရင် ထောင်ကျမှာပေါ့ဘုရား။

**နုပ်** အေး ဒီမှာလည်း ဒီအတိုင်းပဲ။ သုဂတိဘုံရောက်မယ့် ကုသိုလ်ကြွေးအေးတွေကတော့ ခဏထားလိုက်။ အရဟတ္တမဂ်နဲ့ ဆပ်လိုက်ရင် အကုန်ကြေသွားမှာပဲ။ အရေးကြီးတာက အပါယ်ပို့မယ့် အကုသိုလ်ကြွေးပူတွေကို သောတာပတ္တိမဂ်ကုသိုလ်နဲ့ မြန်မြန်ဆပ်လိုက်ဖို့ပဲ။ ရှေ့မှာပြောခဲ့ပြီးဖြစ်တဲ့ တာဝတိံသာနတ်ပြည်က သုဗြဟ္မနတ်သားရဲ့ဇနီး နတ်သမီးငါးရာသေပြီး အဝီစိငရဲထိကျရတယ်ဆိုတာ အရင်ဘဝတွေက ပါလာတဲ့ အကုသိုလ်ကြွေးပူတွေကို ခန္ဓာနဲ့ဆပ်ရတာပါ။

သံသရာကြွေးတင်ပုံကို ပြောပြမယ်။ ကောင်းတာ လုပ်လုပ်၊ မကောင်းတာလုပ်လုပ်၊ ကောင်းကျိုးဆိုးကျိုးပေးမယ့် ဇော၊ စေတနာ (၇)ချက် (၇)ချက်စောတယ်။ အဲဒီ (၇)ချက်မှာ ပထမဇောက ဒီဘဝမှာ အကျိုးပေးတယ်။ ကုသိုလ်ဖြစ်ရင် ကောင်းကျိုးပေါ့။ အကုသိုလ်ဖြစ်ရင် မကောင်းကျိုးပေါ့။ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးတယ်။ အလယ်ဇော (၅)ချက် စေတနာကတော့ တတိယဘဝကစပြီး နိဗ္ဗာန်မရောက်မချင်း လိုက်အကျိုးပေးတယ်။

ဒီစေတနာ (၇)ချက်မှာ ပထမဇောနဲ့ သတ္တမ

www.burmeseclassic.com

www.burmeseclassic.com



ဇောဟာ အကျိုးမပေးနိုင်ဘဲ ပျက်သွားတဲ့အခါတွေ ရှိတယ်။ အလယ်ဇော(၅)ချက် စေတနာတွေကတော့ ဘယ်တော့မှ ပျက်သွားတယ်လို့ မရှိဘူး။ တတိယဘဝက စပြီး တစ်ခုခုသောဘဝမှာ ကောင်းကျိုးဆိုးကျိုးပေးရအောင် အမြဲတမ်းစောင့်နေတယ်။ မင်းတို့ ငါတို့ ကျင်လည်ခဲ့ရတဲ့ဘဝတွေဟာ မရေတွက်နိုင်ဘူးဆိုတော့ တစ်ဘဝထဲမှာတင် များစွာတင်နိုင်တဲ့ သံသရာကြွေးတွေကတော့ ပိုလို့တောင် မရေတွက်နိုင်ဘူး။

ဒါကြောင့် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်မှာ

ရှင်လူသတ္တဝါ ၊ ထိုများစွာကား
အပရာပရိယ ၊ ကံကိစ္စနှင့်
ကင်းကြသူဘိ ၊ မည်မရှိရှင့်
မသိနိုင်တောင်း ၊ ကံဆိုးကောင်းကို
ဥက္ကောင်းရွက်၍ ၊ အချက်သင့်ရာ
ခံရစွာ၏

လို့ ရေးစပ်တော်မူခဲ့တာပေါ့။ ဒါနပြု၊ သီလဆောက်တည်လို့ ကုသိုလ်ဇောတွေ ဇောတာ။ သူ့အသက်သတ်၊ သူ့ဥစ္စာခိုးလို့ အကုသိုလ်ဇောတွေ ဇောတာကတော့ အကြမ်းစားတွေမို့ သိလွယ်ပါတယ်။ အကျယ်မပြောတော့ဘူး။ အခုလူသိနည်းတဲ့ အနုစားကုသိုလ်ဇော၊ အကုသိုလ်ဇောဖြစ်ပုံကို မြင်လွယ်အောင် ပြောပြမယ်။ မြင်စိတ်လေးတစ်ခုအတွင်းမှာ သံသရာကြွေးအထပ်ထပ် တင်



သွားပုံကို ပြောလိုက်ရင် ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ တွေးကြံသိစိတ် ဖြစ်သခိုက်မှာ သံသရာကြွေးတင်ပုံကိုလည်း နည်းမီပြီးသိပေါ့။

ဥပမာ စေတီပုထိုး သံဃာတော်တစ်ခုခုကို မြင်လိုက်တာနဲ့.....

အတီတဘဝင် (ဘဝင်) = လွန်ပြီးဘွင်
ဘဝင်္ဂစလန = လှုပ်သောဘွင်
ဘဝင်္ဂုပစ္ဆေဒ = ပြတ်သောဘွင်
ပဉ္စဒွါရာဝဇ္ဇန်း = အာရုံကို ဆင်ခြင်သောစိတ်
စက္ခုဝိညာဉ် = မြင်သည်နှင့်ဘုရားဟု သိသောစိတ်
သမ္ပဋိစ္ဆိုင်း = အာရုံကို ခံယူသောစိတ်
သန္တီရဏ = ဘာအာရုံလည်းဟု စုံစမ်းသောစိတ်
ဝုဋ္ဌော = ဒါဘုရားပုထိုးပဲဟု ဆုံးဖြတ်သော စိတ်
ပဌမဇော = ကြည်ညိုသော ကုသိုလ်စေတနာ
ဒုတိယဇော
တတိယဇော
စတုတ္ထဇော
ပဉ္စမဇော
ဆဋ္ဌမဇော
သတ္တမဇော
တဒါရုံ = ဇောခံစားသော အာရုံကိုထပ်ဆင့် ခံစားခြင်း

www.burmeseclassic.com

www.burmeseclassic.com



တဒါရုံ = ဇောခံစားသော အာရုံကို ထပ်ဆင့်
ခံစားခြင်း

စိတ်လုံးရေ (၁၇)လုံး နာမ်သက်ပြတ်ပြီးချိန်မှာ ရုပ်သက်က တစ်ကြိမ်ပျက်တယ်။

စက္ခုပသာဒ အကြည်ရုပ်နဲ့ အဆင်းရူပါရုံတို့ဟာ စိတ်လုံးရေ (၁၇)လုံးပျက်ပြီးချိန်မှာ သူတို့တစ်ကြိမ်ပျက်တယ်လို့ ဆိုလိုတာပါ။ အခုပြလိုက်တဲ့စိတ်ဖြစ်စဉ် တစ်ပတ်မှာ ကောင်းကျိုးပေးမယ့်ဇောစေတနာ (၇)လုံး ပါတယ်။ တစ်စက္ကန့်အတွင်းမှာ မြင်စိတ် အစဉ်အပတ် ပေါင်းကုဋေ (၅၈၈၀)ကျော် ဖြစ်ပါတယ်။ စိတ်လုံးရေအားဖြင့်ဆိုရင် ကုဋေတစ်သိန်း ဖြစ်ပျက်သွားပါတယ်။

တစ်စက္ကန့်အတွင်းမှာ ဖြစ်သွားတဲ့စိတ်လုံးရေ ကုဋေတစ်သိန်းထဲမှာ လူချမ်းသာ၊ နတ်ချမ်းသာကို ပို့ပေးမယ့် ကုသိုလ်ဇော စေတနာလုံးပေါင်း ကုဋေလေးသောင်းလောက်ဖြစ်တယ်။ ဇောတစ်လုံး တစ်ဘဝနှုန်းနဲ့ ဖြစ်ရမှာဆိုတော့ လူ့ဘဝဖြစ်စေ၊ နတ်ဘဝဖြစ်စေ၊ အခါလေးသောင်း ဖြစ်ရမယ်။ ဒါက တစ်စက္ကန့်အတွင်းမှာဖြစ်တဲ့ ဇောကိုပြောတာ။ ဘုရားကို နာရီဝက်လောက် အာရုံပြုလိုက်တယ်ဆိုရင်ပဲ ဘဝချမ်းသာကိုဖြစ်စေမယ့် ဇောအကြိမ်ပေါင်းဟာ ရေတွက်လို့ မကုန်နိုင်တော့ပါဘူး။

အိုလွန်းအားကြီးလို့ နာရတာပါ။ မချိမဆန့် မခံမရပ်နိုင်အောင် နာလွန်းအားကြီးလို့ သေရတာပါ။ ဒါကြောင့် ဗုဒ္ဓက.....



**မရဏကောဥတ္တရိ ဒုက္ခံနာမ နတ္ထိ**
**သေရခြင်းထက် ပိုလွန်သော**
**ဆင်းရဲမည်သည်မရှိ**

လို့ ဟောကြားတော်မူတာပါ။ ဒီတော့ အို၊ နာ၊ သေရှိတဲ့ နေရာမှန်သမျှ ဆင်းရဲအစစ်၊ ဒုက္ခသစ္စာလို့သာ အကြမ်းဖျင်းမှတ်ထားပါ။ ဒါက ကြွေးအေးပေါ့ကွာ။ အပါယ်ဘုံနဲ့စာလိုက်တော့ ချမ်းသာလို့ ဆိုချင်ရင်ဆိုနိုင်သေးတာပေါ့။ ကိုင်း ကြွေးပုံကိုလည်း ကြည့်ကြအုံးစို့။ ကားအကောင်းစားကြီးတစ်စီးကို မြင်လိုက်တယ်ကွာ။ ပြိတ္တာဘုံကိုပို့ပေးမယ့် နှစ်သက်တဲ့ လောဘဇောပေါင်း တစ်စက္ကန့်အတွင်းမှာ ကုဋေလေးသောင်းဖြစ်သွားပြီ။

ကားကအစုတ်ကြီးမို့ဆိုရင် မနှစ်သက်တဲ့ ဒေါသဇောပေါင်း တစ်စက္ကန့်အတွင်းမှာ ကုဋေလေးသောင်းဖြစ်သွားတယ်။ သူလိုကိုယ်လို သာမန်ကားမျိုးဆိုရင်လည်း ကားလို့အမှတ်မှားတဲ့ မောဟဇောပေါင်း တစ်စက္ကန့်အတွင်းမှာ ကုဋေလေးသောင်း ဖြစ်သွားတယ်။ လောဘဇောတစ်လုံးဆိုရင် ပြိတ္တာဘုံမှာ တစ်ဘဝသွားဖြစ်ရမယ်။

ဒေါသဇောတစ်လုံးဆိုရင် ငရဲမှာ တစ်ဘဝသွားဖြစ်ရမယ်။ မောဟဇောတစ်လုံးဆိုရင် တိရစ္ဆာန်ဘုံမှာ တစ်ဘဝသွားဖြစ်ရမယ်။ ကဲ တစ်စက္ကန့်အတွင်းမှာ ဖြစ်သွားတဲ့ ကြွေးပုံတွေဟာ နည်းသေးလား။

ဆန်း ။ ဒီလိုဆိုတော့လည်း ကြောက်စရာကြီးပါလားဘုရား။

www.burmeseclassic.com

www.burmeseclassic.com



နုပ် ဒါ တစ်စက္ကန့်အတွင်း တွက်ပြတာနော်။ ကိုယ်ကြိုက်တဲ့ ဗီဒီယိုကားတစ်ကားလောက် ကြည့်လိုက်မယ်ဆိုရင် အနည်းဆုံး တစ်နာရီခွဲပဲ။ ဒီတစ်နာရီခွဲအတွင်း အပါယ် လေးဘုံပို့မယ့် အကုသိုလ်ဇောတွေဟာ ရေတွက်လို့တောင် ရနိုင်မှာ မဟုတ်ပါဘူး။ ဖြစ်ပြီးခဲ့တဲ့ အတိတ်ဘဝက အကုသိုလ်ကြွေးပူတွေကို ထားလိုက်ဦး။

ဒီတစ်ဘဝထဲမှာဖြစ်နေတဲ့ အကုသိုလ်ကြွေးပူ တွေကိုတောင် သံသရာအဆက်ဆက် ဘယ်လိုဆပ်လို့မှ ပြေနိုင်စရာမရှိပါဘူး။ ဒါကြောင့် မိုးကုတ်ဆရာတော် ဘုရားကြီးက....

"ဝိပဿနာတရား အသိမရှိတဲ့လူတစ်ယောက် မျက်လုံး လေးတစ်ကြိမ်ဖွင့်လိုက်မှာကို ဘုန်းကြီးတို့က အလွန် စိုးရိမ်တယ်။

လို့ မိန့်တော်မူခဲ့တာပါ။ အကုသိုလ်ဇောကြွေးပူတွေဟာ ဖြစ်ပြီး ပျက်မသွားဘဲ ဇောတစ်လုံး နမ်းတစ်စေ့ခန့် ကျန်ခဲ့မယ်ဆိုရင် ဒီဘဝမှာဖြစ်တဲ့အကုသိုလ်ဇောနဲ့တင်ပဲ ကမ္ဘာနဲ့မဆန့်အောင် နှမ်းစေ့တွေ ပြည့်နေမှာပါ။ ဘယ် လောက်ပဲများများ၊ မဂ်ကုသိုလ်နဲ့ ဆပ်လိုက်တော့ အကုန် ကြေတာပါပဲ။

အင်္ဂုလိမာလကြီးကြည့်ပါလား။ လူပေါင်းတစ် ထောင်ကျော် သတ်လာတာ။ နည်းတဲ့အကုသိုလ်ကြွေး တွေလား။ ဟော အရဟတ္တမဂ်လည်းရရော ကြွေးပူရော ကြွေးအေးရော အကုန် ကုန်တာပဲ။



သန်း သဘောပေါက်ပြီဘုရား။ စတုတ္ထအချက်အနေနဲ့ ကြွေးပူ တွေ ကြေဖို့အတွက် ဝိပဿနာကို နာကြားအားထုတ် ပါလို့ ဆိုလိုတာမဟုတ်လားဘုရား။

နုပ် အေး ဟုတ်တယ်။ ဒါဆိုရင် နောက်ဆုံးအချက်ကို ပြောကြရအောင်။ ဝိပဿနာတရားကို နာကြားအားထုတ် သင့်ခြင်းရဲ့ ပဉ္စမမြောက်နောက်ဆုံးအကြောင်းက ပုထုဇဉ် မှန်သမျှကြုံတွေ့ရမယ့် ဘေးကြီးလေးပါးက လွတ်မြောက် ဖို့အတွက်ပဲ။ မျက်စေ့ကန်းနေတဲ့သူဟာ တချွေက ဘယ် လောက်ချောက်ပြုပြု မကြောက်ဘူး။ မြင်မှမမြင်ရဘဲကိုး ဒါကြောင့်လည်း မျက်ကန်းတချွေ မကြောက်ဆိုတဲ့ စကား ပုံဟာ ဖြစ်လာတာပေါ့။

ဒီအတိုင်းပဲ အန္ဓပုထုဇဉ်များဟာ မိမိတို့မှာ ဘေး ကြီးလေးပါးရှိမှန်းမသိတော့ မကြောက်ကြဘူး။ အန္ဓ ပုထုဇဉ်တိုင်းကြုံတွေ့ရမယ့် ဘေးကြီးလေးပါးက...

ဝိနိပါတဘေး

နာနာသတ္တုဥလ္လောကနဘေး

ဒုစ္စရိတဘေး

အပါယဘေး တို့ပါပဲ။

"ဝိနိပါတဘေးဆိုတာက ပုထုဇဉ်ပုဂ္ဂိုလ် သေပြီး တဲ့နောက် ဘယ်ဘုံရောက်မယ်ရယ်လို့ ကြိုတင်သတ် မှတ်ချက်မရှိဘဲ ကျချင်ရာ ဘုံကျ။ ရောက်ချင်ရာဘုံ ရောက်ရတဲ့ဘေးပါ။ ထပ်ရှင်းရရင် အန္ဓပုထုဇဉ်ဆိုတာ လောကီကုသိုလ်တွေ ဘယ်လောက်ပင်ရှိရှိ သေခါနီး

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာ အာရုံပြုမိရင် အပါယ်လေးဘုံကျသွားတတ်သလို အကုသိုလ်တွေဘယ်လောက်များများ သေခါနီးမှာပြုတဲ့ မဖြစ်စလောက်ကုသိုလ်လေးကြောင့်လည်း နတ်ပြည်ရောက်တတ်ပြန်တယ်။

ဒါကိုပဲ ဝိနိပါတဘေးလို့ ခေါ်တာပဲ။ နာနာသတ္တဥပ္ပဿကနဘေးဆိုတာကတော့ ဘုရားကိုးကွယ်မှားတဲ့ဘေးကို ပြောတာပါ။ ဒုစ္စရိတဘေးဆိုတာကတော့ မကောင်းမှု အကုသိုလ်တွေ ပြုလုပ်ဖြစ်တဲ့ဘေးပါ။ အပါယဘေးဆိုတာကတော့ အပါယ်လေးပါး ကျရတဲ့ဘေးပေါ့။ ဒီဘေးလေးမျိုးမှာ ဝိနိပါတဘေးကလွတ်ရင် ကျန်ဘေးသုံးမျိုးကပါ တစ်ခါတည်းလွတ်တာပါပဲ။

ဝိနိပါတဘေးကလွတ်ချင်ရင် ဂတိမြဲအောင်လုပ်ရမယ်။ ဂတိမြဲတဲ့ကုသိုလ်ဆိုတာ ဝိပဿနာကုသိုလ်နဲ့ မဂ်ကုသိုလ်ပဲ ရှိပါတယ်။ ဝိပဿနာအလုပ်ကိုလုပ်ရင် မဂ်ကိုရမှာဖြစ်တဲ့အတွက် ဝိပဿနာကုသိုလ်ကိုလည်း ဂတိမြဲတဲ့ကုသိုလ်လို့ ဆိုနိုင်ပါတယ်။ ကုသိုလ်ဟာလေးမျိုးရှိတယ်။

ဒါနကုသိုလ်

သီလကုသိုလ်

သမထ ဘာဝနာကုသိုလ်

ဝိပဿနာဘာဝနာကုသိုလ်

တို့ပဲ။ ဒီလေးမျိုးထဲမှာ ဒါန၊ သီလ၊ သမထဆိုတဲ့လောကီကုသိုလ်များကတော့ သာသနာတွင်း သာသနာပ အမြဲ



တမ်းရှိနေပါတယ်။ ဝိပဿနာကုသိုလ်ကတော့ သာသနာတွင်းမှာသာ ရှိပါတယ်။ ဒါ့ကြောင့် သာသနာနဲ့ ကြုံသခိုက်လေးမှာ ဝိပဿနာကုသိုလ်ကို အရယူလိုက် စေချင်ပါတယ်။

သန်း သမထဆိုလို့ ဂုဏ်တော်ပွားတာ၊ မေတ္တာပို့တာ၊ မိမိရဲ့ သေခြင်းကို အမှတ်ရတာ၊ အသုဘအဖြစ်ရှုတာတွေကို တော့ သမထဆိုတာ သိပါတယ်ဘုရား။ ထွက်လေ၊ ဝင်လေမှတ်တဲ့ အာနာပါနကိုရော သမထခေါ်မလား ဝိပဿနာခေါ်မလားဘုရား။

နုပ် အာနာပါနက သမထ ဝိပဿနာ (၂)မျိုးရတယ်။ အပေါ်ယံ ထွက်လေ၊ ဝင်လေ ပညတ်သဘောလောက်သာ မှတ်နေရင် သမထပဲ။ ဒီလိုမဟုတ်ဘဲ ဝါယောဓါတ်ရဲ့ တွန်းကန်လှုပ်ရှားတဲ့ သဘောလေး ဖြစ်ပျက်သွားတာ ထိကို ရှုပွားနိုင်ရင်တော့ ဝိပဿနာဖြစ်သွားပြန်တယ်။ ဝင်လေ၊ ထွက်လေထဲမှာ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗရုပ်ပါတယ်။ ဒီဓါတ်သုံးပါးပေါင်းထားတာကို ဖောဋ္ဌဗ္ဗာရုံလည်းခေါ်တယ်။ ဖောဋ္ဌဗ္ဗဓါတ်လည်းခေါ်တယ်။

တွေ့ထိတဲ့သဘောတရားရှိတယ်။ ဝင်လေထွက်လေကို ရှူသွင်း၊ ရှူထုတ်လုပ်တဲ့အခါ အနောက်နိုင်ငံသားတွေလို နှာခေါင်းရှည်တဲ့လူဆိုရင် နှာသီးဝမှာထိတဲ့ သဘောထင်ရှားတယ်။ မြန်မာတွေဆိုရင်တော့ နှာခေါင်းတိုတာများတဲ့အတွက် အထက်နှုတ်ခမ်းရဲ့အပေါ်နားမှာ ထိတာထင်ရှားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ထိလာတဲ့အခါမှာ ဖေါဋ္ဌဗ္ဗာတော်ရဲ့ တွေ့ထိတဲ့ သဘောတရားလေး ဖြစ်ပျက်သွားတာကို အနိစ္စလို့ရှုပွားနိုင်ရင် ဒီအာနာပါနမျိုးကိုလည်း ဝိပဿနာလို့ ခေါ်နိုင်ပြန်တယ်။

**သန်း** ရှင်းပါပြီဘုရား။

**နုပ်** ဒါဆိုရင် ဒါန၊ သီလ၊ သမထ ကုသိုလ်တွေကြောင့် ဝိနိပါတဘေးကမလွတ်နိုင်ပုံ၊ လက်တွေ့သာဓကတွေ ပြကြရအောင်။ ပထမဆုံး ဒါနကြောင့် ဝိနိပါတဘေးက မလွတ်နိုင်ပုံအတွက် ကောသလမင်းရဲ့ မိဖုရားခေါင်ကြီး မလ္လိကာဒေဝီကို ထုတ်ကြရအောင်။ မလ္လိကာဟာ ပညာလည်းရှိတယ်၊ သဒ္ဓါလည်းရှိတယ်။

ပညာရှိပုံက တစ်ခါတော့ ကောသလမင်းကြီးဟာ လင်ရှိမယားတစ်ယောက်ကို ဘယ်လိုမတရားရအောင်ယူရမလဲဆိုတာ တစ်ညလုံးတွေးနေတယ်။ အဲဒီအချိန်မှာ မြေကြီးထဲက အသံကြီးလေးသံ ကြောက်မက်ဖွယ်ရာထွက်လာတယ်။ ဒု၊ သ၊ န၊ သော ဆိုတဲ့အသံကြီးတွေပဲ။ ဘုရင်ကြီးလည်း တအားလန့်သွားပြီး အိပ်တောင်မပျော်တော့ဘူး။ မိုးလင်းတော့ ဗေဒင်ဆရာ၊ ပုဏ္ဏားတွေကို မေးကြည့်တယ်။

ဗေဒင်ဆရာ ပုဏ္ဏားတွေက ဘာမှမသိပါဘူး။ ဒါပေမယ့် မသိဘူးလို့ပြောလိုက်ရင် ဘုရင်က အထင်သေးသွားမယ်၊ ရလာမယ့်လာဘ်လာဘလည်း လွတ်သွားနိုင်တယ်လို့တွက်ပြီး မင်းကြီး အသက်အန္တရာယ်အတွက်



ပေါ်လာတဲ့ အသံကြီးတွေပါ။ ဆင်၊ မြင်း၊ လူပျို၊ အပျိုတစ်ရာစီရဲ့ လည်ချောင်းသွေးနဲ့ ယစ်ပူဇော်ရင် ဒီဘေးကြီးက လွတ်နိုင်ပါတယ်လို့ လျှောက်တင်လိုက်တယ်။

ပညာမရှိတဲ့ဘုရင်ဟာ ဗေဒင်ဆရာတွေရဲ့စကားကိုယုံပြီး ပြည်သူတွေဆီက ဆင်၊ မြင်း၊ အပျို၊ လူပျိုတွေကို မတရားသဖြင့် လိုက်ဖမ်းယူစေတယ်။ ဒီတော့သာဝတ္ထိတစ်မြို့လုံး ငိုသံယိုသံတွေနဲ့ ပွက်လောရိုက်ကုန်တာပေါ့။ အကြောင်းစုံသိသွားတဲ့ မလ္လိကာက အလုံးစုံကိုသိမြင်တော်မူတဲ့ ဘုရားရှင်ရှိနေပါလျက် ဒီဗေဒင်ဆရာတွေကို အားကိုးနေရသလား။ လာ လိုက်ခဲ့ ဘုရားရှင်ထံ မေးလျှောက်မယ်ဆိုပြီး မင်းကြီးကို ဘုရားရှင်ထံခေါ်သွားတယ်။

''ဒီတော့မှ ဘုရားရှင်က....

မင်းကြီး ဒီအသံကြီးလေးသံဟာ မင်းကြီးရဲ့အသက်အန္တရာယ်နဲ့ ဘာမှမဆိုင်ဘူး။ လူ့ဘဝတုန်းက သူတစ်ပါးရဲ့မယားတွေ၊ သမီးပျိုတွေကို ဖျက်ဆီးခဲ့တဲ့ သူဌေးသားလေးယောက် လောဟကုမ္ဘီငရဲကနေ အော်လိုက်တဲ့အသံပဲလို့ ရှင်းပြမှ ကောသလမင်းကြီးလည်း သံသယတွေရှင်းသွားတယ်။ သူတစ်ပါးမယားကိုလည်း မပြစ်မှားရဲတော့ဘူး။

**သန်း** လူအတော်များများက ဒု၊ သ၊ န၊ သောဆိုတာ ငရဲဘုံတစ်ဘုံရဲ့နာမည်လို့ပဲ ထင်နေကြတယ်ဘုရား။

**နုပ်** ငရဲရဲ့ နာမည်မဟုတ်ပါဘူး။ ငရဲခံရသူတွေ အော်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အသံပါ။ ငရဲရဲ့နာမည်ကိုတော့ လောဟကုမ္ဘီလို့ခေါ်တယ်။ သံရည်ပူအိုးငရဲပေါ့။ သံရည်ပူထဲမှာ မရပ်မနား အပြုတ်ခံနေရတာ သေလည်းသေမသွားရဘူး။ အနှစ် ခြောက်သောင်းရှိမှ အိုးနှုတ်ခမ်းပေါ်မှာ ခေါင်းလေးတစ်ခါ ပြူခွင့်ရတယ်။ ဒီအချိန်လေးမှာ သူတို့ပြောချင်တာလေးကို တစ်ဂါထာစီပြောကြတာပဲ။ ခေါင်းပေါ်ရတဲ့အချိန်က တိုတောင်းလွန်းတော့ တစ်ခွန်းစီပဲပြောနိုင်ပြီး ပြန်မြုပ်သွားကြတာ။

**သန်း** ဒု၊ သ၊ န၊ သော ဆိုတဲ့စကားတွေရဲ့ အဓိပ္ပါယ်ကို သိချင်တယ်ဘုရား။

**နုပ်** ဝိပဿနာအကြောင်း ပြောနေတာဆိုတော့ ဒါတွေ ဒီလောက်အချိန်မပေးနိုင်ဘူး။ "မြန်မာတို့၏အသက်" ဆိုတဲ့ စာအုပ်ထွက်လာမှ ဖတ်ကြည့်ပေတော့။ အဲဒီအထဲမှာ ဒီလေးဂါထာရဲ့အဓိပ္ပါယ် သေချာရေးထားတယ်။

**သန်း** မလ္လိကာရဲ့ အတွေးအခေါ်ပညာရှိပုံတော့ သိရပါပြီ။ သဒ္ဓါရှိပုံကို အမိန့်ရှိပါဦးဘုရား။

**နုပ်** တစ်ခါတော့ သာဝတ္ထိမြို့သားတွေနဲ့ ဘုရင်နဲ့ ဒါနအပြိုင်ပြုကြတယ်။ ဒီလိုပြုကြတဲ့အခါ မြို့သားတွေကသာ သွားတဲ့အခါလည်းရှိတယ်။ မင်းကြီးကသာသွားတဲ့ အခါလည်းရှိတယ်။ တစ်ဦးနဲ့တစ်ဦး အပြတ်ဖြတ်ပြီး မနိုင်ကြဘူးပေါ့။ ဒါ့ကြောင့် ကောသလမင်းကြီးဟာ မျက်နှာမကောင်းဘူး။

သူကအပြတ်နိုင်ချင်တာကိုး။ ဒီအကြောင်းကို မလ္လိကာ သိသွားတော့ မင်းကြီးစိတ်မကောင်းမဖြစ်နဲ့



ပြည်သူတွေကို အပြတ်နိုင်စေရမယ်လို့ ပြောပြီး သူကိုယ်တိုင် စီစဉ်တယ်။ မလ္လိကာက အမျိုးသမီးဆိုတော့ ဖြတ်တိုးဉာဏ်ကောင်းတယ်။ ပြည်သူတွေမှာမရှိတဲ့ ဆင်ငါးရာ အင်မတန်ချောမောလှပတဲ့ အပျိုတော်ငါးရာကို ဆွမ်းကျွေးပွဲအစီအစဉ်ထဲမှာ ထည့်လိုက်တယ်။

ဒီခေတ်တုန်းက အချောဆုံး အလှဆုံး မိန်းမပျိုလေးတွေ ဆိုရင် နန်းတော်ထဲ ပို့ထားတဲ့အလေ့အထရှိဟန်တူတယ်။ ကြီးကျယ်ခမ်းနားတဲ့ ဆွမ်းကျွေးမဏ္ဍပ်ကြီးရဲ့ အလယ်မှာ အင်မတန်လှပတဲ့ ရေကန်ကြီးတစ်ကန်ကို ဖန်တီးတယ်။ စန္ဒကူးသားကို ထွင်းထားတဲ့ သနပ်ခါးလှေတစ်စင်းကိုလည်း ကန်ထဲမှာ ဟိုဟိုဒီဒီ မျောပါ သွားလာစေတယ်။

ရေကန်ပတ်လည်မှာတော့ အချောဆုံး၊ အလှဆုံး ဝတ်စားဆင်ပြင်ထားတဲ့ အပျိုတော်ငါးရာက နံ့သာမျိုးစုံကို ကျောက်ပြင်မှာ သွေးပြီး စန္ဒကူးလှေထဲ လောင်းထည့်ကြရတယ်။ အပျိုတော်တွေ သွေးနေတဲ့နံ့သာနံ့များဟာ ဆွမ်းစားမဏ္ဍပ်တစ်ခုလုံးကို ကြိုင်လှိုင် ပျံ့သင်းသွားစေတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်ငါးရာကို ဂန္ဓလို့ခေါ်တဲ့ အမွှေးအနံ့ကိုလှူတဲ့သဘောပါ။

ဒီခေတ်တုန်းက ရေမွှေးဆိုတာ မပေါ်သေးတော့ မလ္လိကာ အကြံတစ်သိန်းတန်သွားတာပေါ့။ အခါ ဘုရားအမှူးရှိတဲ့ သံဃာ များကြွလာပြီဆိုတာနဲ့ ဆင်ငါးရာဟာ ယပ်တစ်ချောင်းစီကို နှာမောင်းနဲ့ကိုင်ပြီး တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



လျှင် တစ်ကောင်ကျယပ်လေခတ်ပေးကြတယ်။ ပန်ကာမရှိသေးတဲ့ ခေတ်ဆိုတော့လည်း ဒီအစီအစဉ်ဟာ တော်တော်ကိုထူးခြားတယ်လို့ ဆိုရမှာပေါ့။

ဘောဇဉ်ချိုချဉ်ရသာမှန်သမျှကိုလည်း အစုံလင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် စီစဉ်ပြီးတော့ ကပ်လှူတယ်။ ဒီအလှူပွဲကြီးကို လာကြည့်တဲ့ သာဝတ္ထိမြို့သူမြို့သားတွေဟာ မင်းကြီးရဲ့အလှူကို သူတို့မှီအောင် မလှူနိုင်တော့ပါဘူးဆိုတာကို ဝန်ခံသွားကြတယ်။ ဒီဒါနပွဲကြီးဟာလည်း ဗုဒ္ဓသာသနာမှာ ''အသဒိသဒါန''ဆိုပြီး မော်ကွန်းဝင်သွားတယ်။ မည်သူနှင့်မျှမတူ အကြီးကျယ်ဆုံးဒါနလို့ ဆိုလိုတာပေါ့။

သန်း မလ္လိကာရဲ့ ဖြတ်ထိုးဉာဏ်ကြောင့် မင်းကြီးအနိုင် ရသွားတယ်လို့ ဆိုရမှာပေါ့ဘုရား။

နုပ် အေးဟုတ်တယ်။ ဒါကြောင့် မန်လည် ဆရာတော်က မယ်ဒေဝလင်္ကာသစ်မှာ –

''ယောကျာ်းတို့ထက်၊
ရှတ်တရက်ဉာဏ်၊
ပဋိဘာန်ဖြင့်၊
လျှင်မြန်မချွတ်၊
ကြံစည်တတ်၏
ကိစ္စတသီး၊ အရေးကြီး၍၊
မပြီးနိုင်က၊ ကြံမရသော်၊
မိန်းမတို့သာ၊ တိုင်ပင်ရာ၏။''လို့



စပ်ဆိုတော်မူခဲ့တာပေါ့။ အမျိုးသမီးတွေ ဖြတ်ထိုးဉာဏ်ကောင်းပုံအကြောင်း သတိရတုန်း ပြောဦးမယ်။ စစ်ကိုင်းမြို့နယ်ထဲမှာ ဖြဒယော်ဆိုတဲ့ ရွာလေးတစ်ရွာရှိတယ်။ ဒီရွာသူရွာသားတွေဟာ စာချိုးစာစပ် အင်မတန်တော်ကြောင်း မန္တလေးမြို့ပေါ်ထိတက်နာမည်ကြီးတယ်။

ဒီအချိန်မှာ မန္တလေးမြို့ပေါ်က ဘုရင့်လှေတော်မှာ အမှုထမ်းရတဲ့ လှေထိုးသားတစ်ယောက်ဟာ စာစပ်အင်မတန်ပိုင်သတဲ့။ ဖြဒယော်ကလည်း စာချိုးစာစပ် နာမည်ကြီးတယ်ဆိုတော့ လက်တွေ့စမ်းကြည့်ချင်တာနဲ့ ဖြဒယော်ရွာကို ရောက်လာတယ်။ ရွာထဲမဝင်ရသေးဘူး ရွာထိပ်မှာတင် မိန်းမပျိုလေးတစ်ယောက် ရေခပ်နေတာကိုတွေ့တယ်။

တွေ့တွေ့ခြင်း မိန်းကလေးက စမေးသတဲ့။ မောင်ကြီး ဘယ်မြို့ကလာသလဲဆိုတော့ မန္တလေးရွှေမြို့တော်က လာတယ်ပေါ့။ ဘာအလုပ်အကိုင်လုပ်ပါသလဲလို့ ဆက်မေးတော့ ဘုရင့်လှေမှာ လှေလှော်အမှုထမ်းကြောင်း ဖြေလိုက်တယ်။ နှစ်ကြိမ်ဖြေပြီးတာနဲ့ လှေထိုးသားကလည်း လူလည်ပဲ။ ဒီမိန်းကလေး သူ့ကို စာချိုးဖို့ စုံလင်အောင်မေးနေတယ်ဆိုတာကို သဘောပေါက်သွားတယ်။

ဒါကြောင့် နာမည်ကိုပါ ဆက်မေးလာရင် စာချိုးလို့မရတဲ့ နာမည်ပြောင်းကြီးကို ဖြေမယ်လို့တွေးထားသတဲ့။ ဟိုကလည်း သူထင်တဲ့အတိုင်း နာမည်ကို ဆက်မေး

www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ။ ဒီအခါ သူက ကျွန်တော့်နာမည် ကိုဂွမ်းဂွမ်းဂွမ်းလို့ ဖြေလိုက်သတဲ့။ သူ့အထင်က ဒီနာမည်မျိုးဆိုရင် ဘယ်လိုမှကာရံယူပြီး ကဗျာစပ်လို့မရတော့ဘူးလို့ ထင်ထားတယ်။

အမျိုးသမီးဆိုတာ ယောကျ်ားတွေထက် ဖြတ်ထိုးဉာဏ်က ပိုမြန်တာပဲ။ သူ့အဖြေဆုံးတာနဲ့ ပြဒယော်သူက ချက်ခြင်းစာစပ်လိုက်တယ်။

မန်းရွှေမြို့ပေါ်
လေ့လျော်မှုထမ်း
ပြဒယော်သူလာလို့စမ်း
ကိုဂွမ်းဂွမ်းဂွမ်း တဲ့။

မန္တလေးသားလဲ အခြေအနေမကောင်းဘူးဆိုပြီး ရှာထဲတောင်မဝင်တော့ဘဲ ပြန်ပြေးတာပဲတဲ့။

နောက်အမျိုးသမီးတစ်ယောက် တွေ့ဘူးသေးတယ်။ ညနေ လင်သားဖြစ်သူ အလုပ်ကပြန်လာပြီး ထမင်းဝိုင်းထိုင်လိုက်တော့ ချက်ထားတဲ့ ချဉ်ရည်ဟင်းက အရောင်မလှဘူး။ စားချင်စဖွယ်မရှိဘူး။ ဒါ့ကြောင့် သောက်တောင် မကြည့်ရသေးဘူး ချဉ်ရည်ဟင်းကြီးက လဲကွာလို့ ငြီးလိုက်တယ်။

ဒီတော့ သူ့ဇနီးက သူ့အပေါ်အပြစ်တင်မှာစိုးလို့ သမီးဖြစ်သူဘက် မေးငေါ့ပြပြီး။ "တော့သမီးချက်တာ" လို့ ပြောလိုက်တယ်။ ဟိုက တကယ်သောက်လည်း ကြည့်လိုက်ရော ခံတွင်းတွေ့ပြီး လျှာလည်သွားတယ်။



ဒါ့ကြောင့်"ဟ–အရောင်သာမလှတာ တော်တော်ကောင်းတယ်ဟေ့"လို့ ချီးမွမ်းလိုက်တယ်။

ဒါမျိုးကျတော့လည်း ဇနီးက အလွတ်မခံဘူး။ ယောကျ်ား စကားဆုံးတာနဲ့ ချက်ခြင်းဝင်ပြောလိုက်တယ်။ အဲဒါ ကျုပ်ပြင်ပေးတာတဲ့။ ဘယ်လောက်ဖြတ်ထိုးဉာဏ်ကောင်းသလဲလို့။ ကဲ မလ္လိကာအကြောင်းကို ပြန်ဆက်ရအောင်။ မလ္လိကာဟာ အဲဒီလိုသဒ္ဓါရော ပညာရော ပြည့်စုံသော်လည်း ဝိပဿနာတရားကို တစ်ကြိမ်တစ်ခါမှ နာကြားအားထုတ်ခြင်းမပြုဘူး။ ကောသလမင်းလည်း ဒီ အတိုင်းပဲ။

မလ္လိကာဟာ ကောင်းကွက်တွေ အများကြီးရှိသလို ပုထုဇဉ်ဆိုတော့ မကောင်းကွက်လည်းရှိတာပေါ့။ တစ်နေ့ မလ္လိကာဟာ ရေချိုးခန်းမှာ ရေချိုးရင်း နန်းတော်မှာ မွေးထားတဲ့ခွေးထီးကြီးနဲ့ ပျော်ပါးမိသွားတယ်။ အဲဒါကို နန်းတော်လေသာပြူတင်းကနေ ကောသလမင်းကြီးက မြင်သွားတော့ ဟယ် မလ္လိကာ အယုတ်တမာမ ခွေးထီးနဲ့ ပျော်ပါးရသလားလို့ လှမ်းအော်ပြောလိုက်သတဲ့။

ဒီအခါ ဖြတ်ထိုးဉာဏ်ကောင်းတဲ့ မလ္လိကာက

"ဟယ် မင်းကြီး ဒီရေချိုးအိမ်ထဲဝင်ရင် ဘယ်သူမဆို တိရစ္ဆာန်တစ်ကောင်ကောင်နဲ့ ပျော်ပါးတဲ့သဏ္ဍာန်သာမြင်ရတယ်။ မယုံရင် အရှင်မင်းကြီးဝင်ကြည့် ကျွန်မလေသာပြူတင်းကကြည့်မယ်"လို့ပြောလိုက်တယ်။

ဒီအခါ ကောသလမင်းကြီးက ရေချိုးခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ဝင်ကြည့်တာပေါ့။ လေသာပြူတင်းမှာရပ်နေတဲ့ မလ္လိကာကလည်း သူအပြစ်ကိုမသိစေချင်တော့ ဟယ် မင်းကြီး သင်ဆိတ်မကြီးတစ်ကောင်နဲ့ ပျော်ပါးနေတာကို ကျွန်ုပ်မြင်ရတယ်လို့ လိမ်ပြောလိုက်တယ်။ ဒီတော့ ကောသလမင်းကြီးလည်း မိဖုရားကြီးဟာ လိမ်မပြောတတ် ပါဘူးလေ။ ဒီရေချိုးခန်းထဲ ဝင်ရင်ဒီလိုဖြစ်တာ ဟုတ် လောက်ပါတယ်လို့ ထင်သွားသတဲ့။

သန်း ဒီလိုဆိုတော့လည်း မလ္လိကာက တော်တော်ဆိုးပါလား ဆရာတော်။ ကာမေသုမိစ္ဆာစာရကျူးလွန်ပြီးတဲ့အပြင် မုသာဝါဒကံပါ ထပ်ကျူးလွန်လိုက်သေးတယ်။

နုပ် မလ္လိကာရဲ့အမှားကိုကြည့်ပြီး မင်းတို့ သင်ခန်းစာယူတတ် ရမှာက အပြစ်ကိုရဲရဲ့ဝံ့ဝံ့စွာဝန်မခံရဲရင် နစ်ဆတိုးတတ်တယ် ဆိုတာပဲ။ နောက်ထပ်အတွေးအခေါ်တစ်ခု ပေးချင် တာက ပုထုဇဉ် အချင်းချင်းအပေါ်မှာ ဆိုးတာတွေချည်း ဘယ်တော့မှ ရှာမကြည့်နဲ့။ ပေါင်းချင်စရာ ပုဂ္ဂိုလ်တစ် ယောက်မှ တွေ့ရမှာမဟုတ်ဘူး။ ဒါ့ကြောင့် မေတ္တာ အစွမ်း စာအုပ်ထဲမှာ ငါဒီအတွေးအခေါ်လေး ရေးထည့် ထားတယ်။

မကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင်
ပေါင်းနိုင်စရာပုဂ္ဂိုလ်မရှိ၊
ကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင်
မပေါင်းနိုင်စရာပုဂ္ဂိုလ်မရှိ

ဆိုတဲ့စကားရလေးပဲ၊ ပုထုကိလေသေဖနေတီတိ ပုထုဇ္ဇနော



များစွာသော အကုသိုလ်ကိလေသာတွေကို ဖြစ်စေတတ် လို့ ပုထုဇဉ်လို့ခေါ်တာ။ ဒီတော့ ပုထုဇဉ်သန္တာန်မှာ မကောင်းကွက်ရှိတာဟာ အထူးအဆန်း မဟုတ်တော့ ပါဘူး။ ကောင်းကွက်ရှိတာကမှ အထူးအဆန်းလို့ ဆိုရ မယ်။

ဒီတော့ လူမှုဆက်ဆံရေးကိစ္စတွေမှာ အဆင်ပြေ ချင်ရင် သူတစ်ပါးရဲ့ကောင်းကွက်ကိုသာ ရှာကြည့်ပါ။ ကိုယ့်သန္တာန်မှာ အေးချမ်းတဲ့ မေတ္တာစိတ်သာရှိနေချင်ရင် သူတစ်ပါးရဲ့ ကောင်းကွက်ကိုသာရှာကြည့်ပါ။ တစ်ခဏ တာရလာတဲ့ လူ့ဘဝနေရသခိုက်မှာ ကုသိုလ်စိတ်သာ ဖြစ်နေစေချင်ရင်လည်း သူတစ်ပါးကောင်းကွက်ကိုသာ ရှာကြည့်ပါလို့ တိုက်တွန်းချင်တယ်။

ဗုဒ္ဓက ဟောတယ်။ ကုသိုလ်ဖြစ်ခြင်းရဲ့ အနီးဆုံး အကြောင်းဟာ ယောနိသောမနသိကာရ=ကောင်းကွက် ကိုရှာပြီး သင့်တင့်အောင် နှလုံးသွင်းခြင်းတဲ့၊ အကုသိုလ် ဖြစ်ခြင်းရဲ့ အနီးဆုံးအကြောင်းကတော့ အယောနိသော မနသိကာရ = မကောင်းကွက်ကို ရှာပြီး မသင့်မတင့် နှလုံးသွင်းခြင်းတဲ့။ ဒါ့ကြောင့် မိမိသန္တာန်မှာ ကုသိုလ် ပဲဖြစ်စေချင်တယ်ဆိုရင်တော့ ယောနိသောမနသိကာရ ကို လက်ကိုင်ထားရမယ်။ ကဲ နောက်အပါတ်မှ မလ္လိကာ ရဲ့ ဝိနိပါတဘေးအကြောင်းကို ဆက်ကြရအောင်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

## မိမိကိုယ်မိမိ မကြည်ညိုရင်

နုပ် ဒီအပါတ်တော့ အရေးအကြီးဆုံး အတွေးအခေါ် တစ်ခုနဲ့ တို့တရားဆွေးနွေးပွဲကို စကြရအောင်။ ဒီအတွေးအခေါ်ဟာ မလ္လိကာရဲ့ဖြစ်ရပ်နဲ့ ဆက်စပ်မှုရှိနေလို့ပါ။ အတွေးအခေါ်လေးက

သူတစ်ပါးကို မကြည်ညိုရင်
ကုသိုလ်မရရုံဘဲရှိတယ်
မိမိကိုယ်မိမိ မကြည်ညိုရင်
အပါယ်ကျတတ်တယ် ဆိုတာပဲ။

သန်း ဒါဆိုရင် သူတစ်ပါးကို ကြည်ညိုဖို့ထက် မိမိ ကိုယ်မိမိ ကြည်ညိုဖို့က ပိုအရေးကြီးတာပေါ့ ဆရာတော်။ ဒီလိုဆိုရင် မိမိကိုယ်မိမိ ကြည်ညိုဖို့အတွက် ဘာတွေလုပ်ထားရမလဲ ဆရာတော်။

နုပ် ကိုယ်ကျင့်သီလ စောင့်စည်းနိုင်ရမယ်။ အခု မလ္လိကာကို ကြည့်လိုက်ပေါ့။ လုပ်ထားတဲ့ဒါနကုသိုလ်တွေအများ



ကြီးပဲ။ ဒါပေမယ့် သေခါနီးကျတော့ တစ်ကြိမ်တစ်ခါ မှားခဲ့ဖူးတဲ့ ကာမေသုမိစ္ဆာစာရကံက အရင်ပေါ်လာလို့ ငရဲကိုကျသွားတယ်။ အကြာကြီးတော့မဟုတ်ဘူး။ (၇)ရက်စေ့တာနဲ့ ငရဲကလွတ်ပြီး နတ်ပြည်ကိုတက်သွားတယ်။

ပုထုဇဉ်ဆိုတာ မကောင်းကွက်တော့ ရှိကြတာချည်းပါပဲ။သူတစ်ပါးသိသွားတာနဲ့၊ သိမသွားတာ ဒါပဲကွာတာပါ။ နောက်ဘဝ အပါယ်ကျရင်တော့ အတူတူပါပဲ။ တို့ မြိတ်နဲ့ ကော့သောင်းက အကျဉ်းထောင်နှစ်ခုမှာ အကျဉ်းသားတွေကို တရားဟောခွင့်ရခဲ့တယ်။ သူတို့ကို အထင်သေးစရာအကြောင်း မရှိပုံကို ပြောပြခဲ့ဖူးတယ်။

သန်း ဘယ်လိုပြောပြခဲ့လဲဘုရား။

နုပ် ထောင်ထဲက အကျဉ်းသားတွေကို အထင်မသေးသလို ထောင်အပြင်က လူတိုင်းကိုလည်း အထင်မကြီးပါဘူး။ ပုထုဇဉ်ဆိုတာ အဆိုးရော အကောင်းရောရှိကြတယ်။ ကိုယ်ဆိုးတာကို နိုင်ငံတော်က သိသွားတဲ့အခါ ထောင်ထဲမှာလာနေရတယ်။ ကိုယ်ဆိုးတာကို နိုင်ငံတော်က မသိတဲ့အခါ ထောင်အပြင်မှာ နေရတာပါ။ ဒါပဲကွာပါတယ်လို့။ ဒီစကားကို သူတို့ တော်တော်သဘောကျကြတယ်။

သန်း ထောင်မှာ တရားဟောတာ အောင်မြင်မှုရရဲ့လားဘုရား။

နုပ် တရားဟောဆရာ၊ စာရေးဆရာတွေရဲ့ အောင်မြင်မှုကို အများစုကတော့ ပရိသတ်နည်းရင် မအောင်မြင်ဘူးပေါ့။ တို့ကတော့ ပရိသတ်အနည်းအများနဲ့ မတိုင်းတာဘူး။ ကိုယ်ဟောတဲ့အတိုင်း ကိုယ်ရေးတဲ့အတိုင်း ပရိသတ်က

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် လိုက်နာသလဲဆိုတဲ့အချက်နဲ့ပဲ တိုင်းတာချင်တယ်။

အဲဒီအတိုင်းအတာနဲ့ဆိုရင်တော့ မြိတ်အကျဉ်းထောင်မှာ အများကြီးအောင်မြင်တယ်။ (၇)ရက်ဟောခဲ့ရတော့ ဘဝတန်ဖိုး သရဏဂုံ၊ ဒါန၊ သီလ၊ သမထ ဝိပဿနာဆိုပြီးစုံအောင် ဟောပေးနိုင်ခဲ့တယ်။ တရားနာပြီးတဲ့အချိန်ကစပြီး အကျဉ်းထောင်ထဲမှာ ခိုးတာ၊ ဖွက်တာ၊ ရန်ဖြစ်တာ မရှိတော့ဘူးတဲ့။

ကော့သောင်းထောင်မှာတော့ (၁)ရက်ပဲ ဟောရတော့ သိပ်မထိရောက်ဘူး။ သူတို့ကလဲ နောက်ထပ်မကျင်းပနိုင်ကြဘူး။ ထောင်သားတွေအတွက် နစ်နာတာပေါ့။ မလ္လိကာဖြစ်ရပ်နဲ့ ဆက်စပ်ပြီး ကိုယ်ကျင့်သီလဖောက်ဖျက်သူတွေ ခံစားရမယ့် သီးသန့်ဘေးလေးမျိုးကို ပြောပြချင်တယ်။

သန်း အမိန့်ရှိပါဘုရား

နုပ် အဲဒီသီးသန့်ဘေးလေးမျိုးက . . .

ပရာနုဝါဒဘေး = သူတစ်ပါးကစွပ်စွဲကဲ့ရဲ့တာ

ဒဏ္ဍဘေး = နိုင်ငံတော်ကပြစ်ဒဏ်ချခံရတာ

အတ္တာနုဝါဒဘေး = ကိုယ့်ကိုယ်ကို မကြည်ညိုတာ စွပ်စွဲကဲ့ရဲ့တာ

ဒုဂ္ဂတိဘေး = အပါယ်လေးပါးကျတာပဲ

ဒီလေးမျိုးမှာ ရှေ့နှစ်မျိုးက ဟန်ဆောင်ကောင်းရင် လွတ်သေးတယ်။ ရှေ့ကတော့ ရိုးရိုးသားသားအရောင်းအဝယ်တစ်ခု ဟန်ပြထားပြီး နောက်ပိုင်းက မူးယစ်ဆေးဝါးတွေချနေတာ၊ ခါးပိုက်နှိုက်တွေ၊ ဖောက်ထွင်းဝိဇ္ဇာတွေ မွေးထားတာမျိုးပေါ့၊ သူတို့က ဟန်ဆောင်ကောင်းတော့ ပရာနုဝါဒဘေးက လွတ်သွားတယ်။



တချို့နာမည်ကတော့ ဆန်ကုန်သည်ပဲ၊ ဒါပေမယ့် စားသုံးသူတွေ စျေးသက်သာအောင်၊ ကောင်းကောင်းစားရအောင်ဆိုတဲ့စေတနာ တစ်စက်မှမထားဘူး။ အမြတ်ကြီးစားရအောင် တစ်ခုပဲသိတယ်။ ဆန်တွေတအားလှောင်တယ်။ နောက်စျေးတက်ကောင်းအောင် ကောလာဟလသတင်းတွေ လွှင့်တယ်။

ကောင်းတဲ့ဆန်ထဲမှာ မကောင်းတဲ့ ဆန်တွေရောထည့်တယ်။ အဲဒါဟာခိုးခြင်းတစ်မျိုးပဲ။ အိမ်နောက်ဖေးကနေ အိမ်ရှင်မသိအောင်တက်ခိုးမှ ခိုးတာမဟုတ်ဘူး။

ဒါပေမယ့် သူတို့ဟာ အတ္တာနုဝါဒဘေးနဲ့ ဒုဂ္ဂတိဘေးကိုတော့ ဟန်ဆောင်လို့ လာဘ်ထိုးလို့မရတော့ဘူး။ မဟုတ်တာကို လုပ်လိုက်ပြီဆိုတာနဲ့ သူတစ်ပါးမသိချင်နေ ကိုယ်အရင်သိသွားပြီ။ သူတစ်ပါးကိုသာ လိမ်လို့ရတာ။ ကိုယ့်ကိုယ်ကိုကျတော့ လိမ်လို့မရဘူးလေ။ ဒီတော့ ငါဟာသူခိုးကြီးပဲ၊ ငါဟာ မဟုတ်တာလုပ်စားတဲ့ ကောင်ကြီးပဲဆိုတဲ့ မိမိကိုယ်မိမိ စွပ်စွဲကဲ့ရဲ့တဲ့ အတ္တာနုဝါဒဘေးကြီးဟာ အမြဲနှိပ်စက်နေတယ်။

သေခါနီးကျတော့ ပိုနှိပ်စက်တာပေါ့။ ဒီအတ္တာနုဝါဒ ဘေးကြီးဆိုက်ပြီဆိုတာနဲ့ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



အပါယ်ငရဲကို တန်းကျတာပဲ။ ဒါ့ကြောင့် သူတစ်ပါးကို မကြည်ညိုရင် ကုသိုလ်မရရုံပဲရှိတယ်။ မိမိကိုယ်မိမိ မကြည်ညိုရင် အပါယ်ကျတတ်တယ်လို့ ပြောခဲ့တာ။

သန်း သဘောပေါက်ပြီဘုရား။ မလ္လိကာလည်း မဟုတ်တာ လုပ်ပြီးဟန်ဆောင်ကောင်း၊ အလိမ်ကောင်းတော့ ကောသလမင်းကြီးစွပ်စွဲကဲ့ရဲ့မယ့် ပရာနုဝါဒဘေး၊ ကောသလမင်းကြီးက အပြစ်ပေးမယ့်ဒဏ္ဍဘေးကတော့ လွတ်သွားတယ်။ ဒါပေမယ့် ငါဟာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခဲ့သူပဲ။ မင်းကြီးကို လိမ်ညာပြောခဲ့သူပဲဆိုတဲ့ အတ္တာနုဝါဒဘေးကြီးက ဘယ်လိုမှမလွတ်တော့။ နောက်ဆုံး ဒုဂ္ဂတိဘေးလို့ခေါ်တဲ့ ငရဲကို ကျသွားရတာမဟုတ်လားဘုရား။

နုပ် အေးဟုတ်တယ်။ အဲဒါကို သေချာသိစေချင်တာပဲ။ ဒါပေမယ့် တစ်ခုတော့ တာဝန်ခံပါတယ်။ ဒီဂမ္ဘီရ ဝိပဿနာကျင့်စဉ်ကို ဆုံးခန်းတိုင်အောင် ဖတ်ရှုကြားနာသွားမယ်ဆိုရင် မိမိကိုယ်မိမိ တကယ်ကြည်ညိုတဲ့သူတွေဖြစ်လာစေရပါမယ်။ တရားကို တကယ်သိသွားမှ သီလကလည်း တကယ်လုံသွားတာ။ ဒီအကြောင်း အကျယ်ကို သောတာပန်စစ်တမ်းခေါ် သောတာပန်ဂုဏ်ရည်ဆိုတဲ့အခန်းကျမှ အကျယ်ဆွေးနွေးကြတာပေါ့။

တစ်ခုတော့ရှင်းပြစရာကျန်တယ်။ မလ္လိကာဟာ ဒါန ကုသိုလ်တွေလုပ်ပြီး ငရဲကျတယ်ဆိုတော့ ဒါန ကုသိုလ်တွေက အလကားဖြစ်သွားတယ်လို့ ထင်စရာ



ဖြစ်နေတယ်။ အလကား မဖြစ်ပါဘူး။ ဒါနဇောစေတနာ (၇)ချက်အနက်က မိဖုရားခေါင်ကြီးဖြစ်ရတယ်ဆိုတော့ ပထမဇောက ကောင်းကျိုးပေးတယ်လို့ ဆိုနိုင်တယ်။ ဒါပေမယ့် ဒုတိယဘဝမှာ ကောင်းကျိုးပေးရမယ့် သတ္တမဇောကတော့ အကျိုးပေးခွင့်မရဘဲ ပျက်သွားတယ်။

ဒါကြောင့် ဒုတိယဘဝမှာ ငရဲကျခဲ့ရတာပါ။ ဒါပေမယ့် တတိယဘဝမှစပြီး ကောင်းကျိုးပေးမယ့် အလယ်ဇောငါးချက် ကုသိုလ်စေတနာတွေက အသင့်စောင့်နေလျှက်ပါ။ ဒါကြောင့် ငရဲကလွတ်တာနဲ့ နတ်ပြည်ကိုပို့ပေးလိုက်တာပါ။ ဒါကြောင့် ဒါန၊ သီလဆိုတဲ့ လောကီကုသိုလ်တွေဟာ အချိန်ရွှေးပါတယ်။ ဘဝရွှေးပါတယ်။ အခုလုပ် အခုအကျိုးပေးလို့မရှိပါဘူး။ ဒါကြောင့် ဝိနိပါတဘေးကြီးနဲ့ ပုထုဇဉ်တွေကြုံကြရတာပါ။

သန်း တချို့ကတော့ သီလကိုသိပ်အားကိုးကြတယ်။ ဆရာတော်။ တပည့်တော်ဘကြီးဆို ငါက ငါးပါးသီလမြဲတယ်။ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလစောင့်တယ်။ ဝိပဿနာ မလိုပါဘူးလို့ ပြောတယ်ဘုရား။

နုပ် အေး အဲဒီပုဂ္ဂိုလ်တွေအတွက် ဆက်ဆွေးနွေးကြရအောင်။ တကယ်တော့ သီလကုသိုလ်ဟာလည်း ဝိနိပါတဘေးက မကယ်နိုင်ပါဘူး။ လူတွေရနိုင်တဲ့သီလကုသိုလ်က ငါးပါးသီလ၊ ရှစ်ပါးသီလ၊ အလွန်ဆုံးဆယ်ပါးသီလပေါ့။ ရဟန်းတွေစောင့်ရတဲ့ သိက္ခာပုဒ်ကအကျဉ်း (၂၂၇) အကျယ်ချဲ့ရင် ကုဋေကိုးထောင့် တစ်ရာရှစ်ဆယ့်ငါးသန်း

www.burmeseclassic.com

www.burmeseclassic.com



သုံးသောင်းခြောက်ထောင်ရှိတယ်။

ဒီတော့ ရဟန်းတွေရတဲ့ သီလကုသိုလ်ဟာ လူတွေရတဲ့ သီလကုသိုလ်ထက် အများကြီးသာနေတယ်။ ဒါပေမယ့် ဝိနိပါတ ဘေးကမလွတ်တဲ့အတွက် အပါယ်လေးပါးကျရတဲ့ ဘုန်းကြီးတွေ အများကြီးရှိတယ်။

မှတ်မိသလောက် ပြောပြမယ်။ တောင်တန်းသာသနာပြု ဆရာတော်ဦးဥတ္တမသာရရေးတဲ့ အာပတ်နှင့်တကွစုတေလျှင်ဆိုတဲ့ စာအုပ်ထဲမှာ ဓမ္မကထိက ဆရာတော်တစ်ပါး ပြိတ္တာဖြစ်သွားပုံအကြောင်းပါတယ်။ အကျယ်သိချင်ရင် အဲဒီစာအုပ်မှာကြည့်ပေါ့။ ဒီမှာတော့ အကျဉ်းပဲပြောမယ်။ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ် အတွင်းက ရွာတစ်ရွာမှာ တရားဟောကောင်းတဲ့ ဓမ္မကထိက ဆရာတော်တစ်ပါးရှိတယ်။ ဘွဲ့ကဦးနန္ဒိယတဲ့။

ပေါက်ခေါင်းနယ်တစ်ဝိုက်က တရားပွဲမှန်သမျှဟာ ဦးနန္ဒိယမပါရင် လူမစည်တော့ဘူး။ အပင့်အဖိတ်များတော့ လာဘ်လာဘလည်း ပေါတာပေါ့။ ရေစက်ခွက်ထဲကရတဲ့ ငွေအကြွေစေ့တွေစုထားတာကို မြေအိုးကြီးနဲ့ တစ်လုံးရတယ်။ တစ်နေ့တော့ ဦးနန္ဒိယဟာ ငွေအကြွေအိုးကြီးကို ကျောင်းလှေခါးအောက်က မြေကြီးထဲမှာ ဘယ်သူမှမသိအောင် မြှုပ်ထားလိုက်တယ်။

သူခိုးဓါးပြရန်က ကင်းဝေးအောင်ဆိုတဲ့ သဘောပေါ့။ တကယ်တော့ သူမစဉ်းစားလို့ပါ။ သူခိုး၊ ဓါးပြက ကိုယ့်ကိုဒုက္ခပေးရင် ဒီတစ်ဘဝတင်ပါ။ နောက်ဘဝထိ



လိုက်ပြီး ဒုက္ခမပေးနိုင်ပါဘူး။ ဒီငွေအိုးအပေါ်မှာ စွဲလမ်းတပ်မက်နေတဲ့ လောဘဆိုတဲ့ဓါးပြကတော့ အခုဘဝမှာလည်း အမြဲတမ်းသောကဖြစ်အောင်နှိပ်စက်မယ်။

ဒီလောဘစိတ်နဲ့သေပြန်ရင်လည်း ပြိတ္တာဘုံကို ဆွဲချဦးမယ်။ ဒီတော့ လောဘဆိုတဲ့ ဓါးပြကအခုဘဝရော နောက်ဘဝပါ ဒုက္ခပေးတာမို့ ပိုကြောက်သင့်ပါတယ်။

သန်း ဆရာတော် ဦးနန္ဒိယလည်း ဓမ္မကထိကတစ်ပါးပဲဘုရား အခုဆရာတော်ပြောတဲ့ အကြောင်းတွေ သူလည်းသိမယ်ထင်ပါတယ်။

နုပ် အေး ဒါနဲ့ပတ်သက်ပြီး စကားပုံအသစ်တစ်ခု ထပ်တိုးရမယ်။ ပထမရှိတဲ့ စကားပုံက...

မရှိတာထက် ၊ မသိတာခက်၏
ငါ့နောက်ထပ် ထပ်တိုးချင်တာက
မသိတာထက် သိပြီးမကျင့်တာခက်၏. . . လို့ပေါ့။

ဦးနန္ဒိယဟာ သိပြီးမကျင့်တဲ့သူပေါ့။ အဲဒီလို ဓမ္မကထိကတွေအတွက် ပထမရွှေကျင်ဆရာတော် ဘုရားကြီးက လင်္ကာတစ်ခုနဲ့ဆုံးမထားဖူးတယ်။

နှုတ်ရောညပါ ၊ တစာစာ၊
သူများကိုသာအတွင်ဟော၊
ကိုယ်မကျင့်လို ၊ ပဥ္စင်းပို
ပုံဆိုပါလော ကိုယ့်ဖြစ်ပျက်
စောင်းသမားနားထိုင်း၊ ပုံနှင့်နှိုင်း၊
ရှိင်းလိုက်လေခြင်းမဆိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူများကိုတော့ နေ့ရောညရောတစာစာဟောနေတဲ့ ဓမ္မကထိကတွေဟာ ကိုယ်ကိုယ်တိုင်ကျတော့ မကျင့်ဘူးဆိုရင် နားထိုင်းနေတဲ့ စောင်းသမား စောင်းတီးသလိုပဲတဲ့။ နားထိုင်းတဲ့ စောင်းသမားစောင်းတီးတော့ စောင်းသံရဲ့အရသာကို ဘေးကနားထောင်သူတွေကတော့ ခံစားရတယ်။ ကိုယ်တိုင်တီးနေတဲ့ စောင်းသမားကတော့ မခံစားရဘူး။

ထို့အတူပဲ သူများကိုတော့ ဟောပြီး၊ ကိုယ်တိုင်ကျတော့ မကျင့်ကြဘူးဆိုရင် နာတဲ့သူတွေကတော့ တရားအရသာခံစားရပြီး ကိလေသာကုန်ရာ နိဗ္ဗာန်ကို ရောက်ကြမယ်။ ဟောသူကိုယ်တိုင်ကတော့ ကိလေသာတွေပွားသထက်ပွားပြီး အပါယ်ကျမယ်လို့ သတိပေးတာပဲ။ တစ်နေ့တော့ ဦးနန္ဒိယဟာ အသက်လေးဆယ်ခန့်မှာပဲ လေနာရောဂါနဲ့ ပျံတော်မူသွားတယ်။

ငွေအိုးကိုစွဲလမ်းတဲ့ လောဘကြောင့် ကျောင်းဝိုင်းထဲမှာပဲ ပြိတ္တာကြီးပြန်ဖြစ်နေတယ်။ သူ့ခမျာ ပြိတ္တာဘဝကကျွတ်ချင်တော့ နောက်တက်တဲ့ ကျောင်းထိုင်ဘုန်းကြီးတွေကို သူ့အဖြစ်ကို ပြောပြပြီး အကူအညီတောင်းဖို့ ကြိုးစားတယ်။ ကျောင်းထိုင် ဘုန်းကြီးအသစ်တွေက အကြောက်ကြီးတော့ သရဲခြောက်တယ်ဆိုပြီး လန့်လန့်ပြေးကြတာနဲ့ ဦးနန္ဒိယသရဲကြီးမှာ မကျွတ်နိုင်ဘူးဖြစ်နေတယ်။

သန်း ဒါဆိုရင် သရဲဆိုတာ ခြောက်တာမဟုတ်ဘဲ အမျှလိုချင်လို့



ကိုယ်ထင်ပြတဲ့သဘောပေါ့ဘုရား

နုပ် အေးဟုတ်တယ်။ သရဲဆိုတာ ကြောက်စရာ မဟုတ်ပါဘူး။ သနားစရာသာဖြစ်တယ်။ သူတို့ရှိတယ်လို့ထင်တဲ့နေရာတွေမှာ မေတ္တာပို့ပြီး အမျှပေးရတယ်။ သာဓုခေါ်ရရင် ဒီဘဝဆိုးကသူတို့လွတ်သွားတာပေါ့။

သန်း ဒီလောဘဟာ တော်တော်ကြောက်စရာကောင်းပါလားဆရာတော်၊ သားမယားအစွဲအလမ်းမရှိတဲ့ရဟန်းတစ်ပါးကိုတောင် ပြိတ္တာဘုံရောက်အောင်ဆွဲချနိုင်တယ်။ အစွဲအလမ်းများတဲ့ တပည့်တော်တို့လို လူပုဂ္ဂိုလ်တွေဆိုရင်တော့ ပြောစရာမရှိတော့ဘူးဘုရား။ ဒီလောဘဓာတ်ကြီးကုန်အောင် ဘယ်လိုလုပ်ရမလဲ ဘုရား။

နုပ် တို့တစ်တွေ အခုဆွေးနွေးဟောပြောနေတဲ့ ဝိပဿနာတရားဟာ ဒီလောဘဓါတ်နဲ့တကွ ကိလေသာတွေကိုအကုန်သတ်ပေးမှာပါ။ ဒါပေမယ့် အချိန်တော့ယူရမယ်။ လောဘရဲ့နယ်ပယ်ဟာ ကျယ်ဝန်းတယ်။ အနာဂါမ်ပုဂ္ဂိုလ်ထိ လောဘက လိုက်ဒုက္ခပေးတယ်။ အနာဂါမ်မှာကာမဂုဏ်ခံစားချင်တဲ့ လောဘဓါတ်တော့ကုန်သွားတယ်။

ဒါပေမယ့် ဗြဟ္မာဘုံမှာဖြစ်ချင်သေးတဲ့ လောဘ (ဘဝ ရာဂါနုသယ)တော့ ကျန်သေးတယ်။ အရဟတ္တမဂ်ရပြီး ရဟန္တာဖြစ်မှပဲလောဘဓာတ်ဟာ အကုန်ကုန်တယ်။ ဗုဒ္ဓဒေသနာတွေကို ကြည့်လိုက်ရင် လောဘဓါတ်ကြီးကုန်ဖို့အတွက် နည်းသုံးနည်းထွက်လာတယ်။

ပထမနည်းက ဒါနပြုပြီး လောဘကို ပယ်သတ်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဒါနပြုတာဟာ လောဘကိုပယ်သတ်ခြင်းပါ။ ဥပမာတစ်ခု ဆင်းရဲနွမ်းပါးတဲ့အိမ်ကို မင်း ဆန်တစ်အိတ် ပေးလိုက်တယ်ဆိုပါတော့။ အဲဒီလိုပေးနိုင်တာဟာ ဆန်အိတ်ပေါ်မှာ တွယ်တာတဲ့ လောဘစာတ် လိုချင်စွဲလမ်းမှုကို အလောဘစာတ် မလိုချင်မစွဲလမ်းမှုက သတ်လိုက်တာပဲ။

ဒါနပြုခြင်းရခြင်းရဲ့ ရည်ရွယ်ချက်ကို ဒီလိုနက်နဲစွာ သိမထားတော့ တချို့သူတွေဟာ ပစ္စည်းဝတ္ထု ငွေကြေးအပေါ်မှာ စွဲလမ်းတပ်မက်တဲ့လောဘကိုတော့ စွန့်နိုင်ပါရဲ့ ဒါပေမယ့် နာမည်ကြီးချင်၊ လူသိများချင်တဲ့ လောဘကိုတော့ ပြန်ပြီးလက်ခံနေမိတယ်။ ကမ္ဗ ည်းထိုးမှ လှူချင်တဲ့သူတွေ ပေါ်နေတာပေါ့။

**သန်း** ဒီအတွေးအခေါ်ဟာ ဒါနပြုတဲ့သူတိုင်း အရေးတကြီး သိသင့်ပါတယ်ဘုရား။ ဒီအကြောင်းကို ဆရာတော် ကျယ်ကျယ်ဝန်းဝန်းပြောပြစေချင်တယ်ဘုရား။

**နုပ်** ဒီမှာတော့ အကျဉ်းနဲ့ပဲ ကျေနပ်ပါ။ အကျယ်သိ ချင်ရင်တော့ "မြန်မာတို့၏အသက်" စာအုပ်မှာဒါနပြုရခြင်း အကြောင်းဆိုတဲ့ အခန်းမှာ သေသေချာချာဖတ်နိုင်ပါတယ်။ ဒါကြောင့် ပထမနည်းအရ လောဘခါတ်သေချင်ရင် အလောဘခါတ်ကို မိမိသန္တာန်မှာ များများဖြစ်အောင် ကြိုးစားပါ။ ဒါနပြုတာဟာ အလောဘခါတ်ပေါ်အောင် လုပ်တာပါပဲ။ ဒုတိယနည်းက စွမ်းနိုင်သမျှဓုတင် ဆောက်တည်ပါ။ ဓုတင်ဆိုတဲ့အမည်ကိုက



ကိလေသာကို ခါတွက်ခြင်းလို့ အဓိပ္ပါယ်ရတယ်။ အဓိက ကတော့ လောဘဆိုတဲ့ ကိလေသာကိုအများဆုံး ခါတွက်ပြီး ကုန်စေတာပါပဲ။ ဓုတင် (၁၃)ပါးလုံးဟာ လောဘကိလေသာကိုကုန်စေတာချည်းပါပဲ။ ဒါ့ကြောင့် လောဘကိလေသာ မြန်မြန်ကုန်ပြီး နိဗ္ဗာန်မြန်မြန်ရောက်ချင်သူများဟာ ရဟန်းဖြစ်စေ၊ လူဖြစ်စေ မိမိနိုင်သမျှ ဓုတင်ကို ဆောက်သင့်ပါတယ်။

**သန်း** ဓုတင်ဆောက်တည်တဲ့အတွက် လောဘ ကိလေသာ နည်းသွားပုံကို အသေးစိတ်သိချင်သေးတယ်ဘုရား။

**နုပ်** ဒါဆိုရင်လည်း ရှင်းပြရတာပေါ့။ ထမင်းတစ်ဝိုင်းဆိုရင် အနည်းဆုံး ဟင်းသုံးမျိုး၊ ထမင်းတစ်မျိုး စုစုပေါင်း ခွက်လေးခွက်ရှိမယ်။ ဒီတော့ စားတဲ့သူမှာ လောဘလေးမျိုးဖြစ်နေတာပေါ့၊ တခွက်တည်းသာစားတဲ့ ပတ္တပိဏ် ဓုတင်ကိုဆောင်လိုက်ပြီဆိုရင် ခွက်ကလည်းတစ်ခွက်တည်းမို့ လောဘဟာလည်း တစ်မျိုးပဲဖြစ်တော့တယ်။ ကျန်တဲ့ လောဘသုံးမျိုးလျော့သွားတာပေါ့။

လူတွေဟာ တစ်နေ့ကို ထမင်းသုံးထပ်လောက် စားကြတယ်။ သရေစာကတော့ ခဏတိုင်းစားတယ်၊ ဒီတော့ အစားလောဘဖြစ်တဲ့အကြိမ်တွေအများကြီးပေါ့။ ဒီအခါမှာ တစ်နေ့တစ်ကြိမ်စားတဲ့ ဧကာသနိက်ဓုတင်ကို ဆောင်လိုက်ပြီဆိုရင် တစ်ကြိမ်သာစားတဲ့အတွက် လောဘဟာ တစ်ကြိမ်သာဖြစ်တော့တယ်။

လေးငါးကြိမ်အပိုဖြစ်ရမယ့် လောဘတွေ လျော့

www.burmeseclassic.com

www.burmeseclassic.com



သွားတာပေါ့။ အဲဒါဟာ ဓုတင်က လောဘကို သတ်ပေးပုံပဲ။

သန်း ။ ဒါဆိုရင်တော့ တရားစခန်းဝင်တဲ့ တပည့်တော်တို့ ယောဂီတွေလည်း ဓုတင်ဆောင်သင့်တာပေါ့ဘုရား။ ဒီလိုဆောင်တဲ့အခါ ကိုယ်နိုင်သလောက် နှစ်ရက်သုံးရက် စသည် ဆောင်လို့ကောရသလားဘုရား။

နုပ် ။ ရပါတယ်။ နိုင်သလောက်ဆောင်နိုင်ပါတယ်။ လယ်တီဆရာတော်ဘုရားကြီးကဆိုရင် ဓုတင်ဆောင်ဖို့ အထူးတိုက်တွန်းရေးသားတော်မူတယ်။

မဂ်ဖိုလ်ကိုလိုလားသူမှန်သမျှ ဓုတင်ကို
မိမိတို့စွမ်းနိုင်သလောက် ဆောင်သင့်သည်။
ဓုတင် ဆောင်ဘူးသောသူများသာ မဂ်ဖိုလ်ကို
ရသည်။ ယခုဘဝမဂ်ဖိုလ် ရသွားသူများသည်
အတိတ်ဘဝက ဓုတင်ဆောင်ဘူးသောကြောင့်
သာဖြစ်၏။

လို့ ရေးသားထားတယ်။

သန်း ။ တတိယမြောက် လောဘသတ်နည်းကရော ဘုရား။

နုပ် ။ အဲဒါကတော့ အရဟတ္တမဂ်ရပြီး ရဟန္တာဖြစ်တဲ့အထိ ဝိပဿနာတရားကို နာကြားအားထုတ်ဖို့ပဲ။ အရဟတ္တမဂ်က လောဘနဲ့တကွ ကိလေသာမှန်သမျှကို အကုန်ပယ်သတ်ပစ်လိုက်တယ်။ ကဲ ဦးနန္ဒိယအကြောင်းကို ဆက်ရအောင် တစ်နေ့တော့ သတ္တိရှိတဲ့ ဒကာတစ်ယောက် အဲဒီရွာထဲကို အလည်ရောက်လာတယ်။



သူတည်းခိုပြီး ညအိပ်မယ့်အိမ်မှာ သူ့မိတ်ဆွေအမျိုးသားကမရှိဘဲ ဇနီးနဲ့ သမီးပျိုတွေပဲရှိတော့ သူ့အတွက် ညအိပ်ဖို့ မသင့်တော်ဘူးပေါ့။ ဒါနဲ့အိမ်နဲ့ခပ်လှမ်းလှမ်းမှာရှိတဲ့ ဘုန်းကြီးကျောင်းထဲမှာ အိပ်ရအောင် ထသွားတယ်။ အမျိုးသမီးက ဘုန်းကြီးသရဲရှိကြောင်း ပြောပေမယ့် သရဲဆိုတာ ကြောက်စရာမဟုတ်ပါဘူး။ သနားစရာပါလို့ပြောပြီး ကျောင်းထဲမှာသွားအိပ်တယ်။

ညကျတော့ ဘုန်းကြီးသရဲကလာတာပါပဲ။ သတ္တိရှိတဲ့ဒကာက ချက်ခြင်းထပြီး နပမ်းလုံးလိုက်တာ သရဲဟာအောက်က ရောက်သွားတာပေါ့။ သရဲခေါင်းပေါ်က ဦးထုပ်ကလေးကို ဒကာကရသွားရော သရဲဟာ လှုပ်လို့ကို မရတော့ဘူးတဲ့ ဒီတော့မှ ဘာဖြစ်လို့ ကိုယ်ထင်ပြရတာလဲလို့ မေးတဲ့အခါမှာ သရဲကြီးက

သူဟာ ပျံတော်မူသွားတဲ့ ကျောင်းထိုင်ဘုန်းကြီးဖြစ်ကြောင်း လှေခါးရင်း မြေကြီးထဲက ငွေအကြွေအိုးကြီးကို စွဲလမ်းသည့် လောဘနှင့်သေသောကြောင့် သရဲလာဖြစ်နေရကြောင်း။ အဲဒီအိုးကို ဖော်ယူပြီး တစ်ဝက်ကို သုံးစွဲပါ။ ကျန်တစ်ဝက်ကိုတော့ အလှူဒါနပြုပြီး သူ့ကို အမျှပေးဝေပါလို့ ပြောရှာသတဲ့။

ဒကာကလည်း ပြောတဲ့အတိုင်း လုပ်ပေးလို့ ဦးနန္ဒိယကြီး ပြိတ္တာဘဝကလွတ်သွားခဲ့ရတယ်။

သန်း ။ နောက်ထပ်ဘုန်းကြီးသရဲဇာတ်ကြောင်းတွေ ရှိသေးရင် ထပ်ပြောပါဦးဘုရား။

www.burmeseclassic.com

www.burmeseclassic.com



နုပ် မင်းက ကလေးတွေလို သရဲကားကြိုက်တယ် ထင်တယ်။
သန်း ဆရာတော်အကြောင်းအရာတစ်ခုပြောရင် အတွေးအခေါ် တစ်ခုရလိုက်ရတာ သိပ်တန်ဖိုးရှိတယ်ဘုရား။ ဦးနန္ဒိယ သရဲဖြစ်ရပုံနဲ့ ပတ်သက်ပြီး လောဘရဲ့ဆိုးကျိုးတွေ၊ လောဘသတ်နည်းတွေကို သိလိုက်ရတာ အလွန် အဖိုးတန်ပါတယ်ဘုရား။

နုပ် ဒါဆိုရင် နောက်နှစ်ခုလောက်ထပ်ပြောမယ်။ တို့မြို့မှာ တရားပြနေတဲ့တောထွက်ဘုန်းကြီးနှစ်ပါးရှိတယ်။ စာလည်းမတတ်ဘူး။ သမထနဲ့ ဝိပဿနာတောင် မခွဲတတ်တော့ သူတို့ ပြသရှုပွားနေတာတွေဟာ သမထအဆင့်ပဲရှိတယ်။ ဝိပဿနာတောင်မရောက်ဘူး။ တို့ကခန္ဓာကြည့်ဟောတာ၊ စာကြည့် ဟောတာမဟုတ်ဘူး။ တို့ရိပ်သာမှာ စာပေမလိုဘူးဆိုတဲ့စကားကို နှစ်ပါးလုံးအမြဲထည့်ပြောတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးတုန်းက ချစ်သားတို့ ငါဘုရားပရိနိဗ္ဗာန်စံသွားပြီဆိုပြီး အားမငယ်ကြနှင့်၊ ငါသည် သုတ်၊ ဝိနည်း၊ အဘိ ဓမ္မာတရားတော်တို့ကို စုံလင်စွာ ဟောကြားတော်မူခဲ့ပြီ။

ငါဘုရားပရိနိဗ္ဗာန်စံပြီးသည့်နောက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားများသည် သင်တို့၏ ဆရာဖြစ်ရစ်လိမ့်မည်။

လို့ မိန့်မှာတော်မူချက်အရ ပိဋကတ်စာပေတွေဟာ ဘုရား



ကိုယ်စားပဲ။ ဒီတော့ ပိဋကတ်စာပေကိုပယ်ရင် ဘုရားကိုပယ်တာပဲ။ ပိဋကတ်စာပေကို စော်ကားရင် ဘုရားကိုစော်ကားတာပဲ၊ ဒီအချက်ကို သူတို့နှစ်ပါး မသိကြဘူး။ ဟော အခု သူတို့နှစ်ပါးလုံး ပျံတော်မူတော့ ကျောင်းမှာပြန်ပြီး သရဲဖြစ်နေကြတယ်။

တောင်ဥက္ကလာပက ဒါယိကာမကြီး တစ်ဦးကလည်း သူ့ကိုယ်တွေ့ကို လာလျှောက်တယ်၊ သူ့ရိပ်သာတစ်ခုကို သွားဝင်တယ်တဲ့၊ ညကျတော့ မကောင်းဆိုးဝါးတွေ ရောက်လာပြီး သူ့ဆီကအမျှတောင်းလို့ အမျှဝေပေးလိုက်ရတယ်တဲ့။ ထူးခြားတာက အမျှတောင်းတဲ့ မကောင်းဆိုးဝါးတွေဟာ ဒီရိပ်သာထဲမှာ သေတဲ့အထိ အားထုတ်သွားတဲ့ ရဟန်းတွေ၊ သီလရှင်တွေ၊ ယောဂီတွေဖြစ်နေတာပဲ။

သူနဲ့လည်း လူ့ဘဝကတည်းကသိနေတဲ့ မိတ်ဆွေတွေပေါ့။ ဒုလ္လဘရဟန်း၊ ဒုလ္လဘသီလရှင်တွေပါပဲ။ ဒီရိပ်သာလည်း စာပေကိုပယ်တဲ့ရိပ်သာပဲ။ ဒီဒါယိကာမကြီး မေးတာက

"ဆရာတော်မင်္ဂလိရအောင် ဝိပဿနာကို အားထုတ်နေသူတွေဖြစ်ပါလျက် ဘာဖြစ်လို့ ပြိတ္တာဘုံရောက်နေကြရတာလဲတဲ့။

ဝိပဿနာတရားအားထုတ်တယ်ဆိုတာ ငါနိဗ္ဗာန်တယ်လို့ အယူမှားနေတဲ့သက္ကာယဒိဋ္ဌိစွဲလုံကြီးပြုတ်အောင် အားထုတ်တာ။ အခုတော့ ဒီဘုန်းကြီးတွေနဲ့ ဒီယောဂီတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ငါစွဲသက္ကာယဒိဋ္ဌိလုံးကြီးမပြုတ်တဲ့အပြင် ဆရာစွဲဒိဋ္ဌိလုံးကြီးတစ်ချောင်းပါ ထပ်အစိုက်ခံရတော့ တရားမရဘဲ အပါယ်ကျကြရတော့တာပေါ့။

သန်း ။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဆိုတာမျိုး ဖြစ်နေပါလား ဆရာတော်။

နုပ် ။ အေး ဒါသိပ်အရေးကြီးတယ်။ တို့ဓမ္မဓိဋ္ဌာန်ပြောနေတာ ပုဂ္ဂလဓိဋ္ဌာန်ပြောတာမဟုတ်ဘူး။ ဗုဒ္ဓက အစွဲဆိုရင် ငါစွဲ ဆရာစွဲမပြောနဲ့။ တရားစွဲတောင်ကြိုက်တာမဟုတ်ဘူး။ တရားကိုတောင် ငါ့တရားဆိုပြီး မစွဲဖို့ဖောင်ကိုဥပမာပြပြီး ဟောဖူးတယ်။ လူတစ်ယောက်ဟာ တစ်ဖက်ကမ်းကို ကိုယ်ပိုင်ဖောင်လေးတစ်ခုလုပ်ပြီး ကူးသွားတယ်။

ဟိုဖက်ကမ်းရောက်တော့ ဒီဖောင်ဟာ ငါ့ကို ဒီဘက်ကမ်း ရောက်အောင်ပို့ခဲ့တဲ့ကျေးဇူးရှင်ဆိုပြီး ရေထဲ ပစ်မထားခဲ့ဘဲနဲ့ သွားလေရာခေါင်းပေါ်တင်ယူသွားရင် လူမိုက်တဲ့၊ ဒီအတူ မဂ်ဖိုလ်နိဗ္ဗာန်ပို့ပေးတဲ့ တရားကိုလည်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ပို့ပြီးရင် သူ့ကိစ္စပြီးသွားပြီထားခဲ့တော့ ဒီလိုမဟုတ်ဘဲ ငါ့တရားဆိုပြီး စွဲနေရင် လူမိုက်ပဲတဲ့။

ကဲ သမထကြောင့် ဝိနီပါတဘေးက မလွတ်ပုံကို နောက်အပါတ်မှဆက်ကြရအောင်။



## ပရိယတ္တိစာပေကိုပယ်လျှင်

လူအများအထူးသတိပြုသင့်သော အချက်မှာ ပရိယတ္တိနှင့်ကင်းသော ပဋိပတ္တိသည် တက်မမရှိသော လှေသင်္ဘောနှင့်တူသည်ဖြစ်၍ သောင်တိုက်လိုက်၊ ကမ်းတိုက်လိုက်၊ တောင်ရမ်း၊ မြောက်ရမ်းနှင့် လမ်းကြောင်းလွဲမှားကာ မြတ်စွာဘုရားကိုလည်း စွပ်စွဲရာကျရောက်တတ်ပေသည်။

ငါဘုရား ပရိနိဗ္ဗာန်စံလျှင် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပရိယတ္တိသည် ငါဘုရား၏ ကိုယ်စားတည်ရစ်ပေလိမ့်မည်ဟု ဗျာဒိတ်တော်ထားခဲ့သည်ဖြစ်သောကြောင့် ပရိယတ္တိသည် မြတ်စွာဘုရား၏ ကိုယ်စားတော်ဖြစ်သော ဓမ္မစေတီတော်မြတ်ကြီးဖြစ်ပေသည်။ ထို့ကြောင့် ပရိယတ္တိကို ပယ်လျှင် မြတ်စွာဘုရားကို ပယ်သည်မည်တော့သည်ကို သတိပြုကာ ဆင်ခြင်သင့်လှပေသည်။ (အဘိဓမ္မာရဒ္ဓဂုရု စစ်ကိုင်း၊ ရွှေဟင်္သာတောရ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## မင်္ဂလေးပါးတရားသတ်ပုံ

သန်း — အရင်အပါတ်ကဆွေးနွေးခဲ့တာနဲ့ ပတ်သက်ပြီး အကျယ်သိချင်တာ နှစ်ခုပေါ်လာလို့ မေးပါရစေဘုရား။

နုပ် — မေးပါ။

သန်း — ပထမတစ်ခုက ယောဂီတွေဟာ ဆရာစွဲဖြစ်ရုံနဲ့ ဘာဖြစ်လို့ အပါယ်ထိကျရတာလဲ ဘုရား။

နုပ် — အမှန်ကတော့ ဆရာကိုစွဲရုံ၊ လေးစားရုံဆို ဒီလောက် အပြစ်မကြီးသေးဘူးကွ။ အပြစ်ကြီးသွားတာက တခြားဆရာ၊ တခြားတရားတော်ကိုပါ ပုတ်ခတ်မိလို့ပဲ။ ဒီအချက်က သိမ်မွေ့တယ် နည်းနည်းရှင်းပြမှရမယ်။

သန်း — တပည့်တော်သဘောပေါက်တဲ့အထိတော့ အချိန်ယူပြီး ရှင်းပြပါဘုရား။

နုပ် — သက္ကပဥှသုတ်မှာ သိကြားမင်းက ဗုဒ္ဓကိုမေးဖူးတယ်။ မြတ်စွာဘုရား သတ္တဝါတွေဟာ စိတ်ချမ်းသာ၊ ကိုယ်



ချမ်းသာနေချင်ကြပါလျက် မနေကြရတာဟာ ဘာ့ကြောင့်ပါလဲဘုရားတဲ့။ ဒီတော့ ဘုရားက မနာလိုခြင်း၊ ဣဿာနဲ့ ဝန်တိုခြင်းမစ္ဆရိယ ရှိနေကြလို့ပဲတဲ့။ ဒီဣဿာနဲ့ မစ္ဆရိယကကော ဘာ့ကြောင့်ရှိနေတာလဲဘုရားလို့ ဆက်မေးပြန်တယ်။

ဒီတော့ ဗုဒ္ဓကဆက်ဖြေတယ်။ ချစ်ခြင်း၊ မုန်းခြင်းရှိကြလို့ပဲတဲ့။ ဣဿာနဲ့ မစ္ဆရိယဟာ ချစ်ခြင်း မုန်းခြင်းကြောင့် ဖြစ်တယ်ဆိုတဲ့အချက်ကို ထောက်လိုက်ရင် ကိုယ့်ထက်သာမှသာ မနာလိုတာ မဟုတ်ဘူး။ ကိုယ်ချစ်တဲ့သူထက်သာရင်လည် မနာလိုဖြစ်မှာပဲ ဆိုတဲ့ အဓိပ္ပါယ်ဟာ ပေါ်လာတယ်။ အဲဒီတော့ ဆရာစွဲကြီးတဲ့ သူများဟာ ငါတို့ဆရာကသာ ရဟန္တာ။ ဒါ့ကြောင့် ငါတို့ ဆရာရဲ့တရားကသာ မှန်တယ်လို့ စွဲယူလိုက်တယ်။

ဒီလိုစွဲယူပြီး ရပ်နေတာမဟုတ်ဘူး။ နောက်တစ်ဆင့်တက်တယ်။ တခြားဆရာတွေဟာ ရဟန္တာမဖြစ်နိုင်ဘူး။ သူတို့ပြတဲ့တရားဟာလည်း မမှန်ဘူးဆိုတဲ့ အဆင့်ထိ ရောက်လာတော့ အပြစ်ကြီးသွားတယ်။ အကယ်၍ ဟိုဘက်ဆရာက ရဟန္တာဖြစ်နေရင် ရဟန္တာ မဟုတ်ဘူးလို့ ပြောတဲ့အတွက် အရိယူပဝါဒ ကံထိုက်တယ်။ အရိယာကို စော်ကားမိတဲ့ကံပေါ့။ ဘယ်ဆရာပြပြ ဘုရားဟောတဲ့ တရားချည်းပဲ။ ဒါကို မမှန်ဘူးလို့ သွားပြောတော့ တရားကို စော်ကားရာရောက်ပြန်တာ ပေါ့။ ဒါကြောင့် အပြစ်ကြီးတာ။

www.burmeseclassic.com

www.burmeseclassic.com



တို့ဆရာတစ်ဦးဖြစ်တဲ့ ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေဆိုအမြဲတမ်းပြောတယ်။

"တို့ပြောနေတဲ့တရားကို သေချာ နားမကြည့်ဘဲ အဝေးကနေ လေသံကြားနဲ့ ဝေဖန်ပုတ်ခတ်နေတဲ့သူတွေကို တို့ကတစ်ခွန်းပဲပြောချင်တယ်။

တို့ဟာ ကိုယ့်အတ္တနောမတိနဲ့ ထင်ရာတစ်လုံးမှမပြောဘူး။ ဗုဒ္ဓဒေသနာအတိုင်း အတိအကျပြောနေတာ။ အဲဒါတို့ပြောတဲ့ တရားပုတ်ခတ်ရင် တို့ကိုပုတ်ခတ်ရာမရောက်ဘူး။ ဘုရားကိုပဲပုတ်ခတ်ရာရောက်တယ်" တဲ့။

သန်း ဒီအချက်တွေဟာ ဝိပဿနာလိုက်စားနေကြတဲ့ ယောဂီတိုင်း အရေးကြီးသတိထားသင့်ပါတယ်ဘုရား။ နောက်တစ်ချက်သိချင်တာက တဏှာဟာ နယ်ကျယ်တယ်လို့ အရင်တစ်ပါတ်က ဆရာတော်ပြောသွားတယ်။ ဒီနယ်ကျယ်တဲ့တဏှာကို မင်္ဂလေးပါးက အဆင့်ဆင့်သတ်သွားပုံကို အကျယ်သိချင်ပါတယ်ဘုရား။

နုပ် အေးတဏှာဟာ နယ်လည်းကျယ်တယ်။ ဆိုးကျိုးလည်းများတယ်။ တစ်စုံတစ်ခုကို စွဲလမ်းတဲ့တဏှာနဲ့သေရင် ပြိတ္တာဘုံရောက်တယ်။ ဝိသမလောဘစိတ်တွေ အားကြီးလာရင် ကမ္ဘာလောကကြီးဟာ အင်္ဂတေ်ဘေးဆိုက်တယ်။ ဒီထက် အားဆက်ကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ မီးလောင်ပြီးပျက်စီးရတယ်။



ဒီလောဘဒေါသဆိုတဲ့ ကိလေသာတွေဟာ ဘယ်ဘာသာဝင်ရဲ့ သန္တာန်မှာဖြစ်ဖြစ် ပူလောင်မှာပဲ၊ ဆင်းရဲမှာပဲ၊ မကောင်းကျိုးပေးမှာပဲ၊ ဒီလောဘ၊ ဒေါသတွေကုန်ခန်းသွားတယ်ဆိုရင် ဘယ်သူမဆို အေးချမ်းမှာပဲ၊ ချမ်းသာမှာပဲ၊ ကောင်းကျိုးပေးမှာပဲ။ ဒါ့ကြောင့် ဝိပဿနာတရားဆိုတာ ဗုဒ္ဓဘာသာတွေနဲ့ သာဆိုင်တဲ့တရားမဟုတ်ပါဘူး။ လူသားတိုင်းနဲ့ ဆိုင်တာပါ။

"ဥပမာရောဂါတစ်ခုဖြစ်ပြီဆိုရင် ဘယ်နိုင်ငံကထုတ်တဲ့ ဆေးဖြစ်ဖြစ်သောက်ရမှာပဲ။ ကိုယ့်နိုင်ငံကထုတ်တဲ့ ဆေးမဟုတ်လို့ မသောက်ဘူးဆိုရင် ရောဂါမပျောက်ရုံဘဲရှိမယ်။ အခုလဲ ဒီအတိုင်းပဲ။ လောဘ၊ ဒေါသစတဲ့ ကိလေသာရောဂါကို တကယ်ပျောက်ကင်းစေနိုင်စွမ်းရှိတာဟာ ဝိပဿနာ ပညာတရားပါပဲ။

ဒါကို တို့ဘာသာကတရားမဟုတ်ဘူး။ ဗုဒ္ဓဘာသာ တရားကြီးပဲ မကျင့်သုံးပါဘူးဆိုရင် ကိုယ်ပဲကိလေသာရောဂါမပျောက် ရုံပဲရှိမှာပါ။ ကဲ မင်္ဂလေးပါးက တဏှာကိုအဆင့်ဆင့်သတ်သွားပုံ ပြောကြရအောင်။ အထက်ပိုင်းကနေ တန်းပြောလို့သိမှာမဟုတ်ဘူး။ ဒါ့ကြောင့် အောက်အခြေခံကနေ စပြောရအောင်။

သန်း အဲဒါဆို ပိုရှင်းတာပေါ့ဘုရား။

နုပ် ကိလေသာရဲ့ အဓိပ္ပါယ်က စိတ်ကိုပူလောင်ကြောင်း နှိပ်စက်ကြောင်းလို့ အဓိပ္ပါယ်ရတယ်။ အဲဒီကိလေသာက

www.burmeseclassic.com

www.burmeseclassic.com



လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပလို့ ဆယ်ပါးရှိတယ်။ ဒီကိလေသာဟာ ကိုယ်နှုတ်နဲ့လွန်ကျူးခြင်းဆိုတဲ့ ဝီတိက္ကမအဆင့်။

စိတ်ထဲမှာ ထကြွသောင်းကျန်းလာခြင်းဆိုတဲ့ ပရိယုဋ္ဌာနအဆင့်၊ အကြောင်းတိုက်ဆိုင်မှ ပေါ်လာပြီး မတိုက်ဆိုင်ရင် ပေါ်မလာဘဲ စိတ်သန္တာန်မှာ အစဉ်ကိန်းနေတဲ့အနုသယအဆင့်လို့ သုံးဆင့်ရှိတယ်။ ဒီသုံးဆင့်မှာ ဝီတိက္ကမကိလေသာကအကြမ်းစား၊ သူ့ကို သီလနဲ့ သတ်လို့ရတယ်၊ စိတ်ထဲမှာ ထကြွသောင်းကျမ်းလာတဲ့ ပရိယုဋ္ဌာနကိလေသာကတော့ အလတ်စားအဆင့်ပေါ့။ သူ့ကိုသမာဓိလို့ခေါ်တဲ့ သမထနဲ့ သတ်လို့ရတယ်။

စိတ်အစဉ်မှာ ကိန်းအောင်းနေတဲ့ အနုသယကိလေသာ အဆင့်ကျတော့ ဝိပဿနာပညာ၊ မဂ်ပညာနဲ့မှ သတ်လို့ရတယ်။ ဘယ်လောက်သီလစောင့်စောင့်၊ ဘယ်လောက်သမထပွားပွား၊ အနုသယကိလေသာက အရေးမစိုက်ဘူး။ ဒါကြောင့် တချို့ တရားအားထုတ်တာ နှစ်ပေါင်းသုံးဆယ်လေးဆယ်ရှိနေပြီ။ ဘယ်ကိလေသာမှ မကုန်ဘူး။

ဒီလောက်တရားအားထုတ်နေတာ တခြားကိလေသာတွေ မကုန်ရင်နေ၊ ငါရှိတယ်ဆိုတဲ့အစွဲ ဒိဋ္ဌိကိလေသာလေးကတော့ ကုန်ကိုကုန်သင့်တယ်။ ဒီလောက်နှစ်ပေါင်းများစွာ အားထုတ်ပြီး ငါစွဲလေးတောင်



မပြုတ်ကြတာဟာ တခြားကြောင့်မဟုတ်ဘူး။ သူတို့အားထုတ်နေတာဟာ ဝိပဿနာမဟုတ်ဘဲ သမထဖြစ်နေလို့ အာနာပါနကိုပဲ သမထမအနေနဲ့ရှုပုံ၊ ရှေ့အပါတ်တွေမှာ ပြောခဲ့ပြီ။

အနုသယကိလေသာရဲ့သဘောကို မင်းတို့နားလည်အောင် ဥပမာပေးရရင် သစ်သား မီးခြစ်ဗူးဘေးမှာကပ်ထားတဲ့ ယမ်းမှုန့်ပါတဲ့ စက္ကူရယ်၊ ယမ်းဘုသီးလေးပါတဲ့ မီးခြစ်ဆံရယ်ကို မျက်စေ့ထဲမှာ မြင်ထားလိုက်။ ကဲ မင်းဖြေကြည့်စမ်း။ ယမ်းမှုန့်ကပ်ထားတဲ့ စက္ကူမှာ မီးပါသလား။

သန်း မပါပါဘူးဘုရား။

နုပ် တစ်ခါ မီးခြစ်ဆံက ယမ်းဖုလေးမှာရော မီးတောက်ပါသလား။

သန်း မပါပါဘူးဘုရား။

နုပ် အေး သူတို့နှစ်ခုမှာ မီးတောက်မပါတာမှန်တယ်။ ဒါပေမယ့် နှစ်ခုပွတ်တိုက်မိရင် မီးထတောက်နိုင်တဲ့ သတ္တိတော့ ပါနေတယ်မဟုတ်လား။

သန်း ပါနေပါတယ်ဘုရား။

နုပ် ဒါကြောင့်လည်း မီးခြစ်ဆံကို ယမ်းစက္ကူမှာ ခြစ်လိုက်တာနဲ့ မီးထတောက်တာပေါ့။ အနုသယကိလေသာဟာ ဒီသဘော၊ အကြောင်းတိုက်ဆိုင်မှပေါ်မယ်။ အကြောင်းမတိုက်ဆိုင်ရင် မပေါ်ဘူး။ သီဟိုဠ်ကျွန်းမှာ ပြောခဲ့သလို ကျော်ကြားတဲ့ မထေရ်ကြီးတစ်ပါးရှိတယ်၊ ပိဋကတ်သုံးပုံ

www.burmeseclassic.com

www.burmeseclassic.com



လည်းတတ်၊ တရားလည်းကျင့်ပေ့ါ။

ဒါပေမယ့် သူကျင့်နေတာက ဝိပဿနာ မဟုတ်ဘူး။ သမထဖြစ်နေတယ်။ ဒါကြောင့် ဈာန်အဘိညာဉ်ပဲရတယ်။ မြေလျှိုး၊ မိုးပျံ့ လိုရာဖန်ဆင်းအကုန်ရတယ်။ ဒါပေမယ့် ဘာမဂ် ဘာဖိုလ်မှမရဘူး။ ဒါကို သူကိုယ်တိုင်လည်း မသိဘူး။ သူ့ဒကာ၊ ဒကာမတွေလည်း မသိဘူး။

ရဟန္တာကြီးလို့ပဲ ထင်နေကြတယ်။ ဈာန်အဘိညာဉ်ဆိုတဲ့ သမာဓိက စိတ်ထဲမှာထကြွလာမယ့် ပရိယုဋ္ဌာနကိလေသာကို သတ်ထားတော့ ကိုယ်ရောနှုတ်မှာပါကိလေသာတွေက ပေါ်မလာတော့ဘူး။ အဲသလိုပေါ်မလာတာ နှစ်ပေါင်းက ၆၀ လောက်ရှိနေပြီ။ ဒါကြောင့်လည်း သူ့ကိုယ်သူရဟန္တာလို့ထင်တာပါ။

ဝါတော် (၆၀) ဆိုတော့ သက်တော်က (၈၀)ရှိနေပြီ။ ဒီအချိန်မှာ သူ့ဆီက တရားနည်းနာခံဘူးတဲ့ တပည့်တစ်ပါးက ရဟန္တာဖြစ်နေပြီ။

ဈာန်အဘိညာဉ်လည်းရတယ်။ ဆရာရဲ့စိတ်ကို သူ့ရဲ့စိတ်နဲ့ ပိုင်းခြားကြည့်လိုက်မှ ဆရာဟာ သက်တော် (၈၀)တောင် ရှိနေပြီ။ အခုအချိန်ထိ ပုထုဇဉ်ဆိုတာ သိသွားတယ်။ ငါသာ အသိမပေးရင် ငါ့ဆရာဟာ ပုထုဇဉ်အဖြစ်နဲ့ သေရတော့မယ်ဆိုပြီး သတိပေးရအောင် ရောက်လာတယ်။ တပည့်က ဆရာကိုပြန်ပြီး တရားပြရမှာဆိုတော့ ခက်သားပဲ။

တိုက်ရိုက်မလျှောက်ရဲဘူး။ ပရိယာယ်နဲ့ပဲ



လျှောက်ရတယ်။ ဒီတပည့်ရဲ့ဘွဲ့အမည်က ဓမ္မဒိန္နာမထေရ်လို့ ခေါ်တယ်။ ဆရာအရှင် အဘိညာဉ် အသုံးပြုသေးတယ်ဆိုရင် လန်းဆန်းစွင့်ကားနေတဲ့ ကြာပန်းကြီးတစ်ပွင့်ပေါ်မှာ အင်မတန်ချောမောလှပတဲ့ (၁၆)နှစ်အရွယ်မိန်းကလေးတစ်ယောက်ကပြနေဟန်ကို ဖန်ဆင်းပြီး ဆရာကိုယ်တိုင် စိုက်ပြီးကြည့်ပါလို့ လျှောက်ထားတော့။

ပြောတဲ့အတိုင်းလုပ်ကြည့်တော့ အကြောင်းတိုက်ဆိုင်လာပြီလေ။ နှစ်ပေါင်း (၆၀)တိုင်တိုင် ဈာန်တန်ခိုးနဲ့ ငုတ်ကွယ်နေတဲ့ နှစ်သက်စွဲလမ်းတဲ့ တဏှာခါတ်တွေဟာ ဘွားဘွားပေါ်လာတယ်။ ဒီကျမှ သူ့ကိုယ်သူ ပုထုဇဉ်မှန်းသိသွားတယ်။ သိသိခြင်းပဲ တပည့်ထံ ကမ္မဋ္ဌာန်းပြန်တောင်းပြီးကျင့်တာ ခဏနဲ့ ရဟန္တာဖြစ်သွားတယ်။

## သုဝစမှုတရားရ

ငါက ဆရာပဲ၊ သူကတပည့်ပဲ၊ သူ့အဆုံးအမကို ယူစရာမလိုဘူးဆိုတဲ့ အယူအဆမရှိဘဲ ကိုယ့်အမှားကို ပြင်ပြီး နည်းမှန်လမ်းမှန်ကို ချက်ခြင်း ပြင်ပြီးကျင့်ကြံနိုင်တဲ့ ပုဂ္ဂိုလ်မျိုးကို ဗုဒ္ဓက သုဝစ= ဆိုဆုံးမလွယ်သူလို့ နာမည်တပ်တယ်။ ဒီလိုလူမျိုးမှ မဂ်ဖိုလ်ရနိုင်တယ်။ ကိုယ့်အမှားကို သဘာဝနဲ့၊ သာဓကနဲ့ ဘယ်လိုပင် ထောက်ပြဆုံးမပေမယ့် လက်မခံဘဲ ဆရာစွဲ၊ ငါစွဲကြီးတဲ့သူတွေကိုတော့ ဒုဗ္ဗစ= အပြောခက်အဆိုခက်ရှိသူ

www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်တယ်။

ဒုဗ္ဗစ ပုဂ္ဂိုလ်ဟာ မင်္ဂလဗ်ရဖို့မလွယ်ပါဘူး။ ပြောပြခဲ့ပြီးတဲ့ ကိလေသာဆယ်ပါးထဲမှာ အနုသယအမည်ရတာ (၇)ပါး ရှိတယ်။ သူတို့က

ကာမရာဂါနုသယ= အာရုံငါးပါးကို တပ်မက်သောလောဘ

ဘဝရာဂါနုသယ = ဗြဟ္မာဘဝကို တပ်မက်သောလောဘ

ပဋိဃါနုသယ = ပြစ်မှားဖျက်ဆီးသော ဒေါသ

မာနာနုသယ = ထောင်လွှားတက်ကြွသော မာန

ဒိဋ္ဌာနုသယ = ငါရှိသည်ဟု အယူမှားခြင်း ဒိဋ္ဌိ

ဝိစိကိစ္ဆာနုသယ = ငါသည် အရင်တုန်းက ဖြစ်ခဲ့သလား၊ အခုဖြစ်ဆဲလား၊ နောင်ဖြစ်ဦးမှာလားဟု ယုံမှားခြင်း ဝိစိကိစ္ဆာ

အဝိဇ္ဇာနုသယ = အသိမှားခြင်း–မောဟတို့ပဲ။

အဲဒီ(၇)ပါးမှာ သောတာပတ္တိမဂ်က ဒိဋ္ဌာနုသယနဲ့ ဝိစိကိစ္ဆာနုသယကို ပယ်သတ်တယ်။ သကဒါဂါမိမဂ်က ကာမရာဂါနုသယနဲ့ ပဋိဃာနုသယ အကြမ်းစားတွေကို ပယ်သတ်တယ်။ အနာဂါမိမဂ်က အဲဒီနှစ်ပါးကို အမြစ်ပြတ်ပယ်သတ်တယ်။ အရဟတ္တမဂ်က ကျန်တဲ့ အနုသယ အကုန်ပယ်သတ်ပစ်လိုက်တယ်။

သန်း   တဏှာလောဘနယ်ကျယ်သလို မာနကလည်း နယ်ကျယ်တာပါပဲလားဆရာတော်။ မာနဟာ ရဟန္တာဖြစ်မှကုန်တယ်ဆိုတော့ သူလည်း အတော်ကြောက်စရာကောင်းတာပါပဲလား ဆရာတော်။

နုပ်   အေးဟုတ်တယ်။ မာနဟာသိမ်မွေ့တယ်။ ဘယ်လောက်သိမ်မွေ့သလဲဆိုရင် ကိုယ့်ကိုယ်ကို မာနဖြစ်နေလို့ ဖြစ်နေမှန်းတောင် မသိလိုက်ရဘူး။ ဒါပေမယ့် ကိုယ်ကသာ မသိတာ။ ဘေးကလူကသိတယ်။ ဥပမာတစ်ခု ဘာသာရေးအဖွဲ့ အစည်းတစ်ခုခုမှာဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း တစ်ခုခုမှာဖြစ်စေ၊ အရေးအပါဆုံး၊ အလုပ်လုပ်ဆုံးလူတွေဟာ မသိမသာ မာနဝင်လာတတ်တယ်။

ဒီအဖွဲ့အစည်း တိုးတက်နေတာ ငါ့ကြောင့်၊ ငါအလုပ်လုပ်လို့၊ ငါသာမရှိရင် မလွယ်ဘူးဆိုတဲ့ အတွေးမျိုးတွေဟာ မာနရဲ့ လက်ပါး စေတမန်တွေပါပဲ။ အဲဒီစိတ်မျိုးဝင်လာပြီဆိုရင် ဘာသာရေးအဖွဲ့အစည်းကဆိုရင်လည်း ကျောင်းထိုင်ဆရာတော်ကိုတောင် ထည့်မတွက်တော့ဘူး။ ဒကာက ဆရာတက်လုပ်နေတတ်တယ်။

လူမှုရေးအဖွဲ့အစည်းဆိုရင်လည်း အဖွဲ့ဝင်တွေကိုရော ရပ်ကွက်ကိုရော ဂရုကိုမစိုက်တော့ဘူး။ အဲဒါ မာနရဲ့ လက္ခဏာတွေပဲ။ စေတနာ မေတ္တာကို အရင်းတည်ရတဲ့ စာရေးရာမှာတောင် မာနကမသိမသာ ဝင်လာတတ်တယ်။

သန်း   ဘယ်လိုဝင်လာသလဲ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



နှပ် ဒီအချက်လေးသိလိုက်ရရင် သိပ်အကျိုးများမှာပဲ။ ငါသိသလို သူတစ်ပါး သိပါစေဆိုတဲ့စိတ်နဲ့ ရေးတာက ထုံးစံအတိုင်း မေတ္တာကို အရင်းတည်တာပေါ့။ အဲသလို မဟုတ်ဘဲနဲ့ ဒီနေရာကတော့ ဘယ်သူမှ သတိမထားမိသေးဘူး။ ဒီတော့ ငါသိတာငါတတ်တာ ပြလိုက်ဦးမှာပဲဆိုတဲ့စိတ်ကတော့ မာနစိတ်နဲ့ပဲ။

"မာနရဲ့သဘောဟာ ထောင်လွှားတတ်ကြတာပါ။ ဒါပေမယ့် သူ့ကို လက်ခံမိတဲ့သူကတော့ ဖြစ်ရာဘဝမှာ အောက်တန်းကျတဲ့ အယုတ်ညံ့ဆုံးဘဝမှာ ဖြစ်ရပါတယ်။

ဗုဒ္ဓလက်ထက်က သုပ္ပိယအမည်ရှိတဲ့ မထေရ်တစ်ပါးဟာ နောက်ဆုံးရဟန္တာဖြစ်ရမယ့် ပစ္ဆိမဘဝမှာတောင် သုဘရာဇာဒွန်းစဏ္ဍားမျိုးမှာသွားပြီး လူဖြစ်ခဲ့ရပါတယ်။ ငါရှိ၊ ငါသိ၊ ငါတတ်ဆိုတဲ့ မာနတရားက ပို့ပေးလိုက်တာပါ။ အရှင်အနုရုဒ္ဓါရဲ့ နှမရောဟိနီဟာ တစ်ခုသောဘဝက ဗာရာဏသီဘုရင်ရဲ့ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ပါတယ်။

ငါမိဖုရားဆိုတဲ့မာနကြောင့် ဘုရင်ကြီးကို မကြာခဏ ကပြဖျော်ဖြေရတဲ့ ကချေသည်မလေးကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ခဲ့တယ်။ ကချေသည်မလေးရဲ့ အိပ်ယာပေါ်မှာ ခွေးလေးယားသီးမှုန့်တွေ ကြဲဖြန့်နိုင်းခဲ့တယ်။ ကချေသည်မလေးဟာ တစ်ကိုယ်လုံးယားယံပြီး ကုတ်ဖဲ့ရတဲ့အတွက် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာပေါ့။



ဒီမာနကိုအကြောင်းပြုပြီး လုပ်ခဲ့တဲ့အကုသိုလ်ကြောင့် ရောဟိနီဘဝမှာကျတော့ ကုဋ္ဌနူနာသည် ဖြစ်ခဲ့ရပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်မှာ သုဘလုလင်က မြတ်စွာဘုရားလူချင်းတူပါလျက် တချို့ အမျိုးမြတ်ပြီး တချို့ အမျိုးယုတ်တာ ဘာ့ကြောင့်ပါလဲဘုရားလို့ မေးလျှောက်ခဲ့တယ်။

ဗုဒ္ဓက မာနကြီးခဲ့သူအမျိုးယုတ်၍ မာနကင်းပြီး ဂါရဝ နိဝါတရှိသူ အမျိုးမြတ်တယ်လို့ ဖြေကြားခဲ့ပါတယ်။ ကဲ ဒီလောက်ဆိုရင် မာနအကြောင်းတော်ရောပေါ့။

မဂ်လေးပါး တဏှာသတ်ပုံအကျယ်ကို ပြောရအောင်။

ပုထုဇဉ်တွေဟာ လူ့ဘုံနတ်ဘုံလို့ခေါ်တဲ့ ကာမဘုံထဲမှာ ဘဝပေါင်းသင်္ချေအနန္တ ပျော်ပါးပြီး နေချင်တဲ့တဏှာ ရှိတယ်။ အဲဒီလို ကာမသုဂတိဘုံထဲမှာ ဘဝပေါင်း မရေနိုင်မတွက်နိုင်အောင် နေချင်တဲ့ဘဝတဏှာကို သောတာပတ္တိမဂ်က သတ်ပစ်လိုက်တယ်။ ဒါ့ကြောင့် သောတာပန်တည်ပြီးရင် ကာမဘုံမှာ အများဆုံး (၇)ဘဝပဲနေရတော့တာ။

သကဒါဂါမိမဂ်ကတော့ ကာမဘုံမှာ နှစ်ဘဝကနေ ခြောက်ဘဝအထိ နေချင်တဲ့တဏှာကိုပါ ဖြတ်ပစ်လိုက်တယ်။ ဒါ့ကြောင့် သကဒါဂါမ်ဖြစ်သွားရင် ကာမဘုံမှာတစ်ကြိမ်ပဲ လာဖြစ်တော့တယ်။ သကဒါဂါမ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်ကိုက ကာမဘုံသို့ တစ်ကြိမ်သာလာသောသူတဲ့။

အနာဂါမိမဂ်ကတော့ ကာမဘုံကိုတစ်ကြိမ်ပြန်လာချင်သေးတဲ့ တဏှာကိုပါ ဖြတ်ပစ်လိုက်တယ်။ ဒါ့ကြောင့် အနာဂါမိမဂ်ကို ရပြီးရင် ကာမဂုဏ်မှန်သမျှကိုလည်း လုံးဝမခံစားတော့ဘူး။ ကာမဘုံကိုလည်း လုံးဝပြန်မလာတော့ဘူး။ အနာဂါမ်ရဲ့အဓိပ္ပါယ်ကိုက ကာမဘုံသို့ လုံးဝပြန်မလာသောသူတဲ့။ ဒါပေမယ့် အနာဂါမ်မှာ ဗြဟ္မာဘုံမှာ ဖြစ်ချင်သေးတဲ့တဏှာ ကျန်နေသေးတယ်။

အဲဒီတဏှာကိုတော့ အရဟတ္တမဂ်က ပယ်သက်ပစ်လိုက်တယ်။ ဒါ့ကြောင့် ရဟန္တာများဟာ (၃၁)ဘုံက လွတ်ရာနိဗ္ဗာန်ကို ရောက်ကြတာပေါ့။

သန်း ရှင်းသွားပြီဘုရား။ သမထကြောင့် ဝိနိပါတဘေးက မလွတ်နိုင်ပုံအကြောင်းကကို သိပါရစေဘုရား။

နုပ် အေး ဒီအကြောင်းကတော့ ဓမ္မပဒအဋ္ဌကထာကလာတဲ့ သူကရပေါတိကာအမည်ရှိတဲ့ ဝက်မလေးအကြောင်း ပြောကြရအောင်။ တစ်နေ့ ဘုရားအမှူးရှိတဲ့သံဃာများ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်တဲ့အခါ မြို့အဝင်ဝနားမှာ လူတွေယိုချထားတဲ့ မစင်ကျင်ကြီးတွေကို ထိုးဆွစားသောက်နေတဲ့ ဝက်မလေးတစ်ကောင်ကိုမြင်တော့ ဘုရားရှင်က ပြုံးတယ်။

အရှင်အာနန္ဒာက ပြုံးရခြင်းအကြောင်းကို မေး



တော့ အာနန္ဒာ အဲဒီဝက်မလေးဟာ ကဿပဘုရားလက်ထက်အခါတုန်းက ကျောင်းထဲက ဆွမ်းစားဇရပ်အနီးမှာ ကြက်မတစ်ကောင်ဖြစ်ခဲ့တယ်။ နားမလည်သော်လည်း ရဟန်းတော်များရွတ်ဆိုတဲ့ ရုပ်သံ နာမ်သံ ပရမတ်သံ ဓါတ်သံများကို နားထောင်တဲ့အတွက် ဓမ္မသဝနကုသိုလ် ဖြစ်သွားသတဲ့။

တစ်နေ့တော့ သိန်းစွန်တစ်ကောင် သုတ်ချီစားသောက်တာခံရလို့ သေသွားတယ်။ ကြက်မဘဝက သေပြီးတော့ ဥဒုမ္ဗရီအမည်ရှိတဲ့ မင်းသမီးတစ်ပါး သွားဖြစ်တယ်။ မင်းသမီးဘဝမှာ ရေအိမ်တက်ရင်း ပိုးလောက်တွေကိုမြင်ရာက အသုဘကမ္မဋ္ဌာန်းရှုနိုင်လို့ ပဌမဈာန်ရသွားတယ်။ ဒီပဌမဈာန်နဲ့ သေခဲ့လို့ ဗြဟ္မာသွားဖြစ်တယ်။

ဈာန်အရှိန်အဟုန်ကုန်ပြန်တော့ ဗြဟ္မာဘဝက စုတေပြီး မိန်းကလေးတစ်ယောက်လာဖြစ်တယ်။ အဲဒီမိန်းကလေးဘဝက စုတေပြန်တော့ အခုလိုဝက်မလေးလာဖြစ်တာပဲလို့ ဟောတော်မူတယ်။ အရှင်အာနန္ဒာနဲ့ သံဃာတော်များလည်း ကြီးစွာ သံဝေဂရကြတယ်။

ဒါ့ကြောင့် သမထကုသိုလ်တွေ ဘယ်လောက်ရှိရှိ ဝိနိပါတဘေးက မလွတ်ဘူးလို့ ဗုဒ္ဓကဟောခဲ့တာပါ။ သူကရပါတိကာဝက်မလေးကို အကြောင်းပြုပြီး ဂါထာတစ်ပုဒ်ကို ဟောပါတယ်။ မြန်မာလိုကတော့. .

သစ်ပင်တစ်ပင်၏ အကိုင်းအခက်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ခုတ်ပြီး ရေသောက်မြစ်ကိုတူးမပစ်ပါက ထိုသစ်ပင် သည်မသေဘဲ မိုးရေကိုရသောအခါ၌ အခက် အလက်များပြန်ထွက်ပြီး စည်ကားပြန်သကဲ့သို့

သမထခေါ် သမာဓိဖြင့် ပရိယုဋ္ဌာန ကိလေသာကိုသတ်ပြီး အနုသယကိလေသာကို မဂ်ဖြင့်ပယ်သတ်ခြင်းမပြုပါက သူကရပါတိကာ ကဲ့သို့ ဘဝအခက်အလက်များ ပြန်၍ စည်ပင်လာ မည်ဖြစ်၏။

လို့ အဓိပ္ပါယ်ရပါတယ်။ ဒီတော့ လောကီဒါန၊ သီလ သမထကုသိုလ်တွေက မှိုင်းနဲ့တယ်တယ်။ ပုထုဇဉ်တွေက မီးပုံးပျံနဲ့ တူတယ်။ မီးပုံးပျံဟာ မှိုင်းအားအစွမ်းရှိသ လောက်တော့ တက်နေတာပဲ။ ဒါပေမယ့် မှိုင်းအားကုန် တာနဲ့ အောက်ကို ဇောက်ထိုးမိုးမျှော်ပြန်ကျတာပဲ။ ပုထုဇဉ်တွေမှာလဲ သူတို့လုပ်ထားသလောက် ကုသိုလ်က တော့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့ကို ပို့ပေးတာပါပဲ။ အေး - သူတို့လုပ်ထားတဲ့ ကုသိုလ်ကံလည်းကုန်ရော အပါယ်ကိုပြန်ကျကြရတာပဲ။ ခေတ်လူငယ်တွေက လေ တံခွန် လွှတ်ဖူးတဲ့သူများတော့ လေတံခွန်နဲ့ ဥပမာပေး ဦးမယ်။ မင်း လေတံခွန် လွှတ်ဖူးတယ်မဟုတ်လား။

**သန်း** လွှတ်ဖူးပါတယ်ဘုရား။

**နုပ်** အေး ဒါဆိုရင် ပိုသဘောပေါက်တာပေါ့။ လေတံခွန်ဟာ ဘယ်လောက်မြင့်အောင်တက်နေနေ နောက်ဆုံးတော့ ရစ်ဘီးရဲ့ခြေရင်းကို ပြန်ရောက်ရတာပဲ။ ဘာဖြစ်လို့လဲဆို



တော့ ကြိုးတန်းလန်းကြီးပါနေလို့ပေါ့။ ထို့အတူပုထုဇဉ် တွေဟာလဲ ကောင်းတဲ့သုဂတိဘုံတွေမှာ ဘယ်လောက် နေရနေရ အချိန်တန်တော့ အပါယ်ဆိုတဲ့အိမ်ကို ပြန် ကြရတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါရှိတယ်လို့ အယူ မှားတဲ့ ဒိဋ္ဌိကြိုးကြီးရှိနေလို့ပေါ့. . .

ဥပမာန ဥပမေယျ ဟပ်လိုက်ရင်

| | | |
|---|---|---|
| ရစ်ဘီးက | = | အပါယ်လေးဘုံနဲ့တူတယ် |
| ကြိုးက | = | ဒိဋ္ဌိကိလေသာနဲ့တူတယ် |
| လေတံခွန်က | = | ပုထုဇဉ်လူသားနဲ့တူတယ် |
| ကောင်းကင်က | = | သုဂတိဘုံနဲ့တူတယ် |

"ဒီဥပမာကိုထောက်ထားပြီး ဝိပဿနာတရားကို ပွား များအားထုတ်ကာစ ယောဂီတွေဟာ ဒိဋ္ဌိကိလေသာကို အရင်သတ်ရမယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိထား ရမယ်။ မင်းရော ရှင်းရဲ့လား။

**သန်း** ရှင်းပါတယ်ဘုရား။

**နုပ်** ရှင်းရင် ဒီအပါတ်နားကြဦးစို့။ နောက်အပါတ်ကျမှ ဝိပဿနာသုံးမျိုး၊ သမာဓိသုံးမျိုး၊ ယခုခေတ်နဲ့ အကိုက် ညီဆုံး ဝိပဿနာ၊ ယခုခေတ်နဲ့အကိုက်ညီဆုံး သမာဓိကို ခမ္မမိဋ္ဌာန်ကျကျ ရွေးချယ်ကြဦးစို့။

**ဥက္ကိတ္တာ ပုညတေဇေန**
**ကာမရူပ ဂတိံဂတာ။**
**ဘဝဂ္ဂန္တမ္ပိသမ္ပတ္တာ**
**ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ။**

*(ဝိဘင်းပါဠိတော်)*

www.burmeseclassic.com

www.burmeseclassic.com



ပုညတေဇေန – ဒါန၊ သီလ၊ သမထဟု ပြုကြရှိန်ဇော်ကောင်းမှုအာနုဘော်သည်။

ဥက္ကိတ္တာ – ပင့်ကော်မြှောက်ကြွ၊ တောင့်တချီငင်မြှင့်တင် သွေးဆောင်အပ်ကုန်သည်ဖြစ်၍

ကာမရူပဂတိဂတာ – လူပြည်နတ်ပြည် ဗြဟ္မာပြည်သို့ ဘဝတိုက်ကရိုက်နှင့် ရောက်ဆိုက်လာကြသော ပုဂ္ဂိုလ်တို့သည်။

ဘဝဂ္ဂန္တမ္ပိ – ဘုံထွဋ်ဘုံဖျား၊ အမြင့်စားအကျော်၊ နေဝသညာနာသညာခေါ်တဲ့ အရူပဘုံသို့လည်း။

သမ္ပတ္တာပိ – သမာဓိမြောက်၊ ဈာန်ဘုံပေါက်၍ သက္ကာယဒိဋ္ဌိမသေ၊ ကမ္မာကြီးရှစ်သောင်းလေးထောင်ပင်နေရငြားသော်လည်းပဲ။

ပုန – အဝီစိရောက်၊ ဒိုးယိုပေါက်၍၊ အောက်သို့တုန့်ပြန်၊ တစ်ခေါက်တစ်ဖန်။

ဒုဂ္ဂတိံ – မကောင်းသူတို့လားရာ ပူဆာထန်ပြင်း မဆန်မငြင်းနိုင်တဲ့ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံသို့။

အာဂစ္ဆန္တိ – ငါငါဆိုတဲ့ တရားကဆွဲငင်သဖြင့်၊ ကတိုက်ကရိုက်နှင့် ဖောက်ထိုးကျွမ်းပြန်ချက်ခြင်းမကြာ၊ သက်ဆင်း၍ လာကြရလေကုန်၏။

* * * * *

အခန်း (၁၅)

## ဝိပဿနာသုံးမျိုး၊ သမာဓိသုံးမျိုး

နုပ် ဝိပဿနာသုံးမျိုးအကြောင်းကို မပြောမီ ပုဂ္ဂိုလ်လေးမျိုးအကြောင်းကို ပြောရမယ်။ ဒါကတော့ လူသိများပါတယ်။ မင်းလဲသိမယ်ထင်တယ်။ သိသလောက်ပြောစမ်းပါ။

သန်း ပုဂ္ဂိုလ်လေးမျိုးအကြောင်းဖတ်ဖူးတယ်ဘုရား။ မှတ်မိနေတာက တရားအကျဉ်းနာရုံနဲ့ မဂ်ဖိုလ်ရရင် ဥဃ္ဃဋိတညူ။ တရားအကျယ်ဟောမှ မဂ်ဖိုလ်ရရင် ဝိပဉ္စိတညူ။ နာရုံနဲ့မရ ကျင့်မှသာမဂ်ဖိုလ်ရရင် နေယျ၊ ဒီဘဝမှာ ဘယ်လိုမှ တရားမရနိုင်ရင် ပဒပရမပါဘုရား။

နုပ် မင်းလည်းဉာဏ်ကောင်းသားပဲ၊ အဲဒီလေးမျိုးထဲမှာ ခုခေတ်မှာတော့ နေယျနဲ့ ပဒပရမပဲ ရှိနိုင်တော့တယ်လို့ လယ်တီဆရာတော်ဘုရားကြီးက ဆုံးဖြတ်ထားတယ်။ အများကလဲ နှစ်သက်တယ်။ ဒီတော့ ဒီခေတ်ဟာ နေယျ

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တွေခေတ်လို့ ပြောကြတာပေါ့။ ဒီတော့ နေယျ ပုဂ္ဂိုလ်တွေဟာ ဘယ်ဝိပဿနာမျိုးနဲ့ ကိုက်သလဲဆို တာကို ဆန်းစစ်နိုင်ဖို့ ဝိပဿနာသုံးမျိုးအဓိပ္ပါယ်ကို ရှင်း ကြဦးစို့ ဝိပဿနာက . . .

( ၁ ) သမထပုဗ္ဗင်္ဂမ ဝိပဿနာယာနိကနည်း

( ၂ ) သုဒ္ဓ ဝိပဿနာယာနိကနည်း

( ၃ ) ယုဂနဒ္ဓနည်း . . . လို့ သုံးမျိုးရှိတယ်။

သမထပုဗ္ဗင်္ဂမ ဝိပဿနာယာနိကနည်းဆိုတာက သမထ ရှေ့သွားရှိသော ဝိပဿနာပွားနည်းလို့ခေါ်တယ်။ သမထ ကမ္မဋ္ဌာန်း (၄၀)ထဲက တစ်ခုခုကိုပွားတယ်။ ခုခေတ်မှာ အသုံးများတဲ့ အာနာပါနဟာ သမထဘဲပေါ့။ အဲဒီလိုပွါး ရင် သမာဓိနှစ်မျိုးရလာနိုင်တယ်။ ပထမတစ်မျိုးက ဈာန်အနီးအနားမှာဖြစ်တဲ့ ဥပစာရသမာဓိ ကတစ်မျိုး။

ပဉ္စမဈာန်ကနေ စတုတ္ထဈာန်ထိ ဈာန်တစ်မျိုး မျိုးကိုရသွားတဲ့ သမာဓိကိုတော့ အပ္ပနာသမာဓိလို့ ခေါ်တယ်။ ဒီသမာဓိနှစ်မျိုး တစ်မျိုးမျိုးရတဲ့အခါကျမှ ခန္ဓာငါးပါးရဲ့အဖြစ်အပျက်ကို ပြန်ရှု။ သမထပုဗ္ဗင်္ဂ ဝိပဿနာယာနိက၊ သမထရှေ့သွားရှိသော ဝိပဿနာ ရှုပွားနည်းလို့ခေါ်တယ်။

တူရာပေါင်းဖို့အတွက် ယုဂနဒ္ဓနည်းကို ကျော်ပြီး ပြောကြရအောင်။ ယုဂနဒ္ဓဆိုတာ ထမ်းပိုးထမ်းနည်းလို့ အဓိပ္ပါယ်ရတယ်။ ထမ်းပိုးဟာ ဟိုဘက်ဒီဘက် ဝန်ထုပ် နှစ်ခုကို ဆောင်ထားသလို သမာဓိအားကောင်းတဲ့



ယောဂီဟာ သမထကိုပွားလိုက်၊ ဝိပဿနာကိုပွားလိုက်နဲ့ နှစ်ခုတွဲပြီးပွားတာကို ယုဂနဒ္ဓနည်းလို့ခေါ်တာပါ။ ဒီနည်း လည်း ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတစ်ခုခုနဲ့ ပွား တာပဲ။

သုဒ္ဓဝိပဿနာဆိုတာကတော့ သမထကို မပွား တော့ဘူး။ ဆရာ့ဆီမှာ ရုပ်နာမ်ခန္ဓာတို့ရဲ့ ဖြစ်ပျက်ပုံကို ပရမတ်ပေါက်အောင် . . .

နာယူပြီး မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း ထိတိုင်း၊ တွေးကြံသိတိုင်း ခန္ဓာငါးပါး အနိစ္စ အမြဲမရှိလို့ ဝိပဿနာသက်သက်ကိုသာ ပွားများမှုကို တော့ သုဒ္ဓဝိပဿနာယာနိကလို့ ခေါ်တယ်။

ဒီသုဒ္ဓဝိပဿနာမှာ သမထခေါ် သမာဓိမပါ ဘူးလားဆိုတော့ ပါတာပေါ့။ သို့သော် ဒီသမာဓိက တစ်မျိုး၊ သမထနဲ့ လုပ်ယူစရာမလိုဘဲ ရုပ်နာမ်ပေါ်၊ ခန္ဓာပေါ် အာရုံစိုက်လိုက်တာနဲ့ ဒီသမာဓိက အလိုလို ပါသွားတယ်။ စိတ်ဖြစ်တဲ့ခဏတိုင်း လိုက်ဖြစ်နေတဲ့ အတွက် သူ့ကို ခဏိကသမာဓိလို့ခေါ်တယ်။

ဒီတော့ သုဒ္ဓဝိပဿနာကို ပြည့်စုံအောင် နာ မည်တပ်ရင် ဝိပဿနာပုဗ္ဗင်္ဂမ သမထယာနိကလို့ ခေါ် ရမှာပေါ့။ မြန်မာလိုတော့ ဝိပဿနာရှေ့သွား သမထ နောက်လိုက်လို့ဆိုနိုင်တယ်။

သန်း။ ခဏိကသမာဓိအကြောင်းက ခုမှကြားဖူးတော့ အထူး အဆန်းလိုဖြစ်နေတယ်ဘုရား။ နည်းနည်း အကျယ်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြပါဦး။

နုပ် မင်းတို့ငါတို့ ကောင်းတဲ့စိတ်ဖြစ်ဖြစ်၊ မကောင်းတဲ့စိတ်ဖြစ်ဖြစ် အမြဲလိုက်ဖြစ်တဲ့ စေတသိက် (၇)လုံးရှိတယ်။ သူတို့ကို စိတ်အားလုံးနဲ့ယှဉ်တဲ့အတွက်ကြောင့် သဗ္ဗစိတ္တသာဓါရဏစေတသိက်လို့ ခေါ်တယ်။ သူတို့(၇)လုံးက . . .

ဖဿ = အာရုံကိုတွေ့ထိခြင်းသဘော

ဝေဒနာ = အာရုံအရသာကို ခံစားခြင်းသဘော

သညာ = အာရုံကိုမှတ်သားခြင်းသဘော

စေတနာ = စေ့ဆော်တိုက်တွန်းခြင်းသဘော

ဧကဂ္ဂတာ = အာရုံတစ်ခု၌ တည်ကြည်ငြိမ်သက်သောသဘော

ဒီ ဧကဂ္ဂတာစေတသိက်ကို ခဏိကသမာဓိလို့ခေါ်တာပဲ။

ဇီဝိတိန္ဒြေ = နာမ်တရားတို့ကို စောင့်ရှောက်ခြင်းသဘော

မနသိကာရ = အာရုံကိုနှလုံးသွင်းခြင်းသဘော

တို့ပဲ။ ဒီတော့ ဒီဧကဂ္ဂတာစေတသိက်ဟာ တကူးတက ဖြစ်လာအောင် လုပ်နေစရာမလိုဘူး။ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် အာရုံပြုလိုက်တာနဲ့ ခဏိကသမာဓိလို့ခေါ်တဲ့ ဧကဂ္ဂတာစေတသိက်ဟာ ပါနေပြီးသားပဲ။ ဥပမာ ကျားထိုးတယ်၊ သို့မဟုတ် စစ်တုရင်ထိုးတယ်ကွာ။ စိတ်ဟာ ဘယ်မှမပြေးတော့ဘူး။ ကျားကွက်၊ စစ်တုရင်ကွက်မှာပဲ တည်နေတယ်။



အဲဒါခဏိကသမာဓိရဲ့သဘောပဲ။ အကုသိုလ်အရာမှာ စိတ်တည်ငြိမ်တာကျတော့ မိစ္ဆာသမာဓိပေါ့။ မြင်ကြား၊ နံစား၊ ထိသိ ခြောက်ပါးအခိုက်မှာ ခန္ဓာငါးပါးဖြစ်ပြီး ပျက်ပုံကိုဉာဏ်နဲ့သိပြီး ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားတဲ့အခါမှာပါတဲ့ ခဏိကသမာဓိကျတော့ သမ္မာသမာဓိလို့ခေါ်ရတာပေါ့။ မြတ်စွာဘုရား သစ္စာလေးပါးဝိပဿနာတရား တစ်ပွဲပြီးတိုင်းပြီးတိုင်း သောတာပန်သကဒါဂါမ် သိန်းနဲ့ချီပြီး တည်သွားကြတယ်ဆိုတာ ဒီခဏိကသမာဓိနည်းပဲ။

ကဲ. . . ဗုဒ္ဓလက်ထက်က လက်တွေ့သာဓကတစ်ခုကို သဘာဝနဲ့ စစ်ကြည့်ရအောင်ပါ။ ဗိမ္ဗိသာရမင်းကြီးရဲ့ ကြိုတင်ပင့်လျှောက်ချက်အရ ဗုဒ္ဓဟာဘုရားဖြစ်ဖြစ်ခြင်း ရာဇဂြိုဟ်ကိုကြွလာတယ်။ ဗိမ္ဗိသာရမင်းကြီးနဲ့ လူပေါင်းတစ်သိန်းက သောင်းသောင်းဖျဖျကြိုဆိုကြတယ်။ ဒီလူတစ်သိန်းကို ဘုရားရှင်က သစ္စာလေးပါးတရား ဟောပေးလိုက်တယ်။ တရားဆုံးတာနဲ့ ဗိမ္ဗိသာရမင်းနဲ့တကွ လူပေါင်းတစ်သိန်းဟာ သောတာပန် တည်သွားကြတယ်။

ဒီတရားမနာခင်ကာလထိ ဒီလူတစ်သိန်းဟာ ဘာသာခြားတွေပါ။ ဘာသမထမှ လုပ်မထားတဲ့အပြင် လုပ်မနေတဲ့အတွက် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ နှစ်မျိုးလုံးမရှိပါဘူး။ ပရမတ်တရားအပေါ်မှာ အာရုံစိုက်နေတဲ့ ခဏိကမာဓိပဲရှိပါတယ်။ ဗုဒ္ဓလက်ထက်က

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းကြော်ကြော်ရင်း ခန္ဓာငါးပါးအနိစ္စဆိုပြီး ဝိပဿနာရှုတဲ့အတွက် ထေရိကာဆိုတဲ့အမျိုးသမီးလေးဟာ အနာဂါမ်တည်သွားပါတယ်။

သူလည်း ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတွေရလာအောင် သမထပွားချိန်မရပါဘူး။ မျက်စိမှိတ်ပြီး သမထပွားနေမယ်ဆိုရင်လည်း ဟင်းရွက်ကြော်တွေ တူးကုန်မှာပါ။ ဟင်းရွက်ကိုမွှေရင်း ဟိုဘက်ရောက်လိုက်၊ ဒီဘက်ရောက်လိုက်ဖြစ်နေတဲ့ လက်ကို ခဏိကသမာဓိနဲ့

ရုပ်နာမ် သို့မဟုတ် ခန္ဓါငါးပါးဖြစ်ပျက်ပုံကို အာရုံယူပြီး ဝိပဿနာပညာနဲ့ ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားနိုင်တဲ့အတွက် သုံးမဂ်သုံးဖိုလ်တောင် ရသွားပါတယ်။

အခုဆရာတော်ပြောသလို ရှင်းပြသူကလည်း နည်းတော့ ခုခေတ်လူအများစုက သမထမှမပါရင် ဝိပဿနာရှုရတာ ပေါ့ရွှတ်ရွှတ်ကြီးလို့ကို ထင်နေတယ်ဘုရား။ အေး။ မင်းပြောတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ ခေတ်က လွတ်လပ်ရေးရနည်း နှစ်မျိုးကို သွားသတိရတယ်။ ဗိုလ်ချုပ်က စစ်တိုက်စရာမလိုဘူး။ စစ်တိုက်ရင်နိုင်ငံနာတယ်။ စစ်မတိုက်ရဘဲနဲ့ (၁)နှစ်အတွင်း အင်္ဂလိပ်ဆီက လွတ်လပ်ရေးရအောင် တောင်းပေးမယ်လို့ ပြည်သူကို ကတိပေးပါတယ်။

စစ်မတိုက်ဘဲနဲ့ လွတ်လပ်ရေးရတာ မင်းရော မကြိုက်ဘူးလား။



သန်း ကြိုက်တာပေါ့ဘုရား။ လူတောင်သက်သာသေးတယ်။

နုပ် ဒါပေမယ့် မကြိုက်တဲ့သူတွေရှိတယ်ကွ။ သူတို့က ကွန်မြူနစ်တွေပဲ။ ဘာပြောလဲဆိုတော့ လွတ်လပ်ရေးဆိုတာ စစ်တိုက်ယူမှ အရသာရှိသတဲ့။ ဒါ့ကြောင့် စစ်မတိုက်ဘဲနဲ့ပေးတဲ့ လွတ်လပ်ရေးကို မယူချင်ဘူးတဲ့။ အခုလဲ သုဒ္ဓဝိပဿနာ သက်သက်နဲ့ ရှုပွားနိုင်ပါလျက် သမထလုပ်ပြီးမှရှုမှပဲ လေးနက်တယ်လို့ ထင်တဲ့သူတွေ သတိပြုစရာပေါ့။

ဒီတော့ ဝိပဿနာသုံးမျိုးမှာ နေယျပုဂ္ဂိုလ်တွေအတွက် ဘယ်ဝိပဿနာနဲ့ အသင့်တော်ဆုံးလဲဆိုရင် သုဒ္ဓဝိပဿနာနဲ့ အသင့်တော်ဆုံးပဲလို့မှတ်ရမယ်။ ဒီအဆိုဟာ မိမိကိုယ်တွေ့၊ ဆရာ့ကိုယ်တွေ့၊ ဗုဒ္ဓကိုယ်တွေ့ သုံးမျိုးညှိပြီးပြောလိုက်တာပဲ။ ဒါ့ကြောင့် မမှားစေရဘူး။ အထောက်အထားလဲပြမယ်။ ပထမဆုံး ဗုဒ္ဓကိုယ်တွေ့ဖြစ်တဲ့ ပါဠိတော်အထောက်အထားကို အရင်ပြမယ်။

နေတ္တိပါဠိတော်နဲ့ ပေဋကောပဒေသပါဠိတော်ပါ ရဟန္တာဖြစ်တဲ့ အရှင်မဟာကစ္စည်းထေရ်ဟောတာ ဖြစ်သော်လည်း ဘုရားရှင်ရဲ့ ထောက်ခံအတည်ပြုချက်ရပြီးဖြစ်လို့ ဘုရားဟောလို့ပဲ ဆိုရတယ်။ ပထမဆုံး နေတ္တိပါဠိတော်မှာပြတာက –

ဘဂဝါဥဂ္ဃဋိတညုဿ ပုဂ္ဂလဿသမထံ
ဥပဒိဿတိ၊ နေယျဿဝိ ဝိပဿနံ၊ သမထ
ဝိပဿနံ ဝိပဉ္စိတညုဿ

(နေတ္တိပါဠိတော် ၁၀၉)

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသည် ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်အား ချမ်းသမထ တရားကို ညွှန်ပြတော်မူ၏။ နေယျပုဂ္ဂိုလ်အား ဝိပဿနာတရားကိုညွှန်ပြတော်မူ၏။

ဝိပဉ္စိတညူပုဂ္ဂိုလ်အား ချမ်းသမထနှင့် ဝိပဿနာတရားကို ညွှန်ပြတော်မူ၏။ ဒီတော့ ဒီနေတ္တိပါဠိတော် ဗုဒ္ဓကိုယ်တွေ့အရ နေယျပုဂ္ဂိုလ်အတွက် သမထမပါတဲ့ သုဒ္ဓဝိပဿနာသာ သင့်လျော်တယ်ဆိုတာ ထင်ရှားသွားပြီ။ ပေဋကောပဒေသပါဠိတော်မှာ ဟောတာက

ဥဃ္ဃဋိတညုဿ သမထပုဗ္ဗင်္ဂမာဝိပဿနာ
နေယဿ ဝိပဿနာ ပုဗ္ဗင်္ဂမော သမထော
ဝိပဉ္စိတညုဿ သမထဝိပဿနာ ယုဂနဒ္ဓါ။
(ပေဋကောပဒေသပါဠိတော် ၃၃၄)

ဥဃ္ဃဋိတညူပုဂ္ဂိုလ်အား သမထရှေ့သွားရှိသော ဝိပဿနာတရားကို ဟောကြားအပ်၏။
နေယျပုဂ္ဂိုလ်အား ဝိပဿနာရှေ့သွားသော သမထတရားကို ဟောကြားအပ်၏။
ဝိပဉ္စိတညူပုဂ္ဂိုလ်အား သမထနှင့် ဝိပဿနာ ယှဉ်တွဲလျှက် ဟောကြားအပ်၏။

ဒီမှာလည်း နေယျပုဂ္ဂိုလ်ကို ဝိပဿနာရှေ့သွားရှိတဲ့ သမထနည်းကို ဟောကြားတယ်ဆိုတာ သုဒ္ဓဝိပဿနာ



ကို ပြောတာပါပဲ။ ဗုဒ္ဓကိုယ်တွေ့ အထောက်အထား ပြပြီးတဲ့နောက် ဆရာ့ကိုယ်တွေ့အထောက်အထားတွေကို ပြကြဦးစို့။

သန်း ဆရာ့ကိုယ်တွေ့ဆိုတော့ ဆရာတော်ရဲ့ ဝိပဿနာ ဆရာတွေကဘယ်သူတွေတုန်းဘုရား။

နုပ် ဝိပဿနာတရားကို ဟောကြားပြသပေးနေကြတဲ့ ဆရာတော်ကြီးတွေ လူပုဂ္ဂိုလ်ဆရာကြီးတွေ အကုန်လုံးဟာ ငါ့ရဲ့ဆရာတွေလို့ပြောရမှာပဲ။ အသက်(၁၈)နှစ်သားအရွယ်ကတည်းက လိုက်စားခဲ့တာဆိုတော့ ခုဆိုရင် ငါ့မှာ ဝိပဿနာအတွေ့အကြုံ နှစ်နှစ်ဆယ်ကျော်ရှိပြီ။ ဒါပေမယ့် လိုနေတုန်းပဲ။ ကြိုးစားနေတုန်းပဲ။

ခုရေးနေတာက စာပေကွက်လပ်ရဲ့ လိုနေတာလေးကို ဖြည့်တာပါ။ ဝိပဿနာစာအုပ်တွေတော့ အများကြီးရှိတယ်။ ဒါပေမယ့် မင်းတို့လိုလူငယ်တွေ နားလည်အောင် စိတ်ဝင်စားအောင် လွယ်ကူရှင်းလင်းစွာ ရေးထားတဲ့စာအုပ်က မရှိသလောက်ရှားနေလို့ ဝင်ရေးတာပါ။

နာကြားဖူး၊ ဖတ်ရှုဖူး၊ အားထုတ်ဖူးခဲ့တဲ့ ဆရာတော်တွေကတော့. . .

မိုးကုတ်ဆရာတော်
လယ်တီဆရာတော်
ကသစ်ပိုင်ဆရာတော်
ပခုက္ကူဝိပဿနာသင်တန်းဆရာကြီးဦးကြင်ရွှေ
သစ္စာဒီပကဝိပဿနာဆရာကြီးဦးကြည်

www.burmeseclassic.com

www.burmeseclassic.com



မသုံးလုံးဝိပဿနာဆရာကြီး ဦးဗဂျိုင်

မဟာစည်ဆရာတော်

သဲအင်းဂူဆရာတော်

ညောင်လွန့်တောရဆရာတော်တို့ပါပဲ။

အဲဒါ လေ့လာဆည်းပူးခဲ့တဲ့ ကာလအစဉ်အတိုင်း ရေးထားတာပါ။ ဒီထဲက တို့ဉာဏ်ထဲမှာ အရှင်းလင်းအပြတ်သားဆုံးဖြစ်တဲ့ ဆရာကြီးဦးကြင်ရွှေရဲ့ ပခုက္ကူဝိပဿနာနည်းကို အများဆုံး လက်ကိုင်ထားပြီးပြသပါတယ်။ အခုနေယျပုဂ္ဂိုလ်တွေအတွက် သုဒ္ဓဝိပဿနာဟာ သင့်လျော်ပုံ၊ သုဒ္ဓဝိပဿနာ မြန်မြန်ပွားများသင့်ပုံကို မိုးကုတ်ဆရာတော်ကြီး ဟောကြားခဲ့တဲ့အတိုင်း ထုတ်ပြမယ်။

သုဒ္ဓဝိပဿနာကို မြဲမြဲလက်ကိုင်ထားကြ–

နိဒါန ဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် (၁။ နိဒါန သံယုတ်)

၇–မဟာဝဂ်၊ ၁၀– သုသိမသုတ်၊ ဆဋ္ဌ၊ နှာ– (၃၂၆)

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ဘုရားကြီး ဟော ဒုလ္လဘဒေသနာကျမ်း၊ သုသိမပရိဗ္ဗိဇ်ဝတ္ထု– နှာ ၂၁၇ မှ။

သုသိမကမေး၍ ရဟန္တာများကဖြေကြားပုံ–

**မေး။** အရှင်ဘုရားတို့ ရဟန္တာဖြစ်တယ်ဆိုရင် ကောင်းကင်ပျံနိုင်ပါသလား။ မြေလျှိုးနိုင်ပါသလား။ သူတစ်ပါးပြောတဲ့စကားများကို ကြားနိုင်ပါသလား။



**ဖြေ။** ငါတို့က မြေလျှိုးမိုးပျံနိုင်တာမဟုတ်ဘူး။ အဝေးကအသံကိုလည်း မကြားနိုင်ဘူး။ သူများစိတ်အကြံကိုလည်း မသိနိုင်ဘူး။

**မေး။** ဒီလိုဖြစ်ရင် အရှင်ဘုရားတို့ဟာ ဘယ်လိုလဲ။

**ဖြေ။** ငါတို့က ပညာနဲ့ ကိလေသာကုန်ခန်းတယ်၊ အဓိပ္ပါယ်က သမာဓိ သမထမပါဘဲ မဂ်ကိုရခဲ့တာပဲ၊ ရဟန္တာဖြစ်တယ်ပဲလို့ မှတ်ကြ။

**မေး။** အရှင်ဘုရားတို့ဖြေတာ တိုလွန်းတယ်။ အကျယ်ဖြေပါ။

**ဖြေ။** မင်းသိသိ၊မသိသိ ဒါပဲ။ ငါတို့ဟာ ပညာနဲ့ ကိလေသာက လွန်မြောက်ခဲ့တာပဲ၊ ဒကာ၊ ဒကာမတွေသိဖို့က ရဟန်းတော်တွေက ရှေ့ပိုင်းကဝိပဿနာ နောက်ပိုင်းက မဂ်ရတာပဲလို့ သိကြရမယ်၊ သမထမပါဘဲ မဂ်ဖိုလ်ရတာပဲလို့ မှတ်ကြ၊ ဝိပဿနာထဲ သမထဝင်သွားတာပဲလို့ သိကြရမယ်။

ဒါနဲ့ သုသိမက မကျေနပ်နိုင်လို့ ဘုရားထံသွားလျှောက်ထားမေးမြန်းလိုက်ပြန်တော့ ဘုရားကလည်း သုသိမ ရှေ့ပိုင်းက ဝိပဿနာဉာဏ် နောက်ပိုင်းက နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ပဲလို့ တိုတိုကျဉ်းကျဉ်းပဲ ဖြေဆိုတော်မူလိုက်တယ်။

အဓိပ္ပါယ်က ရှေ့ကဝိပဿနာ နောက်က နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်၊ ဝိပဿနာမဂ်အဆုံးမှာ မဂ်ဉာဏ်လာတာပဲ။

**မေး။** ဒီလိုနဲ့ မဂ်ဉာဏ်ရတယ်ဆိုတာ တပည့်တော်မယုံဘူး ဘုရား။

**ဖြေ။** ငါဘုရားသာသနာမှာ ပညာမှသာလိုရင်းစွဲပဲ သမာဓိဟာ

www.burmeseclassic.com

www.burmeseclassic.com



လိုရင်းမဟုတ်ဘူး။ ပညာသာလိုရင်းလို့ ဟောတော်မူတယ်။

ဒကာ ဒကာမတို့ ဘုရားက သာသနာတွင်းတရားဟာ ပညာတရားပဲလို့ ဟောတော်မူတယ်၊ ရှေ့က ဝိပဿနာမဂ်၊ နောက်ပိုင်းက နိဗ္ဗာန်မြင်တဲ့ လောကုတ္တရာမဂ်လို့ မှတ်ကြသဘောပေါက်ပလား။

တို့ ဒကာ–ဒကာမတွေ မှတ်ထားဖို့က သမထမပါဘဲ ပညာနဲ့ ရဟန္တာဖြစ်လာကြတာပဲလို့ မှတ်ကြ။ သမထသမာဓိ သီးသန့်လုပ်မနေဘဲနဲ့ ဝိပဿနာသမာဓိနဲ့ မဂ်ရခဲ့တာပဲ။

ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံပစ္ဆာနိဗ္ဗာန်နေဉာဏံသုသိမ၊ သုသိမရဟာန်း၊ ခေါ စင်စစ်။ ပုဗ္ဗေ ရှေး၌ ဓမ္မဋ္ဌိတိဉာဏ်၊ ဝိပဿနာဉာဏ်သည် ဟောတိ ဖြစ်၏။ ပစ္ဆာ၊ နောက် ကာလ၌။ နိဗ္ဗာနေဉာဏံ၊ နိဗ္ဗာန်မြင်သည့် မဂ်ဉာဏ် သည် ဟောတိဖြစ်၏။

ငါဘုရားသာသနာတော်မှာ သမထကြောင့် မဂ်ဖိုလ်ရတယ်လို့ မရှိဘူး။ သမထကြောင့် မဂ်ဖိုလ်ရတယ်လို့ မဟောဘူး။

မေး။ နားမလည်လို့ အကျယ်ဖြေပါဦး ဘုရား။

ဖြေ။ ရှေ့ပိုင်းကဝိပဿနာ နောက်ပိုင်းကမဂ်ဉာဏ်ပဲ။ မင်းလျှာမရှည်နဲ့။ မင်းနားမလည်လို့ သမထအနေနဲ့မေးနေတာပဲ၊ မြဲမြဲမှတ်ထား။ သမထနဲ့ မဂ်ဖိုလ်မရနိုင်ဘူး။ သမထတည်းဟူသော အကြောင်းကြောင့် မဂ်ဖိုလ်တည်းဟူသော



အကျိုးတရား ဘယ်တော့မှမပေါ်နိုင်ဘူး။

အခု သံယုတ်ပါဠိတော်မှာ ဘုရားဟာ သုသိမကို ဟောလို့သိကြရပြီ။ ဒါသိရရင် အရှည်မလိုက်ကြနဲ့။ တိုတိုနဲ့ ခရီးရောက်အောင် အားထုတ်ကြလို့ ပြောလိုက်ပါတယ်။

အရှည်လိုက်နေလို့ရှိရင် ဒုက္ခရောက်ဖို့မြင်တယ်။ အချိန်အလွန်နည်းနေပြီ။ သိကြရဲ့လား။ သိရင်သိတဲ့အတိုင်း ကြိုးစားကြ။ သုဒ္ဓဝိပဿနာရှုကြ။ ဒါနဲ့မှအဆင်ပြေမယ် အသေက အလွန်နီးနေပြီ။

ဒါမှမဟုတ်လို့ သမထဝင်ရှုပ်နေရင် နစ်ချင်မြုတ်ချင်ကြသေးလို့ဆိုတာ မှတ်လိုက်ကြ။ သမထနဲ့ နိဗ္ဗာန်မရနိုင်ဘူး။ သမထနဲ့အချိန်မဖြုန်းကြနဲ့တော့ ဝိပဿနာ ဆတ်ဆတ်ကိုသာ ရှုကြ။

သမထအရှိန်အဟုန်က ဗြဟ္မာပြည်ပဲ ရောက်အောင်တတ်နိုင်တယ်။ ဒီထက်မပိုဘူး။ သမထက သူ့အရှိန်ကုန်ရင် ကျချင်ရာကျနိုင်တယ်။ သမထက အားကိုးမရဘူး။ သူနဲ့ လမ်းမဆုံးဘူး။ အဆန်းတရားလဲ မဟုတ်တော့ပါဘူးလို့ ပြောလိုက်ပါတယ်။

ဒကာ ဒကာမတွေ အခု နိဗ္ဗာန်ရှာနေကြတယ်။ သမထနဲ့အချိန်ကုန်ရင် ကိုယ်ကျိုးနည်းကြဦးမယ်လို့ မှတ်လိုက်ကြ။ ဒါ့ကြောင့် သမထဖယ်ထားပြီး ဝိပဿနာသက်သက် သုဒ္ဓဝိပဿနာလက်နက်ကို မြဲမြဲကိုင်ထားကြ။ ဒကာတို့တစ်တွေ သမထနဲ့ နိဗ္ဗာန်မရဘူး။ နိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com



ရချင် လိုချင်ရင် ဝိပဿနာလုပ်ရမယ်ဆိုတာ အမြဲအချုံ ဆုံးဖြတ်ချက်ချလိုက်ကြ။

*ဒုလ္လဘဒေသနာတော်ကျမ်း၊ နှာ (၂၁၀ မှ ၂၁၂)*

ဒကာတို့တစ်တွေ ကံကောင်း ဉာဏ်ကောင်းရှိတဲ့ အစိတ်အရွယ်၊ နှစ်ဆယ်အရွယ်တွေတုန်းက ငါးပါးအာရုံ ကာမဂုဏ်ကိစ္စတွေမှာ သုံးထားခဲ့ကြပြီကိုး၊ ဒါ့ကြောင့် ကံမွဲ ဉာဏ်မွဲကလေးနဲ့ နည်းနည်းနဲ့ရအောင် ကြိုးစား ယူကြရမယ်။

ဒကာတို့တစ်တွေ အရင်က ကံကောင်း ဉာဏ်ကောင်းတွေ အလွဲသုံးစားလုပ်ခဲ့ကြပြီ၊ အခုနေမှာ နက်နဲတဲ့တရားနဲ့ ကံမွဲဉာဏ်မွဲနဲ့ပဲ တွေ့ကြုံနေရတယ်။ ရှေးက ငါးပါးအာရုံကာမဂုဏ်တွေမှာ သုံးပစ်ခဲ့ကြလို့ ကုန်ခဲ့ပြီ၊ အဲဒါ ကောင်းတာဟူသရွေ့ ကုန်ခဲ့တာပဲ။

ဒကာ၊ ဒကာမတွေ ဒါဟာ ဘယ်သူ့အပြစ်လဲ ရိပ်မိကြရဲ့လား။ ဇရာသူခိုးက ခိုးနေရတဲ့အထဲမှာ ဒကာတို့က အလွဲသုံးစားလုပ်နေတဲ့အချိန်က လုပ်ပစ်နဲ့ဆိုတော့ ကျန်ပါဦးမလား။

ဘယ်ကျန်တော့မလဲ။ ဒီကြားထဲ အချိန်ရွှေ့ချင်သေး တော့ အချိန်က ကုန်ရော့လာသေးတယ်။

ပထမအရွယ်မှာ ပညာရှာ

ဒုတိယအရွယ်မှာ ဥစ္စာ

တတိယအရွယ်မှာ ဘာဝနာတဲ့။

ဘယ်သူကထွင်လိုက်တဲ့ အမှားလဲမသိပါဘူး။



အချိန်ရွှေ့ပစ်နေတာ တတိယအရွယ်မှာ ဘာဝနာတဲ့။ ကံမွဲဉာဏ်မွဲကျမှ ဘာဝနာဆိုရင် သွားပြီ။ ရော်ဘာတုံး လက်သီးနဲ့ ထိုးသလိုနေမှာပဲလို့သာ မှတ်လိုက်ကြတော့။ ဒကာ၊ ဒကာမတို့ အရှည်မလိုက်ကြနဲ့။ တိုတိုပဲလိုက် ကြလို့ ပြောလိုက်ပါတယ်။ အချိန်ကမရတော့ဘူး။ ရိပ်မိ ကြရဲ့လား။ ဒကာတို့ခန္ဓာမှာ ဇရာသူခိုးက အချိန်တိုင်း ခိုးနေတာ။ အိပ်နေတော့လည်း ဇရာကခိုး၊ မနက်လင်း တော့ သွားရေး သမီးရေး၊ စီးပွားရေးတွေနဲ့ အလွဲသုံးစား လုပ်ပစ်ကြ။

အကောင်းဟူသမျှ အားလုံးနည်းနေပြီ။ အဲ မွဲနေတဲ့အချိန်ကျမှ ရောက်လာတော့ သုံးလို့ကိုမရတော့ ဘူး။ သဘောပေါက်ပလား။ ဒီတော့ ဒကာတို့အတွက် အချိန်က အလွန်နည်းနေတော့ တိုတိုနဲ့ရဖို့ပြောရမယ်။ ရှည်နေရင်မဖြစ်ဘူး။

အမွဲနဲ့လာရတာ၊ အသေကစောသွားရင် ခက် မယ်။ အသေမဦးခင် အရင်ဦးအောင်လုပ်နိုင်မှ ဖြစ်တော့ မယ်။ ဒါ့ကြောင့် နိဗ္ဗာန်ရောက်ချင်ရင် ကြိုးစားပြီး မှတ်သားနာယူကြ။

ဒကာ ဒကာမတွေ နိဗ္ဗာန်ရချင်ရင် ရှေ့ပိုင်းက ဝိပဿနာမင်္ဂ၊ နောက်ပိုင်းက လောကုတ္တရာမင်္ဂ။ ဒါကို လုပ်ရမယ်လို့ မှတ်ကြ။ ရှင်းပြီမဟုတ်လား။

ဝိပဿနာသမာဓိနဲ့ သွားရမယ်။ သမထမလုပ် နဲ့တော့ သမထလုပ်ရင် အချိန်ကြာနေမယ်။ ဒီလိုမှ

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရင် ဇရာခိုးတာနဲ့ အသေစောတာနဲ့ပဲ ကိစ္စတုံးရတော့မယ်။ ရိပ်မိကြပြီလား။

ဒီအတိုင်းသွားရင် သာသနာပနဲ့ပဲ သေသွားရမယ်။ သာသနာနဲ့ကြုံတယ်ဆိုပေမယ့် သာသနာတွင်းတရားမရတော့ သာသနာပလို့ပဲဆိုရတယ်၊ သဘောပေါက်ကြပြီလား။ သမထသမာဓိဆိုရင် ကြာမယ်၊ ဒါက သာသနာပတရား။

သာသနာတွင်း တရားမဟုတ်ဘူး။ ဒါ့ကြောင့် ဒီသမထ သမာဓိမလုပ်နဲ့တော့။ အသေစောရင် အမျောကြီး မျောရလိမ့်မယ်၊ နားလည်ကြပြီလား။ ဒီအလုပ်မှာ သမာဓိက ဝိပဿနာ သမာဓိနဲ့သွားရမယ်။ ရှင်းပြီလားကိုင်း ဒကာ–ဒကာမတွေ အလုပ်ပြမယ်။ အလုပ်က

ရှေ့က ဝိပဿနာမဂ်

နောက်က လောကုတ္တရာမဂ် လို့မှတ်ကြ၊ တိုတိုနဲ့ အမိဖမ်းဖို့လုပ်ကြ၊ မှတ်မိကြပြီလား၊ ရှေ့ပိုင်းက ဝိပဿနာမဂ်၊ နောက်ပိုင်းက လောကုတ္တရာမဂ်။ ဒါကို မိအောင်လုပ်ရမယ်။ ကံမွဲ ဉာဏ်မွဲသမားတွေ ကောင်းကောင်းမှတ်သွားကြ။

ဒီနှစ်ခုတည်းနဲ့သွားကြရမယ်။ များနေရင် ဆေးချက်မိ မှာမဟုတ်ဘူး။ ဆေးချက်မိအောင် မနည်းလုပ်နေရတယ်။ ဒါမှမလုပ်ချင်ရင် ကျွမ်းထိုးမှောက်ခုံသွားဖို့သာ ပြင်ကြတော့လို့ မလုပ်ချင်တဲ့သူတွေအတွက် ပြောလိုက်ပါတယ်။



ဒါက မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာသမာဓိခေါ် ခဏိကသမာဓိနဲ့ ဝိပဿနာ မြန်မြန် ရှုပွားသင့်ကြောင်း ဟောကြားချက်ပဲ။ နောက်အပါတ်ကျမှ လယ်တီဆရာတော်ကြီးရဲ့ ခဏိကသမာဓိ နည်းနဲ့ ဝိပဿနာရှုပွားသင့်ကြောင်းကို ဆက်ပြောမယ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

# နေယျမဂ္ဂိုလ်နှင့် သုဒ္ဓဝိပဿနာ

ဟောတော်မူသည့်အတိုင်း ကျင့်လျှင် ယခု ဒိဋ္ဌဓမ္မ၌ မဂ်ဖိုလ်ရကြောင်းကို အထပ်ထပ် ဟောတော်မူသည့် ဒေသနာတော် အတိုင်း မသိရှိသည်။

ငင်းရှိပါလျှက် ယခုဘဝ၌ မဂ်ဖိုလ် ရမည် မရမည် ဝိစိကိစ္ဆာရှိခဲ့လျှင် ဆရာမပြ နည်းမရသောကြောင့် ရှိလေသည်သော်လည်း မှတ်။ ဆရာပြ၍ နည်းရလျှက်ပင် ယခုဘဝ မဂ်ဖိုလ်ရမည်လော၊ မရမည်လော ဝိစိကိစ္ဆာ ရှိခဲ့လျှင် အစိန္တေယျ သဗ္ဗ ညုတ ဉာဏ်တော်ကို မယုံသော သူသာမှတ်၊ ဤမှ တစ်ပါး ဆိုရာမရှိ။

*(စတုဂီရိ – တောင်လေးလုံးဆရာတော်)*

*ရှုဘွယ်ကျမ်း (ပ – ၅၁)*



နုပ် ငါ့ဆီမှာ နေ့တိုင်းလာပြီး ဆွေးနွေးမေးမြန်းတယ်ဆိုတာ တရားနာတာနဲ့ အတူတူပါပဲ၊ ဒီစာကို ဖတ်နေသူများ ဟာလဲ တရားနာတာပဲ၊ တရားနာတယ်ဆိုတာလည်း ရအောင်နာမှရတယ်၊ ဒီကရှေ့လျှောက်ဆိုရင် ရုပ်နာမ်ခန္ဓာ ပရမတ်တွေ ဓါတ်တွေ လာတော့မယ်၊ သေချာအာရုံ စိုက်ပြီး နာယူရမယ်။ ဒါတွေဟာ သစ္စာတရားတွေပဲ။

ရုပ်ဓါတ်တစ်လုံးကို သဘောတရား အဖြစ် အပျက်ဆိုက်အောင်သိသွားတာနဲ့ သစ္စာလေးပါး ဝင်သွား ပုံကို ပထဝီဓါတ်ကို အသေးစိတ်ဟောပြီးတဲ့အခါ သေချာ ရှင်းပြမယ်။ ဟောတဲ့သူကလည်း သစ္စာကို ဟောနေ တယ်။ နာတဲ့သူကလည်း သစ္စာအပေါ်မှာ အာရုံစိုက် ဆင်ခြင်ပြီးတော့ နာနေမယ်ဆိုရင် ပါရမီကြီး ဉာဏ် ပညာကြီးတဲ့သူအချို့ဟာ နာကြားရင်းကို တရားရသွား နိုင်တယ်။

သစ္စာအပေါ်မှာ ဉာဏ်ဝင်စားပြီး ဆင်ခြင်နေတာ ကိုက တရားထိုင်နေတာနဲ့ အတူတူပဲ၊ ဒါကြောင့် မဂ်ဖိုလ် ကို ရသွားနိုင်တယ်။ ဒီအချက်ကို မိုးကုတ်ဆရာတော်ကြီး ရော မဟာစည်ဆရာတော်ကြီးရော ထောက်ခံဟောပြော ပါတယ်။

မိုးကုတ်ဆရာတော်ကြီးက အနာကင်းလွတ် [illegible] သာမြတ်ဆိုတဲ့ တရားတော်ထဲမှာ ထည့်ဟောထားတာ။ ဒီတရားတော်ကို ၂၀၀၁ ခုနှစ် ပြီလထုတ် ဓမ္မဗျူဟာ စာစောင် အတွဲ ၃၉ အမှတ် ၁၁ မှာ [illegible]လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဟောထားတာက . . .

ဟောတဲ့ပုဂ္ဂိုလ်က သစ္စာတရားဟောလို့ တရားနာတဲ့သူကလည်း တစ်ပါးအာရုံမသွားဘဲ သစ္စာတရားမှာသာ နှလုံးထားနိုင်ရမယ်။ အဲဒီလိုထားနိုင်ရင် တရားနာရင်းက သောတာပန်တည်နိုင်တယ်လို့ ပေဋကောပဒေသမှာ ဟောထားတယ်။

ဟောတဲ့ဆရာကလည်း သစ္စာတရားသာ ဟောပြ၊ နာနေတဲ့သူကလည်း အခြားအာရုံမထွက်ဘဲ သစ္စာမှာသာ နှလုံးသွင်းမြဲရင် တစ်ထိုင်တည်းနဲ့ ကိစ္စပြီးနိုင်ပါတယ်ဆိုတော့ တို့ဒကာတွေ အားကိုးဖို့များ မကောင်းကြဘူးလား။ ကြိုးစားယူလိုက်ကြတဲ့ မဟာစည်ဆရာတော်ဘုရားကြီးကတော့ ဟေမဝတသုတ္တန်တရားတော်မှာ . . .

တရားနာရင်း တရားထူးရတယ်ဆိုတာ စိတ်တည်ငြိမ်မှ ပြည့်စုံနိုင်တယ်၊ တရားနာတဲ့သူက ဟောတဲ့တရားကိုသာ စိတ်စိုက်ပြီးနာနေမှ စိတ်တည်ငြိမ်နေမှ သမာဓိဖြစ်တယ်။ သမာဓိဖြစ်မှ ဉာဏ်ဖြစ်တယ်။

တရားနာနေရင်း ဟိုအကြောင်း ဒီအကြောင်းတွေကို လျှောက်ပြီးတွေးနေလို့ရှိရင် သမာဓိမဖြစ်ဘူး။ ပူပန်စရာကို သွားစဉ်းစားမိရင်သာ ဆိုးတာပဲ၊ ဒါ့ကြောင့်

( ၁ ) စီးပွားသဖွယ်ပြုကာ နှလုံးသွင်း၍

( ၂ ) စိတ်အားလုံးဖြင့် ကောင်းစွာနှလုံးသွင်း၍

( ၃ ) နားစွင့်လျက် တရားနာမည်ဟုကျင့်ရမည်တဲ့



အဲဒါဟာ အချိုးကျကျ တရားနာပုံပါပဲလို့ ဟောထားတယ်။

ဗုဒ္ဓကလည်း အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ အဝဂုဏ္ဏသုတ်မှာ တရားနာတဲ့ ပုဂ္ဂိုလ်သုံးမျိုးအကြောင်းကို ဟောထားတယ်။

သန်း   မှန်ပါ အမိန့်ရှိပါဘုရား။

နုပ်   ဒီ သုံးမျိုးကို နားထောင်ရင်းနဲ့ မိမိ ဘယ်ထဲမှာပါနေတယ်ဆိုတာကိုလဲ သေချာဆန်းစစ်ပေါ့။ အဲ့ဒီပုဂ္ဂိုလ်တွေက–

၁။ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကျောင်းသို့မပြတ်သွား၍ တရားနာ၏။ သို့သော် တရားနာနေစဉ် တရားတော်၏ အစ အလယ် အဆုံးသုံးပါးလုံးကို ကောင်းစွာနှလုံးမသွင်း။ ဥပမာ မှောက်ထားသောအိုးထဲသို့ လောင်းထည့်လိုက်သောရေသည် အိုး၌မတည်ဘဲ လျှောကျသွားသကဲ့သို့ ဖြစ်၏။ ဤပုဂ္ဂိုလ်သည် မှောက်ထားသည့်အိုးနှင့်တူသော ပညာရှိသူမည်၏။

၂။ အချို့သောပုဂ္ဂိုလ်သည် နာနေစဉ်၌သာလျှင် ကောင်းစွာ နှလုံးသွင်း၏။ တရားနာရာမှ ထသွားသော အခါ၌ကား ကောင်းစွာနှလုံးမသွင်း။ ဥပမာ ယောကျ်ားတစ်ယောက်၏ ခါးပိုက်ထဲ၌ ထည့်ထားသော စားဖွယ်တို့သည် ထိုယောကျ်ား အမှတ်တမဲ့ နေရာမှထလိုက်မိပါက ဖရိုဖရဲ ပြန့်ကျဲသွားကုန်သကဲ့သို့ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ခါးပိုက်နှင့်တူ

www.burmeseclassic.com

www.burmeseclassic.com



သော ပညာရှိသူမည်၏။

၃။ အချို့သော ပုဂ္ဂိုလ်သည်ကား တရားတော်ကို နာကြားနေစဉ်၌လည်းကောင်း၊ တရားနာရာမှ ထလာသောအခါ၌လည်းကောင်း နာကြားအပ်သော တရားတော်၏ အစ အလယ် အဆုံး သုံးပါးလုံးကို ကောင်းစွာနှလုံးသွင်း၏။ ဥပမာ လှန်ထားသောအိုးထဲသို့ သွန်းလောင်းအပ်သောရေသည် ဘေးသို့လျှောမကျဘဲ အိုးထဲ၌ ကောင်းစွာ တည်သကဲ့သို့ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ကြီးသော ပညာရှိသူဖြစ်၏။

ဒီသုံးမျိုးထဲမှာ လှန်ထားတဲ့အိုးနဲ့တူတဲ့ ပညာရှိမျိုးဖြစ်မှ တရားနာရကျိုးနပ်မယ်။ တရားရနိုင်တယ်။

**သန်း။** ဆရာတော့်ဆီမှာ လယ်တီဒီပနီတွေအားလုံးနီးပါးရှိတာပဲ။ လယ်တီဆရာတော်ကြီးကရော တရားနာရင် တရားရနိုင်ကြောင်း ရေးထားတာ တွေ့ဘူးသေးလားဘုရား။

**နုပ်** မင်းပြောမှ ပြန်အမှတ်ရတယ်။ ရေးဖူးတယ်ကွ။ ဝိပဿနာဒီပနီ စာမျက်နှာ ၅၆ မှာ ဘယ်လိုရေးထားလဲဆိုတော့ . . .

ဤဝိပဿနာအလုပ်သည် သမထအလုပ်ကဲ့သို့ ပလီဗောဓ ဆိတ်ငြိမ်ရာကြီးကိုရမှသာ ပြီးစီးနိုင်သည် မဟုတ်။ ပါရမီဉာဏ်သည်သာ ပဓါနတည်း။ ပါရမီဉာဏ် ရှိခဲ့ပါမူ တရားနာရင်းနှင့်ပင် ပေါက်ရောက်၍သွားတတ်၏။



ယရာဝါသကိစ္စအတွင်းမှာပင် ပေါက်ရောက်နိုင်၏။ အကြောင်းမူကား ဉာဏ်ရှိသူတို့မှာ ကိုယ်တွင်းကိုယ်ပြင်၊ အိမ်တွင်းအိမ်ပြင် ရွာတွင်းရွာပြင် တွေ့မြင်သမျှသည် အနိစ္စ ဉာဏ်ပွားစီးဖို့ချည်းသာတည်း . . . တဲ့။

**သန်း။** ဒီလိုသိထားရတော့ ဆရာတော်ပြောတာကို နားထောင်နေတဲ့ တပည့်တော်ရော၊ ဒီစာကို ဖတ်ရှုနေကြသူတွေရော ချက်ခြင်း တရားရတာ မရတာအပထား။ တရားအပေါ်ပိုအာရုံစိုက်ပြီး တရားနာရတာလဲ ပိုအားတက်တာပေါ့ဘုရား။

**နုပ်** ကိုင်း ဒါဆိုရင် မနေ့ကအဆက်ကလေးကို သွားကြရအောင်။ အခုခေတ်ဟာ နေယျပုဂ္ဂိုလ်တွေသာ ရှိတဲ့အတွက် သမထမပါတဲ့ သုဒ္ဓဝိပဿနာသာ သင့်တော်ကြောင်းကို နေတ္တိပါဠိတော်၊ ပေဋကောပဒေသပါဠိတော်နဲ့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဟောကြားချက်တို့ကို သက်သေထုတ်ပြခဲ့တယ်။ အခုတစ်ခါ လယ်တီဆရာတော်ဘုရားကြီးရဲ့ သက်သေကိုပါ ထုတ်ပြမယ်။

လယ်တီဆရာတော်ဘုရားကြီးက သောမနဿုပေက္ခာဒီပနီ စာမျက်နှာ ၆၁၊ ၆၂ မှာ အခုလို ရေးထားတယ်–

**ယခုခေတ်သည် သုက္ခဝိပဿကခေတ်**

အာဇီဝဋ္ဌမကသီလလုံခြုံလျှင် လူသီလ[illegible] ဖြစ်ပေပြီ။ သတိလွတ်သဖြင့် ပြုမိ၍ရှိပြန်လျှင် [illegible]အမှုကို နောင်ခါငါမပြုဟု တင်းတင်းကြပ်ကြပ် [illegible]ဓိဋ္ဌာန်လျှင်

www.burmeseclassic.com

www.burmeseclassic.com



လုံမြဲလုံပြန်၏။ သီလဝိသုဒ္ဓိဖြစ်၏။

စိတ္တဝိသုဒ္ဓိ (သမထ) မှာ တတ်နိုင်လျှင် အထူးကောင်း၏။ မတတ်နိုင်လျှင် နေရ၏။ ဉပစာရဘာဝနာ၊ အပ္ပနာ ဘာဝနာဟူသော စိတ္တဝိသုဒ္ဓိကို အသီးမလုပ်သော ယောဂီကို သုက္ခဝိပဿကယောဂီဟုခေါ်သည်။ သုဒ္ဓဝိပဿကယောဂီလည်းခေါ်၏။

မှတ်ချက်။ သုက္ခဝိပဿက= ဝိပဿနာသက်သက်ကိုသာရှုပွားခြင်း၊

သုဒ္ဓဝိပဿက = ဝိပဿနာသက်သက်ကိုရှုပွားသူ

ယခုကာလသည် သုက္ခဝိပဿကခေတ်တည်း၊ ထို့ကြောင့် သီလဝိသုဒ္ဓိနေရာကျလျှင် ဓါတုမနသိကာရကို ထူထောင်ရမည်။

ငါပြောချင်တဲ့အချက်အတွက် လိုအပ်တဲ့ အကိုးအကားက ဒီမှာတင်လုံလောက်ပါပြီ၊ ဒါပေမယ့် မင်းတို့ကို ဓါတ် ဉာဏ်ပရမတ်ဉာဏ်လေး အခြေခံရသွားအောင် နောက်လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာနီးပါးအချိန်က ရေးခဲ့တဲ့ ဆရာတော်ကြီးရဲ့ အရေးအသားတွေဟာ ဘယ်လောက်ခေတ်မီတယ် ရှင်းလင်းတယ်ဆိုတာ သိအောင် ဓါတုမနသိကာရထူထောင်ပုံကို ဆက်ဖတ်ပြမယ်။

ထူထောင်ပုံကား ဤကိုယ်၌ ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ ဟူ၍ ဓါတ်ကြီးလေးပါးရှိ၏။ မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ် လေဓါတ် ဟူ၍ ဓါတ်ကြီးလေးပါးရှိ၏။ မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်



လေဓါတ် ဟူ၍ ဓါတ်ကြီးလေးပါးရှိ၏ဆိုသော်လည်း ဤမြေသည် . . .

( ၁ ) လောကမြေ
( ၂ ) သုတ္တန်မြေ
( ၃ ) ပရမတ်မြေ

ဟူသုံးပါးရှိ၏၊ ထိုတွင် လူအများသိကြသော သိလာပထဝီ ပံသုပထဝီ ဤမြေနှစ်ပါးသည် လောကမြေမည်၏။ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်းစသော ပထဝီဓါတ် ၂၀ မြေသည် သုတ္တန်မြေမည်၏။ ဤမြေနှစ်ပါးကား အထည်ဒြပ်ထင်မြင်ရသော မြေမျိုးဖြစ်၍ ပရမတ်မြေမဟုတ်။

ပရမာဏုမြူ အဏုမြူမှုပင်သော်လည်း အထည်ဒြပ်ထင် မြင်လျက်ရှိခဲ့လျှင် ပရမတ်မြေကို ဉာဏ်မထိပညတ်သဏ္ဌာန်တွင် ဉာဏ်စိုက်၍နေတတ်၏။

အထည်ဒြပ်မဟုတ်သော ခက်မာမှုကြီးယာသက်သက်သည်သာ ပရမတ်မြေ အဘိဓမ္မာမြေ အစစ်တည်း။ လောကမြေ၊ သုတ္တန်မြေနှစ်ပါး၌ အနိစ္စလက္ခဏာရေး အစစ်မဝင်နိုင် ပရမတ်မြေအစစ်၌သာ အနိစ္စလက္ခဏာရေး အစစ်ဝင်နိုင်သည်။

အနိစ္စ လက္ခဏာရေး အစစ်ဆိုသည်ကား တစ်နာရီအတွင်းမှာပင် အခါများစွာ ပျက်မှု၊ ချုပ်မှု သေဆုံးမှု ကုန်ခန်းမှုတည်း။ အထည်ဒြပ်ပညတ်သဏ္ဌာန်ဖြစ်သော ဆံပင်မည်သည် တစ်နာရီအတွင်းမှာ ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကုန်ဆုံးမည်ဝေးစွ လူသေ၍မှ ဆံပင်မသေသေး။

သုသာန်မြေမှာပင် တထွေးလုံးလုံးနေသေး၏။ ဆံပင်၌ ခက်မာမှု ကြိယာတစ်မျိုးသည်ရှိ၏။ ထိုကြိယာသည်သာလျှင် ပရမတ်မြေအစစ်တည်း။ ဆံပင်၌ ထိုမြေဓါတ် အစစ်သည်မှုကား တစ်နာရီအတွင်းမှာပင် အခါများစွာ ပျက်၏၊ ချုပ်၏၊ သေ၏၊ ဆုံး၏၊ ကုန်၏၊ ခန်း၏၊ ကွယ်ပျောက်၏။

ပျက်ပုံ ထင်ရှားစေခြင်းငှာ ဉာဏ်ဖြင့် ဆံပင်ကို ခွဲ၍ကြည့်၊ မြေဓါတ်စစ်မပျက်ခဲ့လျှင် ကိုင်း၍ညွှတ်၍ပင်မရ။ ပကတိအတိုင်းတောင့်တင်းခိုင်မာ၍ ခံနေလတံ့၊ ကိုင်း၍ ညွှတ်၍ရခဲ့လျှင် ဆံပင်အတွင်း၌ နဂိုမြေဓါတ်တွေမြေ့မြေ့ ကြေပျောက်ပျက်ဆုံး၍ ကုန်ပြီဟု သိအပ်၏။

မြေဓါတ်သစ်တွေ အဆင့်ဆင့်ပြောင်းလဲ၍လာပြီဟု သိအပ်၏။ ဉာဏ်စိုက်မိခဲ့စွ၊ ပရမတ်မြေဓါတ်အစစ် မည်သည်ခက်မာမှု ကြိယာမျှကိုသာ ဆိုသောကြောင့် ဆံပင်ကိုခွဲရာ၌ ထိုဆံပင်အတွင်းမှာ ကြိယာအပြောင်းအလဲကိုဖြစ်အောင် ကြည့်ရသည်။

ကြိယာပြောင်းလဲမှုဆိုသည်ကား မာမှုကြိယာ အခြေအနေ တစ်မျိုးတစ်မျိုးပျက်၍ ပျက်၍ မာမှု ကြိယာ အသစ်အသစ် အဆင့်ဆင့်ဖြစ်ပေါ်၍သွားမှုကို ကြိယာပြောင်းလဲမှုဆိုသည်။ ကြိယာပြောင်းလဲမှု ထင်မြင်ခဲ့လျှင် ကြိယာဟောင်းပျက်ဆုံးမှုအဆင့်ဆင့်ကောန်ရှိ၏။



ပျက်စီးမှုမရှိခဲ့လျှင် ပြောင်းလဲမှုမရှိနိုင်။ ကြိယာဟောင်း ပျက်ဆုံးမှုအဆင့်ဆင့်တို့နှင့် ကြိယာအသစ်ဖြစ်ပေါ်မှု အဆင့်ဆင့်တို့၏ အကူးအကူး အကြားအကြားတို့၌ အာကာသဓါတ် အခြားအခြားကိုလည်း ဉာဏ်နှင့်မြင်အောင်ကြည့်။ အာကာသဓါတ်ကိုမြင်တတ်မှ သန္တတိ အစဉ်ပြတ်မည်။ ဤ၌ ကြိယာဟောင်းအဆင့်ဆင့် ကုန်ဆုံးပျောက်ကွယ်မှုကို အနိစ္စလက္ခဏာအစစ်ဆိုသည်။

ဤအနိစ္စကိုမြင်နိုင်မှ ဝိပဿနာအစစ်ဖြစ်၏။ ဓါတ်၏ပျက်ခြင်း၊ ဓါတ်၏ချုပ်ခြင်း၊ ဓါတ်၏သေခြင်း၊ ဓါတ်၏ ဆုံးခြင်း၊ ဓါတ်၏ကုန်ခန်းခြင်းကို အနိစ္စဆိုသည်။ မရဏအစစ်ပေတည်း။ ဤမရဏအစစ်ကိုမြင်မှ ဝိပဿနာ ဉာဏ်အစစ်ဖြစ်သည်တဲ့။ ကဲ မင်းနားလည်ရဲ့လား။

သန်း ခက်တယ်။ ဆရာတော် နည်းနည်းပဲ နားလည်တယ်၊ တစ်ခါတည်းနဲ့ ချက်ခြင်းနားလည်ဖို့တော့ မလွယ်ဘူး ထင်တယ် ဘုရား။

နုပ် အေးပေါ့ကွ လောကမှာရှိတဲ့ ပညာမှန်သမျှထဲမှာ ဒီပရမတ်ပညာဟာ အခက်ဆုံးပေါ့။ ဒီပရမတ်ပညာကြီး နားလည်သဘောပေါက်တာနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရကြတော့တာပဲ။ ဒီအပါတ်ကစပြီး ဆုံးတဲ့အထိ ဝိပဿနာရှုပွားရမယ့် ပရမတ်တရားတွေကို အကုန်သင်ပေးတော့မှာပဲ။

ဒီလိုသင်တဲ့အခါမှာ တချို့ နားမလည်တာနားမရှင်းတာပါလာရင် စိတ်မပျက်နဲ့။ ဆက်သာနား။ ကြာရင်

www.burmeseclassic.com

www.burmeseclassic.com



နားလည်လာမှာပဲ၊ မရှင်းလင်းတာကိုလဲ မေးပေါ့၊ ဒီပရမတ်တွေ ဓါတ်တွေကိုမှ သေချာမသိရင်လဲ ဝိပဿနာ မပွားတတ်တော့ဘူး။ မင်းတို့အရပ်ထဲမှာ ပြောပြောနေတဲ့ စကားတစ်ခွန်းရှိပါတယ်။ ဘာတဲ့။ ဝမရှိဘဲနဲ့ ဝိမလုပ်ချင်စမ်းပါနဲ့တဲ့ . . . ဟုတ်လား။

သန်း ဟုတ်တယ်ဘုရား။

နုပ် မင်းတို့တစ်တွေကတော့ ဒီစကားကို တခြားအဓိပ္ပါယ်ယူပြီးသုံးနေကြတာ။ ဒီစကားရဲ့ အဓိပ္ပါယ်အတည့်က ပရမတ်မသိရင် ဝိပဿနာမဖြစ်ဘူးလို့ပြောတာ။ အဓိပ္ပါယ် အပြည့်အစုံပါတဲ့ကဗျာလေးရှိတယ် နားထောင်ကြည့်။

ပရမတ်မသိ ဝမရှိ
ဝိလည်းမဖြစ်နိုင်။
ဝိမဖြစ်က အနတ္တ
မှချဉာဏ်မပိုင်။
ဉာဏ်မမြင်က သံသာရ
ဒုက္ခမဆုံးနိုင်
ဒုက္ခဆုံးရန် အလုပ်မှန်
ကျင့်ကြံဖွဲ့နိုင်နိုင် . . . တဲ့။

ဆိုလိုရင်းက ပရမတ်ရဲ့သဘောကို ကောင်းကောင်းမသိရင် ဝ ဝဏ္ဏာနလို့ခေါ်တဲ့ ပိုင်းခြားမှုမရှိနိုင်တော့ဘူး။ ဝလို့ခေါ်တဲ့ပိုင်းခြားနိုင်မှုမှ မရှိရင် ဝိလို့ခေါ်တဲ့ ဝိပဿနာလည်းမဖြစ်နိုင်တော့ဘူးလို့ ပြောတာပါပဲ။ ဒါ့ကြောင့် တောင်လေးလုံးဆရာတော်ကြီးက စတုဂီရိရှုဘွယ်ကျမ်း



တတိယတွဲစာမျက်နှာ ၂၁၈ မှာ ပရမတ်သဘော ဇောဝီထိရုပ်နာမ် ခန္ဓာတို့ကိုပိုင်းခြား၍ သိနိုင်မှသာလျှင် လက္ခဏာရေးသုံးပါးကို သဘော အဓိပ္ပါယ်ကျအောင် ဆင်ခြင်နိုင်မည်။ ထို့ကြောင့် ပရမတ်သင်မှ နားဝင်မည်။ ပရမတ်ကျမှ နားဝမည်လို့ ရေးသားတော်မူခဲ့တာပေါ့။

သန်း တပည့်တော်တို့ လူတွေသိထားတာက ဝိပဿနာလုပ်ချင်ရင် ဒီလိုဓါတ်တွေ ပရမတ်တွေကို သင်ဖို့နာဖို့မလိုဘူး။ ဆိတ်ငြိမ်ရာသွားပြီး မျက်စေ့မှိတ်ထိုင် အာနာပါန မှတ်နေလိုက်ရင် အချိန်ကျတာနဲ့ မဂ်ဖိုလ်ရမယ်ပဲထင်ကြတယ်ဘုရား။

နုပ် မင်းပြောသလိုသာဆိုရင် မဂ်ဉာဏ်ရဖို့အတွက် ဘုရားပွင့်စရာတောင်မလိုတော့ဘူး။ ပိဋကတ်သုံးပုံ၊ နိကယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) လည်း ဟောစရာမလိုတော့ ဘူးလို့ ဖြစ်နေတာပေါ့။ အခုခေတ်မှာ တရားထိုင်တာတော့ များကြပါရဲ့။ ဒါပေမယ့် မဂ်ဖိုလ်အရနည်းကြတာဟာ အဲဒီ ပရမတ်တရား ဓါတ်တရားကို နာကြားမှု အင်္ဂါတစ်ချက် လိုနေလို့ပဲ –

မင်းသေချာမှတ်ထားရမှာက ဆရာကောင်းဆီက တရားမနာဘဲနဲ့ ကိုယ့်ဘာသာကျင့်ပြီး ကိုယ့်ဘာသာ တရားရသွားတဲ့သူဟာ လောကမှာ နှစ်ယောက်တည်းပဲရှိတယ်။ အဲဒီနှစ်ယောက်ထဲမှာ ကိုယ်ပါနေရင်လဲ တရားနာစရာမလိုဘူးလို့ မှတ်ပေါ့ကွာ။

သန်း အဲဒီနှစ်ယောက်က ဘယ်သူလဲဘုရား။

www.burmeseclassic.com

www.burmeseclassic.com



**နုပ်** ပစ္စေကဗုဒ္ဓါနဲ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ပဲ။ သူတစ်ပါးထံက တရားမနာပဲ မဂ်ဖိုလ်ရတာ ဒီနှစ်ဦးပဲရှိတယ်။ ကျန်သူတွေအားလုံးဟာ သူတစ်ပါးထံက တရားနာရတာချည်းပဲ။ ဒါကြောင့် သောတာပန်တည်ဖို့ အင်္ဂါလေးချက်ထဲမှာ သူတော်ကောင်းတရားကို နာကြားခြင်းဆိုတဲ့အချက် ပါနေတာပေါ့။ ဒီလို သစ္စာတရားကို နာကြားခြင်းမရှိဘဲနဲ့ မိမိဘာသာ တစ်ယောက်တည်း ဘယ်လောက်ပင်ကျင့်ကျင့် တရားမရနိုင်ပါဘူး။

(၃၁) ဘုံထဲမှာ အရူပဗြဟ္မာဘုံဆိုတာ အမြင့်ဆုံးဘုံပေါ့။ နာမ်တရားပဲရှိတယ်။ ရုပ်တရားမရှိဘူး။ ရုပ်တရားမရှိတော့ နားအကြည်ဓါတ်မပါဘူး။ နားအကြည်ဓါတ်မပါတော့ တရားနာလို့မရဘူး။ တရားနာလို့မရတဲ့အတွက် အဲဒီ အရူပဗြဟ္မာဘုံမှာ သောတာပန်မတည်နိုင်ဘူးလို့ ဋီကာကျော်ကျမ်းမှာ ဖွင့်ပြထားတယ်။

**သန်း** သောတာပန်တည်ဖို့ အင်္ဂါလေးချက်ကို ပြောပြပါဦးဘုရား။

**နုပ်** ပြောပြီးပြီကွ။ ဆောင်းပါးအမှတ်(၇)မှာ ပြန်ရှာကြည့်။ အခု အရေးတကြီး ဆက်ပြောချင်တာက နေယျပုဂ္ဂိုလ်တွေ သစ္စာလေးပါးသိအောင် မဂ်ဖိုလ်ရအောင်ဘယ်လိုလုပ်ရမယ်ဆိုတာကို ဗုဒ္ဓဟောထားတဲ့အတိုင်း တိတိကျကျ ထုတ်ပြချင်တာပဲ။

**သန်း** မှန်ပါ။ ပြပါ. . . ဘုရား။

**နုပ်** ပုဂ္ဂလပညတ်ပါဠိတော် ၁၄၇ မှာ နေယျပုဂ္ဂိုလ်မဂ်ဖိုလ်ရစေမယ့် ကျင့်စဉ်ကို အခုလိုဟောထားတယ်။



ကတမော စ ပုဂ္ဂလော နေယျော။ ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော၊ ပရိပုစ္ဆတော၊ ယောနိသောမနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော ဧဝံ အနုပုဗ္ဗေ န ဓမ္မာဘိသမယော ဟောတိ အယံ ဝုစ္စတိ ပုဂ္ဂလော နေယျော။

နေယျော နေယျပုဂ္ဂိုလ်သည် ကတမော စ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်ပါနည်းဟူမူ

ဥဒ္ဒေသတော၊ ကမ္မဋ္ဌာန်းဆိုင်ရာ ပါဠိကိုသင်ယူလျှက် ပရိပုစ္ဆတော အနက်အဓိပ္ပါယ်ကို မေးမြန်းလျှက်။ ယောနိသော မနသိကရောတော သင့်လျော်စွာ နှလုံးသွင်းလျှက် ကလျာဏမိတ္တေ၊ ညွှန်ပြဆုံးမနိုင်သော မိတ်ဆွေကောင်း တို့ကို သေဝတော၊ မှီဝဲလျှက် ဘဇတော၊ ချဉ်းလျှက်။ပယိရုပါသတော၊ ဆည်းကပ်လျှက် ဧဝံ အနုပုဗ္ဗေ န။ ဤသို့သောအစဉ်ဖြင့် ယဿပုဂ္ဂလဿ အကြင်ပုဂ္ဂိုလ်၏ ဓမ္မာဘိသမယော သစ္စာလေးပါးတရားကို သိမြင်ခြင်းသည်။ ဟောတိ ဖြစ်၏။

အယံ ပုဂ္ဂလော ဤပုဂ္ဂိုလ်ကို နေယျော နေယျပုဂ္ဂိုလ် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

ကဲ ဒီပါဠိတော်ကို အဓိပ္ပါယ်ဖေါ်ကြည့်လိုက်တော့ မင်းတို့ ထင်သလို မဟုတ်တော့ဘူး။ နေယျပုဂ္ဂိုလ်ဟာ ဆရာဆီက ဆွေးနွေးမေးမြန်းသင်ယူခြင်းဖြင့်သာ မဂ်ဖိုလ်ရနိုင်တယ်လို့ ဟောထားတယ်။ ဒါကြောင့် နေယျပုဂ္ဂိုလ်များ မဂ်ဖိုလ်ရချင်ရင် တရားနာဖို့က ပထမ၊ တရားအားထုတ်ဖို့က ဒုတိယလို့ မှတ်ထားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



**သန်း** သဘောပေါက်ပါပြီဘုရား၊ အခု တပည့်တော်ကို တရားအားမထုတ်မီ ကြိုတင်သိထားရမယ့် အခြေခံအချက်တွေကို ဟောကြားပေးပါဘုရား။

**နုပ်** ဒါဆိုရင် မဂ်ဖိုလ်ရဖို့အတွက် လေ့ခါးသုံးထစ်အစဉ်အတိုင်း တက်ကြရမယ်။ ပထမလေ့ခါးက ဉာတပရိညာတဲ့၊ လောကမှာ တကယ်ရှိတဲ့ ပရမတ်တရားနဲ့ တကယ်မရှိတဲ့ ပညတ်တရားများကို ပြတ်ပြတ်သားသားသိသွားအောင်ဆရာဆီမှာ နာယူမှတ်သားနေတာကို ဉာတပရိညာလို့ခေါ်တယ်။

ပရမတ်တရား ရုပ်နမ်နှစ်ပါးဟာ နားချိန်အားချိန်မရှိဘဲ တရစပ်ဖြစ်ပျက်နေတာပါလားဆိုတာ သိပြီးသွားတာနဲ့ အချိန်ရသမျှ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဆင်ခြင်ပွားများနေတာကို တီရဏပရိညာလို့ခေါ်တယ်။ ရှုမှတ်ပွားများပါများလို့ ရင့်ကျက်ချိန်ရောက်တာနဲ့ ဆိုင်ရာမဂ်ကျလာပြီး ဆိုင်ရာကိလေသာကို ပယ်သတ်ပစ်လိုက်တာကိုတော့ ပဟာနပရိညာလို့ခေါ်တယ်။

ပရိညာသုံးပါးရှိတယ်ဆိုပေမယ့် ရုပ်တွေ နာမ်တွေ ဓါတ်တွေ ပရမတ်တွေသိသွားအောင် နာယူမှတ်သားရတဲ့ ဉာတပရိညာရယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမှတ်ပွားများရတဲ့ တီရဏပရိညာရယ်သာ တို့ကလုပ်ရမှာပါ။ ပဟာနပရိညာက တရားရဲ့အလုပ်ပါ၊ တို့အလုပ်မဟုတ်ပါဘူး နောက်အပါတ်မှ ပရမတ်နဲ့ ပညတ်ကို စခွဲကြမယ်။

* * * * *

## အခန်း (၁၇)

## ပရမတ်နှင့်ပညတ် = ရှိတရားနှင့် မရှိတရား

**နုပ်** ဝိပဿနာရှုပွားမယ့် ယောဂီဟာ လောကမှာ တကယ်ရှိတဲ့ တရားနဲ့ တကယ်မရှိတဲ့တရားကို အရင်ဆုံးခွဲခြားပြီး ဉာဏ်နဲ့သိထားရမယ်။ တကယ်ရှိတဲ့တရားက လေးမျိုးထဲပါ။ တကယ်မရှိတဲ့တရားက ကိုယ်ထင်သလို နာမည်မျိုးစုံလျှောက်တပ်ထားကြတော့ အမျိုးအမည်တွေများလိုက်တာ ရေတွက်လို့တောင်မရဘူး။ တကယ့်တရားကိုယ် တရားသားစစ်ကြည့်လိုက်ရင်တော့ ဘာမှရှာမတွေ့ရတော့ဘူး။

လောလောဆယ် ရှိတဲ့ပရမတ်တရားလေးပါးကို အရင် ပြမယ်။

သူတို့က စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ပါ။

စိတ် = အာရုံကိုသိတတ်တဲ့ သဘောတရားလုံး ရေအားဖြင့် အကျဉ်း ၈၉ပါး၊ အကျယ်

www.burmeseclassic.com

www.burmeseclassic.com



၁၂၁ ပါးရှိတယ်။

စေတသိက် = စိတ်၌ မှီဖြစ်တဲ့သဘောတရား လုံးရေ အားဖြင့် ၅၂ လုံး ရှိတယ်။

ရုပ် = ဖေါက်ပြန်တတ်တဲ့သဘောတရားရှိတယ်။ လုံးရေအားဖြင့် ၂၈ လုံးရှိတယ်။

နိဗ္ဗာန် = အိုနာသေကင်းသောအငြိမ်းဓါတ်။

ဒီလေးပါးဟာ တကယ့်အရှိတရားပဲ။ ဒီလေးပါးကလွဲပြီး ကျန်တဲ့ဟာမှန်သမျှဟာ တကယ်မရှိတဲ့ ပညတ်တရား လို့ချည်းမှတ်ထားလိုက်ပေါ့။ လူ၊ ခွေး၊ မြင်း၊ ဆင်၊ တောတောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ မြို့၊ ရွာ၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ စားပွဲ၊ ကုလားထိုင်၊ ဖွန်း၊ ခက်ရင်း စသောအားဖြင့် မဆုံးနိုင်တဲ့ နာမည်မှာသာ လမ်းဆုံးနေတဲ့အရာတွေဟာ တကယ်မရှိတဲ့ ပညတ် တရားတွေပဲ။ သုံးနှုန်းပြောဆိုနေတဲ့အရာဟာ တကယ် ရှာကြည့်တဲ့အခါ မတွေ့ရတော့တာကိုပဲ မရှိဘူးလို့ ဆိုတာ။ ဥပမာ တောဆိုတဲ့ ပညတ်တရားတကယ် ရှိ မရှိရှာကြည့်ရအောင်၊ သစ်ပင်ခြုံပုတ်တွေ ထူထပ်စွာ ပေါက်ရောက်နေတဲ့နေရာကို အလွယ်တကူ တောလို့ နာမည်တပ်လိုက်ကြတာပဲ။ အဲဒီတော့ တောထဲဝင်ပြီး တောကို တွေ့အောင်ရှာကြည့်ကြစို့။

တောထဲရောက်ပြီကွာ၊ ပထမဆုံးတွေ့တဲ့ သစ်ပင်ကြီးတစ်ပင်ကို ကိုင်ပြီး မင်းကိုမေးမယ်။ ဒါ တောလား။ သစ်ပင်လားဆိုရင် မင်းဘယ်လိုဖြေမလဲ။



သန်း သစ်ပင်လို့ဖြေမယ်။

နုပ် နောက်ထပ် ခြုံပုတ်ကြီးတွေ့တဲ့အခါမှာ ဒါတောလား ခြုံပုတ်လားလို့မေးရင် မင်းဘယ်လိုဖြေမလဲ။

သန်း ခြုံပုတ်လို့ပဲဖြေပါ့မယ်။

နုပ် နောက်တစ်ခါ မြက်ပင်ရှည်တွေ အများကြီးတွေ့ပြန်ပြီ ဒါတောလား မြက်ပင်လားလို့မေးရင် မင်းဘယ်လိုဖြေ မလဲ။

သန်း မြက်ပင်လို့ပဲဖြေမှာပါ။

နုပ် ကိုင်းကွာ။ တောလို့ သတ်မှတ်ထားတဲ့ ဧရိယာကြီး အတွင်းက သစ်ပင်တွေ ခြုံပုတ်တွေ၊ မြက်ပင်တွေ အကုန်လုံး မေးပြီးပြီးကွာ။ မင်းတို့ခေါ်နေတဲ့ တောဆို တဲ့နာမည်ပညတ်ကို တွေ့ရဲ့လား။

သန်း မတွေ့တော့ဘူး ဘုရား။

နုပ် အေး. . . အဲဒါ မရှိလို့မတွေ့တာဘဲ။ ဒါကြောင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်လေးပါးကလွဲပြီး ကျန်တာ ဘာမှမရှိတဲ့ ပညတ်တရားတွေလို့ ဗုဒ္ဓကဟောတော်မူ ခဲ့တာပေါ့။ ပိုရှင်းအောင် နောက်ထပ်တစ်ခုထပ်ရှာကြ ရအောင်။ သစ်ပင်ကွာ၊ မင်းတို့ ငါတို့ လောက အမြင်မှာတော့ သစ်ပင်ဆိုတာရှိတယ်ပေါ့ကွာ။ ပညတ်ပရမတ်ခွဲကြည့်လိုက်တော့ သစ်ပင်ဟာ ပရမတ် လေးပါးထဲမှာ မပါဘူး။ ပညတ်တရားထဲမှာပဲ ပါနေ တယ်။ ပညတ်တရားထဲမှာပါနေရင် မရှိတဲ့တရားဘဲ ဗုဒ္ဓအမြင်အရ သစ်ပင်ဆိုတာမရှိဘူး။ ပုထုဇဉ်တွေ

www.burmeseclassic.com

www.burmeseclassic.com



အမြင်အရ သစ်ပင်ဆိုတာရှိတယ်။

ဒီတော့ လက်တွေ့သစ်ပင်ရှာကြည့်ရအောင် ပထမဆုံး အမြစ်တွေကိုကိုင်ပြီး မေးမယ်ကွာ။ ဒါသစ်ပင်လား အမြစ်လားဆိုရင် မင်း ဘယ်လိုဖြေမလဲ။

**သန်း** အမြစ်လို့ဖြေမှာပါ။

**နုပ်** နောက်တစ်ခါ ပင်စည်ကြီးကို ကိုင်မေးမယ်ကွာ။ ဒါ ပင်စည်လား သစ်ပင်လားဆိုရင်. . .

**သန်း** ပင်စည်လို့ဖြေပါမယ်။

**နုပ်** သစ်ကိုင်းတွေ သစ်ရွက်တွေကိုကိုင်ပြီး ဒါသစ်ကိုင်း သစ်ရွက်လား၊ သစ်ပင်လားလို့မေးရင် မင်းဘယ်လိုဖြေမလဲ။

**သန်း** သစ်ကိုင်း သစ်ရွက်လို့ပဲဖြေမှာပါ။

**နုပ်** ကိုင်း. . . ကိုင်ပြပြီး မေးစရာ တစ်ခုမှမကျန်တော့ဘူး။ မင်းတို့ အများခေါ်နေကြတဲ့ သစ်ပင်ဆိုတာတွေ့ရဲ့လား။

**သန်း** မတွေ့ဘူးဘုရား။

**နုပ်** အေး. . . အဲဒါ မရှိလို့မတွေ့တာဘဲ။ ရှိရင် တွေ့ကိုတွေ့ရမယ်။ ဒါ့ကြောင့် ဗုဒ္ဓက ပညတ်တရားမှန်သမျှဟာ မရှိတဲ့တရားလို့ ဟောတာပေါ့။ အမြစ်ရယ်၊ ပင်စည်ရယ်၊ အကိုင်း၊ အရွက်ရယ် ဒါတွေအားလုံးပေါင်းထားတာကိုပဲ သစ်ပင်လို့ နာမည်တပ်လိုက်တာပါ။

နောက် မင်းကို လူလို့မခေါ်ဘူးလား။

**သန်း** ခေါ်ပါတယ်ဘုရား။

**နုပ်** လူဆိုတာဟာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်လေးပါးထဲမှာ မပါတဲ့အတွက် ပညတ်ပဲ။ ပညတ်ဆိုတာ မရှိတရားပဲ။ လူဟာမရှိဘူး။ ဒါက ပရမတ်လေးပါးကို ထောက်ဆပြီးသိတဲ့အတွက် စာသိလို့ခေါ်တယ်၊ အဲဒါကို ဝါသိဖြစ်အောင် မင်းခန္ဓာပေါ်မှာ လူရှာကြည့်ရမယ်။ မင်းခေါင်းကိုကိုင်ပြီး မေးကြည့်မယ် ဒါ. . . လူလား ခေါင်းလား။



**သန်း** ခေါင်းပါဘုရား။

**နုပ်** မင်းကိုယ်ကိုကိုင်ပြီးမေးမယ် ဒါလူလား ကိုယ်လား။

**သန်း** ကိုယ်ပါဘုရား။

**နုပ်** မင်းရဲ့ ခြေတွေလက်တွေကို ကိုင်ပြီးမေးမယ်။ ဒါလူလား ခြေလက်လား။

**သန်း** ခြေ၊ လက်ပါ။

**နုပ်** ကိုင်း. . . မင်းကိုယ်ပေါ်မှာ မေးစရာကုန်ပြီ လူတွေ့ရဲ့လား။

**သန်း** မတွေ့ဘူးဘုရား။

**နုပ်** အေး. . . အဲဒါ မရှိလို့မတွေ့တာဘဲ။ ဒီနည်းကိုမှီပြီး တွေ့သမျှ လျှောက်စစ်ကြည့်ပေါ့ကွာ။ ဘာမှရှာလို့ မတွေ့တော့ဘူးဆိုရင် မရှိတဲ့ပညတ်တရားလို့သာ မှတ်လိုက်ပေါ့။ ကဲ မရှိတဲ့ပညတ်အကြောင်းကို ပြောပြီးတော့ တကယ်ရှိတဲ့ ပရမတ်အကြောင်းကိုလည်း ပြောကြဦးစို့။ စိတ်ရှိပုံအကြောင်းက စပြောရအောင်။ ဆရာက စိတ်ဟာ အရှိတရားလို့ ပြောလိုက်လို့စိတ်ဟာ အရှိတရားပဲလို့ သာမန်သိတာဟာ စာသိပဲ။ တရားဆိုတာ အဲဒီစာသိကနေ ဝါသိထိအောင်သိမှ တရားရတယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်တယ်။

မင်းရှေ့မှာ ချထားတဲ့စာအုပ်ကို ကြည့်လိုက်စမ်း။ မြင်သလား။

**သန်း** မြင်တယ်ဘုရား။

**နုပ်** မြင်ရင် ဒါစာအုပ်ပဲလို့ သိမသွားဘူးလား။

**သန်း** သိသွားတယ်ဘုရား။

**နုပ်** အေး အဲဒါမြင်လိုက်တာနဲ့ သိသွားတဲ့အတွက် မြင်သိစိတ်လို့ခေါ်တယ်။ ဒီပြူတင်းပေါက်ကနေ လမ်းမကိုလှမ်းကြည့်စမ်း။ ဘာတွေမြင်သလဲ။

**သန်း** လူတွေသွားနေတာ မြင်တယ်ဘုရား။

**နုပ်** မြင်လိုက်တာနဲ့ ဒါလူတွေပဲလို့ သိမသွားဘူးလား။

**သန်း** သိသွားတယ်ဘုရား။

**နုပ်** အေး အဲဒါ ဘုရားဟောတဲ့ မြင်သိစိတ်ပဲ။ ပါဠိလို စက္ခုဝိညာဉ်စိတ်လို့ခေါ်တယ်။ ဒီတော့ မင်းဘာကိုပဲ မြင်မြင် မြင်လိုက်တာနဲ့ သိသွားတာပဲ၊ ဒီတော့ ဒီမြင်သိစိတ်ဟာ သူပြောလူပြောလား မိမိရဲ့ ကိုယ်တွေ့တရားလား။

**သန်း** မိမိရဲ့ ကိုယ်တွေ့တရားပါဘုရား။

**နုပ်** ဒီတော့ မင်းကိုယ်တိုင်ဘာကိုမြင်မြင် မြင်တိုင်းသိနေတာ ထောက်သောအားဖြင့် မြင်သိစိတ်ကို မရှိပါဘူးလို့ငြင်းလို့ ရပါ့မလား။

**သန်း** ငြင်းလို့မရပါဘူး ကိုယ်တွေ့ပါ။

**နုပ်** ဒီမြင်သိစိတ်တစ်လုံးကို အနတ္တပေါက်အောင်သိသွားရင်



မဂ်ဖိုလ်ရနိုင်တယ်ကွ၊ ဒါ့ကြောင့် ဒီမြင်သိစိတ်ကစပြီး ရှုပွားနည်း အလုပ်တရားပေးပြီလို့မှတ်ပေါ့၊ မြတ်စွာဘုရားတရားက ကောဓမ္မောပဲ။ အများကြီးသိမှမဟုတ်ဘဲ ရုပ်တစ်လုံး နာမ်တစ်လုံးကို သစ္စာလေးပါးဆိုက်အောင် သိသွားရင် မဂ်ဖိုလ်ကိစ္စပြီးတာပဲ။

ဒါပေမယ့် ဆရာကောင်းလိုတယ်။ အထူးသဖြင့် ဒီဝိပဿနာ ပညာဟာ ဆရာကောင်းတွေ့ဖို့ အင်မတန်အရေးကြီးတယ်။ ဆရာမပြနည်းမရတဲ့သူတွေ ဝိပဿနာပွားနေတာ နှစ်ပေါင်းသုံးလေးဆယ်ရှိပြီဖြစ်ပေမယ့် ဘာမှမရကြဘူး။ ဟော. . . ဆရာကောင်းတွေ့တဲ့သူကျတော့ သုံးလေးရက်နဲ့တင် တရားသိသွားတာတွေ အများကြီး ရှိတယ်။

ဒီလို ဆရာမျိုးကို မိတ်ဆွေကောင်းလို့လဲ ဗုဒ္ဓက သုံးနှုန်းတယ်။ အခါတစ်ပါး အရှင်အာနန္ဒာက မိတ်ဆွေကောင်း အမှီရရင် အကျိုးတစ်ဝက်ပြီးတယ်လို့ လျှောက်ထားတော့ ဗုဒ္ဓက အာနန္ဒာ နောက်ကို အဲဒီလို ဘယ်တော့မှမပြောနဲ့၊ မိတ်ဆွေကောင်းရရင် အကျိုးတစ်ဝက်မဟုတ်ဘူး။ အကျိုးအကုန်ပြီးတယ်၊ သင်တို့တစ်တွေဟာ ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကို အမှီရသည့်အတွက် မဂ်ဖိုလ်အကျိုးတွေ အကုန်ပြီးခဲ့ရတယ်မဟုတ်လားလို့ မိန့်ကြားတော်မူဖူးတယ်။ ဒါ့ကြောင့် ဗုဒ္ဓက ယတာဘူတ ဉာဏဿ သတ္တာ ပရိယေသိတဗ္ဗော အမှန်ကိုသိသော ဉာဏ်ကိုရဖို့အတွက် ဆရာကောင်းရှာရမယ်လို့ ဟော

www.burmeseclassic.com

www.burmeseclassic.com



တော်မူခဲ့တာပေါ့။ ကဲ. . . ဒီမြင်သိစိတ်ကလေးရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံကို ပြောကြရအောင်။ ဒီလိုတရားတွေ မလိုက်စားခင်တုန်းက မင်းစိတ်ထဲမှာ ဒီမြင်သိစိတ်ဟာ ငါ့မျက်စေ့ထဲမှာ အမြဲရှိနေတယ်လို့ပဲ ထင်တယ်။ နိစ္စ မြဲတယ်လို့ အယူမှားတာပေါ့။ ကိုယ်ကြည့်ချင်တာလေးကြည့်နေရရင် ချမ်းသာတယ်လို့ ထင်တယ်။ ဒါ့ကြောင့် ဗွီဒီယိုကို မိုးအလင်း လေးငါးကားကြည့်နိုင်တာပေါ့၊ ဒါဟာ ဒုက္ခကို သုခလို့အယူမှားတာပေါ့။ ပြီးတော့ ဒီမြင်သိစိတ်လေးဟာ ငါဖြစ်ချင်တိုင်းဖြစ်လို့ရတယ်။ ငါကြည့်ချင်တိုင်း ကြည့်လို့ရတယ်လို့ ထင်တယ်။ အနတ္တကို အတ္တ အစိုးရတယ် ငါပိုင်တယ်လို့ အယူမှားတာပေါ့။

ပုထုဇဉ်ဘဝကနေ သောတာပန်ဘဝကို မတက်နိုင်တာဟာ ဒီဗွီကိလေသာလေးက ကြားကခံနေလို့ပါ။ ပုထုဇဉ်က မြင်သိစိတ်ကို မြဲတယ်လို့အယူမှားတယ်၊ မိစ္ဆာဒိဋ္ဌိ သောတာပန်က မမြဲဘူးလို့ အမှန်အတိုင်းယူတယ်၊ သမ္မာဒိဋ္ဌိ၊ ပုထုဇဉ်က မြင်သိစိတ်ကို ချမ်းသာတယ်လို့ အယူမှားတယ်၊ မိစ္ဆာဒိဋ္ဌိ။ သောတာပန်က ဆင်းရဲတယ်လို့ အမှန်အတိုင်းယူတယ်၊ သမ္မာဒိဋ္ဌိ။

ပုထုဇဉ်ကမြင်သိစိတ်ကို အစိုးရတယ်၊ ငါပိုင်တယ် အနှစ်သာရရှိတယ်လို့ အယူမှားတယ်၊ မိစ္ဆာဒိဋ္ဌိ။ သောတာပန်ကအစိုးမရဘူး။ ငါမပိုင်ဘူး အနှစ်သာရမရှိဘူးလို့ အမှန်အတိုင်း ယူတယ်၊ သမ္မာဒိဋ္ဌိ။ ပုထုဇဉ်နဲ့ သောတာ



ပန်ဟာ ဒီနေရာလေးမှာပဲ အဓိကမတူကြတာ စီးပွားရှာတာ ကာမဂုဏ်ခံစားတာ၊ လူမှုရေးကိစ္စတွေလုပ်တာ ဒါတွေက အကုန်လုံးအတူတူပါပဲ။

ဒီတော့ ဝိပဿနာလုပ်တယ်ဆိုတာ သိပ်အထူးအဆန်းတပင်တပန်းအလုပ်ကြီးမဟုတ်ပါဘူး။ ရုပ်နာမ်နှစ်ပါးကိုမြဲတယ်လို့ အယူမှားရာကနေ မမြဲဘူးလို့ အယူမှန်ရောက်အောင် ဉာဏ်အမြင်တွေ ပြောင်းလဲလာဖို့ ကြိုးစားတာဟာ ဝိပဿနာလုပ်တာပါပဲ။

ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်နေရတာကို ချမ်းသာတယ်လို့ အယူမှားရာကနေ ဆင်းရဲတယ်လို့ အယူမှန်ရောက်အောင် ဉာဏ်အမြင်တွေ ပြောင်းလဲလာဖို့ ကြိုးစားတာဟာ ဝိပဿနာလုပ်တာပါပဲ။

ရုပ်နာမ်နှစ်ပါးဖြစ်ပျက်နေရတာကို အစိုးရတယ် ငါပိုင်တယ် အနှစ်သာရရှိတယ်လို့ အယူမှားရာကနေ အစိုးမရဘူး ငါမပိုင်ဘူး အနှစ်သာရမရှိဘူးလို့ အယူမှန်ရောက်အောင် ဉာဏ်အမြင်တွေ ပြောင်းလဲလာဖို့ ကြိုးစားတာဟာ ဝိပဿနာလုပ်တာပါပဲ။

ကဲ. . . အခု ပထမဆုံးမြင်သိစိတ်လေးကစပြီး အယူမှန်ရောက်ဖို့ ကြိုးစားကြရအောင်။ တကယ်တော့ ဒီမြင်သိစိတ်လေးဟာ အမြဲတမ်း ဖြစ်နေတာမဟုတ်ပါဘူး။ ကိုယ်ဖြစ်ချင်တိုင်းလဲ ဖြစ်လို့မရပါဘူး။ ဒီမြင်သိစိတ်လေး ဖြစ်နိုင်ဖို့အတွက် အကြောင်းလေးခုက အမြဲတမ်းထောက်ပံ့ပေးနေရပါတယ်။ ဒီလေးခုက . . .

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စက္ခုပသာဒ | = | မျက်စိအကြည်ရုပ် |
| ရူပါရုံ | = | အဆင်းရုပ် |
| အာလောက | = | အလင်းရောင် |
| မနသိကာရ | = | ကြည့်မယ်လို့နှလုံးသွင်းခြင်း |

တို့ပါပဲ။ စက္ခုပသာဒဆိုတာက မျက်နက်ဝန်းရဲ့ အလယ် သန်းဦးခေါင်းပမာဏလောက်ရှိတဲ့ နေရာလေးကို ပြောတာပါ။ အမြဲတမ်း ဖြစ်ပျက်နေတဲ့ ရုပ်တရားတစ်ခုပါပဲ။ ရူပါရုံဆိုတာကတော့ အဖြူ အပြာ အနီ အဝါကိုမှ ခေါ်တာမဟုတ်ပါဘူး။ မျက်စိနဲ့ကြည့်ရင် မြင်လို့ရတဲ့ အရာမှန်သမျှဟာ ရူပါရုံခေါ် အဆင်းရုပ်ပါပဲ။ မျက်စိအကြည်ရယ်၊ အဆင်းရုပ်ရယ် အလင်းရောင်ရယ် နှလုံးသွင်းရယ် ဒီအင်္ဂါလေးချက် တစ်ချက်ချက်ချို့ယွင်းသွားတာနဲ့ မြင်လို့မရတော့ပါဘူး။ မြင်သိစိတ်မဖြစ်နိုင်တော့ပါဘူး။ စာတွေ့ကနေ ငါတွေ့ကိုသွားကြရအောင်။ အခု လမ်းမှာသွားလာနေကြသူတွေကို မင်းလှမ်းကြည့်ရင် မြင်နေရတယ်။ မြင်ရမှာပေါ့။ ဒီအင်္ဂါလေးချက်က ထောက်ပံ့ပေးနေတာကိုး။

ကဲ. . . အဲဒီအင်္ဂါထဲက အာလောကလို့ခေါ်တဲ့ အလင်းရောင်ကို ဖယ်ထုတ်ကြည့်ရအောင် နေဝင်သွားပြီကွာ။ သို့မဟုတ် မိုးမှောင်ကြီးကျလာလို့နေကို မမြင်ရတော့ဘူးကွာ၊ အဓိကပြောချင်တာက နေရောင်မရှိတော့ဘူး မှောင်သွားပြီ။ ကျန်တဲ့ စက္ခုပသာဒ ရူပါရုံ နှလုံးသွင်း သုံးမျိုးလုံးရှိနေတယ်။ ဒါပေမယ့် လမ်းပေါ်က လူတွေကို



မင်းမြင်လို့ရသေးရဲ့လား။

**သန်း** မရတော့ဘူးဘုရား။

**နုပ်** ဒါဆိုရင် မင်းအရင်ကထင်ခဲ့သလို ငါကြည့်ချင်တိုင်း ကြည့်လို့ရတယ် ငါမြင်ချင်တိုင်း မြင်လို့ရတယ်ဆိုတာ ဟုတ်သေးရဲ့လား။

**သန်း** မဟုတ်တော့ပါဘူးဘုရား။

**နုပ်** နောက်တစ်ခါ ကြည့်မယ်လို့ နှလုံးသွင်းတဲ့ မနသိကာရ ကိုဖြုတ်ကြဦးစို့။ ကဲ မင်းမျက်စေ့ကလည်း လမ်းဘက် တော့ လှည့်ထားတယ်။ သွားလာနေတဲ့လူဆိုတဲ့ အဆင်း ရူပါရုံလည်းရှိနေတယ်၊ အလင်းရောင်လည်းရှိနေတယ်၊ ဒါပေမယ့် မင်းမှာ လမ်းပေါ်ကလူတွေကို လှမ်းကြည့် လိုက်ဦးမယ်ဆိုတဲ့ နှလုံးသွင်းတော့ မရှိဘူး။ တောင်တွေး၊ မြောက်တွေး လျှောက်တွေးပြီး အတွေး နယ်လွန်နေတယ်။ အဲဒါဆိုရင်ရော မင်း လမ်းပေါ်က လူတွေကို မြင်ပါဦးမလား။

**သန်း** မမြင်နိုင်ဘူး ဘုရား။ အတွေးလွန်နေတဲ့အခါဆိုရင် ကိုယ့် ရှေ့ကလူတွေ ဘယ်လောက်ဖြတ်သွားသွား မသိတော့ ဘူးဘုရား။

**နုပ်** ဒါဆိုရင် ဒီလေးချက်ထဲက မနသိကာရဆိုတဲ့ အင်္ဂါလေး တစ်ချက် လျော့သွားတာနဲ့ မင်းရဲ့မြင်သိစိတ်ဟာဖြစ် နိုင်သေးရဲ့လား။

**သန်း** မဖြစ်နိုင်တော့ဘူးဘုရား။

**နုပ်** ဒါဆိုရင် ဒီ မြင်သိစိတ်ဟာ ငါဖြစ်ချင်တိုင်း ဖြစ်လို့ရခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ထင်ခဲ့တာ ဟုတ်သေးရဲ့လား။

သန်း မဟုတ်တော့ဘူးဘုရား။

နုပ် ခုပြောခဲ့တဲ့နည်းကိုမှီပြီး မျက်စိအကြည်ရုပ်ကို ဖယ်လိုက်။ ကျန်သုံးခုနဲ့ မြင်သိစိတ်မဖြစ်နိုင်ပုံ၊ အဆင်းရူပါရုံကို ဖယ်လိုက်။ ကျန်သုံးခုနဲ့ မြင်သိစိတ် မဖြစ်နိုင်ပုံတွေကို ကိုယ့်ဖာသာ အကျယ်ချဲ့ပြီးတော့သိပါ။ ဒီလိုသိပြီးသွားရင် လက္ခဏာရေးသုံးပါးတင်ကြစို့။

တရားတစ်ခုဟာ လက္ခဏာရေးသုံးပါးတင်နိုင်မှ သစ္စာလေးပါးဝင်တယ်။ သစ္စာလေးပါးဝင်မှလည်း မဂ်ဖိုလ်ကိုရနိုင်တယ်။ ကဲ . . . စိတ်ထဲမှာ သဘောပေါက်တဲ့အတိုင်းဖြေပါ။ ဒီမြင်သိစိတ်ဟာ မင်းမျက်စေ့ထဲက စက္ခုပသာဒ အကြည်ရုပ်ရယ် ကြည့်စရာလူတွေဆိုတဲ့ အဆင်းရူပါရုံရယ် နှစ်ခုမတိုက်မိခင်က ကြိုဖြစ်နေသလား။ အရပ်စကားနဲ့ပြောရင် မြင်သိစိတ်ဟာ မင်းလူတွေကိုလှမ်းမကြည့်ခင်က ကြိုဖြစ်နေသလားလို့ မေးတာပဲ။

သန်း ဒီလိုတော့ ကြိုမဖြစ်နိုင်ဘူးဘုရား။

နုပ် ဒီလိုစစ်ကြည့်လိုက်တော့ မြင်သိစိတ်ဟာ အမြဲဖြစ်နေတာမဟုတ်ဘဲ မျက်စိအကြည်နဲ့ အဆင်းရုပ်နဲ့တိုက်ဆိုင်တဲ့အချိန်လေး ခဏပေါ်လာတဲ့ ညှို့သည်စိတ်ကလေးပဲလို့ သိမသွားဘူးလား။

သန်း သိသွားပါတယ်ဘုရား။

နုပ် ဒါဆိုရင် ဒီမြင်သိစိတ်ကို မြဲတဲ့တရားလို့ခေါ်မလား။ မမြဲတဲ့တရားလို့ခေါ်မလား။



သန်း မမြဲတဲ့တရားလို့ခေါ်ရမှာပါ။

နုပ် ဒါဆိုရင် အနိစ္စပေါ့။ တစ်ဖန် ဒီမြင်သိစိတ်လေးဟာဖြစ်ပြီးပြီးခြင်း တန်းပျက်သွားတာပဲ၊ ဘယ်သောအခါမှ ပြန်ပေါ်မလာတော့ဘူး။ အဲဒါကိုပဲ ခယတ္တေန၊ ကုန်ခမ်းတတ်သော အနက်သဘောကြောင့်။

ဝယတ္တေန၊ ပျက်စီးတတ်သောအနက်သဘောကြောင့် အနိစ္စ၊ အမြဲမရှိလို့ ဗုဒ္ဓကဟောတော်မူတာ။ ဒီမြင်သိစိတ်ဟာ မျက်တောင်တစ်ခတ်အတွင်းမှာပဲ ကုဋေတစ်သိန်းချုပ်ပျက်သွားတယ်။ နောက်ဆက်မြင်နေတဲ့ မြင်သိစိတ်က နောက်ထပ်ဖြစ်တဲ့ မြင်သိစိတ်တွေပဲ။ ပျက်သွားတဲ့မြင်သိစိတ်ကတော့ ဘယ်သောအခါမှ ပြန်ပေါ်မလာတော့ပါဘူး။ ဒီသဘောလေးကို ဉာဏ်နဲ့သိပြီး ဘာကိုမြင်မြင်မြင်တိုင်း မြင်တိုင်း မြင်သိစိတ် အနိစ္စလို့ ရှုပွားရင်ဝိပဿနာဖြစ်ပါပြီ။ ဒုက္ခသဘောကိုသွားရအောင် စာမှာပြထားတာက ဘယတ္တေန၊ ပီဠနတ္တေနဒုက္ခာတဲ့ အဓိပ္ပါယ်က ကြောက်စရာသဘော နှိပ်စက်တတ်သောသဘောကြောင့် ဒုက္ခတဲ့။

ဒီနေရာမှာနှိပ်စက်တဲ့သဘောလောက်သိရင် လုံလောက်ပါပြီ။ ဒုက္ခက သုံးမျိုးရှိတယ်။ ဒုက္ခ ဒုက္ခ၊ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခတို့ပဲ။ ဒုက္ခနှိ ခန္ဓပဉ္စကံ ဆိုတဲ့ဒေသနာအတိုင်း ဒီခန္ဓာငါးပါးကိုက ဒုက္ခတုံး ဒုက္ခခဲကြီးပဲ။ ဒီဒုက္ခကောင်ခန္ဓာကြီးကို ကြာကြာဖိထိုင်လို့ ရတာဟာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဒုက္ခတစ်ခုပေါ်တာပဲ။ အဲဒါကို ဒုက္ခ ဒုက္ခလို့ခေါ်တယ်။ ရောဂါခံစားရလို့ နာတာ၊ ခလုပ်တိုက်လို့နာတာ။ အဲဒါတွေအားလုံးဟာ ဒုက္ခခန္ဓာပေါ်မှာ နောက်ဒုက္ခတစ်ခု ထပ်ဖြစ်တာမို့ ဒုက္ခ ဒုက္ခလို့ခေါ်ရတာပါ။

ဒီဒုက္ခ ဒုက္ခမျိုးကတော့ ဘာသာခြားတွေတောင် သိနိုင်တယ်။ ဒီဒုက္ခကိုသိခြင်းအားဖြင့် သံဝေဂဉာဏ်လောက်ပဲဖြစ်မယ်။ ဝိပဿနာဉာဏ်လည်းမဖြစ်နိုင်ဘူး။ မဂ်ဉာဏ်လည်းမဖြစ်နိုင်ဘူး။ နောက်ဖြစ်တဲ့သင်္ခါရဒုက္ခနဲ့ ဝိပရိဏာမဒုက္ခကိုသိမှ တကယ့်ဒုက္ခသစ္စာကိုသိတာပဲ။

ဒုက္ခဒုက္ခကို သိတာဟာ သညာနဲ့သိတာ ဒါ့ကြောင့် မဂ်ဖိုလ်ကို မရနိုင်တာ။ သင်္ခါရဒုက္ခနဲ့ ဝိပရိဏာမဒုက္ခတို့ကတော့ သညာနဲ့ကို သိလို့မရဘူး ဝိပဿနာပညာနဲ့မှပဲ သိလို့ရတယ်။ ဒါ့ကြောင့် မဂ်ဖိုလ်ကိုရနိုင်တာ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားတွေက ဒီရုပ်နာမ်တွေဖြစ်အောင်လုပ်ပေးရတယ်။ ဘာအတွက်ဖြစ်အောင်လုပ်ပေးနေတာလဲဆိုတော့ ပျက်ဖို့အတွက် ဖြစ်အောင်လုပ်ပေးနေတာတဲ့၊ ကြည့်စမ်း တရားသဘောဟာ ဘယ်လောက်နက်နဲသလဲ။ ပျက်ဖို့အတွက် ဖြစ်အောင်လုပ်ပေးနေတာ အဲဒါ သင်္ခါရဒုက္ခပဲ။

အဖြစ်သဘောကနေ အပျက်သဘောကိုပြောင်းလဲသွားတာ ဝိပရိဏာမဒုက္ခပဲ။ ဒီထက်ရှင်းအောင်ပြောရရင် ဖြစ်ပြီးပျက်သွားတာဟာ ဝိပရိဏာမဒုက္ခပဲ၊ ဒီမြင်သိစိတ်လေးပျက်သွားတဲ့အခါမှာ ကိုယ့်အတွက် ဘာမှ



ကျန်တာမဟုတ်ဘူးနော်။ အကုန်ကိုပျက်သွားတာ။ ဒီလိုဖြစ်ပြီးတော့ ပျက်တာကို ဆင်းရဲလို့ခေါ်မလား ချမ်းသာလို့ခေါ်မလား။

**သန်း** ချမ်းသာလို့တော့ မခေါ်နိုင်ပါဘူးဘုရား။ ဆင်းရဲလို့ပဲခေါ်ရမှာပါ။

**နုပ်** အေး မြင်သိစိတ်လေးဖြစ်ပြီးတော့ ပျက်သွားတာကို ဆင်းရဲလို့ အခုလို ဉာဏ်နဲ့သိလိုက်မှ ဒုက္ခသစ္စာကိုသိတယ်လို့ခေါ်တယ်။ မြင်သိစိတ်ဖြစ်ရတာကို ဒုက္ခလို့သေချာသိမှ နောက်ထပ် မြင်သိစိတ်မဖြစ်ချင်တော့မှာ။ မြင်သိစိတ်မဖြစ်ချင်တော့ဘူးဆိုရင် မြင်သိစိတ်ဖြစ်အောင်လုပ်ပေးတဲ့ စက္ခုပသာဒတို့ ရူပါရုံတို့လို ရုပ်တွေလည်း မဖြစ်ချင်တော့ဘူးဆိုတဲ့ သဘောဟာ တစ်ခါတည်းပါသွားတယ်။ ဒီတော့ မြင်သိစိတ်ကို ဆင်းရဲ (ဒုက္ခ) လို့သိလိုက်တာနဲ့ ရုပ်နာမ်နှစ်ပါးလုံးကို ဒုက္ခလို့သိလိုက်တာပဲ။ ဒီရုပ်နာမ်ကို ဒုက္ခလို့သိသခိုက်အချိန်မှာ လိုချင်စိတ်လည်းမရှိတော့ဘူး။ ရုပ်နာမ်ဖြစ်တာကို မလိုချင်တော့ဘူးဆိုကတည်းက ရုပ်နာမ်ဖြစ်ပျက်ကင်းရာ နိဗ္ဗာန်နဲ့ အရင်ကနဲ့စာရင် အများကြီး နီးလာပြီလို့ဆိုနိုင်တယ်။

မြင်စိတ်တွေဖြစ်ပြီးတော့ ပျက်ရတာကို ဆင်းရဲလို့ လက်ခံနိုင်ဖို့အတွက် လောကီဉပမာတစ်ခု ထပ်ပေးချင်တယ်။ မင်းတို့က လူငယ်တွေဆိုတော့ လောကီဉပမာနဲ့မှ သဘောပေါက်မယ်။ ဉပမာ မင်းကို စိတ်ဒုက္ခရောက်စေချင်တဲ့ တန်ခိုးရှင်တစ်ယောက်က မင်းမြင်သာတဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ငါးကျပ်သားလောက်ရှိတဲ့ ရွှေတုံးတစ်တုံးချ ထားမယ်။ မင်းက ရွှေကိုမြင်တာနဲ့ ဝမ်းသာအားရပြေး ယူမယ်။

ဒါပေမယ့် မင်းလက်ထဲရောက်တာနဲ့ ရွှေကိုဖျောက်ပစ် လိုက်တယ်။ တစ်ခါတခြားနေရာမှာ ရွှေတုံးကိုချပြန်တယ်။ မင်းက ပြေးယူပြန်တယ်။ လက်ထဲရောက်တာနဲ့ပျောက် သွားပြန်တယ်။ အဲဒီလိုဖြစ်အောင် အကြိမ်ပေါင်းများစွာ အလုပ်ခံနေရမယ်ဆိုရင် မင်းစိတ်ထဲမှာ ဆင်းရဲမလား ချမ်းသာမလား။

သန်း ဒီလိုသာ အကြာကြီးဖြစ်နေရင်တော့ ရူးသွားလောက် အောင်ကို စိတ်ဆင်းရဲမယ်ထင်ပါတယ်ဘုရား။

နုပ် အေး. . . အခုလဲ ရုပ်နာမ်ရဲ့အဖြစ်အပျက်ဒုက္ခကို မသိမြင် တဲ့အဝိဇ္ဇာ၊ ရုပ်နာမ်ကိုလိုချင်တဲ့တဏှာ၊ ရုပ်နာမ်ရအောင် အားထုတ်ခဲ့တဲ့ လောကီကုသိုလ်နဲ့ အကုသိုလ်ဆိုတဲ့ စေတနာ ဒီတန်ခိုးရှင်ကြီးတွေက ရုပ်နာမ်တွေကို ဖန် ဆင်းပြတယ်။ အန္ဓပုထုဇဉ်တွေက အခိုင်အမြဲရမယ် ထင်ပြီး လိုက်သိမ်းပိုက်တယ်။

တကယ်တော့ ရုပ်နာမ်တွေကတစ်စက္ကန့်တောင် မတည် ပဲပျက်သွားတယ်။ ဒါဆိုရင် သူ့ဖာသာဖြစ်ပြီး သူ့ဖာသာ ပျက်သွားတဲ့ မြင်သိစိတ်ဟာ ဆင်းရဲဒုက္ခအစစ်ပဲလို့ မြင် နိုင်ပြီလား။

သန်း မြင်နိုင်ပါပြီဘုရား။

နုပ် အေး ဒါဆိုရင် နောက်အပါတ်ကျမှ ဝေဒနာသုံးမျိုးလုံး



လက္ခဏာရေးသုံးပါးနဲ့ စစ်ရင် ဒုက္ခသာဖြစ်ပုံအကြောင်း နဲ့ အနတ္တအကြောင်းကို ဆက်ရအောင်။

ဝိပဿနာမှုမည်သည် ဉာဏ်ပညာမှုဖြစ်၏။ ဉာဏ်ပညာ အဟုတ်အဟတ် ထိုးထွင်းပေါက်ရောက်အောင် ထင်နိုင် မြင်နိုင်ပေလျှင် ကိစ္စပြီး၏။ ထို့ကြောင့် ဉာဏ်ပညာထက် သန်သော ပုဂ္ဂိုလ်တို့မှာ ထိုကာယဂတာသတိ (အာနာပါန နှင့် လျောင်းထိုင် ရပ်သွား ဣရိယာပုတ်ကို ရှုမှတ်မှု) ပွားများမှုကို အထူးအားမထုတ်သော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကောင်းကောင်းထင်မြင်၍သွားလျှင် ပြီးစီးပါ၏။ (လယ်တီဒီပနီပေါင်းချုပ် ဒုတိယတွဲ အနတ္တဒီပနီ စာမျက် နှာ ၄၅၅)

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

## သစ္စာလေးပါးဝင်သောမြင်သိစိတ်

ယထာဘူတဉာဏ်ဖြစ်ခြင်းသည် အရုဏ်တက်သည်နှင့် တူပြီ၊ ကာလမမြင့်မီ သူရိယမည်သော နေဝန်းတက်ထွန်း ပေါ်လာဘိသကဲ့သို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရတော့မည်။ သင့်အား နီးလှပြီ၊ သတိရှိလှစေ။

*(တောင်လေးလုံးဆရာတော်*
*စတုဂီရိဗွဘယ်ကျမ်း ၀– စာမျက်နှာ ၃၅၄)*

နုပ် ဝေဒနာသုံးမျိုးလုံး လက္ခဏာရေးသုံးပါးနဲ့စစ်ကြည့်လိုက်ရင် ဒုက္ခလက္ခဏာသာဖြစ်ပုံအကြောင်းကိုဆက်ပြောကြရအောင်၊ အန္ဓပုထုဇဉ်တွေဆိုတာက မကောင်းတဲ့ ဒုက္ခဝေဒနာခံစားရမှသာ ဒုက္ခလို့ထင်တာ။ ကောင်းတဲ့ကြိုက်



တဲ့ သုခဝေဒနာလေး ခံစားနေရရင်တော့ ဒုက္ခလို့မထင်နိုင်ကြဘူး။

အမှန်ကတော့ သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသုံးပါးလုံးဟာ ဒုက္ခလက္ခဏာချည်းပဲ။

ဘာဖြစ်လို့လဲဆိုတော့ ဖြစ်ပြီးတော့ ပျက်ရတဲ့သဘောရှိနေလို့ပဲ။ ကောင်းတဲ့သုခဝေဒနာလည်း ဖြစ်ပြီးတော့ ပျက်ရတာပဲ။ မကောင်းတဲ့ ဒုက္ခဝေဒနာလည်း ဖြစ်ပြီးတော့ပျက်ရတာပဲ။ ကောင်း မကောင်း မထင်ရှားတဲ့ ဥပေက္ခာဝေဒနာလည်း ဖြစ်ပြီးတော့ပျက်ရတာပဲ။ အဲဒီလို ဖြစ်ပြီးတော့ပျက်သွားတဲ့ ဒုက္ခကိုမြင်မှ သိမှ တကယ့် မဂ်ဖိုလ်ရမယ့်ဒုက္ခကို မြင်တယ်သိတယ်လို့ခေါ်တယ်။

ဆရာနည်းကောင်းမရရှာတော့ တစ်ချို့ယောဂီများဟာ ဒုက္ခဝေဒနာလေးပေါ်လာအောင် မနည်းလုပ်ယူပြီးတော့ ရှုရတယ်။ ကြာကြာဖိထိုင်တော့ နာလာတာပေါ့။ နာလာမှ ဝေဒနာပေါ်မယ်။ အဲဒီပေါ်လာတဲ့ ဒုက္ခဝေဒနာကိုမှ အဖြစ်အပျက်ရှုရတယ်လို့ ထင်နေကြတာကိုး။

သန်း တပည့်တော် သုံးလကျော်လောက် အားထုတ်ခဲ့တာတောင် အဲဒီလိုထင်ပြီး အားထုတ်ခဲ့တာပဲဘုရား။

နုပ် မင်းကမှ သုံးလထဲတော်သေးတယ်။ ငါ့မှာက ဆယ်နှစ်လောက်ကြာသွားတယ်၊ ဒါ့ကြောင့် ဝိပဿနာဟာ ဆရာကောင်း သိပ်အရေးကြီးတယ်လို့ပြောတာ။ တကယ်တော့ ကောင်းတဲ့ဝေဒနာ ဖြစ်ပျက်ရှုလည်း မဂ်ဖိုလ်ရတာပဲ၊ မကောင်းတဲ့ဝေဒနာ ဖြစ်ပျက်ရှုလည်း မဂ်ဖိုလ်

www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ။ ကောင်းမကောင်း မထင်ရှားတဲ့ ဥပေက္ခာဝေဒနာ ဖြစ်ပျက်ရှုလည်း မဂ်ဖိုလ်ရတာပဲ။

ဒီတော့ ကိုယ့်ခန္ဓာမှာ ဘယ်ဝေဒနာ ပေါ်ပေါ် ပျက်သွားတယ်ဆိုတာ ဉာဏ်နဲ့သိပေးရင် ဝိပဿနာဖြစ်တာပါပဲ။ ဒီတော့ ဒုက္ခဝေဒနာကိုမှ တရားရှုမယ်ဆိုရင် ဒုက္ခဝေဒနာဖြစ်လာအောင် အနည်းဆုံး နာရီဝက်ကျော်ကျော်လောက် ထိုင်ရမယ်။ ဒီလိုစောင့်နေတော့ ဒုက္ခဝေဒနာမပေါ်ခင် နာရီဝက်လောက်အတွင်းမှာ ဖြစ်နေတဲ့ သုခဝေဒနာအတွက် တရားမရှုရဘဲ အလကားဖြစ်သွားတာပေါ့။

တစ်ချို့က ဝိပဿနာကို လောကီစီးပွားရေးအလုပ်တွေလို ဉာဏ်မပါဘဲ ဝီရိယတစ်ခုထဲ အားကိုးပြီး ကြိုးရုန်းလုပ်ရင် ရမယ်လို့ထင်နေကြတယ်၊ ဉာဏ်ပညာမပါရင် မဂ်ဖိုလ်ကို ဘယ်လိုမှမရနိုင်ဘူး။ ဝိပဿနာတရားမှာ ဉာဏ်ပညာကခေါင်းဆောင်ပဲ။ ဝီရိယတို့ သတိတို့ သမာဓိတို့က နောက်လိုက်ပဲ။ ပဒပရမလို့ခေါ်တဲ့ ဒွိဟိတ်ပုဂ္ဂိုလ်တွေ ဒီဘဝမှာ မဂ်ဖိုလ်မရတာဟာ ဉာဏ်ပညာမရှိလို့ပါ။ ဝီရိယ သတိ သမာဓိမရှိလို့မဟုတ်ပါဘူး။ ဒါကြောင့် မိုးညှင်းတောရဆရာတော်ဘုရားကြီးက. . .

အလုပ်မပြီး
အသိပြီးမှ
အမှားလည်းပျောက်
နိဗ္ဗာန်ရောက်၏။



လို့သတိပေးတော်မူခဲ့တာပေါ့။

သန်း မြင်သိစိတ်ကို အနတ္တတင်ပုံနဲ့ သစ္စာလေးပါးဝင်ပုံကို ဆက်ပါဦး ဆရာတော်။

နုဝ် ဒီမြင်သိစိတ်ဟာ မျက်စိရယ်၊ အဆင်းရယ်၊ အလင်းရောင်ရယ်၊ နှလုံးသွင်းရယ် ဒီလေးခုလုပ်ပေးမှဖြစ်တယ်။ ဒီလေးခု တစ်ခုခုချို့ယွင်းတာနဲ့ မြင်သိစိတ်မဖြစ်နိုင်တော့ဘူးလို့ သိသွားတာဟာ မိမိအလိုကို မလိုက်ဘူးဆိုတဲ့ အနတ္တသဘောကို သိသွားတာပါပဲ။ စာမှာက အဝသဝတ္တနတ္တေနအနတ္တာ=မိမိအလိုသို့မလိုက်သောကြောင့် အနတ္တ ဒီလိုဖွင့်တယ်။

ဒုတိယတစ်ချက်ဆက်ဖွင့်တာက အနိဿရတ္တေနအနတ္တာတဲ့ အစိုးတရ ပိုင်ဆိုင်မှုမရှိသောကြောင့် အနတ္တလို့ဟောထားတယ်၊ အတ္တဆိုရင် အစိုးရရမယ်။ ပိုင်ဆိုင်ရမယ်။ အမိန့်ပေးခိုင်းစေနိုင်ရမယ်။

ပဒေသရာဇ် ဘုရင်တစ်ပါးဟာ သူ့နိုင်ငံကို သူပိုင်တယ်။ သူအစိုးရတယ်။ ဒါ့ကြောင့် သူသိမ်းချင်တဲ့အရာကို သိမ်းနိုင်တယ်။ သူသတ်ချင်တဲ့လူကို သတ်နိုင်တယ်။ အဲဒါကို အတ္တအစိုးရတယ်လို့ခေါ်တယ်။ ကဲ. . . အခု ဒီမြင်သိစိတ်ကလေးကို မင်းက အစိုးတရပိုင်ဆိုင်မှုရှိ မရှိ စစ်ကြည့်ရအောင်။

မျက်စိ အဆင်း အလင်းရောင် နှလုံးသွင်း ဒီအင်္ဂါလေးချက်ညီလိုက်တာနဲ့ မြင်သိစိတ်ဖြစ်လာတယ်။ ဒီအင်္ဂါလေးချက်နဲ့ ညီနေတဲ့အချိန်မှာ မြင်သိစိတ် မဖြစ်စေနဲ့လို့

www.burmeseclassic.com

www.burmeseclassic.com



မင်း တားထားလို့ရသလား။

**သန်း** မရဘူးဘုရား။

**နုပ်** အေး. . . အဲဒါ အတ္တမဟုတ်လို့ မင်းမပိုင်လို့ပဲ။ အတ္တဟုတ်ရင် မင်းပိုင်ရင် မြင်စိတ်မဖြစ်နဲ့လို့ အမိန့်ပေးလို့ရရမယ်။ ဒီလိုသိလိုက်တော့ ဩော်. . . မြင်သိစိတ်ဆိုတာ အကြောင်းလေးပါးကြောင့်ဖြစ်လာတဲ့ အကျိုးတရားပဲ။ ငါမဟုတ်ပါလား။ ငါနဲ့မဆိုင်ပါလား။ ငါမပိုင်ပါလားဆိုတဲ့ အနတ္တကို လူပြောသူပြောမဟုတ်ဘဲ တကယ်သဘောပေါက်သွားတာပေါ့။

အနတ္တကိုနောက်ဆုံးတစ်ချက် ဗုဒ္ဓဖွင့်ပြတာက အသာရကတွေ့န ခိုင်မြဲသောအနှစ်သာရ ဘာမျှမရှိသောအနက်သဘောကြောင့် အနတ္တတဲ့၊ အနတ္တဟာ နှစ်ပုဒ်တွဲထားတာ။ နတစ်ပုဒ်၊ အတ္တတစ်ပုဒ်၊ အတ္တကကိုယ်လည်းဟောတယ်။ ငါကောင်လို့လည်းသုံးကြတယ်။ န က မရှိဘူးတဲ့။ တကယ်ရှိနေရမှာက န အတ္တပဲ။ သဒ္ဒါနည်းအရ နနဲ့အနဲ့ ရှေ့နောက်ပြန်ပြီး အနတ္တလို့ဖြစ်နေတာ။ နှစ်ပုဒ်ပေါင်းပြီး အနက်ဖေါ်လိုက်တော့ ကိုယ်မရှိဘူး။ အတ္တခေါ် ငါကောင်မရှိဘူးလို့ ဖြစ်သွားတယ်။ အနတ္တအကြောင်းကို သိချင်ရင် အတ္တအကြောင်းကို အရင်သိအောင်လုပ်ရမယ်။

အတ္တအမျိုးမျိုးကို တိတ္ထိဆရာကြီးခြောက်ဦးက ဘုရားမပွင့်မီ အစောကြီးကတည်းက ကြုံဟောထားကြတယ်။ သူတို့ဟောတဲ့ အတ္တတွေက . . .



ကာရကအတ္တ=ပြုလုပ်ပြောဆိုကြံစည်တတ်တဲ့အ ကောင်လေးရှိသတဲ့

ဝေဒကအတ္တ=အာရုံကိုခံစားတတ်တဲ့အကောင်လေးရှိသတဲ့

သယံဝသီအတ္တ=မိမိအလိုလိုက်တဲ့ အကောင်လေးရှိသတဲ့။

နိဝသီအတ္တ= ရုပ်ခန္ဓာပျက်သော်လည်း မပျက်စီးဘဲနဲ့ တည်နေတဲ့ အတ္တကောင်လေးရှိသတဲ့။ ဒီအကောင်လေးတွေဟာ ဘယ်တော့မှမပျက်စီးဘဲ အမြဲတည်နေတယ်လို့ ဟောကြားကြတယ်။ ဒါတွေခြုံပြီးလိုရင်းအဓိပ္ပါယ်ဖေါ်လိုက်တော့. . .

**အတ္တဆိုတာကိုယ်**

**ကိုယ်ဆိုတာအနှစ်သာရ**

**အနှစ်သာရဆိုတာခိုင်မြဲခြင်း**

ဆိုတဲ့ အဓိပ္ပါယ်ထွက်လာတယ်၊ ဒီတော့ ခိုင်မြဲသောအနှစ်သာရရှိတဲ့ ကိုယ်ကို အတ္တလို့ခေါ်တာပါပဲ၊ ဒါ့ကြောင့် သက်ရှိသက်မဲ့ ဘယ်လိုအရာဝတ္ထုဖြစ်ဖြစ် မပျက်မစီးခိုင်မြဲတဲ့အနှစ်သာရရှိရင် အတ္တရှိတယ်လို့ဆိုနိုင်တယ်။ မပျက်မစီးဆိုတဲ့နေရာမှာ တသက်ပတ်လုံး မပျက်မစီးခိုင်မြဲနေမှုလို့ ဆိုလိုတာမဟုတ်ပါဘူး။

တစ်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီကစပြီး ရက်ပိုင်း လပိုင်း နှစ်ပိုင်း ဘယ်လောက်ထိ ခိုင်မြဲ ခိုင်မြဲ အတ္တရှိတယ်လို့ပဲခေါ်နိုင်ပါတယ်။

ကလေးကစားတဲ့ အိုးပုတ်ကလေးတစ်လုံးကိုကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပိုင်းကဟာကို နှုတ်ခမ်းလို့ခေါ်တယ်၊ အောက်ပိုင်းက အကြီးကြီးကိုတော့ ကိုယ်ထည်လို့ခေါ်တယ်၊ ဒီကိုယ်ထည်ကို ပါဠိလိုရေးတော့ အတ္တပါပဲ။ ဒီအိုးပုတ်လေးမှာ အတ္တလို့ခေါ်တဲ့ ခိုင်မြဲခြင်းရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအိုးပုတ်လေးကို တော်ရာစွန့်ပစ်ထားရင်တောင် နေပူမိုးရွာ ဘယ်လောက်ပင် ကြုံကြုံ အနည်းဆုံးသုံးလေးလတော့ မပျက်မစီးခံမှာပါပဲ။

ဒီလို သုံးလေးလ မပျက်မစီးတည်နေနိုင်တယ်ဆိုတာ အတ္တလို့ခေါ်တဲ့ကိုယ် ရှိနေလို့ပါပဲ။ ကိုင်း ဒီလောက်ဆိုရင် အတ္တရဲ့အဓိပ္ပါယ်ကို သေချာသိသွားပြီ၊ မြင်သိစိတ်လေးကို အတ္တလို့ခေါ်နိုင် မခေါ်နိုင် အတ္တရှိ၊ မရှိ ဆန်းစစ်ကြစို့။ မျက်စိ၊ အဆင်း၊ အလင်း၊ နှလုံးသွင်းဆိုတဲ့ အကြောင်းလေးချက် ဆုံတဲ့အချိန်မှာ ဖြစ်လာတဲ့ မြင်သိစိတ်လေးဟာ ဖြစ်ပြီး မပျက်မစီးဘဲ တစ်နာရီတည်နေနိုင်ရဲ့လား။

**သန်း** မတည်နိုင်ပါ။

**နုပ်** တစ်မိနစ်ရော။

**သန်း** မတည်နိုင်ပါ။

**နုပ်** တစ်စက္ကန့်ရော။

**သန်း** မတည်နိုင်ပါ။

**နုပ်** ဒါဆိုရင် မြင်သိစိတ်လေးဟာဖြစ်ပြီး တစ်စက္ကန့်တောင် မတည်နိုင်ဘဲ တစ်စက္ကန့်အတွင်းမှာကိုပဲ အကြိမ်ပေါင်းကုဋေတစ်သိန်းတောင် ဖြစ်ပျက်သွားကြတယ်ဆိုတော့ သူ့မှာ မပျက်မစီး အနှစ်သာရအနေနဲ့ တည်နေနိုင်တဲ့



အတ္တ ရှိသလား။

**သန်း** မရှိပါဘူး။

**နုပ်** အတ္တမရှိရင် ဘာလို့ခေါ်ရမလဲ။

**သန်း** အနတ္တလို့ခေါ်ရမှာပါ။

**နုပ်** အေး. . . အဲဒါမြင်သိစိတ်ကို ဝိပဿနာပညာနဲ့ အနတ္တလို့ တကယ်သိသွားတာပဲ။ အန္ဓပုထုဇဉ်တွေက ရုပ်နာမ်တစ်ခုခုကို ငါလို့စွဲယူတာဟာ မပျက်မစီး အမြဲတည်နေတဲ့အရာ ရှိတယ်လို့ ထင်ကြတဲ့အတွက်ကြောင့်ပဲ။ အခုမြင်သိစိတ်လေးမှာ ငါလို့စွဲယူစရာအလုံး အတုံး အခဲ၊ အရည်၊ အဖတ်၊ အမှုန် အမွှားတစ်ခုခုများ ရှိသလား။

**သန်း** မရှိပါဘူး။ မြင်လိုက်တဲ့အာရုံကို ဘာပဲလို့သိလိုက်တဲ့ သဘောတရားလေးပါပဲ။

**နုပ်** ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တသုံးမျိုး တစ်မျိုးမျိုးကို တကယ်သိသွားပြီဆိုရင် သစ္စာလေးပါးကိုက်သွားတာပဲ၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟာ စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိဆိုတဲ့အတိုင်း သစ္စာလေးပါးမှလွတ်တာ တစ်ခုမှ မရှိဘူး။ နောက်ဆုံး ဒီသစ္စာလေးပါးမှာ လာကိုက်ရတယ်။ ဒီမြင်သိစိတ်လေးအကြောင်းကို အခုလို မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံအကြောင်းတွေကို ဆွေးနွေးမေးမြန်းနာယူမှတ်သားနေတာဟာ မဂ္ဂသစ္စာကိုပွားနေတာပဲ။ တင်ပလ္လင်ခွေထိုင် မျက်စေ့ကိုမှိတ်ပြီး ပွားမှသာ ပွားတယ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာမဟုတ်ဘူးနော်။ ရုပ်နာမ်တစ်ခုခုရဲ့ မမြဲပုံကို နာယူနေတာလည်း ဝိပဿနာပွားတာပဲ။

သွားရင်း လာရင်း စားရင်း သောက်ရင်းနဲ့ဆင်ခြင်နေတာလည်း ဝိပဿနာပွားတာပဲ။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဝိပဿနာမည်သည် လယ်လုပ်ရင်းလည်းဖြစ်နိုင်၏။ ယာလုပ်ရင်းလည်းဖြစ်နိုင်၏လို့ ဟောတော်မူခဲ့တာပေါ့။ ဒီတော့ အခုလို နာယူဆွေးနွေးတာကိုက မဂ္ဂသစ္စာပွားနေတာလို့ သိပါ။ သစ္စာတစ်ပါးကိုက်သွားပြီ။

(လယ်တီသြဝါဒအကျယ် ဆောင်းပါး(၆)တွင် ပြန်ကြည့်နိုင်)

ဒီလိုမဂ္ဂသစ္စာကိုပွားလိုက်တော့ ဟာ မြင်သိစိတ်လေးဟာ တရစပ်ဖြစ်ပြီး ပျက်နေတာပါလား။ အဖြစ်အပျက်နဲ့နှိပ်စက်နေတာပါလားလို့ သိတာဟာ ဒုက္ခသစ္စာကိုသိတာပဲ။ ဒီလို ဒုက္ခသစ္စာကိုသိလိုက်တော့ မြင်သိစိတ်လို ရုပ်နာမ်မျိုး နောက်ထပ် ထပ်မဖြစ်ချင်တော့ဘူး။ အဲဒါဟာ ရုပ်နာမ်ကို ထပ်ခါထပ်ခါလိုချင်တဲ့ သမုဒယသစ္စာခေါ် တဏှာကို တဒင်္ဂပဟာန်အနေနဲ့ ပယ်သတ်လိုက်တာပဲ။ အဲဒီလို ရုပ်နာမ်ကိုမလိုချင်တဲ့ တဒင်္ဂအခိုက်လေးမှာ လောဘကိလေသာငြိမ်းသွားတယ်။ အဲဒါ နိရောဓသစ္စာကို တဒင်္ဂမျက်မှောက်ပြုလိုက်တာပဲ။ ကဲ ဒီလိုဆိုတော့ ပွားရမယ့် မဂ္ဂသစ္စာ၊ သိရမယ့် ဒုက္ခသစ္စာ၊ ပယ်ရမယ့် သမုဒယသစ္စာ၊ ဆိုက်ရောက်ရမယ့် နိရောဓသစ္စာလေးပါး ကိုက်မသွားဘူးလား။



သန်း ကိုက်သွားပါပြီဘုရား။

နုပ် ဒါဆိုရင် ဘာကိုကြည့်လိုက် ကြည့်လိုက် မြင်လိုက်တာနဲ့ မြင်သိစိတ်အနိစ္စလို့ ရှုပွားရမှာဟာ မင်းတို့ယောဂီတွေရဲ့ တာဝန်ပဲ။ ရှုတတ်အောင်သင်ပြရမှာက ဆရာရဲ့ တာဝန်ပဲ။ သစ္စာတရားကို နာယူသခိုက်၊ ဝိပဿနာတရားကို ရှုပွားသခိုက်မှာ ပညာမဂ္ဂင်ပါသွားတာနဲ့ ကျန်တဲ့ စရဏမဂ္ဂင်တွေ တစ်ပါတည်းပါသွားပုံကို ပြောပြဦးမယ်။ ကဲ မင်း မဂ္ဂင်ရှစ်ပါးကို ရေတွက်စမ်းပါ

သန်း
သမ္မာဒိဋ္ဌိ = မှန်သောအမြင်
သမ္မာသင်္ကပ္ပ = မှန်သောအကြံအစည်
သမ္မာဝါစာ = မှန်သောစကား
သမ္မာကမ္မန္တ = မှန်သောအပြုအမူ
သမ္မာအာဇီဝ = မှန်သောအသက်မွေးမှု
သမ္မာဝါယမ = မှန်သောအားထုတ်မှု
သမ္မာသတိ = မှန်သောအောက်မေ့မှု
သမ္မာသမာဓိ = မှန်သောတည်ကြည်မှုတို့ပါ။

နုပ် မဂ္ဂင်ရှစ်ပါးကို သီလ သမာဓိပညာသုံးပါးနဲ့ထပ်ခွဲကွာ

သန်း
သမ္မာဝါစာ
သမ္မာကမ္မန္တ
သမ္မာအာဇီဝ သုံးပါးက သီလမဂ္ဂင်
သမ္မာဝါယမ
သမ္မာသတိ
သမ္မာသမာဓိ ၃ ပါးက သမာဓိမဂ္ဂင်

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒိဋ္ဌိ

သမ္မာသင်္ကပ္ပ နှစ်ပါးက ပညာမဂ္ဂင်ပါ။

နုပ် နောက်တစ်မျိုးထပ်ခွဲမယ် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပက ဝိဇ္ဇာမဂ္ဂင်၊ ကျန် ၆ ပါးက စရဏမဂ္ဂင်။ ဝိဇ္ဇာမဂ္ဂင်ဆိုတာ သိရတာကိုပြောတာ။ စရဏမဂ္ဂင်ကတော့ ကျင့်ရတာကိုပြောတာ၊ ဒါန၊ သီလ၊ သမထအလုပ်တွေကို စရဏမဂ္ဂင်ကဦးဆောင်တယ်၊ ဝိပဿနာ အလုပ်ကျတော့ ပညာကဦးဆောင်တယ်။

ဒါန၊ သီလ၊ သမထအလုပ်ကျတော့ ပညာနဲ့ထိုးထွင်းသိ ရုံနဲ့ ဘယ်လိုမှ ကိစ္စမပြီးနိုင်ဘူး။ လှူဖို့တန်းဖို့ဆိုရင်လည်း ဥစ္စာရှာရမယ်။ သီလစောင့်ဖို့ဆိုရင်လည်း ကိုယ်နှုတ်ကိုထိန်းရတယ်၊ သမထပွားဖို့ဆိုရင်လည်း စိတ်ကို တည်ငြိမ်အောင် တော်တော်ကြိုးစားရတယ်။

ဝိပဿနာကျတော့ ထိုးထွင်းပြီး တကယ်သိသွားဖို့က လိုရင်းပဲ။ သူက ပညာအလုပ်ကိုး။တရားထိုင်နေတဲ့အချိန် မှာလည်း ပညာနဲ့ထိုးထွင်းသိပြီး ရှုနေရတာပဲ။ ဝိပဿနာဆိုတာလည်း ပညာပဲ။ သူက မဟာကုသိုလ် စိတ်မှာ ယှဉ်တဲ့ပညာပေါ့။ မဂ်ဉာဏ်ဆိုတာလည်း ပညာပဲ။ သူက မဂ်စိတ်လေးပါးမှာ ယှဉ်တဲ့ပညာပေါ့။

တရားတော်ရဲ့ အံ့သြစရာကောင်းပုံက ဝိဇ္ဇာမဂ္ဂင်နှစ်ပါးကို ထိုးထွင်းသိလိုက်တာနဲ့ စရဏမဂ္ဂင် ၆ ပါးဟာ တစ်ခါတည်း ပါသွားတာပဲ။ ဝိပဿနာရှုပွားနေသခိုက် မှာရော နာကြားနေသခိုက်မှာရော သမ္မာဒိဋ္ဌိနဲ့ သမ္မာ



သင်္ကပ္ပဆိုတဲ့ ဝိဇ္ဇာမဂ္ဂင်နှစ်ပါးက ဦးဆောင်နေတာပါ။ သမာဓိမဂ္ဂင်သုံးပါးက အရံအနေနဲ့ပါတာပါ။

ဒီတော့ ငါးပါးနဲ့အလုပ်လုပ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ မဂ်ကိုရသွားမှ သီလမဂ္ဂင်သုံးပါးပါလာယှဉ်ပြီး မဂ္ဂင် ၈ပါး ကိုက်သွားပါတယ်။ ဒီနေရာမှာ ဝိဇ္ဇာမဂ္ဂင်ထိုးထွင်း သိလိုက်တာနဲ့ စရဏမဂ္ဂင် ၆ပါး တစ်ခါတည်းပါသွားပုံကို ဝတ္ထုသာဓကတစ်ခုထုတ်ရအောင်။ ဓမ္မပဒအဋ္ဌကထာမှာ အရိယာအမည်ရှိတဲ့ တံငါသည်တစ်ယောက်အကြောင်း ဖော်ပြထားတယ်၊ ရှေ့မှာ မြတ်စွာဘုရား ဆွမ်းခံချိန် မှာတောင် တရားဟောတဲ့အကြောင်း ပြောရင်း ဒီနာမည် လေးတော့ ထည့်ပြောခဲ့ဖူးတယ်။ ဇာတ်ကြောင်းတော့ မပြောခဲ့ရဘူး။ အခုဇာတ်ကြောင်းရော မဂ္ဂင်ဆိုက်ပုံပါ ပြောကြရအောင်။

တစ်နေ့ သာဝတ္ထိမြို့ မြောက်တံခါးအနီးရွာက တံငါ သည်တစ်ယောက်ဟာ မြစ်ကမ်းပါးမှာ ငါးမျှားနေတယ်၊ ကြည့်နော်။ ပုထုဇဉ်တွေဘဝဟာ ဘယ်လောက် သံဝေဂ ရဖို့ကောင်းသလဲ။ သူတို့မြို့မှာ ဘုရားရှင်သာသနာပြု တရားပွဲတွေ နေ့စဉ်ဟောနေတာ သူတစ်ခါမှ မနာနိုင်ဘူး။ ဝမ်းရေးအတွက် ငါးမျှားနေရတာနဲ့ မအားလို့နေမှာပေါ့။ ငါလည်း ဒီမှာ တစ်ခါကြုံခဲ့ရသေးတယ်။

ဟိုး တော်တော်ဝေးတဲ့ ရွှေပြည်သာအစွန်ကျတဲ့ (ဏ)ရပ် ကွက် ဆင်းရဲသားအိမ်လေးတစ်အိမ်က ဆွမ်းအားပင့် တယ်၊ တော်တော်ခေါင်တဲ့ ဆင်းရဲသားရပ်ကွက်လေး

www.burmeseclassic.com

www.burmeseclassic.com



ပါ။ တဲအိမ်လေးတွေပဲရှိတယ်၊ အိမ်ကြီးအိမ်ကောင်း တစ်လုံးမှမရှိဘူး။ ဒီအချိန်မှာ ဝိပဿနာအလုပ်ပေးတရား ဟော တရားပြတာက တော်တော်အောင်မြင်နေပြီကွ။ ရွှေပြည်သာမြို့က ရပ်ကွက်တိုင်းနီးပါး လှည့်ဟောပေး ရသလို ကျောင်းမှာလည်း (၁၅)ညတိတိ ဆက်တိုက် ဟော ပေးဖူးတယ်။ ပရိသတ်က ကျောင်းနဲ့တောင်မဆန့် ဘူး။ ဒကာ ဒကာမတွေ အပါယ်တံခါးပိတ်ကြတော့မှာတို့ တွေးပြီး ငါကသိပ်ဝမ်းသာတယ်၊ ဒီဆင်းရဲသားအိမ်လေး မှာလည်း တရားကို သူတို့စိတ်ဝင်စားအောင်ကြိုးစား ဟောပေးတယ်။

အိမ်နီးနားချင်းတွေ တော်တော်လာနာကြတယ်။ စိတ် လည်းဝင်စားကြပါတယ်၊ တရားပွဲပြီးတော့ ပရိသတ်ထဲ က ဒကာကြီးတစ်ယောက်က တို့ကိုနှုတ်ဆက်စကား ပြောတယ်၊ ဆရာတော်ရဲ့ကျောင်းကို တပည့်တော်ရောက် ဖူးပါတယ်တဲ့၊ သူကတော့ တကယ့်ရိုးရိုးသားသားဂုဏ် ယူပြီးပြောရှာတာပါ။

စာရေးဆရာ ဓမ္မကထိက ဆရာတော်တစ်ပါးကျောင်း ရောက်ဖူးတယ်ဆိုတဲ့ ဂုဏ်လည်းမနည်းဘူးလို့ သူက တွက်ထားမှာပေါ့။ သူ့အသက်ကတော့ လေးဆယ်ကျော် လောက်ရှိဦးမှာပါ၊ ဒါနဲ့ ငါကလည်း ဝမ်းသာအားရပြန် မေးမိတယ် ဩော် ဒကာကြီးကျောင်းကိုရောက်ဖူးတယ် လား။ ဘယ်တုန်းကရောက်တာလဲ။ တရားနာရင်း ရောက်တာလားလို့မေးလိုက်တော့ သူကဖြေတယ်။



မဟုတ်ပါဘူးဘုရား။ ဆရာတော်တို့ကျောင်းရှေ့က မြောင်း ထဲမှာ ငါးရှဉ့်ထောင်ရင်း ရောက်ဖူးတာပါတဲ့။ ကိုင်း ကောင်းရော။ နောက်မှ စုံစမ်းကြည့်လို့သိရတာက မြို့ ထဲကပြောင်းလာကာစ ဆင်းရဲသားအိမ်လေးတွေဟာ တခြားအလုပ်မရှိရှာတော့ ကျောင်းဘေးလမ်းဘေးက မြောင်းတွေထဲမှာ ငါးရှဉ့်ထောင်ပြီး ရောင်းစားကြတယ်တဲ့။ ဒီအချိန်မှာ ငါးရှဉ့်ကလည်း တော်တော်ဈေးကောင်းဆို ပဲ။ သူဒီလိုအမှန်အတိုင်း ပြောလိုက်တာကို ငါစိတ်မဆိုး ဘူး အကျင့်ပါနေတော့ ကောင်းကွက်ကိုပဲရှာမြင်လိုက် တယ်။ သူ ပါဏာတိပါတနဲ့အသက်မွေးရတာကို အမှန် အတိုင်းပြောရဲတဲ့သတ္တိကို ပထမချီးကျူးမိတယ်။ ဒါမျိုး ဆိုတာ လူတိုင်းအမှန်ကိုပြောရဲတာမဟုတ်ဘူး။

နောက်တစ်ချက်က အသက်လေးဆယ်ကျော်တဲ့အထိ ဝိပဿနာဆိုတဲ့ အငွေ့လေးကိုတောင် မရှူရှိုက်ဖူးသေး တဲ့။ သူ့ကို သနားသွားတာပဲ။ ဘာသာရေးခေါင်း ဆောင်ဖြစ်တဲ့ တို့ရဟန်းတော်တွေမှာလည်း ထမ်းဆောင် ရမယ့်တာဝန်တွေ အများကြီးကျန်နေပါသေးလားဆိုတာ ကိုလည်း သတိထားလိုက်မိပါတယ်။

အခု တံငါသည်လည်း ဒီလိုပဲနေမှာပေါ့၊ ဒီအချိန်မှာ ဘုရားရှင် ဆွမ်းခံကြွလာတော်မူတယ်၊ သူငါးမျှားနေတဲ့ လမ်းဘေးကဖြတ်သွားရမှာပဲ၊ သူဘုရားရှေ့ ငါးဆက်မျှား ရမှာကိုတော့ အားနာဟန်တူတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါးမျှားတံလေးကို မြေကြီးပေါ်ပစ်ချပြီးခြေထောက်နဲ့နင်း

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်လို့ပဲ။

ဘုရားသူ့ကို လွန်သွားမှဆက်မျှားမယ်ဆိုတဲ့ အကြံပေါ့။ ဒါပေမယ့် ဘုရားက သူ့ကိုကျော်မသွားဘူး၊ သူ့ရှေ့မှာ တင် ရပ်လိုက်တယ်၊ ဒီတော့လည်း သူဘုရားကိုဦးတိုက်ရ တော့တာပေါ့၊ ဘုရားကစမေးတယ်။

သင့်နာမည်ဘယ်လိုခေါ်သလဲတဲ့။ သူကဖြေတယ်။

အရိယာလို့ခေါ်ပါတယ် တဲ့ ဒီတော့ ဘုရားရှင်က သင့်နာ မည်နဲ့ သင့်အလုပ်နဲ့မလိုက်ဘူး။ အရိယာဆိုတာ မဂ်ဖိုလ် ရပြီး ဖြူစင်မြင့်မြတ်တဲ့သူတွေကိုသာခေါ်တာ။ ဖြူစင်မြင့် မြတ်တဲ့သူဖြစ်အောင်ငါဟောမယ် သင်နာမလားဆိုတော့ နာပါမယ်ဘုရားတဲ့။ ဒါနဲ့ပဲ အခုမင်းကို ငါဟောသလို ရုပ်နာမ်နှစ်ပါးရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အနှစ်သာရမရှိပုံတို့ ကို သစ္စာလေးပါးဆိုက်တဲ့အထိ ဟောပေးလိုက်တာ တရားလည်းဆုံးရော၊ တံငါသည်ကြီးဟာ သောတာပန် တည်သွားတာပါပဲ။

အဋ္ဌကထာမှာကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်ပုံတွေ သစ္စာလေးပါးဆိုက်သွားပုံတွေ ဘယ်အကျယ်ရေးနိုင်တော့ မလဲ၊ အဆုံးသတ်ဂါထာလောက်ပဲရေးပြီး ဂါထာအဆုံး မှာ သောတာပန်တည်တယ်လို့ပဲရေးရတာပေါ့။ ဒီလို အကုန်လျှောက်ရေးရင်လည်း ဓမ္မပဒအဋ္ဌကထာကျမ်း ကြီးက ဘယ်ပြီးနိုင်တော့မလဲ ဓမ္မကထိကတွေက ချဲ့ထွင် ဟောပေးဖို့တာဝန်ရှိတာပေါ့။ အဲဒီမှာ ဘုရားဟောခဲ့တဲ့ ဂါထာလေးက....



နတေနအရိယောဟောတိ၊
ယေန ပါဏာနိဟိံသတိ။
အဟိံသာသဗ္ဗပါဏာနံ၊
အရိယောတိပ ဝုစ္စတိ။ (ဓမ္မပဒ ၂၇၀)
ယေန၊ အကြင် ဒေါသစသောအကြောင်းကြောင့်။
ပါဏာနိ၊ သတ္တဝါတို့ကို။
ဟိံသတိ၊ ညှင်းဆဲသတ်ဖြတ်၏။
တေန၊ ထိုဒေါသစသောအကြောင်းကြောင့်။
နအရိယော၊ အရိယာမမည်သည်။
ဟောတိ၊ ဖြစ်၏။
သဗ္ဗပါဏာနံ၊ ခပ်သိမ်းသောသတ္တဝါတို့ကို။
အဟိံသာ၊ ညှင်းဆဲမှုကင်းခြင်းကြောင့်။
အရိယောတိ၊ အရိယာဟူ၍
ပဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

တဲ့၊ ဒီနေရာမှာ မြတ်စွာဘုရားက ဝိဇ္ဇာမဂ္ဂင်နှစ်ပါးနဲ့ ထိုးထွင်းသိအောင်ဟောပေးလိုက်တာပဲ၊ ထိုးထွင်းသိသွား လို့ ဝိဇ္ဇာမဂ္ဂင်နှစ်ပါးလည်းဖြစ်ရော၊ ကျန်တဲ့စရဏမဂ္ဂင် ၆ ပါးပါ တစ်ခါတည်းလာဖြစ်ရတော့တာပဲ။ ကျွဲကူးရေ ပါဆိုတဲ့ စကားလိုပေါ့ ကူးသွားတာတော့ ကျွဲပဲ ဒါပေ မယ့် ရေကအရှိန်နဲ့ပါသွားရသလိုပေါ့။

သောတာပန်လည်းတည်သွားရော ငါးပါးသီလကို ဖောက် ဖျက်ပါဆိုတောင် မဖောက်ဖျက်တော့ဘူး။ အဲဒါ ဝိဇ္ဇာ မဂ္ဂင်ဖြစ်တာနဲ့ စရဏမဂ္ဂင်တွေတစ်ခါတည်းပါသွားလို့ ဘဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သန်း ဝိသုဒ္ဓိ (၇)ပါးမှာ သီလဝိသုဒ္ဓိ သီလစင်ကြယ်မှ စိတ္တဝိသုဒ္ဓိ စိတ်စင်ကြယ်ပြီး သမာဓိဖြစ်တယ်။ စိတ်စင်ကြယ်မှ ဉာဏ်စဉ်တွေ တက်ပြီး မဂ်ဖိုလ်ရတယ်လို့ နာဘူးထား တယ်ဘုရား အခုတံငါသည်ကြီးက သီလမစင်ကြယ်တဲ့ နဲ့ ဘယ်လိုလုပ်မဂ်ဖိုလ်ရသွားသလဲဘုရား။

နုပ် အေး အဲဒါ နောက်အပါတ်မှ ဆက်ကြစို့။

* * * * *

အခန်း (၁၉)

## စိတ်ချရသော သီလနှင့် စိတ်မချရသောသီလ

တစ်နေ့တာမျှ ဆင်းရဲခံရသောကြောင့် နေ့များစွာ ချမ်းသာ ရမည့်မှန်လျှင် တစ်နေ့အဖို့သာ ဖြစ်သောဆင်းရဲကို မကြောက်သာပြီ။

တစ်လမျှ တစ်နှစ်မျှ တစ်ဘဝမျှသာ ဆင်းရဲခံရသောကြောင့် လများစွာ နှစ်များစွာ၊ ဘဝများစွာချမ်းသာရမည်မှန်လျှင် တစ်လ၊ တစ်နှစ်၊ တစ်ဘဝ၌ဖြစ်သော ဆင်းရဲကို မကြောက်သာပြီ။

တစ်နေ့၊ တစ်လ၊ တစ်နှစ်၊ တစ်ဘဝ ဖြစ်သော တဏှာ၊ လောဘရာဂကို အလိုမလိုက် သင့်၊ အရှည်ကိုမျှော်၍ သူတော်တရား၌ နှစ်နှစ် ခြိုက်ခြိုက် ကိုယ့်အသက်ကို စွန့်စား၍ ပျော်ပိုက် သင့်လှသည်။

(တောင်လေးလုံးဆရာတော်
စတုဂီရိမ္ဘဘွယ်ကျမ်း ပထမ တွဲ ၊ ၃၆၃)

www.burmeseclassic.com

www.burmeseclassic.com



နုပ် မင်းမနေ့က ပြောတဲ့ ဝိသုဒ္ဓိ ၇ ပါးကို ရေတွက်ပြစမ်းပါ။

သန်း သီလဝိသုဒ္ဓိ = အကျင့်သီလစင်ကြယ်ခြင်း

စိတ္တဝိသုဒ္ဓိ =စိတ်စင်ကြယ်ခြင်း၊ သမာဓိတည်ခြင်း

ဒိဋ္ဌိဝိသုဒ္ဓိ =အယူမှားစင်ကြယ်ခြင်း

ကင်္ခါဝိတရဏဝိသုဒ္ဓိ = ယုံမှားမှုစင်ကြယ်ခြင်း

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ =မဂ်ဟုတ်သည် မဟုတ်သည်ကိုသိမှု၍စင်ကြယ်ခြင်း

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ = မဂ္ဂင်အကျင့်၍စင်ကြယ်ခြင်း

ဉာဏဒဿနဝိသုဒ္ဓိ =မဂ်ဉာဏ်၏စင်ကြယ်ခြင်းတို့ပါဘုရား။

နုပ် အေး ဒီ ၇ ပါးက ရဟန်းတော်တွေအတွက် အဓိကထားပြီး ဟောခဲ့တာ၊ တို့ရဟန်းတော်တွေမှာတော့ သစ်ရွက်လေးတစ်ရွက်ချွေမိတဲ့ အပြစ်ရှိနေလည်း ဒေသနာမကြားမခြင်း သီလဝိသုဒ္ဓိမဖြစ်ဘူး၊ ဒီအတိုင်းဆက်အားထုတ်နေရင်လည်း မဂ်ဖိုလ်မရဘူး၊ သီလမစင်ကြယ်တာကိုက မဂ် ဖိုလ်အတွက်အတားအဆီးအန္တရာယ်ကြီးတစ်ခုဖြစ်နေလို့ပဲ၊ ဒါ့ကြောင့် ရဟန်းတော်တွေ တရားအားထုတ်တော့မယ်ဆိုရင် သီလစင်ကြယ်အောင်ကို တော်တော်အချိန်ယူရတယ်၊ မင်းတို့လိုလူတွေကျတော့ ပဉ္စာနန္တရိယကံငါးပါးကလွဲပြီး ကျန်တဲ့အကုသိုလ်တွေ ဘယ်လောက်ပင်လုပ်ခဲ့လုပ်ခဲ့ မဂ်တား ဖိုလ်တားမဖြစ်ဘူး။ ဝိပဿနာတရားကို နာယူသခိုက် အားထုတ်သခိုက်မှာ



စင်ကြယ်တာနဲ့တင် သီလဝိသုဒ္ဓိဖြစ်နေပါပြီ၊ ဒါ့ကြောင့် လူတွေထောင်ကျော်အောင်သတ်ခဲ့တဲ့ အင်္ဂုလိမာလဟာ တရားအဆုံးမှာ ရဟန္တာဖြစ်တာပါ။ သန္တတိအမတ်ကြီးဟာ သောက်ထားတဲ့ အရက်ခိုးအရှိန်မပြေခင်လေးမှာ တရားနာရပြီး တရားအဆုံးမှာ အရဟတ္တမဂ်ကိုရတာပါ။ ဓမ္မပဒအဋ္ဌကထာမှာလာတဲ့ ဂဏ္ဌိဘေဒကဆိုတဲ့ ခါးပိုက်နှိုက်ဟာ ဘုရားကျောင်းတော်ကို ခါးပိုက်နှိုက်သွားရင်း သစ္စာတရားတော်ကို နာကြားမိသွားပြီး တရားအဆုံးမှာ သောတာပန်တည်တာပါ။ သူဟာ အရင်ရက်တွေက တစ်ခါမှ တရားမနာဖြစ်ဘဲ တရားနာပရိသတ်တွေဆီက ခါးပိုက်နှိုက်နေကြ အဒိန္နာဒါနာသမားတစ်ယောက်ပါ။ ဒါက သီလဝိသုဒ္ဓိမဖြစ်သော်လည်း မဂ်ဖိုလ်ရနိုင်ပုံသာဓကတွေ ထုတ်ပြလိုက်တာပါ။ အခုသဘာဝနဲ့ရှင်းပြဦးမယ်။ ဝိဇ္ဇာမဂ္ဂင်ကို ဦးတည်ပြီး သစ္စာလေးပါးကို တန်းပြတဲ့ သုဒ္ဓဝိပဿနာနည်းဟာ ဝိသုဒ္ဓိ (၇) ပါးထဲမှာ တတိယမြောက် ဒိဋ္ဌိဝိသုဒ္ဓိကစလိုက်တာပဲ၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီး အယူမှား စင်ကြယ်သွားတာနဲ့ သီလဝိသုဒ္ဓိနဲ့ စိတ္တဝိသုဒ္ဓိဟာ အလိုလိုပါသွားတာပဲ။

ဒီလို အကျယ်ရှင်းပြနေတာက ရည်ရွယ်ချက်ရှိတယ်၊ ပုထုဇဉ်ဘဝ သူသူကိုယ်ကိုယ် ငါးပါးသီလကို မှတ်ကျောက်တင်ကြည့်ခံရလောက်အောင် လုံခြုံသူကနည်းကယ်ရှားပါတယ်။ အဲဒါကို တချို့လူများက ငါးပါးသီလမှ မစင်ကြယ်သေးဘဲနဲ့ တရားလာအားထုတ်နေအပုံပဲဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝေဖန်လိုက်တော့ ဟိုတစ်ယောက်ခမျာ ဆက်အား မထုတ်ဖြစ်တော့ဘဲ လန်ကျသွားတော့ ဘယ်လောက်နစ်နာသလဲ။

ငါ မြိတ်နဲ့ ကော့သောင်းက တံငါရွာတွေမှာ ဒီဝိပဿနာအကြောင်းတွေ သရဏဂုံအကြောင်းတွေ သွားဟောတော့ သူတို့တစ်တွေဝမ်းသာလိုက်ကြတာ၊ သူတို့ဟာ ဝိပဿနာတရားအားထုတ်ချင်တာကြာပါပြီတဲ့။ တချို့က သီလမစင်ကြယ်တဲ့သူတွေ တရားနာတရားအားထုတ်လဲ အပိုပဲ ဘာတရားမှ မရဘူးလို့ ပြောတာနဲ့ သူတို့ဘဝတော့ဆုံးပြီဆိုပြီး ဒီတိုင်းပဲနေနေကြတာတဲ့။

ဘယ်လောက်သနားဖို့ကောင်းသလဲ၊ အဲဒီလို ကိုယ့်ကိုယ်ကို ဘဝဆုံးပြီ။ ဒီဘဝတော့ ဘယ်လိုမှ တရားရမှာ မဟုတ်တော့ဘူးဆိုပြီး အားလျှော့နေတဲ့သူတွေ အားပြန်တက်လာပြီး ဝိပဿနာကိုပြန်အားထုတ်ချင်လာအောင် ခုလိုအကျယ်ရှင်းပြနေတာပါ။ မင်းတို့လို လူငယ်တွေအတွက် ရေးနေတာဆိုတော့ မင်းတို့နားမလည်တဲ့ ပါဠိတွေကို တတ်နိုင်သလောက် ရှောင်ရေးပါတယ်။ သီလဝိသုဒ္ဓိဖြစ်မှ ဝိပဿနာလုပ်ရမယ်ဆိုတဲ့စကားက မြန်မာတစ်ပြည်လုံးမှာ တော်တော်ကျယ်ကျယ်လောင်လောင်ဖြစ်နေတာဆိုတော့ ဝိပဿနာဘာဝနာထဲမှာ သီလဝိသုဒ္ဓိပါသွားပြီးဖြစ်ပုံကို ပြတဲ့ ပါဠိတော်အချို့ကိုလို အပ်သလောက်ကွက်ပြီးထုတ်ပြဦးမယ်၊ ဒါတို့ကိုယ်တိုင် တောင်ရှာစရာမလိုဘူး မဟာစည်ဆရာတော်ဘုရားကြီး



က ဝိပဿနာရှုနည်းကျမ်းထဲမှာ ထည့်ရေးထားတာ–

ဉာဏေန အဝိဇ္ဇာယအနိစ္စာနုပဿနာယ

နိစ္စသညာယပဟာနံသီလံ ဝေရမဏိသီလံ

စေတနာသီလံ၊ သံဝရောသီလံ၊ အဝီတိက္ကမော

သီလံ ဝေရူပါနိသီလာနိ စိတ္တဿ

အဝိပ္ပဋိသာရာယ သံဝတ္တန္တိ ပါမုဇ္ဇာယ

ပီတိယာ ပဿဒ္ဓိယာ သောမနဿာယသံဝတ္တန္တိ

ကေန္တနိဗ္ဗိဒါယ (ပ) အမိပညာသိက္ခာ

မှတ်ချက်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်အချို့ကို ချန်ထားခဲ့ အလိုရှိလျှင် ကျမ်းရင်း ၄၅၊ ၄၆ ၌ကြည့်ပါ။

ဉာဏေန၊ နာမရူပပရိစ္ဆေဒဉာဏ်ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ အနိစ္စာ နုပဿနာယ၊ သမ္မသန အခိုက်အတန့်စသည်တို့၌ဖြစ်သော အနိစ္စာနုပဿနာဖြင့် နိစ္စသညာယ၊ နိစ္စသညာကို။ ပဟာနံ ပယ်ခြင်းသည် သီလံ၊ သီလမည်၏။

ဝေရာမဏိ၊ ကြဉ်ခြင်းသည်။ သီလံ၊ သီလမည်၏။ စေတနာ၊ စေတနာသည်။ သီလံ၊ သီလမည်၏။ သံဝရော၊ ပိတ်ဆို့စောင့်စည်းခြင်းသည်။ သီလံ၊ သီလမည်၏။

အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။

ဝေရူပါနိသီလာနိ၊ ဤသို့သောသီလတို့သည်။ စိတ္တဿ အဝိပ္ပဋိသာရာယ၊ စိတ်နှလုံး၏သာရှင်ခြင်းငှာ။ သံဝတ္တန္တိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်၏။ ပါမုဇ္ဇာယ၊ အနည်းငယ်နှစ်သိမ့် အားရခြင်းငှာ။ ပီတိယာ၊ များစွာနှစ်သိမ့်အားရခြင်းငှာ။သောမနဿာယ၊ ကိုယ်စိတ်ငြိမ်းချမ်းခြင်းငှာ။ သောမနဿယ၊ ဝမ်းမြောက်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ကေန္တနိဗ္ဗိဒါယ၊ ကေန်ငြီးငွေ့ခြင်းငှာ။

ဝိရာဂါယ၊ ကေန်တပ်မက်ကင်းခြင်းငှာ။

နိရောဓါယ၊ ကေန်ချုပ်ခြင်းငှာ။

ဥပသမာယ၊ ကေန်ငြိမ်းခြင်းငှာ။

အဘိညာယ၊ ကေန်အထူးသိခြင်းငှာ။

သမ္ဗောဓါယ၊ ကေန်အမှန်အတိုင်းသိခြင်းငှာ။

နိဗ္ဗာနာယ၊ ကေန်ချုပ်ငြိမ်းသောနိဗ္ဗာန်အလို့ငှာ။

သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

တတ္ထ၊ ထိုဝိပဿနာ စိတ္တုပ္ပါဒ်၌၊ ယောသံဝရော၊ အကြင်စောင့်စည်းခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤစောင့်စည်းခြင်းသဘောသည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာပေတည်း။

တတ္ထ ၊ ထိုဝိပဿနာ စိတ္တုပ္ပါဒ်၌၊ ယောအဝိက္ခေပော၊ အကြင်မပျံ့လွင့်ခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤမပျံ့လွင့်ခြင်းသဘောသည်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာပေတည်း။

တတ္ထ၊ ထိုဝိပဿနာ စိတ္တုပ္ပါဒ်၌၊ ယောဒဿနော၊ အကြင်မြင်ခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ ဤမြင်ခြင်းသဘောသည်။ အဓိပညာသိက္ခာ၊ အဓိပညာ



သိက္ခာပေတည်း။

မင်းတို့နားလည်အောင် အတိုချုပ်ပြီးပြန်ပြောပြမယ်။ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ နာမ်ရုပ်ဖြစ်ခြင်းရဲ့အတိတ်အကြောင်းကို သိမ်းဆည်းပြီးတော့ သိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးဟာ မသိမှု အဝိဇ္ဇာကို ပယ်တယ်။

မမြဲဘူးလို့မှတ်လိုက်တဲ့ အနိစ္စသညာက မြဲတယ်လို့ယူဆထားတဲ့ နိစ္စသညာကို ပယ်တယ် ဒီလိုမမှန်တဲ့အသိတွေကို ပယ်ပစ်တာကို ပဟာနသီလလို့ခေါ်တယ်။ ရုပ်နာမ်နှစ်ပါးကို မြဲတယ်လို့စွဲယူခြင်းမှ ရှောင်ကြဉ်လိုက်တာကို ဝေရမဏီ သီလလို့ခေါ်တယ်။

အဲဒီ သီလတွေ ဖြစ်လာတာဟာ ကိုယ်ရော စိတ်ရော ငြိမ်းချမ်းဖို့ ပီတိဖြစ်ဖို့ပဲ။ ပြီးတော့ သံသရာကို ငြီးငွေ့ဖို့ တပ်မက်ခြင်းကင်းဖို့ နိဗ္ဗာန်ကိုရဖို့ပဲ။ ဝိပဿနာဉာဏ်ဖြစ်ပွားသခိုက်မှာ ကိလေသာတွေဖြစ်ပွားခြင်းမှ ရှောင်ကြဉ်ခြင်းသဘောရှိနေတယ်၊ အဲဒါဟာ အဆင့်အမြင့်ဆုံး အဓိသီလပဲတဲ့။

ဝိပဿနာဉာဏ်ဖြစ်ပွားသခိုက်မှာ စိတ်မပျံ့လွင့်ခြင်းသဘောရှိတယ်၊ အဲဒါဟာ အဆင့်အမြင့်ဆုံး အဓိစိတ္တပဲ အမြင့်မြတ်ဆုံး သမာဓိလို့ဆိုလိုတာပါ။

ဝိပဿနာအခိုက်အတန့်မှာဖြစ်တဲ့ ပရမတ်ဉာဏ်အမြင်ဟာ အဆင့်အမြင့်ဆုံး အဓိပညာပါပဲ။

ဒါဆိုရင် ဝိပဿနာတရား နာကြားအားထုတ်သခိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com



သီလဟာပါဝင်ပြီးသားဆိုတာ ရှင်းလောက်ပါပြီ။ ပါတာမှ ရိုးရိုးသီလ အနေနဲ့တောင်မဟုတ်ဘူး အဓိသီလအနေနဲ့ကိုပါနေတာပါ၊ ကိုယ်နဲ့နှုတ်ကို စိတ်ကအုပ်ချုပ်ထားတာပဲ။ စိတ်ကလုပ်နိုင်းမှ ကိုယ်ကလုပ်တာ၊ စိတ်ကပြောနိုင်းမှ နှုတ်ကပြောတာ ဒီတော့ အဓိကကျတဲ့စိတ်ကို အကုသိုလ်မဖြစ်အောင်ထိန်းလိုက်ပြီဆိုတာနဲ့ ကိုယ်နဲ့နှုတ်ကိုပါထိန်းပြီးသားဖြစ်သွားတာပါပဲ။

ကိုယ်နဲ့ နှုတ်ကိုထိန်းပြီးသားဖြစ်သွားတယ်ဆိုတာနဲ့ ကိုယ်နဲ့နှုတ်ကိုထိန်းပေးတဲ့သီလဟာ အလိုလိုပါပြီးသားဖြစ်သွားရတာပေါ့။ ဗုဒ္ဓလက်ထက်က ရဟန်းတစ်ပါး စောင့်ထိန်းရမယ့် သိက္ခာပုဒ်တွေများလွန်းအားကြီးလို့ စိတ်ညစ်ပြီး လူထွက်ဖို့ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ထားတဲ့အတိုင်း ဘုရားကိုသွားလျှောက်တယ်။

ဒီတော့ ဘုရားက ချစ်သား ဒါဆိုရင် သိက္ခာပုဒ်တစ်ခုထဲဆိုရင်စောင့်မလား လူတော့မထွက်ချင်ပါနဲ့လို့ပြောတော့ သူသဘောကျသွားတယ်၊ သိက္ခာပုဒ်တစ်ခုတည်းစောင့်ရရင်တော့ လူမထွက်တော့ဘူးဘုရားတဲ့ သူသဘောကျသွားတယ်၊ ဒီတော့ ဘုရားက သူ့အတွက် တစ်ခုတည်းသော သိက္ခာပုဒ်ကိုသာ စောင့်ထိန်းနိုင်းလိုက်ပါ အဲဒီ သိက္ခာပုဒ်က

စိတ္တံရက္ခထမေဓါဝီ

ချစ်သားပညာရှိတဲ့သူဆိုတာ သိက္ခာပုဒ်တွေအများကြီးစောင့်ရှောက်နေစရာမလိုဘူး စိတ်ဆိုတဲ့ သိက္ခာပုဒ် တစ်ခု



ကိုဘဲ အကုသိုလ်မဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်လို့ပြောလိုက်တယ်၊ အဲဒီလို စိတ်ဆိုတဲ့ သိက္ခာပုဒ်တစ်ခုကို အကုသိုလ်မဖြစ်အောင် စောင့်ရှောက်နိုင်မယ်ဆိုရင်

စိတ္တံဂုတ္တံသုခါဝဟံ

စောင့်ရှောက်ထားတဲ့စိတ်ဟာ နိဗ္ဗာန်ချမ်းသာထိပို့ပေးနိုင်ပါတယ်တဲ့။ အဲဒီရဟန်းဟာ စိတ်ဆိုတဲ့ သိက္ခာပုဒ်တစ်ခုတည်းကိုဘဲ သေချာစောင့်လိုက်တာ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ထိရောက်သွားခဲ့တယ်၊ ဒီသာဓကကို ထောက်ပြီး စိတ်ဟာ ဝိပဿနာတရားထဲရောက်နေပြီဆိုရင် လူတွေရဲ့ ငါးပါးသီလလောက်ကိုမဆိုထားနဲ့ ရဟန်းတွေစောင့်ထိန်းရတဲ့ ကုဋေကိုးထောင်ကျော်သော သီလတွေတောင်ပါပြီးသားဖြစ်သွားတယ်ဆိုတာ ရှင်းသွားတယ်မဟုတ်လား။

သန်း မှန်ပါ ရှင်းသွားပါပြီဘုရား

နုပ် ဒါဆိုရင် ကြားသိစိတ်ရှိပုံကို ဆွေးနွေးကြစို့၊ ခု ငါပြောနေတဲ့အသံတွေ မင်းမကြားဘူးလား

သန်း ကြားတယ်ဘုရား

နုပ် ဒီလိုကြားတာနဲ့ ဒါဟာ တရားသံပဲလို့ မသိဘူးလား။

သန်း သိတယ်ဘုရား

နုပ် အေး အဲဒါ ကြားသိစိတ်ပဲ၊ စာလို သောတဝိညာဉ်စိတ်လို့ခေါ်တယ်။ ကက်ဆက်ကသီချင်းခွေဖွင့်လို့ အသံကြားတယ်ကွာ၊ ဒါသီချင်းသံပဲလို့ မသိဘူးလား။

သန်း သိတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



နုပ် အေး၊ အဲဒါကြားသိစိတ်ပဲ၊ ဒီတော့ ခြုံပြောရင် မင်းနား ထဲမှာ ဘာသံကြားကြား ကြားတာနဲ့ မသိဘူးလား။

သန်း သိပါတယ် ဘုရား

နုပ် အေး ကြားလို့သိတာမှန်သမျှ ကြားသိစိတ်လို့ပဲ မှတ် ထားပေါ့။ ဒီတော့ ကြားသိစိတ်ဟာ တကယ်မရှိဘူးလား။

သန်း ရှိပါတယ်ဘုရား

နုပ် ဒီလို ကြားသိစိတ်ရှိတယ်လို့ သိတာဟာ လူပြောသူပြော လား မင်းကိုယ်တွေ့လား

သန်း တပည့်တော်ကိုယ်တွေ့ပါ

နုပ် အဲဒီကြားသိစိတ်ကလည်း အကြောင်းလေးပါးကြောင့်ဖြစ် ရတာပါ ကိုယ်ကြားချင်သလိုကြားလို့ရတာမဟုတ်ပါ ဘူး။ ကြားသိစိတ်ဖြစ်လာဖို့အတွက်

သောတပသာဒ = နားအကြည်ရုပ်ရှိရတယ်

သဒ္ဒါရုံ= အသံရုပ်ရှိရတယ်

ဝိဝရ = အပိတ်အပင်ကင်းရှင်းရတယ်

မနသိကာရ = နှလုံးသွင်းရှိရတယ်

ကြားသိစိတ်ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံ သစ္စာလေးပါး ဝင်ပုံတွေကို မြင်သိစိတ်အခန်းကို ပြန်ကြည့်ပြီး ကိုယ့် ဟာသာအကျယ်ချဲ့ပါ။ ကြားတဲ့အခါတိုင်းမှာလည်း ကြား သိစိတ်အနိစ္စလို့ ခုကတည်းက သတိရတိုင်း ပွားများ ပေးနေပါ။

သောတပသာဒ= နားအကြည်ရုပ်ဆိုတာက နားရွက်ကြီး တစ်ခုလုံးကို ပြောတာမဟုတ်ပါဘူး၊ နားအတွင်းထဲက



လက်စွပ်ကွင်းသဏ္ဍာန်နေရာလေးမှာ အသံရိုပ် တွေလာ ထင်တတ်တဲ့၊ သောတ ပသာဒအကြည် ရုပ်ရှိပါတယ် သူလည်း မျက်တောင်တစ်ခတ်အတွင်းမှာ အကြိမ်ပေါင်း ကုဋေ (၅၈၈၀) ကျော်ဖြစ်ပျက်နေတာပါ။ နောက်နံ့ သိစိတ်ရှိပုံကို သွားကြဦးစို့။ မင်းနှာခေါင်းမှာ အနံ့လေး တစ်ခုခုရလိုက်တာနဲ့ ဒါဘာနံ့ပဲလို့မသိဘူးလား။

သန်း သိပါတယ်ဘုရား

နုပ် အေး အဲဒါနံ့သိစိတ်ပဲ။ ဒီနံ့သိစိတ်ဟာ အနံ့တစ်ခုခုရတိုင်း ရတိုင်း အမြဲဖြစ်မနေဘူးလား။

သန်း ဖြစ်နေပါတယ်

နုပ် ဒီနံ့သိစိတ်ဟာလည်း ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့ရတာ မဟုတ်ပါဘူးအကြောင်းလေးပါးစုံမှပဲဖြစ်တာပါ။ အကြောင်းလေးပါးက. . .

ဃာနပသာဒ =နှာခေါင်းအကြည်ရုပ်

ဂန္ဓာရုံ= အနံ့ရုပ်

ဝါယော = လေဓါတ်

မနသိကာရ= နှလုံးသွင်း

ဒီလေးခုပေါင်းဆုံပေးမှ နံ့သိစိတ်ဟာဖြစ်နိုင်တာပါ။ သူ ဖြစ်ချင်တိုင်းဖြစ်လို့မရပါဘူး မြင်သိစိတ်နည်းအတိုင်း မိမိစိတ်ထဲမှာ ရှင်းတဲ့အထိ ဝေဘန်ပိုင်းခြားပါ။ နှာခေါင်း အကြည်ရုပ်ဆိုတာ နှာခေါင်းဘူကြီးတစ်ခုလုံးကိုပြောတာ မဟုတ်ပါဘူး။ နှာခေါင်းအတွင်းထဲမှာ ဆိတ်ခွာသဏ္ဍာန် နေရာလေးတစ်ခုရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာဟာ ဃာနပသာဒရုပ်ရှိတဲ့နေရာပါပဲ၊ ဒီနေရာလေးကို အနံ့ရုပ်ကလာတိုက်မှ နံ့သိစိတ်ဟာဖြစ်တာပါ အဲဒီလိုလာတိုက်နိုင်ဖို့အတွက် လေဟာအရေးတကြီးလိုအပ်ပါတယ်။ ဒါ့ကြောင့် ဝါယောဓါတ်ဟာ နံ့သိစိတ်ဖြစ်ဖို့ အကြောင်းလေးချက်ထဲမှာတစ်ချက်အနေနဲ့ပါနေရတာပါ။ နံ့သိစိတ်ပြီးရင် စားသိစိတ်ကိုသွားကြရအောင်။ မင်းပါးစပ်က ဘာကိုပဲစားစား စားတိုင်းစားတိုင်း ငါစားတာဘာပဲလို့ မသိဘူးလား။

သန်း သိပါတယ်။

နုပ် အေး အဲဒါ စားသိစိတ်ပဲ။ ဒီစားသိစိတ်ဟာလည်း ကိုယ်ဖြစ်ချင်သလိုဖြစ်လို့ရတာမဟုတ်ပါဘူး။ စားသိစိတ်ဖြစ်ဖို့အတွက် အင်္ဂါတွေကတော့

ဇိဝှါပသာဒ =လျှာအကြည်ရုပ်

ရသာရုံ=အရသာအမျိုးမျိုး

အာပေါဓါတ်= အစေးအရည်

မနသိကာရ=နှလုံးသွင်းခြင်း တို့ပါပဲ။

ဇိဝှါပသာဒ လျှာအကြည်ရုပ်ဆိုတာဟာ လျှာကြီးတစ်ခုလုံးကိုပြောတာမဟုတ်ပါဘူး။ လျှာရဲ့အလယ်မှာ ကြာပွင့်ဖျားသဏ္ဍာန်နေရာလေးရှိပါတယ်။ အဲဒီနေရာဟာ ဇိဝှါပသာဒခေါ် လျှာအကြည်ရုပ်ရှိတဲ့နေရာပါပဲ။

ကဲ ထိသိစိတ်ကို သွားကြဦးစို့။

မင်းအခု ကြမ်းပြင်ပေါ်မှာ ထိုင်နေတာ ဒီတော့ မင်းတင်ပါးတွေရယ် ကြမ်းပြင်ရယ် ထိနေကြတယ် ဒီလိုထိ



လိုက်တာနဲ့ ငါ့တင်ပါးနဲ့ထိနေတာကြမ်းပြင်ပဲလို့ မင်းမသိဘူးလား။

သန်း သိတယ်ဘုရား။

နုပ် အေး၊ အဲဒါ ထိသိစိတ်ပဲ၊ နောက်မင်းလက်နဲ့ဘာကိုထိမိ ထိမိ ထိမိတာနဲ့ ငါ့လက်နဲ့ထိတာ ဘာပဲလို့တန်းပြီးတော့ မသိဘူးလား။

သန်း သိပါတယ်ဘုရား။

နုပ် အေး၊ အဲဒါ ထိသိစိတ်ပဲ၊ နောက် မင်းခြေထောက်ကကြမ်းပြင်ကိုပဲထိမိထိမိ မြေပြင်ကိုပဲထိမိထိမိ ငါထိမိတာကြမ်းပြင်ပဲ မြေပြင်ပဲလို့ တန်းမသိဘူးလား။

သန်း သိပါတယ်ဘုရား။

နုပ် အေး အဲဒါ ထိသိစိတ်၊ အဲဒီထိသိစိတ်ဟာလည်း ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့မရပါဘူး၊ အကြောင်းလေးခုပေါင်းဆုံပေးမှ ဖြစ်တာပါ။ ဒီလေးခုက. . .

ကာယပသာဒ =ကိုယ်အကြည်ရုပ်

ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိရုပ်

ထဒ္ဓပထဝီ = မာသဘောပထဝီဓါတ်

မနသိကာရ = နှလုံးသွင်းခြင်းတို့

ပါပဲ – ကာယပသာဒကိုယ်အကြည်ရုပ်ဟာ နယ်ကျယ်ပါတယ် ဆံပင် မွေးညှင်းနဲ့ ခြေသည်းလက်သည်းနေရာကလွဲပြီး ကျန်တစ်ကိုယ်လုံးမှာ ကာယပသာဒ=ကိုယ်အကြည်ရုပ်ရှိနေပါတယ် ဒါကြောင့် ဘယ်နေရာကို ထိထိထိတိုင်းသိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖေါဋ္ဌဗ္ဗာရုံဆိုတာ ပထဝီ တေဇော၊ ဝါယောဆိုတဲ့ ဓါတ်ကြီးသုံးပါးပေါင်းထားတဲ့ အာရုံတစ်ခုပါ။ တွေးသိစိတ်ကိုသွားကြဦးစို့။ မင်းတွေးတိုင်း တွေးတိုင်း ကိုယ်တွေးတာကို မသိဘူးလား။

သန်း: သိတယ်ဘုရား။

နုပ် အေး. . . အဲဒါတွေးသိစိတ်ပဲ၊ အဲဒီတွေးသိစိတ်ဟာလည်း ဖြစ်ချင်တိုင်းဖြစ်တာမဟုတ်ပါဘူး။ အကြောင်းလေးပါး တိုက်ဆိုင်ပေးမှဖြစ်ရတာပါ။ အကြောင်းလေးပါးက

မနောပသာဒ (သို့) ဟဒယဝတ္ထု = စိတ်အကြည်ရှင် (သို့) နှလုံးသွေး

ဓမ္မာရုံ = အတွေးအာရုံ

ဘဝင်္ဂုပစ္ဆေဒ = ဘဝင်ကိုဖြတ်ခြင်း

မနသိကာရ = နှလုံးသွင်းခြင်း

တို့ပါပဲ။ ဟဒယဝတ္ထုဆိုတာ နှလုံးအိမ်ကိုပြောတာပါ အဲဒီ နှလုံးအိမ်ထဲမှာ အင်မတန်ကြည်လင်နေတဲ့ သွေးလတ် တစ်ခုပ်စာရှိပါတယ် အဲဒီနေရာဟာ မနောအကြည်ရှင် တည်တဲ့နေရာပါ။ တွေးသိစိတ်ဟာ အဲဒီနေရာကဖြစ် တာပါ၊ စိတ်ရှိပုံသိပြီးရင် စေတသိက်ရှိပုံကို ဆက်သွား ရမယ်၊ ဒီကရှေ့လျှောက် ရုပ်တွေ နာမ်တွေ ဓါတ်တွေ ပရမတ်တွေချည်းလာတော့မှာ။ ငါတော့ နားလည်မှာ မဟုတ်ပါဘူးဆိုပြီး စိတ်မညစ်နဲ့နော်

သန်း: မညစ်ပါဘူးဘုရား

နုပ် မဂ်ဖိုလ်ကို တိုက်ရိုက်ပေးမယ့် အဘိဓမ္မာတရားနာကြား



ရတာ အင်မတန်အကျိုးကြီးတယ်၊ ကဿပဘုရားလက်ထက်က လင်းနို့သားငါးရာဟာ ကျောက်လိုဏ်ဂူကြီးတစ်ခုထဲမှာနေကြတယ်။ ဒီဂူကြီးထဲကို ရဟန်းတော်နှစ်ပါးလာပြီး အဘိဓမ္မာပါဠိတွေကို ရွတ်ဖတ်သရဇ္ဈာယ်တယ်။

လင်းနို့ငါးရာလည်းကောင်းစွာနာယူကြသတဲ့၊ တိရစ္ဆာန်ဆိုတော့ မင်းတို့လိုတော့ ဘယ်နားလည်မှာတဲ့လဲ။ သူတော်ကောင်းရဲ့ မြင့်မြတ်တဲ့အသံဆိုတာလောက်ပဲ သိတာပါ။ သူတို့ဘဝမှာ ကုသိုလ်ဆိုလို့ ဒီတရားနာတာလေးတစ်ခုပဲရှိတယ်။ လင်းနို့ဘဝက သေလွန်ကြတော့ အဘိဓမ္မာတရားကို နားမလည်ပဲ နာကြားခဲ့တဲ့ ဓမ္မသဝနကုသိုလ်က လူ့သက်နဲ့ဆိုရင် နှစ်ပေါင်း ၃ ကုဋေနဲ့ ၆သန်း အသက် ရှည်တဲ့ တာဝတိံသာနတ်ပြည်ကို နတ်သားတွေအဖြစ်နဲ့ ပို့ပေးလိုက်တယ်။

နတ်ပြည်ခြောက်ထပ် အစုန်စုန်အဆန်ဆန် နတ်စည်းစိမ်တွေခံစားပြီး နောက်ဆုံး ဘဝမှာတော့ ဂေါတမမြတ်စွာဘုရား သာသနာမှာ အရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်းငါးရာလာဖြစ်ကြတယ်။ ကြည့်နော် အဘိဓမ္မာကို နာကြားခဲ့တဲ့ ကုသိုလ်လေးက ရဟန်းဘဝကို ပို့ပေးပြန်ပြီ။ အရှင်သာရိပုတ္တရာက မြတ်စွာဘုရား နတ်ပြည်မှာဟော ခဲ့တဲ့ တရားကို ပထမဆုံးနာကြားတယ် မြတ်စွာဘုရား က နတ်ပြည်မှာ နိမ္မိတရုပ်ပွားတစ်ဆူကို တရားဟော ခိုင်းထားရင်းက လူ့ပြည်ဆင်းပြီး မြောက်ကျွန်းမှာ ဆွမ်း ခံတယ်။ အဲဒီလို လူ့ပြည်ဆင်းသခိုက်လေးမှာ အရှင်

www.burmeseclassic.com

www.burmeseclassic.com


သာရိပုတ္တရာကို နတ်ပြည်မှာ ဟောထားခဲ့တဲ့ အဘိဓမ္မာတရားတော်တွေကို ယနေ့ငါနတ်ပြည်မှာ ဟောနေတဲ့တရား ဒီကနေ့ ဒီကိုရောက်ပြီဆိုပြီးပြန်ဟောပြပါတယ်။ အဲဒီ အဘိဓမ္မာတရားကို အရှင်သာရိပုတ္တရာက အရှင်ဘဝကအဘိဓမ္မာတရားနာကြားဘူးခဲ့တဲ့သူ့တပည့်ငါးရာကိုပြန်ပြီးဟောပေးပါတယ်။ အဘိဓမ္မာတရားကို လူသားတွေထဲမှာ ဒုတိယမြောက်နာရသူတွေဟာ ဒီရဟန်းငါးရာပါပဲ အခုတော့ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်မှာစံနေကြပါပြီ။ ဒါ့ကြောင့် ဓါတ်တွေ ပရမတ်တွေနာကြားဆွေးနွေးရတာမပျင်းနဲ့လို့တိုက်တွန်းနေတာပေါ့။

သန်း မပျင်းပါဘူးဘုရား ဆက်သာဟောပါ။

နုပ် ကဲ ဒီအပါတ်တော့ တော်ကြဦးစို့ နောက်အပါတ်မှ စေတသိက်ရှိပုံ ရုပ်ရှိပုံတွေ အကြောင်းဆက်သွားကြဦးစို့။

<u>သာသနာကိုရှောင်ကွင်းသူများ</u>

ဘေးကိုမမြင် ခေတ်လျှင်ချထား
စောင့်စားပါရမီ ဒွိဟိတ်မည်နှင့်
တစ်လီမိပတိတ် ဤငါးစိတ်သည်
တိရိစ်ဘုံစဉ်စံဖို့တည်း။
(လယ်တီဆရာတော်)

( ၁ ) အိုဘေး နာဘေး သေဘေးကို မတွေးမမြင်ဘဲ ပျော်ရွှင်မိုက်မှား နေကြသူများ
( ၂ ) ဒီခေတ်ဟာ အရိယာခေတ်မဟုတ်တော့ဘူး ကျင့်ရင်လဲ ပင်ပန်းရုံသာရှိမယ်လို့ ခေတ်အပေါ်မှာ လွှဲပုံချနေသူများ



( ၃ ) တို့များက ပါရမီနည်းတယ် ပါရမီရှင်ကြီးတွေနဲ့သာထိုက်တန်ပါတယ်ဟု ပါရမီပေါ်လွှဲချနေသူများ။
( ၄ ) မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ တိဟိတ်ပုဂ္ဂိုလ်မျိုးတွေသာ ဒီဘဝကျင့်ရင်ရနိုင်တာ၊ တို့က ဒွိဟိတ်ပုဂ္ဂိုလ်အတန်းအစားလောက်ပါဟု စစ်မရောက်မီမြားကုန်ကာ အရှုံးပေးနေကြသူများ။
( ၅ ) ဘဝပေါင်းများစွာက ဆုတောင်းလာကြတဲ့ ဆုထူးပန်အဓိပတိပုဂ္ဂိုလ်ကြီးတွေသာကျင့်ရင် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်တာ၊ တို့များ ငနုံငမွှားတွေနဲ့ မထိုက်တန်ပါဘူးဟု လွှဲချနေကြသူ ဖြစ်၏။ ဤသူများ တိရစ္ဆာန်ဘုံစဉ်စံရမည် မဂ်ဖိုလ်မရဟု ဆိုလို၏။

ဣမေ သုဘဒ္ဒဘိက္ခုသမ္မာဝိဟရေယျုံ
အသုညောလောကောအရဟန္တေဟိအဿ။
(မဟာပရိနိဗ္ဗာနသုတ်)

သုဘဒ် ဤရဟန်းတို့သည် ဝိပဿနာတရားကို ကျင့်ကြံအားထုတ်နေငြားအံ့၊ လောကသည် ရဟန္တာတို့ဖြင့် မဆိတ်သုဉ်းနိုင်။

ကျင့်ကြံအားထုတ်သူရှိနေလျှင် သာသနာဘယ်တော့မှ မကွယ် ရဟန္တာများအမြဲရှိနေမည်ဟု ဆိုလို၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

## သာသနာပသမ္မာဒိဋ္ဌိနှင့် သာသနာတွင်း သမ္မာဒိဋ္ဌိ

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝစီဘေဒ ဖြစ်ကာမျှ (ရွတ်နေရုံမျှ) သည် မဟာပုည မဖြစ်တတ်ချေ။ အနိစ္စစသည်ကို တပ်တပ် မြင်လျှင် နေ့စဉ်ရွှေကျောင်းတစ်ရာ ငွေ ကျောင်း တစ်ရာ၊ ရွှေစေတီပေါင်း ၈၄၀၀၀ တည်ရသည် ထက်မြတ်၏။

*(တောင်လေးလုံးဆရာတော်*
*စတုဂီရိရှုဘွယ် ပ -၆၄)*

နုပ် ဒီအပါတ်စေတသိက်ရှိပုံအကြောင်း ပြောကြရအောင်။ စေတသိက်က အရေအတွက်အားဖြင့် (၅၂)လုံးရှိတယ် သူတို့ဟာ စိတ်မှာမှီပြီးတော့ပဲဖြစ်ရတယ်။ သူတို့ချည်း မဖြစ်နိုင်ဘူး။ ဒီမှာတော့ သဘောပေါက်ရုံ တရားရှုတတ်ရုံ



သုံးလေးလုံးလောက်ပြောပေးမယ်။

မင်း အခုလမ်းမကို လှမ်းကြည့်တယ်။ အမျိုးသမီးတစ်
ယောက်ကိုမြင်မယ်။ စိတ်ရဲ့အလုပ်ကတော့ အမျိုးသမီး
လို့သိရုံပဲ၊ ကျန်တာဘာမှမလုပ်တတ်ဘူး။ မြင်လိုက်ရ
တဲ့ အမျိုးသမီးကချောမောလှပနေရင် မင်းနှစ်သက်လာ
လိမ့်မယ်၊ အဲဒါ လောဘစေတသိက်ပဲ။

မရမနေ မအိပ်နိုင် မစားနိုင်ဖြစ်နေမှ လောဘမဟုတ်ဘူး
နှစ်သက်လိုက်တာနဲ့ လောဘဖြစ်သွားတာပဲ၊ အဲဒီမှာတင်
အရင်က မိန်းမလို့ သိရုံသိနေတဲ့စိတ်ကလေးဟာ လော
ဘစေတသိက်နဲ့ပေါင်းမိပြီး သူပါလောဘစိတ်ဆိုပြီးဖြစ်
သွားတယ်။ ဒါနမူနာပြတာပေါ့။ မြင်၊ ကြား၊ နံ၊ စား
ထိ၊ သိ အာရုံ ၆ပါးလုံးမှာ နှစ်သက်တဲ့သဘောဝင်လာ
ရင် လောဘစေတသိက်လို့သိရမယ်။ ဒီတော့ လောဘ
စေတသိက်ရှိတာ မသေချာဘူးလား။

သန်း သေချာပါတယ် ဘုရား

နုပ် တစ်ဖန် အဲဒီမြင်လိုက်ရတဲ့ အမျိုးသမီးက အရုပ်ဆိုး
အကျည်းတန်ကြီးဖြစ်နေရင် မနှစ်သက်တဲ့သဘောလေး
ဖြစ်လာလိမ့်မယ်။ အဲဒါ ဒေါသပဲ၊ ရိုက်မယ် ပုတ်မယ်ဆို
မှ ဒေါသလို့ ခေါ်တာမဟုတ်ဘူး။ မနှစ်သက်ဘူးဆိုတာနဲ့
ဒေါသပဲ၊ အဲဒီမှာတင် မိန်းမလို့ သိရုံသိနေတဲ့ စိတ်
ကလေးဟာ ဒေါသစေတသိက်နဲ့ပေါင်းမိပြီး ဒေါသစိတ်
လို့ဖြစ်သွားတာပဲ။

မောဟဖြစ်ပုံပြောကြဦးစို့ အမျိုးသမီးဟာ လှတယ်လည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ အရုပ်ဆိုးတယ်လည်းမဟုတ်၊ သူလိုကိုယ်လိုသာ မန်လောက်ပဲဆိုရင် မိန်းမတစ်ယောက်ပဲလို့သိလိုက်တယ်။ အဲဒါ မောဟစေတသိက်ပဲ၊ အမှားသိလို့ခေါ်တာပေါ့။

**သန်း** မိန်းမကို မိန်းမလို့သိတာနဲ့ ဘာဖြစ်လို့မောဟသိအမှားသိလို့ခေါ်ရတာလဲဘုရား။

**နုပ်** စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားလေးပါးထဲမှာ မိန်းမဆိုတာပါသလား။

**သန်း** မပါဘူးဘုရား။

**နုပ်** ဒါဆိုရင် မိန်းမဆိုတာပရမတ်လား ပညတ်လား။

**သန်း** ပညတ်ပါဘုရား။

**နုပ်** ပညတ်ဆိုရင် ရှိတဲ့တရားလား မရှိတဲ့တရားလား။

**သန်း** မရှိတဲ့တရားပါဘုရား။

**နုပ်** မရှိတဲ့တရားကို ရှိတယ်လို့ထင်မှတ်တာဟာ အသိမှားလား။ အသိမှန်လား။

**သန်း** အသိမှားပါဘုရား။

**နုပ်** အေး၊ အဲဒီအသိမှားကို မောဟစေတသိက်လို့ပြောတာပဲ၊ သူ့ကို အဝိဇ္ဇာလို့လဲခေါ်တယ်၊ ရှိတဲ့ ရုပ်နာမ်ပရမတ်ကျတော့ မရှိဘူးလို့သိတယ်။ မရှိတဲ့လူခွေးမြင်းဆင်တောတောင်ရေမြေတွေကျတော့ ရှိတယ်လို့သိတယ်။ မောဟဟာဘယ်လောက်ကြောက်စရာကောင်းသလဲ၊ မြတ်စွာဘုရား တရားတော်နဲ့ဆန့်ကျင်ဘက်ဖြစ်အောင်ကို လုပ်ပေးထားတာပါ။

လောကမှာ အစိုးရနဲ့ သဘောထားမတူတဲ့တောတွင်းအဖွဲ့



အစည်းတွေကို သူပုန်လို့ခေါ်ရသလို သာသနာမှာလည်း ဗုဒ္ဓနဲ့အယူအဆခြင်းမတူရင် သူပုန်လို့ပဲခေါ်တယ်၊ သို့မဟုတ် ရန်သူလို့ပဲခေါ်တယ်၊ ဒါကို ရည်ရွယ်ပြီး စတုကိရိ တောင်လေးလုံးဆရာတော်ဘုရားကြီးက ရှုဘွယ်ကျမ်း ပထမတွဲ စာမျက်နှာ ၂၉၆ မှာ....

> **ယထာဘူတဉာဏ်ဟူသောလောကီ**
> **သစ္စာတော်ကိုမျှ မခံယူလျှင် အစိန္တေယျ**
> **ဘုရားသခင်၏ ရန်သူတော်စစ်ဖြစ်သည်**
> **သာသနိကသမ္မာဒိဋ္ဌိအဖြစ်သို့မျှ**
> **မရောက်သောသူဖြစ်သောကြောင့်**
> **သမ္မာဒိဋ္ဌိပုဂ္ဂိုလ်မဟုတ်**

လို့ရေးသားတော်မူခဲ့တာပေါ့။ ဒီနေရာမှာ ယထာဘူတဉာဏ်ကိုမှ မရရင် သာသနာတွင်း သမ္မာဒိဋ္ဌိမဟုတ်ဆိုတဲ့ စကားကို အကျယ်ရှင်းရအောင်။ ဗုဒ္ဓဘာသာတိုင်း မိမိကိုယ်မိမိ သာသနာတွင်း သမ္မာဒိဋ္ဌိပုဂ္ဂိုလ်တစ်ယောက်ဟုတ် မဟုတ်စစ်တမ်းထုတ်ကြည့်တဲ့သဘောပေါ့။ သမ္မာဒိဋ္ဌိဆိုတဲ့ အသုံးအနှုန်းကစပြောရအောင်၊

ဗုဒ္ဓဘာသာဆိုတဲ့ အသုံးအနှုန်းဟာ ရှေးမြန်မာကြီးအဆက်ဆက်ရဲ့ အသုံးအနှုန်းမဟုတ်ဘူး၊ ရှေးမြန်မာအဆက်ဆက်က ဗုဒ္ဓဝါဒအတိုင်းလိုက်နာနေထိုင်သူမှန်သမျှကို သမ္မာဒိဋ္ဌိလို့ဘဲခေါ်ဝေါ်သုံးနှုန်းတယ်။ သမ္မာဒိဋ္ဌိဆိုတာ ကောင်းမြတ်မှန်ကန်သော အယူအဆရှိသူလို့ အဓိပ္ပါယ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓအယူဝါဒအတိုင်း တကယ်နေသူဟာ ကိုယ်ကျင့်သီလရှိပြီး အများအကျိုးကို အဓိကထားတဲ့အတွက် ကောင်းမြတ်ဆိုတဲ့ စကားကိုသုံးတာမှန်တယ်။ တစ်ခါ မရှိတဲ့တရားပညတ်နဲ့ရှိတဲ့တရားပရမတ်ကိုလည်း မှန်ကန်စွာသိတဲ့အတွက် မှန်ကန်ဆိုတဲ့ စကားကို သုံးတာလည်း သဘာဝကျတယ်။

နာမည်နဲ့မလိုက်လျောဘဲနဲ့ ထင်သလိုမှည့်ခေါ်ထားတဲ့ အမည်မျိုးကို ရုဋ္ဌီနာမည်လို့ခေါ်တယ်။ ဥပမာ ဆင်းရဲနေသူတစ်ယောက်ကို မောင်ချမ်းသာလို့မှည့်ခေါ်ထားတာမျိုး ဘာအတတ်ပညာမှ မရှိသူကို မောင်ပညာလို့မှည့်ခေါ်ထားတာမျိုးပေါ့။

ဖြစ်စဉ်နဲ့ နာမည်နဲ့လိုက်လျောအောင်မှည့်ထားတဲ့အမည်မျိုးကိုတော့ အန္ဝတ္ထနာမည်လို့ခေါ်တယ်။ ဥပမာ အမရပူရမြို့= မြန်မာပြန်တော့ သေခြင်းမရှိတဲ့မြို့၊ ဘိုးတော်မင်းတရားလက်ထက် မင်းနှင့်တကွ တိုင်းသူပြည်သားအားလုံး ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲကြတော့ တစ်တိုင်းပြည်လုံး အနာရောဂါတွေ ကင်းပြီး သက်တမ်းတစ်ရာပြည့်တဲ့အထိနေကြရသူကများတယ်။

အသုဘဆိုတာ အနှစ်တစ်ရာနေမှ တစ်ခါလောက်သာကြုံကြတော့ အထူးအဆန်းဖြစ်လို့ တစ်မြို့လုံးက ဝိုင်းကြည့်ကြရတယ်။ အဲဒီလိုတကယ်အသေအပျောက်နည်းတဲ့အတွက်ကြောင့် သေခြင်းမရှိသလိုဖြစ်နေတဲ့အတွက် အမရပူရလို့မှည့်ခေါ်တာဟာ အန္ဝတ္ထနာမည်ပါပဲ။



အခုလည်း ဗုဒ္ဓဝါဒကိုလိုက်နာတဲ့မြန်မာတိုင်းရင်းသားတွေကို သမ္မာဒိဋ္ဌိလို့ခေါ်တာဟာ နာမည်နဲ့ဖြစ်ရပ်နဲ့လိုက်လျောညီထွေရှိတဲ့အတွက် အန္ဝတ္ထနာမည်ပါပဲ။ ခုခေတ်မှာ ဗုဒ္ဓဝါဒအမည်ခံပြီး ထင်ရာလုပ်နေတဲ့ မြန်မာအချို့ကိုကြည့်ပြီး သမ္မာဒိဋ္ဌိဆိုတာ မြန်မာတွေနဲ့လိုက်လျောတဲ့အမည်လို့ပြောတာကို လက်မခံချင်သူ အနည်းငယ်လည်းရှိနိုင်တယ်။

ဒီမှာတော့ ဝိပဿနာတရားအကြောင်းရေးနေတာဆိုတော့ တခြားအကြောင်းတွေ ရေးခွင့်မသာပါဘူး။ ကိုယ်ကျင့်သီလနဲ့ပတ်သက်လာရင် အသက်သာအသေခံမယ် ကိုယ်ကျင့်သီလတော့ အထိမခံဘူးဆိုတဲ့ မြန်မာတွေအများကြီးရှိပါတယ်။ အပြည့်အစုံဖတ်ချင်ရင်တော့ တို့ရေးထားတဲ့ စာရိတ္တသတ္တိဆိုတဲ့ စာအုပ်ကို ဖတ်ကြည့်ကြပါလို့ပဲ တိုက်တွန်းရမှာပဲ။

သမ္မာဒိဋ္ဌိနှစ်မျိုးမှာ သာသနာပသမ္မာဒိဋ္ဌိအကြောင်းကို စပြောကြရအောင်။ ဘုရားမပွင့်တဲ့ သာသနာပကာလမှာ ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးခံစားရမယ်ဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိအယူရှိသူကို သာသနာပသမ္မာဒိဋ္ဌိလို့ခေါ်နိုင်ပါတယ်။

သာသနာပဆိုတော့လည်း ကုသိုလ်ကို ကုသိုလ်မှန်းမသိ အကုသိုလ်ကို အကုသိုလ်မှန်းမသိတဲ့လူတွေရဲ့အလယ်မှာ ဒီကမ္မဿကတာသမ္မာဒိဋ္ဌိအသိ[illegible]က်ရှိနေရင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ချီးကျူးစရာကောင်းနေပြီပေါ့။

သာသနာပအချိန်မှာ ကမ္မဿကတာသမ္မာဒိဋ္ဌိအယူမှမရှိသေးသူတွေကိုတော့ မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်။ မှားသောအယူရှိသူပေါ့။

အခုလို ဘုရားပွင့်တဲ့သာသနာတွင်းကာလမှာ ကျတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိထက်အဆင့်မြင့်တဲ့အမျိုးအစားတွေ အများကြီးပေါ်လာပြီလေ။

ဝိပဿနာသမ္မာဒိဋ္ဌိ =ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ ၃၁ ဘုံလုံးဖောက်ပြန်ပြောင်းလဲသော ရုပ်နှင့်အာရုံကိုသိတတ်သော နာမ်တရားသာရှိသည်လို့ မှန်မှန်ကန်ကန်သိသွားတာပါပဲ၊ ဝိပဿနာသမ္မာဒိဋ္ဌိကိုပဲ ယထာဘူတဉာဏ်လို့ခေါ်ပါသေးတယ်။

စောစောကပြောခဲ့တဲ့ တောင်လေးလုံးဆရာတော်ကြီးစကားထဲမှာ ယထာဘူတဉာဏ်ဟူသော လောကီသစ္စာတော်ကိုမျှ မရခဲ့လျှင် (ပ)သာသနိကသမ္မာဒိဋ္ဌိသို့မျှ မရောက်ဆိုတာ ဒီဝိပဿနာဉာဏ်လောက်မှ သဘောပေါက်မထားလျှင် သာသနာတွင်းမှာ သမ္မာဒိဋ္ဌိလို့မခေါ်ရ၊ မိစ္ဆာဒိဋ္ဌိလို့ခေါ်ရမယ်လို့ ပြောလိုတာပါပဲ။

ဝိပဿနာသမ္မာဒိဋ္ဌိထက် အဆင့်မြင့်သွားတာက မဂ်ကိုရသွားတဲ့ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖိုလ်ကိုရသွားတဲ့ ဖလသမ္မာဒိဋ္ဌိကိုယ်ရပြီးသား မဂ်ဖိုလ်တရားကိုပြန်ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဆိုဟာတွေရှိပါသေးတယ်။ ဒီသုံးမျိုးကတော့ တကူးတက လုပ်စရာမလိုပါဘူး။ ဝိပဿနာ



သမ္မာဒိဋ္ဌိကိုသာ ပွားများနေရင် ကျန်တဲ့သမ္မာဒိဋ္ဌိတွေက အလိုလိုဝင်လာရတာပါ။

ဒါတွေ အားလုံးကို အနှစ်ချုပ်လိုက်ရင် သာသနာပမှာ ကံနှင့် ကံ၏အကျိုးကို ယုံကြည်ရင် သမ္မာဒိဋ္ဌိ။ မယုံကြည်သူများဟာ မိစ္ဆာဒိဋ္ဌိ။

သာသနာတွင်းမှာ ဝိပဿနာသမ္မာဒိဋ္ဌိအမြင်ကိုရမှ သမ္မာဒိဋ္ဌိ။ မရရင် မိစ္ဆာဒိဋ္ဌိလို့ဖြစ်လာတယ်။

လယ်တီဆရာတော်ဘုရားကြီးရဲ့ ဥတ္တမပုရိသဒီပနီစာအုပ်မှာလည်း ဒီသဘောအတိုင်းပဲရေးထားတယ်။ အဲဒီမှာလည်း အကျယ်ဆက်ဖတ်နိုင်တယ်။

သန်း ဒီလိုဆိုရင် ဗုဒ္ဓဘာသာဝင်တွေဟာ သာသနာတွင်း သမ္မာဒိဋ္ဌိဖြစ်ဖို့အတွက် ဝိပဿနာတရားကို ရသမျှအချိန်ကို ယူပြီးလိုက်စားသင့်တာပေါ့ဘုရား။

နုပ် အေး အဲဒီလို လိုက်စားစေချင်လို့လဲ စီးပွားရေးနဲ့ပါတွဲဖက်ပြီး ရှုပွားနိုင်တဲ့ သုဒ္ဓဝိပဿနာကျင့်နည်းအကြောင်းကို အခုလိုအကျယ်ရေးနေတာပေါ့။ ကဲ စောစောကစကားကိုပြန်ဆက်ကြရအောင်၊ ဒီတော့ မိန်းမကို မိန်းမလို့သိတာ လောကသမုတိသစ္စာအနေနဲ့တော့ မှန်တယ်။ ပရမတ္ထသစ္စာအနေနဲ့တော့ မှားတယ်။

တကယ်မရှိတဲ့မိန်းမကို ရှိတယ်လို့အသိမှားတဲ့အတွက် မောဟဖြစ်တာပဲ။ ကိလေသာဆယ်ပါးထဲမှာ အသိမှားမှု မောဟကိလေသာနဲ့ အယူမှားမှု ဒိဋ္ဌိကိလေသာဟာ အဆိုးဆုံးလို့ လယ်တီဆရာတော်ဘုရားကြီးက ရေးသား

www.burmeseclassic.com

www.burmeseclassic.com



တော်မူခဲ့တယ်။

**အဆိုးဆုံးကိလေသာ**

ကိလေသာအပေါင်းတို့တွင် မြင်ကောင်းသောအရာကို မမြင်နိုင်ဘဲ မိုက်မဲဖုံးပိတ်၍ နေသော မောဟကိလေသာနှင့် အမှားကိုအားကျ၍ သွားတတ်သော ဒိဋ္ဌိကိလေသာသည် အဆိုးဆုံးဖြစ်သည်။

ထို့ကြောင့် မယားတစ်ယောက်မှ မယူငြားသော်လည်း ထိုကိလေသာကြီးနှစ်ပါးဘက်သို့ပါသောသူသည် မယားတစ်ထောင်ကိုယူသောသူထက်ပင် အပြစ်ကြီးလှသည်ဟု တရားတော်ရှိသည်။

မယားများများယူသောသူသည် ဘုရားစကားကို ကောင်းကောင်းကြီးနားမထောင်နိုင်သေးသောသူများသာတည်း။ (သာသနာ့ဝိသောဓနီသုံးစောင်တွဲ စာ ၉၁)

သန်း ဒီအတိုင်းဆိုရင် တပည့်တော်လည်း လောကအလိုသာ လူပျိုလို့ပြောနေကြတာ၊ တရားတော်အလိုဆိုရင်တော့ မယားတွေအများကြီးပဲ ဘုရား။ တရားတော်ကပေးလိုက်တဲ့ ဥပမာလေးသိပ်ကောင်းတယ် ဘုရား။ မောဟနဲ့ ဒိဋ္ဌိကိလေသာရှိသူဟာ မယားတစ်ထောင်ယူသော သူထက် အပြစ်ကြီးတယ်ဆိုတာ အမှန်ပေါ့ဘုရား။

နုပ် အောင်မယ် မင်းက ဘယ်လိုသဘောပေါက်လို့လဲ

သန်း တပည့်တော်သဘောပေါက်တာက မယားတွေကတိုက်ရိုက်အပါယ်မချနိုင်ဘူးဘုရား။ မောဟနဲ့ ဒိဋ္ဌိကိလေသာကတော့ အပါယ်ငရဲကို ဒါရိုက်ပစ်ချနိုင်တယ်ဘုရား။ ဒါ



ကြောင့် မယားတစ်ထောင်ယူတာထက်ဆိုးတယ်လို့ ဘုရားက ဟောခဲ့တာပါ၊ တပည့်တော်တော့ အခုလို သဘောပေါက်တယ် မှန်မလားမသိဘူးဘုရား

နုပ် မှန်ပါတယ်၊ ကဲ အကုသိုလ်စေတသိက်သုံးပါးဖြစ်ပုံပြောပြီးတော့ ကုသိုလ်စေတသိက်ဖြစ်ပုံ နမူနာတစ်ခုလောက်ပြောကြရအောင်၊ မင်းအခု ငါ့ကိုကြည့်လိုက်တော့ မမြင်ရဘူးလား။

သန်း မြင်ရပါတယ်ဘုရား

နုပ် မြင်ရတော့ ဘုန်းကြီးလို့ သိမသွားဘူးလား။

သန်း သိသွားတယ်ဘုရား

နုပ် အေး အဲဒါ ရိုးရိုးမြင်သိစိတ်လေး၊ အဲဒီအချိန်မှာ ကြည်ညိုတတ်တဲ့ သဒ္ဓါစေတသိက်လေးဝင်လာမယ်ဆိုရင် ဒီဆရာတော်ဟာ ရတနာသုံးပါးထဲမှာပါတဲ့ သံဃာ ရတနာပဲ၊ ငါ့ကိုလည်း မဂ်ဖိုလ်တွေရအောင် အပါယ်ဘေးကဝေးအောင် တရားပေးတယ်၊ ဒီလို ကြည်ညိုလာလိမ့်မယ်၊ ကြည်ညိုပြီဆိုတာနဲ့ ကိုးကွယ်မယ်၊ ဆည်းကပ်မယ် လှူမယ်တန်းမယ်ပေါ့ကွာ။

ဒီတော့ အရင်တုန်းက မြင်ရုံသာမြင်တဲ့စိတ်ကလေးဟာ သဒ္ဓါစေတသိက်နဲ့လည်း ပေါင်းမိသွားရော သူပါ သဒ္ဓါစိတ်လို့ဖြစ်သွားတာပေါ့။ နောက်တစ်ခုကြည့်ကြဦးစို့၊ အမေအိုကြီးတစ်ယောက် တုန်တုန်ချိချိနဲ့ ကားလမ်းဖြတ်ကူးရအောင်ပြင်နေတာ မင်းတွေ့တယ်၊ မျက်စေ့ကတော့ မြင်ရင်သိတာပဲ ရှိတာပါ။ ဘာမှမထူးပိတ်တတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။

ဒီအချိန်မှာ ကရုဏာစေတသိက်လေးဝင်လာတာနဲ့ အဖေ အိုလမ်းပေါ် လဲကျမှာ ကားတိုက်မှာကိုတွေးမိပြီး သနား သွားတယ်၊ ဒါနဲ့ပဲ တွဲပြီးဟိုဘက်ကို ရောက်အောင်ပို့ ပေးလိုက်တယ်၊ ဒီတော့ မြင်ရုံမြင်တတ်တဲ့စိတ်ဟာလည်း ကရုဏာစေတသိက်နဲ့ပေါင်းမိပြီး ကရုဏာစိတ်လို့ဖြစ် သွားပြန်တာပေါ့။

ဒါဆိုရင် သဒ္ဓါစေတသိက်တို့ ကရုဏာစေတသိက်တို့ရှိ တာမသေချာဘူးလား။

သန်း သေချာပါတယ်ဘုရား။

နုပ် ခုပြောပြီးတဲ့စိတ်နဲ့ စေတသိက်နှစ်မျိုးလုံးကို အာရုံရှိရာ ညွှတ်တတ်တဲ့သဘောရှိတာကြောင့် နာမ်တရားလို့ခေါ် တယ်၊ နောက်ကိုနာမ်တရားလို့ပြောလိုက်တာနဲ့ စိတ်နဲ့ စေတသိက်နှစ်မျိုးလုံးပါတယ်လို့သိပါ။ နောက်ရုပ်တရား ကိုသွားကြရအောင်၊ ရုပ်အားလုံးရဲ့ သဘောကတော့ ဖောက်ပြန်တတ်တာပါပဲ၊ သူက ၂၈ ပါး ရှိတယ်၊ ဝိပဿနာရှုပွားတတ်ရုံကတော့ အားလုံးသိစရာမလိုပါ ဘူး၊ အဝိနိဗ္ဘောဂရုပ်ရှစ်ပါးလောက်သိရင်ပဲလုံလောက်ပါ ပြီ။ ခွဲခြား၍မရကောင်းသော ရုပ်ဓါတ် (၈)ပါးကို အဝိနိ ဗ္ဘောဂရုပ်လို့ခေါ်တယ်၊ ခွဲခြား၍မရဘူးဆိုတာက ဒီရုပ်ဓါတ် (၈)ပါးဟာ တစ်ခုရှိရင် ကျန် (၇)ခုပါရှိတယ်၊ တစ်ခုခြင်း နှစ်ခုခြင်းဒီလိုခွဲနေလို့မရဘူး၊ အဲဒါကိုပဲ ခွဲခြား၍မရကောင်း သောရုပ်လို့ဆိုတာ၊ ဒီရုပ်တွေက



**အဝိနိဗ္ဘောဂရုပ် (၈) ပါး**

ပထဝီ= မာသဘော၊ ပျော့သဘော

အာပေါ= ဖွဲ့စည်းသဘော၊ ယိုစီးသဘော

တေဇော= အပူအအေးကြောင့် ရင့်ကျက်ခြင်းသဘော

ဝါယော = ထောက်ကန်သဘော၊ လှုပ်ရှားသဘော

ဝဏ္ဏ = အဆင်းရုပ် (ရူပါရုံလည်းခေါ်)

ဂန္ဓ =အနံ့ရုပ် (ဂန္ဓာရုံလည်းခေါ်)

ရသ = အရသာရုပ် (ရသာရုံလည်းခေါ်)

ဩဇာ = အဆီအနှစ်အစေး = ရုပ်ဟောင်းချုပ်ရာ၌ ရုပ်သစ်အစားထိုးသောသဘောတရား တို့ပဲ။

သေချာသမာဓိစိုက်ပြီးတော့နာပါ၊ ခက်ခဲလာပြီ။ ဝိပဿနာ ဆိုတာ ဉာဏ်ပညာအလုပ်ဆိုတာ ပိုသိလာလိမ့်မယ်။ လောလောဆယ်ရုပ်ဓါတ် ရှစ်ပါးကို အကြမ်းဖျင်းပြောပြ ပြီး ငါစွဲဒိဋ္ဌိကို ရသလောက်ခွာပေးမယ်၊ အကြမ်းဖျင်း ပြောပြီးမှ အနုစိတ်ထပ်ပြောမယ်။

နာမ်တရားကိုတော့ ငါလို့ စွဲစရာအတုံးအလုံးအခဲအရည် အဖတ် အမှုန်အမွှားဘာမှမရှိဘူးလို့ပြောလိုက်ရင် ယောဂီ ဟာချက်ခြင်းသဘောပေါက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နာမ်တရားမှာက နဂိုကတည်းက အလုံးအတုံးအခဲအရည် အဖတ်အမှုန် အမွှားလို့အထင်မှားစရာ ဘာမှမရှိဘဲကိုး၊ အခုပြောပြီးခဲ့တဲ့ စိတ်နဲ့စေတသိက်နှစ်ပါးလုံးဟာ အာရုံ ကိုသိတဲ့ သဘောလေးပဲရှိတယ်၊ အမှုန်အမွှားအနှစ်သာရ ဘာမှမရှိဘူးဆိုတာ မင်းဉာဏ်ထဲ ရှင်းတယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



**သန်း** ရှင်းပါတယ်ဘုရား။

**နုပ်** ပညာရှိနည်းနဲ့မမှတ်ခင် လူပြိန်းနည်းနဲ့ သို့မဟုတ် ပုံသေနည်းနဲ့ မင်းမှတ်ထားရမှာက နာမ်တရားဟာ အလုံးအတုံးအခဲအရည် အဖတ်အမှုန်အမွှားဘာမှမရှိဘဲ အာရုံကိုသိတတ်တဲ့သဘောတရားလေးပဲရှိသလို၊ အခု ပရမတ်ရုပ်တရားသည်လည်း နာမ်တရားကဲ့သို့ အလုံးအတုံးအခဲအရည် အဖတ်အမှုန်အမွှားဘာမှမရှိဘဲ ဖောက်ပြန်တဲ့သဘောတရားလေးပဲရှိတယ်လို့ သိထားရမယ်။ အခု ဆရာပြောလို့သာ ခေါင်းငြိမ့်လိုက်ရတာ၊ မင်းစိတ်ထဲမှာတော့ ဘယ်ချက်ခြင်းလက်ခံနိုင်လိမ့်မလဲ။ ဘာဖြစ်လို့လဲဆိုတော့ ပရမတ်ရုပ်ကို အတုံးကြီး အလုံးကြီးလို့ထင်စရာ ပညတ်ရုပ်ကောင်ကြီးကရှိနေတာကိုးကွ။ ထိုင်နေတဲ့ မင်းကိုယ်ကြီးကို ဆွဲလို့ဆိတ်လို့မရဘူးလား။

**သန်း** ရတယ်ဘုရား။

**နုပ်** အေး၊ အဲဒါက ဝိပဿနာရှုရမယ့် ပရမတ်ရုပ်မဟုတ်သေးဘူး။ သူလည်း တကယ်မရှိတဲ့ ပညတ်ရုပ်ပဲ။ အနီးစွာ မမြဲဘူးလို့ ရှုရတဲ့ ပရမတ်ရုပ်ဆိုတာက တစ်စက္ကန့်အတွင်းမှာကိုပဲ အကြိမ်ပေါင်း ကုဋေ (၅၈၈၀)ကျော် ပျက်နေတာဆိုတော့ ဘယ်လိုမှ ကိုင်လို့ပြလို့မရနိုင်ဘူး၊ ဝိပဿနာဉာဏ်နဲ့ပဲသိနိုင်တယ်။

ပညတ်ရုပ်ဆိုတာကတော့ သူ့အတိုင်းအတာနဲ့သူ မပျက်မစီးဘဲ တည်နိုင်စွမ်းရှိသလောက်တည်တယ်၊ ကလေးကစားစရာအိုးပုတ်ဆိုတဲ့ ပညတ်ရုပ် တစ်ရုပ်ဟာ မိုးထဲ



နေ ထဲမှာပစ်ထားလည်း သုံးလေးလတော့ မပျက်စီးဘဲခံနိုင်တယ်၊ ဒီအတူ မင်းတို့ငါတို့ရဲ့ ဒီပညတ်ရုပ် ပညတ်ကိုယ်ကြီးလည်းသေလို့ မြေကြီးထဲမြှုပ်ပစ်တောင် အသားဆိုတဲ့ ပညတ်ရုပ်က သုံးလေးလတော့ ခံတယ်၊ အကုန်ပျောက်မသွားတာကိုပြောတာ။

အရိုးဆိုတဲ့ပညတ်ရုပ်က နှစ်ပေါင်း ၄၀ လောက်ထိ မပျက်စီးဘဲ ခံတယ်။ ၄၅ နှစ်လောက်ရောက်မှ မြေကြီးဖြစ်သွားတယ်၊ ကော့သောင်းမြို့က ဒေါ်ကင်းမကျင်းလို့ ခေါ်တဲ့ ရှမ်းတရုတ်မကြီးတစ်ယောက် သူတို့ရဲ့တရုတ်ရိုးရာယဉ်ကျေးမှုအရ အဘိုးနဲ့အဘွားရဲ့ အုတ်ဂူကိုပြန်ဖေါ်ပြီး မီးသင်္ဂြိုဟ်ဖို့လုပ်တယ်၊ အဘွားအလောင်းဂူသွင်းတာက (၃၅) နှစ်ရှိပြီတဲ့။

အဘိုးအလောင်းဂူသွင်းတာက (၄၅) နှစ်ရှိပြီတဲ့။

နှစ်ပေါင်း (၃၅) နှစ်ကြာပြီဖြစ်တဲ့ အဘွားအုတ်ဂူကိုဖွင့်လိုက်တဲ့အခါမှာ အရိုးကြီးတဲ့ပေါင်ရိုးနဲ့ လက်ရိုးလောက်ပဲကျန်တော့တယ်တဲ့ ကျန်တာတွေအားလုံး မြေကြီးဖြစ်သွားကြတယ်၊ နှစ်ပေါင်း (၄၅) နှစ်ရှိပြီဖြစ်တဲ့ အဘိုးရဲ့ အုတ်ဂူကိုဖွင့်လိုက်တဲ့အခါမှာတော့ ဘာမှမကျန်တော့ဘူး အရိုးနေရာမှာ မြေကြီးအဖြူမှုန့်လေးတွေပဲ တွေ့ရတော့တယ်တဲ့။

သူရှင်းလင်းသွားတဲ့အတွေးအခေါ် တစ်ခုကိုတောင်ပြောပြသွားသေးတယ်။ အရင်တုန်းက သေရင်မြေကြီးလို့ပြောခဲ့တဲ့စကားကို သူသဘောပေါက်တာက သေရင်မြေကြီး

www.burmeseclassic.com

www.burmeseclassic.com



ထဲမြုပ်တာကိုပြောတာလို့ထင်နေမိသတဲ့။ အခုလို အဘိုး အဘွားတွေရဲ့ အုတ်ဂူတွေကို ဖြိုကြည့်လိုက်တဲ့အခါကျ တော့မှ သေရင်မြေကြီးဆိုတာ သေသွားလို့ကြာရင် မြေ ကြီးဖြစ်သွားတာကို ဆိုလိုတာလို့ သဘောပေါက်သွား သတဲ့။

ဒါ့ကြောင့် ရုပ်အနိစ္စ ရုပ်အမြဲမရှိလို့ ဝိပဿနာရှုမယ့် ယောဂီအနေနဲ့ အမြဲရှိနေတဲ့ ပညတ်ရုပ်ကြီးဉာဏ် အမြင်ထဲမှာ ခံနေရင် ဝိပဿနာကို မဖြစ်နိုင်တော့ဘူး ဒါ့ကြောင့် ဆရာဖြစ်သူက တရားရှုရမယ့် ပရမတ်ရုပ် နဲ့ တရားမရှုရမယ့်ပညတ်ရုပ်ကို ယောဂီသဘောပေါက် အောင် သေသေချာချာ ရှင်းပြထားဖို့တာဝန်ရှိတယ်။ ခက်ခဲတဲ့ ပရမတ်ပညာဆိုတာ တပည့်ဉာဏ်လိုက် နိုင်ရုံ နည်းနည်းခြင်းသင်ပေးရတယ်။ ကဲ နောက်အပါတ်မှ ပရမတ်ရုပ်တွေဟာ သဘောတရားအနေနဲ့ ရှိနေပုံကို ပြောကြရအောင်

<u>မဂ်ဖိုလ်ရဖို့ရာ ပရမတ်ပညာ</u>

သာသနာငါးထောင်သည် အရိယာခေတ်ချည်းသာတည်း၊ ပိဋကတ်သုံးပုံရှိနေသမျှသည် အရိယာခေတ်ရှိသည်ချည်း မှတ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ မူလဗီဇသမ္မာရဟုဆိုအပ် သောမျိုးသုံးပါးတို့တွင် သီလ၊ သမာဓိတို့သည်ကား သာသနာမရှိသော သုညကမ္ဘာတို့၌လည်း အစဉ်ထာဝရ ကမ္ဘာတန်ဆာကဲ့သို့ဖြစ်၍ အမြဲရှိနေကြ၏။

ဘယ်အခါမဆို ယူလိုလျှင် ရနိုင်ကုန်၏။ ရုပ်၊ နာမ်၊



ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်လျှင် အရင်းရှိသော ပညာမျိုးသည်မူကား ဘုရားပွင့်ရာ သာ သနာတော်နှင့် တွေ့ကြုံဆဲအခါ၌သာ ရနိုင်၏။

သာသနာပ၌မူကား သုညကမ္ဘာအသချေပင် ကြာသော် လည်း ထိုပညာစကားများကိုကြားရုံမျှ အခွင့်မရှိပြီ။ ထို့ ကြောင့် ယခုအခါ သာသနာတော်တွင်း၌ ကြုံတွေ့ကြ ကုန်သောသူတို့သည်

နောက်နောက်ဘဝ နောက်နောက်ဘုရားသာသနာမှာ ကျွတ်လွတ်ဖို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ သမ္ဘာရမျိုးအနေမျှ ကို အရအမိ ရည်သန်ကြကုန်သည်ရှိသော် သီလ၊ သမာဓိနှစ်မျိုးနှစ်ပါးတို့ထက် အတိဒုလ္လဘတွေ့ကြုံခဲလှ သော ပရမတ္ထပညာမျိုးကို အထူးအချွန်အလွန်အားခဲ၍ ယူကြကုန်ရာ၏။

(လယ်တီဆရာတော်၏ ဗောဓိပက္ခိယဒီပနီကျမ်းမှ)

* * * * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၁)

## ယောဂီအလုပ် တရားအလုပ် ဘုရားအလုပ်

သမထ၊ ဝိပဿနာအား မထုတ်ဘဲ အာပတ်မသင့်ရုံ အကုသိုလ်မဖြစ်ရုံမျှနေသော ရဟန်းပျင်းကား ဓါတ်စာမျှကိုသာ ရှောင်ကြဉ် စားသုံး၍ ရောဂါပျောက်စေတတ်သည့် ဆေးကို မမှီဝဲသောသူနာကဲ့သို့ ကိလေသာနူနာကြီး မပျောက်နိုင်

(တောင်လေးလုံးဆရာတော်
ရွှေဘွယ် ကျမ်း ပ ၆၀)

ဝ အဝိနိဗ္ဘောဂရုပ် ၈ပါးကို အကျဉ်းမှတ်ထားရမှာက မာတဲ့သဘော ပျော့တဲ့သဘောလေးတွေ့ရင် ပထဝီဓါတ်လို့သိ၊ ဖွဲ့စည်းတဲ့သဘော ယိုစီးတဲ့သဘောကိုတွေ့ရင် အာပေါဓါတ်လို့သိ၊ အပူအအေးကြောင့် ရင့်ကျက်တဲ့သဘော



ကိုတွေ့ရင် တေဇောဓါတ်လို့သိ၊ ထောက်တန်တဲ့သဘော လှုပ်ရှားတဲ့သဘောကိုတွေ့ရင် ဝါယောဓါတ်လို့သိ၊ မြင်လို့ ရတာမှန်သမျှကို ဝဏ္ဏဓါတ်လို့သိ၊...
နံ့တာမှန်သမျှကို ဂန္ဓဓါတ်လို့သိ၊...
အစားအစာအရသာမှန်သမျှကို ရသဓါတ်လို့သိ၊...
ရသဓါတ်ထဲမှာပါတဲ့ အဆီအနှစ်အစေးတို့ကိုတော့ ဩဇာဓါတ်လို့သိ၊...

ဒါကစာတွေ့ပဲ၊ ကဲ ငါတွေ့ဖြစ်အောင်လုပ်ကြဦးစို့။ မင်းတစ်ကိုယ်လုံးကို လျှောက်စမ်းကြည့်စမ်း အရိုးလိုခေါင်းလို နေရာစမ်းမိတော့ မာတဲ့သဘောလေးမတွေ့ဘူးလား

**သန်း** တွေ့ပါတယ်ဘုရား

**နုပ်** အဲဒါ ပထဝီရုပ်ဓါတ်ပဲ၊ ဉာဏ်နဲ့ သေချာဆန်းစစ်နော် အရိုးကြီးက ခေါင်းကြီးက ပထဝီဓါတ်မဟုတ်ဘူး။ မာနေတဲ့သဘောလေးကသာ ပထဝီဓါတ်ပါ။ အစိုင်အခဲမရှိတဲ့သဘောတရားလေးမို့လည်း အမြဲဖြစ်ပျက်နေတာပေါ့ တစ်ခါ အသားလိုနေရာ အူကလီစာလိုနေရာတွေ စမ်းမိပြန်တော့ ပျော့တဲ့သဘောလေးမတွေ့ဘူးလား။

**သန်း** တွေ့ပါတယ်ဘုရား

**နုပ်** အေး အဲဒါ ပထဝီဓါတ်ပဲ၊ အသားတွေ ကလီစာတွေက မရှိတဲ့ ပညတ်ရုပ်တွေနော်။ သူတို့က ပထဝီဓါတ်မဟုတ်ဘူး ပျော့နေတဲ့သဘောလေးကမှ ပထဝီဓါတ်။ အာပေါဓါတ်ရဲ့သဘောကတော့ သိမ်မွေ့လွန်းအားကြီးတော့ သိဖို့တော်တော်ခက်တယ်။ သူတို့ရှိသက်မဲ့ရုပ်ဓါတ်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ဓါတ် ၈ ပါးလုံးအကျုံးဝင်တယ်။ ဒီလိုဓါတ် ၈ ပါးလုံးပေါင်းစည်းနေလို့ရအောင် အာပေါဓါတ်က ဖွဲ့စည်းပေးထားတာပဲ၊ အာပေါဓါတ်ကို ဒီလိုဉာဏ်နဲ့ပဲသိလို့ရနိုင်တယ်။ ဒီတော့ မင်းခန္ဓာမှာ အာပေါဓါတ်ရော မရှိဘူးလား။

**သန်း:** ရှိပါတယ်ဘုရား။

**နုပ်** မင်း အခု အသက် ၂၀ ကျော်ပြီ၊ ခုအချိန်မှာ ဖြစ်နေတဲ့ မင်းရဲ့ရုပ်နဲ့ မွေးစကရုပ်နဲ့တူသေးရဲ့လား။

**သန်း:** မတူတော့ဘူးဘုရား။ မွေးကာစကရုပ်က နူးညံ့သလောက် အခုရုပ်က ကြမ်းတမ်းနေပြီဘုရား။

**နုပ်** အဲဒါက တေဇောဓါတ်ရဲ့ ရင့်ကျက်တဲ့သဘောပဲ။ ရင့်ကျက်တယ်ဆိုတာ အိုသွားတာ၊ ဆွေးမြေ့သွားတာ၊ ပျက်စီးသွားတာ၊ သေသွားတာကိုပြောတာပဲ၊ အိုတာလည်း တေဇောဓါတ်က ရင့်ကျက်အောင်လုပ်တာပဲ။ နာတာလည်း တေဇောဓါတ်ကရင့်ကျက်အောင်လုပ်တာပဲ၊ သေတာလည်းတေဇောဓါတ်ကရင့်ကျက်အောင်လုပ်တာပဲ။

**သန်း:** တပည့်တော် အရင်ကကြားတာက အေးတာပူတာကို တေဇောဓါတ်လို့ကြားဘူးထားတယ်ဘုရား။

**နုပ်** မှားတော့မမှားပါဘူး၊ အအေး၊ အပူကြောင့် ရင့်ကျက်တဲ့သဘောဖြစ်လာရတာ။ ရင့်ကျက်တဲ့သဘောကိုမှ တေဇောဓါတ်လို့ခေါ်ရတယ်။ အအေးအပူဆိုတာ ရင့်ကျက်ခြင်းဆိုတဲ့ တေဇောဓါတ်ကိုဖြစ်စေတဲ့ အကြောင်းတရားပေါ့။



ရင့်ကျက်တဲ့သဘောကို နားလည်အောင်ပြောဖို့ရာ ခက်တော့ အေးတာ ပူတာကိုပဲ တေဇောဓါတ်လို့ပြောထားတာပါ။

မကောင်းကောင်းသော အကြောင်းတရားဖြစ်နေလို့ ပူတာအေးတာကို တေဇောဓါတ်လို့ခေါ်မယ်ဆိုလဲ ခေါ်နိုင်ပါတယ်။ ဒါဆိုရင် မင်းကိုယ်မှာ တေဇောဓါတ်ရှိတာလဲ သေချာပြီပေါ့။

**သန်း:** သေချာပါပြီဘုရား။

**နုပ်** အခုမင်းထိုင်နေရာကနေ လဲကျမသွားအောင် တောင့်ထားရတယ်။ ထောက်ကန်ထားရတယ်။

အဲသလို ထိုင်ရာကနေလဲကျမသွားအောင် ထောက်ကန် တောင့်တင်းပေးနေတာဟာ ငါမဟုတ်ပါဘူး။ စိတ္တဇဝါယောဓါတ်ပါ။ ထိုင်လိုက်တာနဲ့ လဲကျမသွားစေရဘူးဆိုတဲ့စိတ်ကဖြစ်နေတယ်။ ဒီစိတ်ဖြစ်နေတာကသိပ်သိမ်မွေ့တော့တော်တော်ကောင်းတဲ့သမာဓိနဲ့မှသေချာသိနိုင်တယ်။

လဲကျမသွားစေရဘူးဆိုတဲ့စိတ်ကြောင့် ဖြစ်လာတဲ့ ထောက်ကန်တောင့်တင်းပေးတဲ့ဝါယောဓါတ်တွေက တစ်ကိုယ်လုံး ပြန့်နှံ့သွားပြီး မင်းကိုယ်ကြီးဟာ တည့်တည့်မတ်မတ် ထိုင်နေနိုင်တာပဲ၊ ဒီတော့ မင်းကိုယ်မှာ ဝါယောဓါတ်ရောမရှိဘူးလား။

**သန်း:** ရှိပါတယ်ဘုရား

**နုပ်** ပြီးတော့ မင်းကိုယ်ကိုကြည့်လိုက်ရင် မမြင်ရဘူးလား။

**သန်း:** မြင်ရပါတယ်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



**နုပ်** အေး အဲဒါလူကိုမြင်ရတာမဟုတ်ဘူး။ ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါကို မြင်ရတာမဟုတ်ဘူး။ ဝဏ္ဏလို့ခေါ်တဲ့ အဆင်းရုပ်ကိုမြင်ရတာပဲ။ ရုပ်ဓါတ် ၂၈ ထဲမှာမြင်လို့ရတဲ့ ရုပ်ဆိုလို့ အဆင်းရုပ်တစ်ခုပဲရှိတယ်။ ဒါ့ကြောင့် ဘာကိုမြင်မြင် မျက်စေ့နဲ့ မြင်တိုင်းမြင်တိုင်း အဆင်းရုပ်ကိုမြင်တာလို့သာသိပေးလိုက်

အဲ့ဒါ အသိမှန်ပဲ။ ဒီရုပ်ဓါတ်တွေကိုနောက်မှ အကျယ်ရှင်းမယ်။ အခုဒိဋ္ဌိခွာထားချင်လို့ ရုပ်ဓါတ် ၈ပါး စုံအောင် မြန်မြန်အကျဉ်းပြောပြနေတာ။ ဒါဆိုရင် မင်းကိုယ်မှာ ဝဏ္ဏဓါတ်ရှိတာလည်းသေချာသွားပြီ။ တစ်ခါ မင်းကိုယ်ကို ဘယ်နေရာနမ်းကြည့်ကြည့် အနံ့တစ်ခုခု မရဘူးလား။

**သန်း** ရပါတယ်ဘုရား။

**နုပ်** အေး အဲဒါ ဂန္ဓလို့ခေါ်တဲ့ အနံ့ရုပ်ပဲ။ ဒီပရမတ်ရုပ်တွေကို မှတ်သားတဲ့အခါ ပညတ်ရုပ်တွေရောပါမလာစေနဲ့နော်၊ အဆင်းရုပ်ကိုမှတ်သားတဲ့အခါမှာ မြင်ရတဲ့သဘောတရားလေးကိုသာ အဆင်းရုပ်လို့ပြောတာ။ ပညတ်ရုပ်ကောင်ကြီးကို အဆင်းရုပ်လို့ပြောတာမဟုတ်ဘူး။

အနံ့ရုပ်ကိုမှတ်တဲ့အခါမှာလည်း နံတဲ့ သဘောတရားလေးကိုသာ အနံ့ရုပ်လို့ပြောတာ။ ပညတ်ရုပ်ကောင်ကြီးကို အနံ့ရုပ်လို့ပြောတာမဟုတ်ဘူး။ ဒီလိုရှင်းရှင်းလင်းလင်း သိထားဖို့ အင်မတန်အရေးကြီးတယ်။

မင်းကိုယ်က အသားအနည်းငယ်ကို စားကြည့်



ရင် အရသာတစ်ခုခုပေါ်မှာပဲ။ အဲဒါ ရသရုပ်ပေါ့။ ချိုချဉ် စပ်ငန်ဖန်ခါးမှ အရသာမဟုတ်ဘူး။ လျှာပေါ်တင်ပြီး စားလို့ရတဲ့ ဟာမှန်သမျှ ရသာရုပ်ချည်းပဲ။ ဒီနေရာမှာလည်း လျှာပေါ်တင်လို့ရတဲ့ အသားတုံးကြီးကို ရသရုပ်လို့ခေါ်တာ မဟုတ်ဘူး။ လျှာပေါ်တင်လိုက်တဲ့အခါ မှာပေါ်လာတဲ့ အရသာသဘောလေးကိုသာ ရသဓါတ်လို့ခေါ်တာ။

ဒီအသားကိုစားပြီးရင် ရုပ်ဟောင်းချုပ်ပျက်တဲ့နေရာမှာ ရုပ်သစ်တွေ အစားထိုးခြင်းလက္ခဏာရှိတဲ့ ဩဇာဓါတ်ဆိုတာလည်းဖြစ်တယ်။ ဒီတော့ မင်းခန္ဓာတစ်ခုလုံး အခုဟောပေးခဲ့တဲ့ ပရမတ်ဉာဏ်မျက်စေ့နဲ့ ကြည့်လိုက်ရင် အာရုံကိုမသိတတ်တဲ့ရုပ်နဲ့ အာရုံကို သိတတ်တဲ့နာမ်ဒါပဲရှိတယ်။ အကျဉ်းချုပ်တော့ ရုပ်နဲ့ နာမ်ပဲရှိတယ်ပေါ့ကွာ။

အရင်တုန်းက ရှိတယ်လို့ အယူမှားခဲ့တဲ့ ငါ သူတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာကို သိတတ်တဲ့ နာမ်တရားထဲမှာ ရှာကြည့်စမ်း တွေ့သလား။

**သန်း** မတွေ့ပါဘုရား။

**နုပ်** တစ်ခါ ရုပ်ဓါတ်ရှစ်ပါးထဲမှာရော ငါသူတစ်ပါးယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ရှာကြည့်စမ်း တွေ့သလား။

**သန်း** မတွေ့ပါဘုရား။

**နုပ်** ဒါဆိုရင် မင်းမှာ တကယ့်အရှိတရားက ဘာနဲ့ဘာလဲ။

**သန်း** ရုပ်နဲ့နာမ်ပါပဲဘုရား။

www.burmeseclassic.com

www.burmeseclassic.com



**နုပ်** ဒီရုပ်နဲ့နာမ်ဆိုတာလည်း ငါလို့စွဲယူစရာ မပျက်မစီးအမြဲတည်နေတဲ့အနှစ်အသားနှမ်းတစ်စေ့စာ မြူတစ်မှုန်စာတောင်ရှိရဲ့လား။

**သန်း** မရှိပါဘုရား။

**နုပ်** အေး ငါရှိတယ်လို့ အယူမှားတဲ့ ဒိဋ္ဌိဟာ ရုပ်နာမ်နှစ်ပါးတစ်ပါးပါးမှာ မပျက်မစီးအမြဲတည်တဲ့အနှစ်အသားရှိနေတယ်လို့ ယူဆမှသာဖြစ်နိုင်တာ။ သူ့အတိုင်းအတာအလိုက် မပျက်စီးတဲ့ ပညတ်တစ်ခုခုခံနေမှသာ ဒိဋ္ဌိကလည်း ဝင်ကပ်နိုင်တာ။ ယောဂီရဲ့ ဉာဏ်ထဲမှာ ရုပ်ဆိုလည်း မာသဘော ပျော့သဘောလေးပဲရှိတယ်။ နာမ်ဆိုလည်း သိသဘောလေးပဲရှိတယ်။ အမှုန်အမွှားဘာမှ မရှိဘူးလို့ပြတ်ပြတ်သားသားသိသွားရင် ငါရှိတယ်လို့ အယူမှားတဲ့ ဒိဋ္ဌိဟာနေလို့မရပါဘူး။

မပျက်မစီးအမြဲတည်သော ငါဆိုတာရှိတယ်လို့ အယူမှားတဲ့ ဒိဋ္ဌိကိလေသာကလည်း အဆင့်သုံးဆင့်နဲ့ တည်နေတာပဲ။ ကိုယ်နဲ့နှုတ်ထိ ငါရှိတယ်လို့ အယူမှားနေတဲ့ ဝီတိက္ကမဒိဋ္ဌိနဲ့၊ စိတ်ထဲမှာတင် ငါရှိတယ်လို့ အယူမှားနေတဲ့ ပရိယုဋ္ဌာနဒိဋ္ဌိကို တရားရှုမှားနိုက်မှာဖြစ်နေတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိကသတ်လိုက်တယ်။

ဒါကြောင့် ရုပ်အနိစ္စလို့ ရှုနေတဲ့အချိန်မှာဖြစ်စေ၊ နာမ် အနိစ္စလို့ ရှုနေတဲ့အချိန်မှာဖြစ်စေ၊ ဝီတိက္ကမဒိဋ္ဌိနဲ့ ပရိယုဋ္ဌာနဒိဋ္ဌိကတော့ သေနေတာပဲ၊ အကြောင်းတိုက်ဆိုင်မှပေါ်လာမယ့် အနုသယဒိဋ္ဌိကိုတော့ သောတာပတ္တိမဂ် စိတ်မှာယှဉ်တဲ့ သမ္မာဒိဋ္ဌိကသတ်ပစ်တယ်၊ အဲဒီကျမှ ဒိဋ္ဌိကိလေသာဟာ အမြစ်ပြတ်တာပဲ။



ဝီတိက္ကမဒိဋ္ဌိနဲ့ ပရိယုဋ္ဌာနဒိဋ္ဌိကို ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ သတ်ရတာကလွယ်တယ်ကွ၊ လူကြီးခေါင်းက ဆံပင်ကိုရိတ်ပေးရသလိုပဲ။ အနုသယဒိဋ္ဌိကို မဂ္ဂသမ္မာဒိဋ္ဌိနဲ့ သတ်ဖို့ကျတော့ တော်တော်ခက်သွားပြီ၊ ကလေးလေးခေါင်းကဆံပင်ကို ရိတ်ရသလိုပေါ့။

ဒီတော့အချိန်ရသလောက် မှန်မှန် ရှုမှားနေဖို့က ယောဂီတွေရဲ့ တာဝန်ပဲ၊ အချိန်ကျလာလို့ အနုသယဒိဋ္ဌိကို မဂ္ဂသမ္မာဒိဋ္ဌိက အမြစ်ပြတ်ပယ်သတ်သွားဖို့ကတော့ တရားတော်ရဲ့တာဝန်ပါ။ မဂ်ရသွားတယ်ဆိုတာ ပစ္စည်း ဝတ္ထုတစ်ခုခုရသွားသလိုမျိုးမဟုတ်ပါဘူး။ ယောဂီအချို့ဟာ သမထကို တော်တော်များများလုပ်ဖူးကြတယ်။

သမထပွားရင်းနဲ့ သမာဓိတန်ခိုးကြောင့် လင်းလင်း ဝင်းဝင်းတွေမြင်တာကို တချို့က မဂ်ရတယ်ထင်တယ်။ တချို့က ဈာန်နဲ့ယှဉ်တဲ့ ပီတိအရှိန်ကြောင့် သိမ့်ကနဲ အိမ့်ကနဲကြွတက်သလို ဖြစ်တာကို မဂ်ရတယ်ထင်တယ်။ တချို့က ပထမဈာန်ကနေ စတုတ္ထဈာန်ထိ ဈာန်တစ်ပါးပါးကိုရပြီး ပဿဒ္ဓိစေတသိက်ရဲ့ အရှိန်နဲ့ နာရီများစွာ အေးချမ်းစွာ ထိုင်နေနိုင်တာကို မဂ်ရတယ်လို့ထင်ကြတယ်။

ဒါတွေဟာ မဂ်ရဲ့ဒဓိပ္ပါယ်ကို သေချာမသိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် မှန်းဆပြောနေကြတာပါ၊ မင်္ဂရဲ့အဓိပ္ပါယ်က–

**ကိလေသေမာရေတီတိမော**

**နိဗ္ဗာနံ ဂစ္ဆတီတိဂေါ**

**မောစ သောဂေါစာတိမဂ္ဂေါ**

ကိလေသာကိုသတ်ပြီး နိဗ္ဗာန်သို့သွားတတ်သောကြောင့် မင်္ဂလို့ခေါ်တာပါ။ ဒါ့ကြောင့် ကိုယ်မင်္ဂရတယ် မရဘူး ဆိုတာသိချင်ရင် ကိုယ့်ကိလေသာတွေ ဘယ်လောက် သေသွားသလဲဆိုတာနဲ့ပဲ စစ်ကြည့်ရတယ်။

ဒီတရားအဆုံးမှာလည်း မင်္ဂရ မရ စစ်တမ်း ထုတ်တဲ့နည်းတွေကို ဘုရားဒေသနာအရ ယောဂီတွေရဲ့ ကိုယ်တွေ့နဲ့ ညှိပြီးထုတ်ပြဦးမှာပါ။ ပြီးတော့ မင်္ဂစိတ်ဆို တာ တစ်ကြိမ်သာဖြစ်လိုက်တာ၊ နောက်ထပ်ဖြစ်နိုင်တာ လည်း မဟုတ်တော့ဘူး၊ တစ်စက္ကန့်အတွင်းမှာ အကြိမ် ပေါင်း ကုဋေတစ်သိန်းဖြစ်ပျက်သွားတဲ့ ရိုးရိုးမြင်စိတ် ကြားစိတ်တွေကိုတောင် သိဖို့မလွယ်တာ၊ တစ်စက္ကန့် အတွင်းမှာ တစ်ကြိမ်သာဖြစ်တဲ့ မင်္ဂစိတ်ကိုသိဖို့ကတော့ ပိုလို့မလွယ်တာပေါ့။

ဒါတွေက ဘုရားရှင်ရဲ့အရာတွေပါ၊ ဂေါ္ဇိဘေဒက အမည်ရှိတဲ့ သူခိုးတစ်ယောက်ကိုကြည့်၊ ဒါဓမ္မပဒမှာ လာတာ ဇေတဝန်ကျောင်းကို ဂေါ္ဇိဘေဒက ညတိုင်း ရောက်တယ်၊ ဘုရားဖူးဖို့ တရားနာဖို့မဟုတ်ဘူး၊ တရား နာပရိသတ်တွေဆီက ပစ္စည်းတွေ ပိုက်ဆံတွေ အလစ် သုတ်ဖို့ပဲ။ တစ်နေ့တော့ မြတ်စွာဘုရားမျက်နှာတော်ကို



ဖူးမြင်ရပြီး အလွန်ကြည်ညိုသွားတယ်။

အဲဒီညတော့ ဘာမှမခိုးဖြစ်တော့ဘဲ သစ္စာတရား ကို စိုက်နာတယ်။ တရားလည်းဆုံးရော ဂေါ္ဇိဘေဒက သောတာပတ္တိမင်္ဂကိုရသွားတယ်။ ကဲသူ့မှာ ဘာလင်းလင်း တွေ ဝင်းဝင်းတွေမှ မြင်ချိန်မရပါဘူး၊ သောတာပန်တော့ တည်သွားပြီ။ ဒါဆိုရင် သူတရားရသွားကြောင်း ဘာနဲ့ တိုင်းတာသိရသလဲဆိုတော့ သီလနဲ့တိုင်းတာပြီးသိရ တယ်။

အဲဒီညကစပြီး သူဟာ ခိုးတဲ့ဖွက်တဲ့အလုပ်ကို လုံးဝမလုပ်တော့ဘူး။ အောင့်အည်းနေရတာ မဟုတ်ဘူး လုပ်ချင်စိတ်မရှိလို့ကို မလုပ်တော့တာ။ သံသရာကို ရှည်လျားအောင် ချဲ့ထွင်တတ်တဲ့ ပပဉ္စတရားလို့ခေါ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးမှာ သောတာပတ္တိမင်္ဂက ငါရှိတယ်လို့ အယူမှားတဲ့ဒိဋ္ဌိကို သတ်ပစ်လိုက်တာပဲ။ ကိုယ်ကျိုးတစ်ခုသာကြည့်တဲ့ လောဘတဏှာဟာလည်း ငါဆိုတဲ့ ဒိဋ္ဌိကိုစွဲပြီးဖြစ်တာရှိတယ်၊ သိတယ်၊ တတ်တယ် လို့ထောင်လွှားတဲ့ မာနဟာလည်း ငါဆိုတဲ့ ဒိဋ္ဌိကိုစွဲပြီး ဖြစ်တာ။ ဒီ ဒိဋ္ဌိလည်း သောတာပတ္တိမင်္ဂက သတ်လို့ သေသွားရော။ တဏှာရော မာနရောအရင်လိုခေါင်း မထောင်တော့ဘူး။

ငါမရှိဘူးဆိုတာကို ပြတ်ပြတ်သားသား သိသွား တဲ့ သောတာပန်တစ်ယောက်အနေနဲ့ ငါကို အဓိက အကြောင်းမှတ်ပြီမှ ဖြစ်ရတဲ့ ဒုစရိုက်မှုတွေကို မလုပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တော့တာဟာ အလွန်သဘာဝကျပါတယ်။

မင်္ဂလိစွနဲ့ပတ်သက်လာရင် ပုထုဇဉ်တစ်မိမ်းချင်း မဆိုထားနဲ့၊ အရိယာဖြစ်ပြီးသား သားအဖချင်းတောင် မသိနိုင်ဘူး။ အနာထပိဏ်သူဌေးကြီးဟာ သောတာပန်ပါ။ ဒါပေမယ့် သူ့သားမောင်ကာဠကတော့ အရက်သမား ဖဲသမားဖြစ်နေတယ်။ ဘာသာရေးနဲ့ဘယ်လောက်ကင်း ကွာသလဲဆိုရင် သူဌေးကြီးအိမ်မှာနေ့စဉ် ဘုရားအမှူးရှိတဲ့ သံဃာငါးရာဆွမ်းကပ်တယ်။

ဒါပေမယ့် မောင်ကာဠဟာ ဘုရားရှင်ကိုရော သံဃာတွေကိုရော တစ်ခါမှ ဦးမချဘူးဘူးတဲ့။ တစ်နေ့ တော့ အနာထပိဏ်ကစဉ်းစားတယ်။ အေး အနာထပိဏ် ဆိုလို့ ပြောရဦးမယ် မင်းတို့လူပုဂ္ဂိုလ်အတော်များများက အနာထပိဏ်ဆိုတာကို ကြားရတော့ အနာဒွာ အများ ကြီး ပေါက်နေတဲ့ သူဌေးကြီးလို့ထင်နေတတ်တယ်။

သန်း ဒီလိုထင်တာဘဲများတယ်ဘုရား ဒါ့ကြောင့်တစ်ကိုယ်လုံး အနာတွေ ဗရပွပေါက်နေတဲ့သူကိုတွေ့ရင် အနာထပိဏ် လို့ခေါ်ပြီး စတတ်ကြတယ်ဘုရား။

နုပ် အဲဒီအထင်ဟာ မှားတယ်ကွ အနာထပိဏ်ဆိုတာ ပါဠိပျက်ပဲ၊ အနာထပိဏ္ဍိကဆိုတဲ့ပုဒ်ကနေလာတာ၊ အနာ ထက ကိုးကွယ်အားထားရာမရှိတဲ့သူတွေကို ပိဏ္ဍိက က ထမင်းပေးတတ်သူလို့ဖြစ်တယ်၊ မြန်မာလိုဆိုရင် အား ကိုးမရှိတဲ့သူတွေကို ထမင်းပေးတတ်သူပေါ့ကွာ။

အနာထပိဏ်စဉ်းစားတာဘုရားဒီတိုင်းဆိုရင် ငါ့



သားသေရင်အပါယ်ကျတော့မယ်။ ငါပရိယာယ်နဲ့ မောင်ကာဠ တရားရအောင် လုပ်မယ်ဆိုပြီး မောင်ကာဠ ကို တစ်ပါတ်တစ်ရာပေးပြီး ဘုရားကျောင်းတော်မှာ ဥပုသ်စောင့်ခိုင်းတယ်။ သူတို့ခေတ်က ငွေတစ်ရာက တော်တော်တန်ဖိုးရှိတာကိုး။ အခုခေတ်ငွေနဲ့ဆိုရင် တစ် သောင်းလောက်ရှိလိမ့်မယ်ထင်တယ်။

မောင်ကာဠကလဲ ငွေကိုမက်ပြီး ဇေတဝန် ကျောင်းကို ဥပုသ်စောင့်သွားတယ်။ တရားလည်းမနာ ဥပုသ်လည်းမယူဘဲ တော်ရာချောင်ထိုးအိပ်ပြီး ညနေကျ ပြန်လာတာပဲ၊ အိမ်ရောက်တာနဲ့ အဖေဆီလက်ဖြန့်တယ်၊ ဥပုသ်စောင့်ကပြန်ခဲ့ပြီ ပေးတစ်ရာပေါ့။ အနာ ထပိဏ်ကလည်း ကတိအတိုင်းပေးတယ်။

လောလောဆယ် ဘုရားကျောင်းနဲ့ သူ့သားနဲ့ မစိမ်းတော့ဘူးဖြစ်သွားတာဟာ သူ့အတွက်အမြတ်ပဲ၊ မောင်ကာဠကတော့ ငွေရတာနဲ့ အရက်ဆိုင်နဲ့ ဖဲဝိုင်း ကိုပြေးတာပဲ။ လေးငါးခြောက်ပတ်လောက်ရှိသွားတော့

အနာထပိဏ်ကတစ်ဆင့်တက်တယ်

တရားတစ်ခါနာ ငွေတစ်ထောင်

မောင်ကာဠဘုရားရှင်ရဲ့တရားကို မှတ်မိအောင် နာကြားပြီး အဖေ့ကို ပြန်ပြောပြနိုင်ရင် ငွေတစ်ထောင် ပေးမယ်လို့ပြောလိုက်တော့ မောင်ကာဠငွေထောကို ကြည့်ပြီး ခေါင်းငြိမ့်တယ်။ အဲဒီနေ့ကျတော့ မောင်ကာဠ တရားကို မှတ်မိအောင် သေချာနာတော့တာပေါ့၊ ဟော

www.burmeseclassic.com

www.burmeseclassic.com



တရားလည်းဆုံးရော မောင်ကာဠသောတာပန် တည်တာပါပဲ။

သမထမပါတဲ့အတွက် သမထနိမိတ်တွေတစ်ခုမှ မထင်ပါဘူး။ ခန္ဓာငါးပါးကိုငါလို့ အယူမှားတဲ့ သက္ကာယဒိဋ္ဌိ ကိလေသာကြီးကို သောတာပတ္တိမဂ်က သတ်ပစ်လိုက်တာပါပဲ။ အဲဒီနေ့ နေ့ဆွမ်းက မောင်ကာဠတို့အိမ်မှာ စားမှာဆိုတော့ မောင်ကာဠကိုယ်တိုင်ဦးဆောင်ပြီး ဘုရားအမှူးရှိတဲ့ သံဃာများကို ပင့်ဆောင်လာပါတယ်။

အရိယာဖြစ်သွားပြီဆိုတာနဲ့ အမြင်တွေက အများကြီး ပြောင်းလဲသွားပြီ။ ငွေလိုချင်လို့ တရားနာမိတဲ့သူ့အဖြစ်ကိုလည်း တအားရှက်နေတယ်၊ အိမ်ရောက်ရင် အဖေက ဘုရားရှင်ရှေ့မှာတရားနာယူခ ငွေတစ်ထောင်မပေးပါစေနဲ့လို့ ဆုတောင်းတယ်။ သူ့ဆုတောင်း မပြည့်ပါဘူး သူအရိယာဖြစ်တာကို သူ့အဖေကသိမှ မသိဘဲ။

အိမ်ပေါ်ရောက်တာနဲ့ ဘုရားရှင်ရှေ့မှာတင် ရော့ မောင်ကာဠ တရားနာတဲ့အတွက် ငွေတစ်ထောင်လို့ပြောပြီး ပေးလိုက်တော့ မောင်ကာဠခမျာရှက်လိုက်တာ၊ အဖေရယ် ကျွန်တော်ဒါတွေ မလိုတော့ပါဘူး ဘုရားရှင်ဆီက တရားရခဲ့ပါပြီလို့ပြောမှ အနာထပိဏ်လည်း သူ့သား သောတာပတ္တိမဂ်ရတာကို သိတယ်။

ဘုရားရှင်ကို လျှောက်ကြည့်တော့ ဘုရားရှင်က မှန်ကြောင်းပြောဆိုပြီး . . .



ပထဗျာ ဧကရဇ္ဇေန
သဂ္ဂဿဂမနေနဝါ
သဗ္ဗ လောကာဓိပစ္စေန
သောတာပတ္တိဖလံဝရံ (ဓမ္မပဒ)

သူဌေးကြီး ပထဗျာမြေပြင်တစ်ခုလုံး၌ ဧကရာဇ် စကြာမင်းအဖြစ်တစ်ယောက်တည်း မင်းပြုရခြင်းထက်လည်းကောင်း၊ နတ်ပြည်ခြောက်ထပ်လုံးသို့ ရောက်ရခြင်းထက်လည်းကောင်း၊ ဗြဟ္မာပြည်နှင့်တကွ တစ်လောကလုံးကို အစိုးရခြင်းထက်လည်းကောင်း သောတာပတ္တိဖိုလ်သည် ပိုမိုမြင့်မြတ်လှပေ၏။

လို့ ဟောကြားတော်မူပါတယ်၊ ဒီဖြစ်ရပ်မှာသားဖြစ်သူ သောတာပန်တည်တာကို သောတာပန်ဖြစ်ပြီးသား အဖေကတောင်မသိနိုင်တာကို သိစေချင်တာပါ။

သားမိုက်ကို သောတာပန်တည်အောင် သိမ်းသွင်းသွားတဲ့ အနာထပိဏ်ရဲ့ နည်းလမ်းလေးကို အခုခေတ်မိဘများ အသုံးချစေချင်ပါတယ်၊ တရားနဲ့ ပါတ်သက်နေတဲ့အတွက် ကုန်ရကျိုးလည်း နပ်ပါတယ်၊ တနင်္သာရီမြို့နယ်၊ ဝမ်းနာ ဆိုတဲ့ရွာမှာ ညတရားပွဲဟောရင်းနဲ့ အနာထပိဏ်ရဲ့ နည်းနာအတိုင်း မိဘကသာသနာပြုခဲ့လို့ သူတော်ကောင်းဖြစ်နေတဲ့ ကျောင်းအမကြီးတစ်ယောက်ကို ဝမ်းသာဖွယ်ရာတွေ့ခဲ့ရတယ်။

တရားဟောတဲ့ညတိုင်း ဒီဒကာမကြီးကို ရှေ့ဆုံးကပဲ တွေ့ရတယ်။ တရားပွဲပြီးတဲ့အချိန်မှာ မေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒကာမကြီး တရားနာတော်တော် ဝါသနာပါ တယ်ထင်တယ်လို့ မေးကြည့်တော့ မိဘတွေပေးခဲ့တဲ့ အမွေပါဘုရားတဲ့၊ ငယ်ငယ်ကတော့ တရားနာ ဘယ် ဝါသနာပါမလဲဘုရား မိန်းကလေးဆိုတော့ အလှအပဲ ဝါသနာပါတယ်တဲ့။

ဒါပေမယ့် တရားပွဲရှိရင် မိဘနှစ်ပါးက ပိုက်ဆံနဲ့မျှားပြီးခေါ်တယ်တဲ့။ သူ့မိဘတွေ ဆွဲဆောင်တာလဲ တစ်မျိုး စိတ်ဝင်စားဖို့ကောင်းတယ် သမီးလေး တရားကို မှတ်မိအောင်နာ အိမ်ရောက်ရင် အမေတို့ကို ပြန်ပြောပြ ဆရာတော်ဟောတဲ့ထဲက လေးပုံပုံတစ်ပုံပြန်ပြောနိုင်ရင် ငွေတစ်မတ်ပေးမယ်တဲ့။

နှစ်ပုံပြောနိုင်ရင် ငါးမူး၊ သုံးပုံပြောနိုင်ရင် သုံးမတ်၊ လေးပုံလုံးပြောနိုင်ရင် တစ်ကျပ်လုံးပေးမယ်လို့ ပြောတော့ တပည့်တော်မလည်း ငွေတစ်ကျပ်လုံး လိုချင်တော့ တရားကိုမှတ်မိအောင် သေချာနာတယ်တဲ့၊ အိမ်ပြန်ရောက်လို့ တကယ်ပြောနိုင်ရင် တကယ်ပေးတာပဲတဲ့။ အစပထမတော့ ငွေလိုချင်လို့နာတာပေါ့ ဘုရား၊ ကြာလာတော့ တရားအရသာသိလာပြီး တရားပွဲရှိရင် မနာဘဲ မနေနိုင်တော့ဘူးတဲ့။

တရားပွဲကရတဲ့အသိတွေကို လောကီရေးရာရော လောကုတ္တရာရေးမှာပါ အသုံးချနိုင်ခဲ့တယ်၊ ဒါ့ကြောင့် ဒီဒကာမကြီးဟာ ရွာမှာ သူဌေးတစ်ဦးဖြစ်သလို သိန်းနဲ့ချီပြီးလှူနိုင်တဲ့ ကျောင်းအမကြီး တစ်ယောက်လည်း



ဖြစ်နေပါတယ်၊ ဒီနည်းကိုမှီပြီး လူငယ်တွေ နားလည်အောင်ရေးထားတဲ့ ဘာသာရေးစာအုပ်မျိုးကို ပြပြီး ဒီစာအုပ်ကိုပြီးအောင်ဖတ်ပြီး အကြမ်းဖျင်းပြန်ပြောပြနိုင်ရင် မုန့်ဖိုးဘယ်လောက်ပေးမယ်ဆိုတဲ့နည်းမျိုးနဲ့ သားသမီးတွေကို ဘာသာရေးထဲ စိတ်ပါလာအောင် စည်းရုံးနိုင်ပါတယ်။

ပြောခဲ့တဲ့ မောင်ကာဠတို့ဖြစ်ရပ်ကို ထောက်ပြီး သားအဖချင်းဖြစ်တာတောင် သားဖြစ်သူ သောတာပန်တည်တာကို အဖေဖြစ်သူသောတာပန် အရိယာကြီးက မသိနိုင်ပါဘူး၊ ဒါက အဖေနဲ့သားကိစ္စပါ၊ နောက်တစ်ခါ အဖေနဲ့ သမီးကိစ္စကို ဆက်နားထောင်ပါဦး တစ်ခါတော့ အနာထပိဏ် ရဲ့သမီးပျိုတစ်ယောက်ဟာ အရွယ်ကောင်းမှာဘဲ သေမယ့်ရောဂါတစ်ခုစွဲကပ်ပါတယ်။

သောတာပန်သာဖြစ်သေးတဲ့ အနာထပိဏ်ဟာ သေခါနီးသမီးကိုကြည့်ပြီး သောကကိုဖြေမဆည်နိုင်ရှာဘူး သမီးကို ဘုရား တရားအာရုံပြုဖို့ဘေးကနေ ရှိုက်သံတစ်ဝက်နဲ့ပြောပေးနေတယ်။ ဒီအချိန်မှာ သမီးဖြစ်သူက မောင်လေး အစ်မအတွက် သောကမဖြစ်ပါနဲ့လို့ နောက်ဆုံး ပြောပြီးသေသွားတယ်။

အဲဒီမှာတင် အနာထပိဏ်ဟာ ပိုပြီးယူကြုံးမရ ဖြစ်သွားတယ်။ ငါ့သမီးလေးဟာ ပြုထားတဲ့ ဒါနသီလ ကုသိုလ်တွေအများကြီးရှိတာတောင် ဒီကုသိုလ်တွေကို အာရုံမယူနိုင်ဘဲ သေမှာကြောက်လို့ ဂယောင်ချောက်ခြား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အဖေဖြစ်တဲ့ငါ့ကို မောင်လေးလို့ခေါ်ပြီး သမီးဖြစ်တဲ့သူ့ကိုယ်သူတော့ အစ်မလို့ပြောသွားတယ်ဆိုပြီး မျက်ရည်ကျကာ ဘုရားကျောင်းကိုရောက်သွားတယ်။

အကြောင်းစုံလျှောက်ထားလိုက်တော့ ဘုရားရှင်က ရှင်းပြတယ်၊ သူဌေးကြီးသင့်သမီးဟာ သတိလက်လွတ် လျှောက်ပြောသွားတာမဟုတ်ဘူး။ သူဟာ သကဒါဂါမိမဂ် တည်ပြီးဖြစ်တယ်။ သင်ကတော့ သောတာပန်သာ ဖြစ်သေးတယ်။

လောကအသုံးအနှုန်းအရ သင်က အဖေဖြစ်လို့ ကြီးတယ်။ သူက သမီးဖြစ်လို့ ငယ်တယ်၊ လောကုတ္တရာအသုံးအနှုန်းအရ သူကသကဒါဂါမ်ဖြစ်လို့ ကြီးတယ်၊ သင်က သောတာပန်ဖြစ်လို့ငယ်တယ်။ အဲဒါကို သိစေချင်လို့ သူ့ကို အစ်မနေရာထား သင့်ကိုမောင်လေးနေရာထားပြီး ပြောသွားခြင်းဖြစ်တယ်လို့ရှင်းပြမှ သူဌေးကြီးလည်း စိတ်ချမ်းသာသွားသတဲ့။

ဒီလို အတူနေဖြစ်တဲ့ မိဘနဲ့ သားသမီးတောင် တစ်ယောက်မဂ်ဖိုလ်ရတာ တစ်ယောက်မသိနိုင်ရင် တစ်မိုးဆိုရင်တော့ ပိုလို့တောင်မသိနိုင်သေးတာပေါ့။ ဒီသာဓကတွေထုတ်ပြနေရတာက မင်းတို့ယောဂီတွေအနေနဲ့ ဝိပဿနာတရားကို မသေမခြင်းနာကြားနေဖို့ အားထုတ်နေဖို့အလုပ်က ကိုယ့်အလုပ်ပဲ။

မဂ်ဖိုလ်ရတာက တရားရဲ့အလုပ်၊ မဂ်ဖိုလ်ရမရအတိအကျသိနိုင်တာက ဘုရားရှင်ရဲ့အလုပ်ဆိုတာကို



သိစေချင်လို့ပါပဲ။ ဝိပဿနာပွားများအားထုတ်နေရမှာက ယောဂီရဲ့အလုပ်၊ အချိန်ကျလာတာနဲ့ မဂ်ဖိုလ်ရပြီး အာသဝေါကုန်ဖို့ ရဟန္တာဖြစ်ဖို့က တရားရဲ့အလုပ်လို့ မြတ်စွာဘုရားကိုယ်တော်တိုင်ဟောခဲ့တဲ့ သုတ်တစ်သုတ်ကိုဖော်ပြပြီး ဒီအပါတ်နိဂုံးချုပ်ကြရအောင်၊ နောက်အပါတ်ကျမှ ဒိဋ္ဌိခွာခန်းကို ဆက်မယ်။

<u>ဝိပဿနာအားထုတ်နေလျှင် အာသဝေါတရားကုန်ရန် ရဟန္တာဖြစ်ရန် ဆုတောင်းစရာမလို။</u>

ဇာနတောအဟံဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ နောအဇာနတော နောအပဿတော။

ရဟန်းတို့ သိသူမြင်သူအားသာလျှင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်နိုင်သည်ဟုငါဆို၏။ မသိသူမမြင်သူအား အာသဝေါကုန်ခန်း ရဟန္တာ မဖြစ်နိုင်ဟု ငါဆို၏။

ရဟန်းတို့ဘယ်အရာကိုမြင်အောင်ကြည့်ပြီး သိအောင် ကျင့်ကြံအားထုတ်သူအား အာသဝေါကုန်ခန်း ရဟန္တာဖြစ်သနည်းဟူမူ–

ဤသည်ရုပ်

ဤသည်ရုပ်၏ဖြစ်ပေါ်လာခြင်း

ဤသည်ရုပ်၏ချုပ်ပျောက်သွားခြင်း

ဤသည်ဝေဒနာ

ဤသည်ဝေဒနာ၏ဖြစ်ပေါ်လာခြင်း

ဤသည်ဝေဒနာ၏ချုပ်ပျောက်သွားခြင်း

ဤသည်သညာ

www.burmeseclassic.com

www.burmeseclassic.com



ဤသည်သညာ၏ဖြစ်ပေါ်လာခြင်း
ဤသည်သညာ၏ချုပ်ပျောက်သွားခြင်း
ဤသည်သင်္ခါရ
ဤသည်သင်္ခါရ၏ဖြစ်ပေါ်လာခြင်း
ဤသည်သင်္ခါရ၏ချုပ်ပျောက်သွားခြင်း
ဤသည်ဝိညာဉ်
ဤသည်ဝိညာဉ်၏ဖြစ်မပေါ်လာခြင်း
ဤသည်ဝိညာဉ်၏ချုပ်ပျောက်သွားခြင်းပေတည်း
ယင်းသို့အထက်ပါအတိုင်း မြင်အောင်ကြည့်ပြီး
သိအောင်အားထုတ်သူသာလျှင် အာသဝေါ
ကုန်ခန်းရဟန္တာဖြစ်နိုင်၏။

ရဟန်းတို့ ဥပမာကြက်မကြီးတစ်ကောင်သည် ကြက်ဥ ရှစ်လုံး ဆယ်လုံး သို့မဟုတ် ဆယ့်နှစ်လုံး ဥထား၏။ သို့သော် ထိုဥတို့ကိုမူ ထိုကြက်မကြီးက ကောင်းမွန်စွာ လည်းကျင်းဝပ်မပေး။ ကောင်းမွန်စွာလည်း ကြက်ငွေ့လုံ့ မပေး။ ကောင်းမွန်စွာလည်း ကြက်နံ့ထုံမပေးဘဲ ပစ်ထားအံ့။ သို့ပါလျှက် ထိုကြက်မကြီးက ငါ၏ ကြက်က လေးများခြေသည်းလက်သည်း နှုတ်သီးတို့ဖြင့် ဥခွံကို ဖေါက်ခွဲပြီး

ချမ်းချမ်းသာသာ ပေါက်ဖွားလာကြမူ ကောင်း လေစွဟူသော အလိုဆန္ဒဖြစ်ပေါ်လာစေဦးတော့ ကြက်ကလေးများ ပေါက်ဖွားလာကြမည်မဟုတ်ပေ။ အကြောင်းမူ ထိုကြက်မကြီးသည် ကောင်းမွန်စွာလည်း ကျင်းဝပ်



မပေး၊ ကောင်းမွန်စွာလည်း ကြက်ငွေ့လုံ့မပေး၊ ကောင်း မွန်စွာလည်း ကြက်နံ့ထုံမပေးဘဲ ပစ်ထားသောကြောင့် ဖြစ်၏။

ထို့အတူပင် တရားဘာဝနာပွားများအားထုတ်မှု မရှိသူ ယောဂီသည် ငါ့အား အစွဲဥပါဒါန်မရှိဘဲ အာသဝေါ တရားတို့မှ စိတ်လွတ်မြောက်ပါမူ ကောင်းလေစွဟူသော အလိုဆန္ဒအကယ်၍ ဖြစ်ပေါ်လာစေဦးတော့၊ သူ့အား အစွဲဥပါဒါန် မဖြစ်ဘဲ အာသဝေါတရားတို့မှ စိတ် မလွတ် မြောက်နိုင်သည်သာဖြစ်၏။ အကြောင်းမူ ပွားများအား ထုတ်မှုမရှိသည့်အတွက်ကြောင့်ဟုဆိုအပ်၏။

ဘယ်အရာကိုပွားများ အားထုတ်မှုမရှိသနည်း ဟူမူ သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓါန်လေးပါး ဣဒ္ဓိပါဒ် လေးပါး ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါးနှင့် မဂ္ဂင်ရှစ်ပါးတို့ကို ပွားများအားထုတ်မှု မရှိသောကြောင့် တည်း။

ရဟန်းတို့ ဥပမာကြက်မကြီးတစ်ကောင်သည် ကြက်ဥ ရှစ်လုံး ဆယ်လုံး သို့မဟုတ် (၁၂)လုံးဥထား၏။ နောက် ထိုဥတို့ကို ထိုကြက်မကြီးက ကောင်းမွန်စွာ ကျင်းဝပ်ပေးအံ့၊ ကောင်းမွန်စွာလည်း ကြက်ငွေ့ကိုလုံ့ ပေးအံ့၊ ကောင်းမွန်စွာလည်း ကြက်နံ့ထုံပေးအံ့၊ သို့ ဖြစ်ပါမူ ထိုကြက်မကြီးက. . .

ငါ့ကြက်ကလေးများ ခြေသည်း လက်သည်း နှုတ်သီးတို့ဖြင့် ဥခွံကိုဖေါက်ခွဲပြီး ချမ်းချမ်း သာသာ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖွားလာကြပါမူ ကောင်းလေစွဟူသော အလိုဆန္ဒ ဖြစ်ပေါ်မလာစေဦးတော့၊ အချိန်တန်လာသော် ကြက်ကလေးများ ပေါက်ဖွားလာကြမည်သာဖြစ်၏။

အကြောင်းမူ ထိုကြက်မကြီးသည် ကောင်းမွန်စွာလည်း ကျင်းဝပ်၊ ကောင်းမွန်စွာလည်းကြက်ငွေ့လှုံပေး၊ ကောင်းမွန်စွာလည်း ကြက်နံ့ထုံပေးသောကြောင့်ဖြစ်၏။ ထို့အတူ တရား ဘာဝနာပွားများအားထုတ်သူ ယောဂီသည် ငါ့အား အစွဲဥပါဒါန်မရှိဘဲ အာသဝေါတရားတို့မှ စိတ်လွတ်မြောက်ပါမူ ကောင်းလေစွဟူသော အလိုဆန္ဒ ဖြစ်ပေါ်မလာစေဦးတော့၊

အချိန်တန်လာသောအခါ သူ့အား အစွဲဥပါဒါန်မရှိဘဲ အာသဝေါတရားတို့မှ စိတ်လွတ်မြောက်လာမည်သာ ဖြစ်၏။ အကြောင်းမူ ပွားများအားထုတ်မှု ရှိသောကြောင့်ဟုဆိုအပ် ၏။

အဘယ်အရာတို့ကို ပွားများအားထုတ်မှု ရှိသနည်းဟူမူ သတိပဋ္ဌာန်လေးပါး၊ (ပ) မဂ္ဂင်ရှစ်ပါးတို့ကို ပွားများအား ထုတ်မှုရှိသောကြောင့်ပေတည်း။

(ခန္ဓဝဂ္ဂသံယုတ် ဝါသိဇဋ္ဋသုတ်)

* * * * *

အရှင်ဇဝန
မေတ္တာရှင်(ရွှေပြည်သာ)
မန္တလေးကျောင်း

BURMESE CLASSIC .com

www.burmeseclassic.com